# ဝိပဿနာ

## မဟာပညာရွှေအိုးကျမ်း



၁၀၆၇၅

ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့မှ ကျင်းပသော
အဘိဓမ္မာစာမေးပွဲ အောင်မြင်ပြီး
ဝိသုဒ္ဓိမဂ်စာမေးပွဲ ရောဝတီတိုင်း ခရိုင် ဒုတိယဆု နှင့်
ဂုဏ်ထူးဆောင် ဋီကာကျော် သုံးဆင့်လုံးနှစ်ခြင်းအောင်မြင်၍
တပြည်လုံး၌ ပဌမ အမှတ် အများဆုံး ရသဖြင့်
၂၀၀ိ တန် ရွှေတံဆိပ်ဆုရ ပင်စင်အငြိမ်းစား
သာသနာ့အလင်း စာပုံနှိပ်တိုက်ရှင်
သမာဓိမြို့ဝန် – ဦးမောင်သာ
စီစဉ် ရေးသားသော

# ဝိပဿနာ

# မဟာပညာရွှေအိုးကျမ်း။

မူပိုင်ရှင်
သမီး ဒေါ်တင်တင်လတ် (ဘီ - အေ)
အထက်တန်းပြဆရာမ
၃၂ ကုသိနာ္ဒရုံလမ်း
ပုသိမ်မြို့။

ဘာသာရေးဆိုင်ရာ
စာပေခွင့်ပြုချက် အမှတ် (၁၆၅၃)

ထုတ်ဝေသူ–ဦးမောင်သာ
ကင်းလွတ်ခွင့် အမှတ် (၀၄၅၄)
သာသနာ့အလင်းပုံနှိပ်တိုက် (၂၈) ကုန်သည်လမ်း
ပုသိမ်မြို့။

ပုံနှိပ်သူ–ဦးမောင်သာ
အမြဲတန်းမှတ်ပုံတင် အမှတ် (၀၇၄၂)
သာသနာ့အလင်း စာပုံနှိပ်တိုက်
(၂၈) ကုန်သည်လမ်း
ပုသိမ်မြို့

၁၉၆၇ ခု၊ စက်တင်ဘာလ (၇) ရက်
ပဌမအကြိမ်ရိုက် အုပ်ရေ ၁၅၀၀။



ကျမ်းပြုထုတ်ဝေသူ — ဦးမောင်သာ

# မာတိကာ


မျက်နှာ

၁။ ဓမ္မာစရိယ အရှင် ဇာဂရာဘိဝံသ ၏ ထောက်ခံစာ ၆

၂။ ခရိုင် သာသနာရေးအရာရှိ ၏ ထောက်ခံစာ.... ၁၀

၃။ ကျမ်းပြုသူ၏ပန်ကြားချက်နှင့်ဦးညွှတ်လွှာ ၂

၄။ နိဒါန်း ၂

၅။ ပဏာမနှင့် အနန္တငါးပါး ကန်တော့ခမ်း ၄

စာမျက်နှာ

၆။ ဗုဒ္ဓ ၏ ပွင့်ထွန်းပေါ်လာပုံ ၁

၇။ ရာဟုလာ အမွေတောင်း၍ အမွေပေးပြီ ၂၆

၈။ လောကဇာတ်အမွေရှုပ်၍အမွေချင်းတမ်းထုတ်ပြီ ၂၈

၉။ အမွေရှေးနည်း နိသျှည်း ၃၁

၁၀။ မည်သူ အမွေခံထိုက်သလဲ ၃၃

၁၁။ သာသနာ ၂၅၀၀ အောင်ပွဲ ဓမ္မဝိနယ အမိန့်တော် ၃၄

၁၂။ ဆိုးမွေကောင်းမွေ စာဘတ်သူဘယ်အမွေယူမလဲ ၃၈

၁၃။ ခံထိုက်သောအမွေ မခံထိုက်သောအမွေ ၄၀

၁၄။ ပညာရွှေအိုးပေါ်ဦး ဗုဒ္ဓပေးသောအမွေ ၄၂

၁၅။ ရွှေအိုးကြီးလေးလုံးနှင့်တူသောသစ္စာလေးပါး ၄၄

၁၆။ ပရမတ်ဉာဏ်ရရန် ပညတ်အဖုံး ဖေါ်ပြခမ်း ၄၇

၁၇။ နာမ၊ သဏ္ဌာန၊ သန္တတိ၊ ဇီဝ၊ ဃန၊ သုဘပညတ် ၄၈

၁၈။ နာမ်ရုပ် ပရမတ်အခမ်း ၅၇

၁၉။ ခန္ဓာငါးပါးနှင့် သက္ကာယဒိဋ္ဌိဖြစ်ပုံ ၆၃

၂၀။ ပဌမအရေးကြီးဆုံး အလုပ် ဒိဋ္ဌိပြုတ်ဘို့ ၆၈


၂၁။ လူမရှိကြ အာယတန မုက္ခ ပရမတ် ၇၁

၂၂။ လူမရှိမှတ် ဆယ့်ရှစ်ဓါတ် ဆတ်ဆတ်ပရမတ် ၇၄

၂၃။ ဒီလက်ာတယ်ဟုတ်ပါလား ၈၀

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၂၄။ | ပဋိစ္စသမုပ္ပါဒ် ဘာသာပြန်အနက် အရကျက် | ၈၁ |
| ၂၅။ | လူပြိန်းသဘော် ဘာသာပြန်များ လယ်ပုံထွက်ပုံ | ၈၄ |
| ၂၆။ | ဘာကြောင့်သေရသလဲ | ၈၆ |
| ၂၇။ | မူလ ၂-ပါး အစပ် ၃-ပါး | ၈၈ |
| ၂၈။ | အလှာ လေးလှာ ပဋိစ္စဝဋ်သို့ | ၉၂ |
| ၂၉၊ | ခြင်းရာ(၂၀)တိဘ်-ပန်-ဂါတ်အကြောင်းအကျိုး | ၉၇ |
| ၃၀။ | အင်္ဂါ ၁၂-ပါးကို ကာလသုံးပါးမျိုပုံ | ၉၉ |
| ၃၁။ | ဝဋ်သုံးပါး | ၁၀၃ |
| ၃၂။ | ဝဋ္ဋဒါနနှင့် ဝိဝဋ္ဋဒါနရှင်းခမ်း | ၁၀၅ |
| ၃၃။ | ပညာရှေ့အိုးအမှေ့ရသော လက်နက် | ၁၁၄ |
| ၃၄။ | ရာဟုလာကဲ့သို့ သာဝက ၃ မျိုးရယူသောရှေ့အိုး | ၁၁၆ |
| ၃၅။ | ခန္ဓာဂါတ်ကို ဉာဏ်မှာဘပ်၍ ရှာနည်း | ၁၁၈ |
| ၃၆။ | အပါယ်မကျဘို့ ကယ်မပြီဝိသုဒ္ဓိမဂ် အဋ္ဌကထာ | ၁၁၉ |
| ၃၇။ | တဆင့်ထက်တဆင့် ရင့်သန်မည့် ဉာဏ် ၁၆ ပါး | ၁၂၂ |
| ၃၈။ | သတိပြုပါ ငါးရှာယောကျ်ား ဥပမာ | ၁၂၃ |
| ၃၉။ | အထူးသတိပြုပါ ဥပမာ သင်္ခါရုပေက္ခာ ဝိသုဒ္ဓိမဂ် | ၁၂၅ |
| ၄၀။ | သီလ၊ သမာဓိရှင်းတမ်း | ၁၂၈ |
| ၄၁။ | ဝိပဿနာ သန့်သန့်အတွက် | ၁၃၀ |
| ၄၂။ | ပညာခမ်းအလင်းလမ်း | ၁၃၃ |
| ၄၃။ | ရှေ့အိုးကြီးလေးလုံးဘယ်လိုတူးဖေါ်မလဲ | ၁၃၆ |
| ၄၄။ | ပဋ္ဌမဦးစွာ ပယ်အပ်တဲ့တရားမပယ်အပ်တဲ့တရား | ၁၄၁ |
| ၄၅။ | အနာနဲ့ဆေး ကိုက်အောင်ပေးရန် ဖေါ်ပြချက် | ၁၄၃ |
| ၄၆။ | နိဂုံးချုပ် အစအဆုံး | ၁၄၇–၁၅၂ |



အရှင်ဇာဂရာဘိဝံသ
သာသနဓဇသိရိပဝရ
ဓမ္မာစရိယ
ဝိနယာဓိကပရိယတ္တိ
သိရိပဝရဓမ္မာစရိယ
သာသနဗိမာန်
ကျောင်းတိုက်
ကံရွာ။
ထောက်ခံလွှာ

## တကဲ့မှန်စွာ ဗုဒ္ဓသာသနာ။

မြန်မာပြည်၌ မိမိတို့ ကိုယ်ကွယ်နေသော ကိုယ်ကွယ်ခံဗုဒ္ဓ၏ ပွင့်ထွန်း ဖြစ်ပေါ်လာပုံကို၊ သိရှိရန် ဗုဒ္ဓဘာသာ ဝင်တိုင်း လွန်စွာလိုအပ်သဖြင့် ဗုဒ္ဓ ဘုရားတော်မူပုံမှစ၍ ငါးဘေရ် အောင်မြင်ဘုရားရှင်ဖြစ်ပေါ်လာပုံကိုလူတိုင်း သဘော ပေါက် သိရှိနိုင်ဆုံး နည်းဖြင့် ဝိပဿနာ မဟာပညာ ဂန္ဓအိုးကျမ်း၏ ဇာတ်အိမ်နောက်ခံ ဗုဒ္ဓဝင် ပန်းချီကားချပ်၂မာ ရေးသား ထားသည်ကို ဘတ်ရှု ပွါးများ ကြည်ညိုသူတိုင်းသည် ဗုဒ္ဓ၏ ဂုဏ်တော်ကို အာရုံပြုနိုင်ကြမည် ဖြစ်သဖြင့် (က) မိမိထက် က ကြီးကဲအုပ်ချုပ်သူကိုကြောက်၍ ကိုယ်ကွယ်ခြင်း။ (ခ) ရှေးထူး ဂုဏ်သိရ်စည်းစိမ်လာတ်ပူဇော်ကို မျှော်ခေါ်၍ ကိုယ်ကွယ်ခြင်း။ (ဂ) မျိုးနွယ်စဉ်ဆက် ရိုးရာ ဓမ္မတာဖြစ်၍ ကိုယ်ကွယ်ခြင်းတို့မှ ကင်းလွတ်သော တကဲ့မှန်စွာ ဗုဒ္ဓသာသနာသို့ ရောက်ရှိစေရန်ရည်ညွှန်း ပေါ်ပြထားခြင်းကိုလည်း ဖြစ်သည်ကိုတွေ့ရ၏။

ဝဋ်ကိုရှောင်လွှဲအမွေပုံ။

လောက၌ လင်နှင့် သား မယား ကွဲကွာ ကြသောအခါ လင်ထံမှ မယားသည်၊ သားအတွက် စားစရိတ် ထောက်ပံ့ကြေး အခမွှဆက်ခံခွင့် အကျိုးကို သက်ဆိုင်ရာ တရားရုံးတော်များမှတ ဆင့် တောင်းခံယူလျက် ရှိသည့်နည်းတူ ငါတို့၏ဂေါတမမြတ်စွာ ဘုရား၌လည်း ယသောဓယောဓိမ္မာဒေဝီ မယားသီသည် ဘခင်ဥစ္စာ သားပိုင်ရာဟု နှလုံးသွင်းဖြင့် စေခိုင်း တိုက်တွန်းချက် အရ သားတော် ရာဟုလာသည်...

ဒါယဇ္ဇံ မေ သမဏ ဒေဟိ

ဒါယဇ္ဇံ မေ သမဏ ဒေဟိ (ဝိနည်းမဟာဝါ ပါဠိတော်)

ဘခင်ရှင်ရဟန်း အမွေကို ပေးပါဟု အကြိမ်ကြိမ်တောင်း ၏၊ ထိုအလိုရှိသော ရွှေအိုးကြီး အမွေဥစ္စာသည် ဝဋ်၌အကျုံး ဝင်သော ဆင်းရဲခြင်းနှင့်တကွ ဖြစ်၏ ဗောဓိမဏ္ဍိုင်၌ ရအပ်သော အရိယာဥစ္စာ (၇)ပါး ပေး၍ လောကုတ္တရာ အမွေပိုင်ရှင် ဖြစ်စေ အံ့ဟု အရှင်သာရိပုတ္တရာကိုခေါ်တော်မူ၍ သားတော်ရာဟုလာကို ရှင်သာမဏေပြုစေခြင်းဖြင့် လောကုတ္တရာ မွေအမွေကို ပေးတော် မူလိုက်သော ဝဋ်မှ ရှောင်လွှဲအမွေပုံကို တွေ့ရ၏။

၁။ သာမိကောဟိပုတ္တော ပိတုသန္တကဿ။ (မဟာယအဋ္ဌကထာ)

၂။ ဝဋ္ဋာနုဂတဲ့ ဝဋ္ဋပရိယာပန္နံ သဝိဃာတံ ဒုက္ခသဟိ တတ္ထာ သဝိဃာတံ။ (သာရတ္ထဒီပနီဋီကာ)

ထိမိတ်ကျ ရေးသားပြ။

မြတ်စွာဘုရားသခင်သည် အနာထပိဏ်သူဌေး၏ နှလုံး မွေ့လျော် ပျော်ဘွယ်ရာ ဖြစ်သော ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းအပေါင်းတို့ကို အာမိသအမွေ

စမ္မာအမေ့စပ်ပါးတို့ဘင် စမ္မာအမေ့ကိုသာ ခံယူကြ ဖြစ်ကြကုန်ဟု မူလပဏ္ဏာသ ပါဠိတော် စမ္မဒါယဒသုတ်၌ မိန့်တော် မူခဲ့သော ဗုဒ္ဓစကားတော်တို့ကို ပိဋကတ်မှထုတ်နုတ်၍ ထိမိတိကျရေးသား ပြသားသည်ကို တွေ့ရ၏။

## စားမေ့ဆင်ခြင်က ကျင့်မေ့ရ။

သကိန်း ဆွမ်းကျောင်း ဆေး လေးပါးကုန်သော ပစ္စည်းတို့သည် အာမိသမည်၏။ ထိုအာမိသတို့၌ သာသနာ့ ဝန်ထမ်းတို့သည် မိရှ (နိဿယ) တို့ဖြစ်သောကြောင့် ထိုအာမိသ လေးပါးတို့နှင့် ကင်း၍ မည်သို့မှ သာသနာ တည်တံ့နိုင်မည်ကိုမမြင်သော ကျမ်းပြုသူသည် သာသနာ ဝန်ထမ်းတို့အတွက် အာမိသတို့ လိုအပ်ကြောင်းကိုလည်း သတိပြုလျက်ရှိကြောင်း တွေ့ရ၏။ စားမေ့ကိုသာ ခံယူသူတို့ မဟုတ်ဘဲ ကျင့်မေ့ကိုလည်း ခံယူသူတို့ ဖြစ်၍ သာသနာ့ ဝန်စီးမှ သာသနာ့ဝန်ထမ်းသို့ ရောက်အောင် ပစ္စည်းလေးပါးတို့ကို တွေ့သိခံစားနေထိုင်သုံးစွဲတိုင်း ပစ္စဝေက္ခဏာဉာဏ်ပညာဖြင့် သာသနာ့ဝန်ထမ်းတိုင်း စားမေ့ဆင်ခြင်က ကျင့်မေ့ရကြလျက်ရှိသည်ကို ကျမ်းပြုသူ အထူးနှလုံးသွင်း ကြည်ညိုပြီးဖြစ်သည်ကိုလည်းသိရ၏။

## ပညတ်ကင်းစင် ပရမတ်မြင်။

ဒါနကို စွန့်ကြဲချီးမြှောက် ထောက်ပံ့ပူဇော် လှူဒါန်းပုံ။ သီလကို ကျင့်ကြံ တည်ဆောက်ပုံ။ ဘာဝနာကို ပွါးများ အားထုတ်ပုံ ။ တို့ကို ရေးသား ထားသည့်ပြင် (က) နာမ်၌ရှင်း။ (ခ) ရုပ်၌ရှင်း။ (ဂ) နာမ်ရုပ်၌ရှင်း။ တွေ့ဝေမိန်းမောနေသောသူ (၃)ဦးတို့ကို ချီးမြှောက်ခြင်းငှာ ခန္ဓာ အာယတန ဓါတ်တို့ကို ဟောကြားတော်မူသကဲ့သို့ နာမ်ရုပ်မမြင် ပရမတ္ထမထင်၊ ပညတ်

မကောင်းစင်သူတို့ကို၊ ပညတ်ကင်းစင် ပရမတ္ထ မြင်နိုင်အောင် ခန္ဓာ အာယတန ဓါတ်ပညတ်တို့ကို ပြထားသည်ကိုလည်း တွေ့ရ၏။

## ကျမ်းပြုဂုဏ သိမြင်ရ။

ဝိပဿနာ မဟာ ပညာ ရွှေအိုး ကျမ်းပြု ဦးမောင်သာသည်၊ ၁၃၁၆ ခုနှစ်၊ အဘိဓမ္မာ စာမေးပွဲကို အောင်မြင်ပြီး၍၊ ၁၃၁၉ ခုနှစ် ဝိသုဒ္ဓိမဂ် စာမေးပွဲ ရောဝတီတိုင်း၌ ဒုတိယရရှိပြန်၏၊ ထို့နောက် ၁၃၂၀-ခုနှစ် ဋီကာကျော် ဂုဏ်ထူးဆောင် သုံးဆင့်လုံးကို နှစ်ခြင်း အောင်မြင်ပြီး မြန်မာပြည် တပြည်လုံး၌ ပထမရရှိသဖြင့် ၁၆·၇·၅၉ နေ့တွင် နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့မှ ၂၀ဝိ တန် ရွှေတံဆိပ် ဆုတော်နှင့်၊ ပုသိမ်မြို့ တပ်မဟာ (၈) မှ ရွှေတံဆိပ်တခု၊ ရဲဗုဒ္ဓဝေယျာဝစ္စ အဖွဲ့မှ ရွှေတံဆိပ်တခု၊ ချီးမြှင့်ခြင်းကို ခံရသော၊ ပုသိမ်မြို့ အစိုးရ ရိက္ခာတော်ရ၊ သာသနာ့အလင်း စာပုံနှိပ်တိုက်နှင့် ပြည်သူ့ခေတ် သတင်းစာတိုက်ပိုင်ရှင်၊ ပုသိမ်ခရိုင်သာသနာရေး ဒေသကိုယ်စားလှယ်၊ နိုင်ငံတော် ဗုဒ္ဓသာသနာ့အဖွဲ့ အမှုဆောင် လူကြီးဟောင်း သံတွဲပဋိပတ္တိ ဓမ္မရိပ်သာ၊ ပုသိမ်ခရိုင်ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရအဖွဲ့နှင့် ကုသိနာရုံဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ပုသိမ်မြို့ သူကောင်းသားမိ မြို့ဝန်ဖြစ်၍ လောကီ လောကုတ္တရာ နှစ်ဌာနတို့၌ ဂုဏ်ထူး ဝိသေသ အရည် အခြင်းတို့နှင့် ပြည့်စုံညီသောသူ ဖြစ်ကြောင်းကို ကျမ်းပြု ဂုဏ သိမြင်ရ၏။

## ယုံမှားကင်းကွာ မြတ်ကျမ်းစာ။

ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးသော မြတ်စွာဘုရား သခင်သည် ရဟန်းတို့ကို ခေါ်တော်မူ၏ ချစ်သားရဟန်းတို့ ငါဘုရား၌ရင်း၊ တရား၌ရင်း၊ သံဃာ၌ရင်း၊ မဂ်၌ရင်း၊ မဂ်ရကြောင်းအကျင့်၌ရင်း၊ တပါးသော ရဟန်းတပါးအား ယုံမှား တွေးတောခြင်းသည် အကယ်၍ ဖြစ်အံ့ ချစ်သား ရဟန်းတို့ သင်တို့သည် မေးလျှောက်ကြကုန် ချစ်သား ရဟန်းတို့အား နောင်အခါ၌ နှလုံးမသာ ဖြစ်စေကုန်လင့် ငါတို့မြတ်စွာဘုရားကို မျက်မှောက်ထင်ထင် မြင်ရပါကုန်လျက် မြတ်စွာဘုရားကို မမေးလိုက်ရဟု နောင်တ ပူပန်ခြင်း မဖြစ်ကြ စေကုန်လင့်ဟု မိန့်တော်မူသော် ရဟန်းတို့သည် ဆိပ်ဆိပ်သာ နေကုန်၏၊ ထို့အတူ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် မိန့်တော်မူ၏။ ရဟန်း တို့သည်လည်း ဆိပ်ဆိပ်သာနေကြကုန်၏၊ ဤရဟန်းအပေါင်း၌ တပါးသောရဟန်းအားလည်း ယုံမှားတွေးတော ခြင်းမရှိ အဘယ်ကြောင့် မရှိသနည်းဟူမူကား ချစ်သား အာနန္ဒာ ငါးရာသော ရဟန်းတို့တွင် အကြင်ရဟန်းသည် ဥာဏ်အားဖြင့်ငယ်၏၊ ထိုရဟန်းသည် သောတာပန်တည် အပါယ်သို့ လားစေတတ်သော တရားမရှိ အရိယာမဂ်ဖြင့်မြဲသော သဘောရှိ၏။

အထက် မဂ်သုံးခုသို့ ရောက်ခြင်းဖြင့်လဲ လျှောင်းခြင်းရှိ၏၊ ထို့ကြောင့် ရဟန်းတပါးမှလည်း တွေးတောခြင်း မရှိဟု မိန့်တော်မူအပ်သော ဒီဃနိကာယ မဟာဝဂ္ဂပါဠိတော် မဟာပရိနိဗ္ဗာနသုတ် (မြတ်စွာဘုရား နောက်ဆုံးစကားတော်) ကို ထောက်ထား သာတကပြုသော် ဗုဒ္ဓ၏ တရား ဟူသမျှ ယုံမှား

တွေးတောဘွယ်မရှိသည်သာ ဖြစ်၏၊ ထိုတရားတော်တို့ဖြင့် မှီညမ်းကိုးကား ထောက်ထား သာတကပြုအပ်သော ဤဝိပဿနာ မဟာဒပညာရွှေအိုးကျမ်းသည် ယုံမှားကင်းကွာ မြတ်ကျမ်းစာဖြစ်၍ သပ္ပုရိသ နွယ်ဝင် သူတော်စဥ် ဗုဒ္ဓဘာသာ အပေါင်းတို့သည် လက်ကိုင်ထားခါ အားထားမှီခိုရာ ကြည့်ရှု လေ့လာ ပွါးများကြိုးစား အားထုတ်ခြင်းဖြင့် ဗုဒ္ဓ၏ ဓမ္မအမွေကို ရကြလျက် ဆင်းရဲနှင့် ငြကင်းကွာသော မြတ်ပုဂ္ဂိုလ်တို့ ဖြစ်ကြပါစေဟု တိုက်တွန်း ဆုတောင်းလိုက်ရပါသည်။

(ပုံ) အရှင်ဇာဂရာဘိဝံသ

၁၃၁၈-ခုနှစ် ထုတ်ဝေသော
အဘိဓမ္မတ္ထသင်္ဂဟ ဇုဒ္ဓဝနန္ဒာ-ကျမ်းစာရှင်
ဓမ္မာစရိယ (အနုဓမ္မစာရိ) ၏

# အမှာစာ။

---

**ကျမ်းပြုပညာဝါတို့ ရှိအပ်သော စိတ်ဓါတ်။**

(၁) ကမ္ဘာအရပ်ရပ်ရှိ ကျမ်းပြု ပညာဝါတို့သည် အဆက်ဆက်သော မိမိတို့ဆိုင်ရာ အမျိုးကောင်းသားသမီးတို့အတွက် အမျိုးဘာသာ သာသနာစည်ပင် ပြန့်ပွားအကျိုးတရား ထွန်းကားမှုကို ပဓါနပြုကြလျက် မွန်မြတ်စွာသော ကျမ်းကောင်း စာမွန်တို့မှ အဆီအနှစ်ထုတ်နုတ်၍ မြောစာပေ ကျမ်း အထွေထွေ တို့ကို ကြိုးမန်းအားထုတ်ခဲ့ကြပေသည်။ ထိုသို့ ပကာသနမဘက် မွန်မြတ်သော စိတ်ရင်းသက်ဆက်ဖြင့် ထုတ်ဝေခဲ့ကြသော ဘာသာတိုင်းတို့၏ " ကျမ်းပြုပညာါ " တို့သည် အဆိုပါ အများကောင်းကျိုး အသိဥာဏ် ပွားတိုးစေနိုင်သော ကျမ်းပြု ဝန်ထမ်းစိတ်ဓါတ်နှင့် ပြည့်ဝကြသော ပုဂ္ဂိုလ်မွန်များဖြစ်ကြသဖြင့်လည်း ဆိုင်ရာ စာပေသမိုင်းအမြင်တွင် အများ၏ ဂုဏ်တင်လေးစားခြင်းကို ခံယူကြရပေသည်။

**ကိုယ့်ကျမ်းအတွက် အများအကျိုးထွက်စေရန်။**

(၂) ထိုသို့ ရေးသားပြုစု ကြရာတွင်လည်း မိမိတို့ခံယူထားကြသော ယုံကြည်ချက် ဘာသာဓမ္မ သြဝါဒလမ်းစဉ်များမှ ထုတ်နုတ် ညှိနှိုင်း၍ မျက်မှောက်ဖြစ်သော ခေတ်အမြင်နှင့်လည်း လောကဓမ္မ ပုံစံကျအောင် အများအသိလွယ်သော အဓိပ္ပါယ် ဝေါဟာရတို့ဖြင့် တန်ဆာဆင်လျက် ရေးသားပြုစုကြရ

သည်သာမက အနာဂတ်ဘဝ်သည်း ကိုယ့်ကျမ်းစာသည် ဆိုင်ရာ အမျိုးဘာသာ သာသနာဝင် နှောင်းခေတ်အစဉ်တွင် အမြဲသစ်လွင်၍ အသုံးဝင်နေသော ကျမ်းကောင်းစာစောင် ဖြစ်စေရန် အထူးသတိရှိစွာဖြင့် ပြုစုကြရပေသည်။ သို့မှ သာလျှင် ယနေ့တိုင် သမိုင်းအဆက်ဆက်၌ လေးစားဂုဏ်ပြုခြင်းကို ခံယူနေကြရသော ဆိုင်ရာကျမ်းပြုပညာကျော် ပဏ္ဍိတ်ကြီးများ၏ ဂန္ထဝင်မြောက်သော ကျမ်းစာစောင်များကဲ့သို့ အစဉ် အကျိုးထွန်းကား ပြန့်ပွားလျက်ရှိပေမည်။

## နှောင်းခေတ်ကျမ်းပြုများ၏ အမြင်ကျယ်သော ရေးသားမှု။

(၃) ဥပမာ ကျွန်ုပ်တို့ ဗုဒ္ဓဝါဒဆိုင်ရာ အဘိဓမ္မာကျမ်းစာကြီးများကို မသင်ယူမီ အဘိဓမ္မာ ခုနစ်ကျမ်းတွင် ပါဝင်သော ပရမတ္ထတရားလေးပါး၏ တရားကိုယ် အဓိပ္ပါယ် များကို တိုတိုကျဉ်းကျဉ်း လိုရင်းမိမိအမြန်ဆုံးသိနိုင်အောင် နှောင်းခေတ်သုတေသီတို့အတွက် ကျမ်းပြုအကျော် အရှင်အနုရုဒ္ဓါဆရာတော် အရှင်မြတ်သည် ( အဘိဓမ္မတ္ထ သင်္ဂဟကျမ်း ) ကို ပြုစုခဲ့ပေရာ ထိုကျမ်းစာမှာ ယခုအခါ ကြာလေကောင်း ဟောင်းလေသစ်ခေတ်အဆက်ဆက်ဘဝ် အကျိုးဖြစ်နေသော ကျမ်းကောင်းတဆူဖြစ်နေယုံမျှမက ယနေ့ ဗုဒ္ဓကမ္ဘာ့စာပေသမိုင်းတွင် ကမ္ဘာကျော်ဖြစ်နေပေသည်။ အလားတူပင် ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင်စသော မြန်မာ့စာပေသမိုင်းတွင် ပျိုတိုင်း ကြိုက်သည့် နှင်းဆီခိုင်ပမာ ယနေ့တိုင် အကျိုးများလျက် ရှိကြသော ပါဠိဘာသာ မြန်မာဘာသာ ကျမ်းစာများမှာလည်း မနည်းလှပါပေ။

## ခေတ်ဟောင်း နှင့် ပါဠိစာပေ။

ရှေးခေတ်တွင် အုပ်ချုပ်သော မင်းနှင့်ပြည်သူပြည်သားသည် လူမှုရေး တာဝန်များ နည်းပါးကြ၍ ပါဠိကို အထူးသင်ကြားနိုင်ကြသောကြောင့် ပုဂံခေတ်တွင် ကျော်စွာမင်းကြီးသည် ပါဠိသဒ္ဒါကျမ်းကို ပြုစုနိုင်သည့်အပြင် ရဟန်းသံဃာ များအား တနေ့ ခုနစ်ကြိမ် ပိဋကစာပေကို ပို့ချယုံမျှမက ၎င်းကိုယ်တိုင်လည်း ပိဋကသုံးပုံကို ကိုးကြိမ်တိုင် သင်ကြားဘူးကြောင်း မြန်မာ ရာဇဝင်တွင် အဆိုရှိလေသည်၊ ထို့ပုဂံခေတ် အမျိုးသမီးများသည် အိမ်မှုတာဝန်များ လုပ်ဆောင်ရင်း တနှစ်အတွင်း 'ပဋ္ဌာန်း ပဉ္စဝါရ' ပါဠိကိုပင် အဓိပ္ပါယ်နှင့်တကွ သင်ကြား နိုင်ကြကြောင်းကို ဆရာစဉ်ဆက်တို့ထံမှ တဆင့်စကား မှတ်သားဘူးပေရာ 'ပဉ္စဝါရ ပဋ္ဌာန်း' ဆိုသည်လည်း ဤခေတ် ပဌမကြီး တန်း စာဖြေသံဃာများသာ သင်ယူနိုင်သော 'အဘိဓမ္မာဘာ သာ' ရပ်ပင်ဖြစ်လျက် ရှေးခေတ်တွင် အများပြည်သူတို့နှင့် မင်းသည်ပင် ပါဠိစာပေကို သင်ကြား နိုင်ကြကြောင်းများစွာ ထင်ရှားပေသည်။

ထိုသို့ကုန်းဘောင်ခေတ်တိုင်အောင် ပါဠိစာပေကို ကျွမ်းကျင် လိုက်စားသော ခေတ်ဖြစ်၍ ထိုခေတ် ကျမ်းစာရှင် များသည် ပါဠိကို ပဓါနထားလျက် ရေးသားကြ၍ ခေတ်ဟောင်းနှင့် ပါဠိစာပေသည် များစွာ ညီညာသင့်လျော်လေသည်၊ သို့ရာတွင် ပုဂံခေတ်နောက်ပိုင်း ဖြစ်သော အင်းဝခေတ်နှင့် ကုန်းဘောင် ခေတ် စာပေသမိုင်းတွင် ပါဠိကျမ်းစာများ သာမက ပါဠိ မြန်မာ နှစ်ဘာသာတွဲလျက် ပြုစုသော ကျမ်းစာများ ပါဠိမှမြန်မာ သို့ ပြန်ဆိုသော "စကားပြေ ကျမ်းစာ" များကိုပါ ပြုစုကြ ပြန်ရာ ထိုခေတ်စာပေ လိုက်စားသူများသည် အများအားဖြင့်

ပါဠိစာပေတို့၌ ကျွမ်းကျင်မှု တဖြည်းဖြည်း နည်းပါးလာကြကြောင်းကို ၎င်းခေတ် စာပေကျမ်းစာများက သက်သေပြနေပေသည်။

## ခေတ်သစ်နှင့် မြန်မာစကားပြေ။

မျက်မှောက်ခေတ်သည် ဆိုင်ရာလုပ်မှုစီးပွါး လုပ်အားတာဝန်များ ကျယ်ဝန်းလာကြသည်နှင့် အမျှ အချိန်ပို များသည်းနည်းပါးလျက် လောကုတ္တရာရေးအတွက် လက်လွတ်၍ မဖြစ်သော "ဗုဒ္ဓစာပေ" ဗဟုသုတ အထူးထူးတို့ကို လေ့လာမှတ်သားကြရာတွင် အရင်းခံဖြစ်သော ပါဠိစာပေကို အခြေခံရရှိချပင် မလေ့လာနိုင်သဖြင့် ပါဠိမှမြန်မာသို့ ပြန်ဆိုသော "စကားပြေကျမ်းစာ" များကိုသာ လိုက်စားသင်ကြား လိုကြသောကြောင့် ခေတ်သစ်ကျမ်းစာရှင်များသည် သုတေသီတို့နှင့် သင့်လျော်သော မြန်မာစကားသက်သက်ဖြင့် ဗုဒ္ဓစာပေများကို ပြုစုကြ၍သာ ယနေ့မြန်မာစာ ဘတ်တတ်သူတိုင်း ပါဠိတော်၏ အဓိပ္ပါယ်ကို သိမြင်ကြ၍ ပါဠိခေတ်နှင့် စကားပြေခေတ်တွင် စကားပြေကျမ်းစာ ထွန်းကားသော ဤခေတ်သည် သာသနာတော် အထူးပြန့်ပွားပေသည်ဟု ဆိုရမည်ဖြစ်သည်၊ ထို့ကြောင့် ဤနိုင်ငံတွင် စကားပြေ ဗုဒ္ဓစာပေ ထွန်းကားနေသောကြောင့်လည်း ဗုဒ္ဓဘာသာထေရဝါဒ နိုင်ငံများတွင် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာသည် ရှေ့တန်းမှ ရောက်နေသည့်အပြင် အခြားနိုင်ငံတို့ထက် မြန်မာနိုင်ငံစောစောရှင် သုတေသီတို့က "အဘိဓမ္မာ ပိဋကတ်၌ ပို၍ကျွမ်းကျင် တတ်မြောက်ကြခြင်းသည် ခေတ်ဟောင်း ဗုဒ္ဓစာပေ စကားပြေကျမ်းကြီးနှင့် ဤခေတ်သစ် စကားပြေ ကျမ်းကြီးများနှင့် ဤခေတ်သစ် စကားပြေ "လယ်တီစာပေ" ကျမ်းစာများ ပေါ်ထွက်မှုကြောင့် ဖြစ်သည်ဟု ဆိုပါကမမှားနိုင်ပေ။

မှန်ပါပေသည်၊ ဤခေတ်သစ်တွင် လယ်တီစာပေ မြန်မာစကားပြေ ဒီပနီကျမ်းစာများကြောင့် ဗုဒ္ဓစာပေတို့သည် မြန်မာတွင်မက ကမ္ဘာ့နိုင်ငံခြားသို့တိုင်အောင် ပြန့်ပွားခဲ့သဖြင့် "ကမ္ဘာ့စာပေ သုတေသီ" ပညာရှိကြီးများပင် ဗုဒ္ဓသာသနာ အဘိဓမ္မာကို နှံ့ယုံကြည်လက်ခံလာကြသည့် အပြင် ကမ္ဘာ့အလယ်တွင် ဗုဒ္ဓသာသနာဝင်ကို လယ်တီစာပေစကားပြေ ဒီပနီတို့ဖြင့်ထွန်းပြောင်ခဲ့ပေသည်၊ သို့ဖြစ်လျှင် မျက်မှောက် ခေတ်သစ် သာသနာဝင် စကားပြေသမိုင်းစဉ်တွင် ယနေ့တိုင်ပင် အကျိုးပြု နေပေသော "ကမ္ဘာကျော် လယ်တီဆရာတော်" ၏ ဂုဏ်ကျေးဇူးတော်များကို ကျွန်ုပ်တို့ အထူးပင် မမေ့အပ်ကြပေ။

**စကားပြေဝိဇ္ဇသနာ ဤကျမ်းစာ၏ အာသီသနှင့် ရေးသားမှုစွမ်းရည်။**

ရှင်တော်ဗုဒ္ဓ ပွင့်တော်မူခြင်း၏ ရည်ရွယ်တော်မူချက်သည် ဆင်းရဲခြင်းများစွာ ဒုက္ခသစ္စာ၏ နယ်မြေမှ သတ္တဝါ အပေါင်းတို့အား ကယ်တင်လို၍ (ဝါ) ဒုက္ခသစ္စာ နယ်မြေမှ လွတ်မြောက်ရာ နိဿရဏခေါ်သော "နိဗ္ဗာန်ချမ်းသာ" ကို ပေးလိုတော်မူသောကြောင့်ဖြစ်ပေသည်။ နိဗ္ဗာန်ချမ်းသာကို ပေးလိုသော ဆန္ဒတော်မှတပါး အဓိကဖြစ်သော အခြားရည်ရွယ်ချက်သည် ဗုဒ္ဓတွင် မရှိပါပေ၊ မှန်ပါပေသည် နိဗ္ဗာန်ချမ်းသာမှတပါး ကျန်သော တရားဓမ္မ ဟူသမျှသည် ဒုက္ခအစစ်အမှန်ပင်ဖြစ်ရာ ကျွန်ုပ်တို့သည် ထိုဒုက္ခသစ္စာနယ် မြေတွင် ကျင်လည်ကျက်စား နစ်မွန်းမျောပါ၍ နေကြသော်လည်း ဒုက္ခမမြင် သုခထင်၍ အမြင်ဖောက်ပြားလျက် မှောက်မှား ရှိနေကြသောကြောင့် (ဝါ) ဆင်းရဲမှန်စွာ ဒုက္ခသစ္စာကို ချမ်းသာသုခ ဧကန္တဟု စွဲလမ်းမှန်စွာ သမုဒယသစ္စာကြောင့်

ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရားတို့နှင့် [illegible]ကွင်းလျက် ယနေ့တိုင် နိဿရဏစခန်း နိဗ္ဗာန်လမ်းသို့ မတက်လှမ်းနိုင်ကြပေ။

ထိုနိဿရဏစခန်း နိဗ္ဗာန်လမ်းသို့ ကောန် ထုတ်ခြောက်ဆိုက်ရောက်စေရန် အတွက် လိုအပ်ချက်မှုမှ "ဒုက္ခသစ္စာ" ဖြစ်သော ရုပ်-နာမ် တို့ကို ပိုင်နိုင်ကျွမ်းကျင်စွာ သိမြင်ပေါက်ရောက်ရန် အရေးကြီးသည့်အပြင် ထိုဒုက္ခသစ္စာဖြစ်သော ရုပ်-နာမ်တို့ကို ကြိမ်ဖန်များစွာဖြစ်စေတတ်ကုန်သော "သမုဒယသစ္စာ" လောဘ တဏှာကိုပါ ဖြတ်တောက်နိုင်မှသာလျှင် ချမ်းသာအစစ် အမှန်ဖြစ်သည့် "နိရောဓသစ္စာ" နိဗ္ဗာန်သို့ ဆိုက်ရောက်နိုင်မည်ဖြစ်လျက် နိရောဓစခန်း နိဗ္ဗာန်လမ်းသို့ ဆိုက်ရောက်အမှန် ဖြစ်စေရန်လည်း လမ်းစဉ်ရှစ်ဖြာ "မဂ္ဂသစ္စာ" ကို ထူး တောင်ကြပြန်သည်။

ထို့ကြောင့် နိရောဓသစ္စာ အငြိမ်းဓါတ် နိဗ္ဗာန်ချမ်းသာမြတ်သို့ ဆိုက်ရောက်စေနိုင်သော အရိယာမဂ္ဂင် "သမ္မာဒိဋ္ဌိ" ဉာဏ်အမြင်တို့ကို သေချာပိုင်ပိုင် မျက်မှောက်ပြုနိုင်ရန် ဤ "ဝိပဿနာ မဟာပညာ ရွှေအိုးကျမ်း၌ (ပဌမ ခန္ဓာ ဒုက္ခသစ္စာ) အရ ဒုက္ခသစ္စာဉာဏ် ရင့်သန်စေရေးအတွက် ပဓါနပြုလျက် ခန္ဓာ အာယတန ဓါတ် ပဋိစ္စသမုပ္ပါဒ် တရားမြတ်တို့ကိုရှင်း ( တေသံ သမုဒ္ဒေပိကာ တဏှာ သမုဒယသစ္စာ ) အရ ဗုဂ္ဂိုလ် သတ္တဝါ ယောကျ်ား မိမ္မ အတ္တ ဇီဝ သုခ စင်စစ် အမှန်ဖြစ်၏ဟု အမြဲ ဖေါက်ပြန်အစွဲသန်သော ဒုက္ခဖြစ်ကြောင်းမှန်စွာ သမုဒယ သစ္စာ ဉာဏ်ကိုရှင်း ( ဉာဏ်နှင့် အပ္ပဝတ္တိ နိရောဓ သစ္စာ ) အရ ထိုဒုက္ခ သမုဒယ နှစ်ပါးတို့၏ ချုပ်ပြောက်ငြိမ်းရာ နိရောဓသစ္စာ ဉာဏ်ကိုရှင်း၊ ( နိရောဓ ပဇာနုနာ ပဋိပဒါ မဂ္ဂသစ္စာ ) အရ နိရောဓစခန်း နိဗ္ဗာန်လမ်းသို့ ဆိုက်ရောက်မှန်စွာ မဂ္ဂသစ္စာဉာဏ်ကိုရှင်း ဤသို့ သစ္စာလေးတန် အခြေခံသော ပဋိပတ်ဘာဝနာ

ဝိပဿနာ မဟာ ညာဏ်ဓမ္မတို့ကို 'သံဝေဂကထာ' နှင့်တကွ သုတ္တန် နည်းစုံလင်စွာဖြင့် အဘိဓမ္မာကို တွဲဘက်လျက် ပေါ်လွင် သိလွယ်စေသော ဒေါဟာရ ခေတ်သုံး မြန်မာစကားလုံးတို့ဖြင့် အစုံမီနိုင်ဆုံး ဖေါ်ပြထားသည်ကို ဖတ်ရှုတွေ့မြင်ရ၍ ဤကျမ်းပြုရှင်၏ တည်ထွင် စီစဉ်မှု ဉာဏ်စွမ်းရည်နှင့် ကျမ်းပြုစု ရည်ရွယ်မှု များ သိသာသည် သတ္တဝါအပေါင်းတို့အတွက် ဗုဒ္ဓ၏ ရည်ရွယ်တော်မူချက် ဆန္ဒတော်ကို ဦးထိပ်ရွက် ပန်ဆင်လျက် ရေးသားထားသော ထိုကျမ်းစာသည် အနာဂါတ် ပဋိပတ္တိလုပ်ငန်း ပြန့်ပွါးမှုကို အကျိုးပြုနိုင်သော ဝိပဿနာ ကျမ်းစာကောင်းတစ်စောင် ဖြစ်သည်ဟု ခန့်မှန်းရပေသည့်အပြင် ကျမ်းစာရှင်သည် ထိုက်တန်သော ပရိယတ္တိ ဗဟုသုတတို့နှင့် ပြည့်စုံသူတဦး ဖြစ်ကြောင်းကိုလည်း သူ၏ လက်ရာ ဤကျမ်းစာနှင့် အောင်ပွဲဝင် ပညာဒီဂရီတို့က ညွှန်ပြလျက်ရှိပေသည်။

အမှာစာရှင်၏ ဥဒယျာဇဉ်။

(၃) ပဋိပတ္တိယာ ဟာယမာနာယ သတ္တာ ဟာယန္တိ နာမ။
ပဋိပတ္တိသဒ္ဓမ္မောပိ ဟိ ပဋိပတ္တိပူရကေသု သတ္တေသု
အသတိ အန္တရဓာယတိ နာမ။

★ ပဋိပတ္တိ အကျင့်တရား ဆုတ်ယုတ် ပျက်ပြားသည်ရှိသော် သတ္တဝါအပေါင်းတို့သည် ဆုတ်ယုတ်ပျက်စီးသည်မည်၏။
★ ပဋိပတ္တိလုပ်ငန်းကို ဖြည့်ကျင့် အားထုတ်ကုန်သောသတ္တဝါတို့သည် ဆုတ်ယုတ်နည်းပါး မရှိငြားသော် ပဋိပတ္တိသဒ္ဓမ္မတရားသည် ကွယ်ပျောက်ပျက်သည် မည်၏။

(မဇ္ဈိမနိကာယ ဘဒ္ဒါလိသုတ် အဖွင့်စာမျက်နှာ {၁၀၈} ဆင့်မှ)

ညွှန်ပြအပ်တော်မူသော အထက်ပါ အဋ္ဌကထာ၏ အဓိပ္ပါယ်သည် ပဋိပတ္တိတရား ဆုတ်ယုတ် အားနည်းမှု ရှိကြသဖြင့် သတ္တဝါအပေါင်းတို့သည် ပျက်စီးကြရသည် ဖြစ်၍ သတ္တဝါ အပေါင်းတို့ အပါယ်ဘေး၌ ပျက်စီးကြရခြင်းသည်လည်း ပဋိပတ္တိတရားကို အားမထုတ်ကြသောကြောင့် ဖြစ်သည့်အပြင် အကြင်အခါတွင် ပဋိပတ္တိဘာဝနာ ဝိပဿနာကို အားထုတ်ပွါးများကြသူ လူ, နတ်, ဗြဟ္မာ သတ္တဝါ တို့သည် ဆုတ်ယုတ်နည်းပါး ရှိကြအံ့၊ ထိုအခါ၌ ပဋိပတ္တိသဒ္ဓမ္မ ခေါ်သော အကျင့်သာသနာတော် လုပ်ငန်းသည် ကွယ်ပပျောက် ပျက်သည် မည်၏ဟု မိန့်ဆိုတော်မူခြင်းပင်ဖြစ်ပေသည်။

မှန်ပါပေသည် ပုထုဇဉ်ဖြစ်ကြသော အကျွန်ုပ်တို့သည် ယနေ့ပင်လျှင် အပါယ်ဘေးဆိုး ဒုက္ခအိုးသို့ သေလွန်ပြီးနောက် နေ့ခြင်းပေါက် လားရောက်စေနိုင်သောအခွင့်ဆိုးကြီးနှင့် ရင်ဆိုင်နေကြရခြင်းသည် သောတာပန် အဆင့်ကို မဆိုထားဘိ သောတာပန်၏ အငွေ့အသက်မျှသာဖြစ်သော 'စူဠသောတာပန်' စခန်းလောက်ပင် မဆိုက်ရောက်နိုင်သေး၍ ဖြစ်ပေသည်၊ အကယ်၍ ယခုဘဝ ပစ္စက္ခ၌ မဂ်ဉာဏ် ဖိုလ်လမ်း ဝိပဿနာ ပဋိပတ္တိ လုပ်ငန်းကို အားထုတ်ပေါက်ရောက်ကြပါက၊ အထက်ပါ သောတာပန် အငယ်စားဖြစ်သော "စူဠသောတာပန်" အဖြစ်သို့ ရောက်ယုံမျှပင်လျှင် အပါယ်ဘေးဒဏ် ဒုက္ခရန်တို့နှင့် ရင်ဆိုင်နိုင်ရန် အခွင့်မရှိတော့ပေ။

ဒို့...သူတော်စဉ် အပေါင်းတို့။

ယာနန္မျက်မှောက်ဆိုက်ရောက်ကုံကြိုက်ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ ကျွခေတ်၌ ထိုသို့အပါယ်ဘေးဒါဏ် ဒုက္ခရန်သူတို့၏ နယ်မြေမှ လွတ်ထွက်ရာလမ်း အရိယာ သူတော်စဉ်ဖြစ်စေရန် မဂ္ဂသစ္စာ ဝိပဿနာ အကျင့်မြတ်စခန်းနှင့် လက်ငင်းဒိဋ္ဌ တွေ့ကြုံနေကြရပါလျက် အပါယ်ဘေးပိုင်နက်မှ မလွတ်ထွက်နိုင်ကြပါမူ (ရန်သူဝိုင်းထား၊ ထိုခယာကျွဲကား ပြေးတွက်ဘို့ရာ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းတွက်မဟုတ်ခြေ) ဟု ပြဆိုတော်မူသော ဥပမာအတူ အပါယ်ဘေးတို့မှ မလွတ်ထွက်လိုသူတို့၏ တာဝန်သာ ရှိပေမည်။

သို့ဖြစ်လျက် သတ္တဝါ အပေါင်းတို့အား အပါယ်အစရှိသော ဝဋ်ဆင်းရဲတရားတို့မှ လွတ်ကင်းနိုင်ကြစေရန် ရှင်တော်ဗုဒ္ဓသည် သစ္စာလေးတန် အခြေခံသော သာသနာသုံးဝ သုံးဆင့်သော သဒ္ဓမ္မကို တည်ထောင် လမ်းပြတော်မူခဲ့ရာ၌ တတိယ အဆင့်ဖြစ်သော ပဋိဝေဓသာသနာ၊ သောတာပန်စသော အရိယာအဖြစ်သို့ ရောက်ရှိကြမှသာလျှင် သာသနာတော် လုပ်ငန်း ဆုံးခန်းတိုင်မြောက် လမ်းဆုံးခြင်းသို့ ဆိုက်ရောက်ကြပေမည် ဖြစ်၍ ရှေးဦးစွာ ပရိယတ္တိသာသနာတော်ကို အထိုက်အလျောက် စွမ်းအားရှိသလောက် ထူထောင်ကြရာတွင် ပဋိပတ္တိ သာသနာ ဝိပဿနာလုပ်ငန်း မှတဆင့် ပဋိဝေဓသာသနာစခန်း အရိယာတို့၏ မဂ်ဉာဏ် ပန်းသို့ ရည်ညွှန်းကြရသည် အားလျော်စွာ ပရိယတ္တိ အဆင့်၌ပင် တန့်ရပ်သင်ကြား တတ်မြောက် ပြီးနောက် ပရိယတ္တိမှတဆင့် ပဋိပတ္တိ လုပ်ငန်းဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် ပဋိဝေဓအောင်လံတော်ကို လက်ဝယ်ပိုင်ပိုင် ရရှိနိုင်အောင် ဆော

ထနာခေတ်အတွင်း ပက်ဖင်းကြုံကြိုက် အိုနာ၊ သေခဘေးသို့ မ ဆိုက်ကြမီ အားထုတ်ဆည်းဘူးကြမှသာ ဗုဒ္ဓ၏ သာသနာတော် သုံးရပ်နှင့် တွေ့ကြုံရကျိုးနပ်ကြလျက် ရှိပေမည်၊ ထို့ကြောင့် ဝိပဿနာ ကျင့်နည်းဆိုင်ရာ လုပ်ငန်းဖြစ်သော ပဋိပတ်ဒေသနာ ဓမ္မ တို့ကို ဖွေရှာဆည်းဘူး ဘာဝနာမယဉာဏ် အထူးဖြင့် မျက် မှောက်သိမြင်ကြစေရန် ဤဝိပဿနာ မဟာပညာ ရွှေအိုးကျမ်း ကို ကြည့်ရှုပွားများ အားထားနိုင်ကြပါစေဟု တိုက်တွန်းမှာ ကြားအပ်ပါသတည်း။

ဦးမြင့်ဆွေ
( အနုဓမ္မစာရီ )
ရှိုင်းသာသနာရေး ဆရာ၊
ပုသိမ်ခရိုင်။

## ပန်ကြားလျှက်။

ဝိညူနော နာမ ဟိ ပရေသံ သုကထိတံ သုတွာပသံသန္တိ
ဒုက္ကထိတံ၊ သုတွာပန ပါဠိအာဒီဟိ ဥဇုံ ကတွာ ဒေန္တိ။
အယံ ဝိညူနံ သဘာဝေါယေဝ။

★ ဟိသဒ္ဒါ၊ ပေါ်ပြစကား ထင်ရှားမသေ့ မှန်ပါပေ၏။ ဝိညူနော နာမ၊ ပညာရှိတို့ မည်သည်ကား၊ ပရေသံ၊ သူတပါးတို့၏ သုကထိတံ၊ ဟောကြား ရေးသား ကောင်းမြတ်သောစကားကို။ သုတွာ၊ တွေ့မြင် ဘတ်ရှုကြားနာမှုရှိကြ၍။ ပသံ သန္တိ၊ သာသနာအတွက် အားတက်ကြည်နူး ချီးကျူးကြလေကုန်၏။

★ ဒုကထိတံ၊ ချွတ်ယွင်းသတိ လွတ်ကင်းဘိ၍ ဟောကြား ရေးသား မှားသောစကားကို၊ သုတွာပန၊ တွေ့မြင်ဘတ်ရှု ကြားနာမှု ရှိကြ၍ကား၊ ပါဠိအာဒီဟိ ပါဠိ အဋ္ဌကထာ ဋီကာစကား ကျမ်းဂန်အများဖြင့်၊ ဥဇုံကတွာဒေန္တိ၊ ဂူဃာကင်းစင် မေတ္တာရှင်လျက် လမ်းမှန်စေမှု ဖြောင့်မှန်စွာပြု၍ ပေးကုန်၏။

★ အယံ၊ ပန်ကြားအပ်စွာ အထက်ပါစကား ဤနှစ်ပါးသည်၊ ဝိညူနံ၊ ကြောင်းကျိုးနှစ်ရပ် ဆက်စပ်မြင်သိ ပညာရှိတို့၏၊ သဘာဝေါယေဝ၊ ရှိအပ် မှန်စွာ သဘာဝမှတာ သည်သာလျှင်တည်း။

ဆင့်မှု ဒီဃနိကာယ်-သာမညဖလ သုတ်အဖွင့် စာမျက်နှာ ၁၃၄ ကို မှီငြမ်းသည်။

ဦးမောင်သာ
ကျမ်းပြု ထုတ်ဝေသူ
သာသနာ့အလင်း ပုံနှိပ်တိုက်ရှင် ပုသိမ်မြို့။

# ဦးညွတ်ပါ၏။

ကျွန်ုပ်အား ဝိဇ္ဇာမျိုးစေ့ ချပေးတော် မူကြကုန်သော ကျေးဇူးတော်ရှင် လယ်တီ ဆရာတော်ဘုရား။ ရွှေကျင် သာသနာပိုင် ဒိပဲရင်း ဆရာတော်ဘုရား။ ပုသိမ်မြို့ သံတွဲမြေ့ရိပ်သာ ဝိပဿနာလမ်းပြ ဆရာတော် အသျှင် ဦးသာသန။ ရန်ကုန်မြို့ ဝိဇ္ဇာစရဏ မဂ္ဂသမ္ဘာရ အဖွဲ့ ဩဝါဒ စရိယ ဆရာတော် ဦးမြသိန်းထွန်း၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ္ဂ၊ ဋီကာကျော် သင်တန်းများကို ကျွန်ုပ်အား သင်ကြား ပြသတော်မူသော ပုသိမ်မြို့ ဓါတော်မှိုပါဠိတက္ကသိုလ် စာချ သီရိပဝရ ဓမ္မာစရိယ ဆရာတော် အသျှင် ဦးပညာဇောတ နှင့် တလုံးတပါဒ မှစ၍ ဟောကြားဆုံးမတော်မူကြသော ရဟန်းဆရာ၊ လူဆရာ အပေါင်းတို့အား ဤဝိပဿနာ မဟာပညာ ရွှေအိုးကျမ်းကို ပြုစုခြင်း ဓမ္မာနုဂ္ဂဟအားဖြင့် ကျေးဇူးဆပ်လျက် ဦးညွတ်ခါ ဝန္ဒနာပြုလိုက်ပါသတည်း။

ဦးမောင်သာ

ကျမ်းပြု—ထုတ်ဝေသူ

# နိဒါန်း

လူနတ် ဗြဟ္မာ၊ ဝေနေယျာကို၊ ခေမာကျူးတို့ အဘိဓမ္မာ ဝိပဿနာ ဒေသနာမချို့ အေးငြိမ်းချမ်းသာ ဘေးဘျမ်းကွာ နိဗ္ဗာန်ကို သေချာမိ့မည်ဟု၊ ကြည်နူးလျှက်၊ ရည်ရွယ်ချက်၊ အမည်ထူးတဲ့ အတွက်၊ လောက နိုင်ငံက ကျော်ခဲ့ပြီ၊ ဂေါတမဗုဒ္ဓ ပိုင်စံဒါက ငါးထောင် သာသနာ၊ တရားဆောင်စရာ အဓိပတိ ကျမ်းအလာ နိမိတ်က (ဘယ်တော့မှ ရဟန္တာမဆိတ်ဘူး) ဓမ္မဂုဏ် မလျော့ကြစေနဲ့၊ အသုညောလောကေ ဓမ္မခံအခြေ သိတို့ အတတ်ပြုလိုက်မည်၊ အရဟန္တေဟိအသ ပါဠိတော် ပါဠိအရ နပ်သမျှစားကြတော့ မနပ်ကြလျှင်သေပေ က် အစစ်ရို့ အမြစ်မူလ အဝိဇ္ဇာတဏှာနှင့် သံသ ရာ ဒ ၄ ည် ရှောက်ဖြစ်မှာကြောင့်ကျသဖြင့်အဖြောင့်ရအောင်မိမိကဲ့သို့ အချက်ကောက်သမျှ မဂ်ဖလရောက်ပြ အားလုံးတို့ အတွက် ထွက်ပေါက် ရကြပါစေဟု၊ အာသီသ တောင့်တပြီး ဖြောင့်လှသော မဂ္ဂသစ္စာဉာဏ်ဖြင့် မိမိအားထုတ်လာသမျှ တရားပုဗ္ဗာ အဝဝတို့ကို အဓိပ္ပါယ်ရှင်းတမ် ထုတ်၍ဒိဋ္ဌိ ပြုတ် တဘဝှာမဝင်ရန် အခြေခံနိသျှ အပါယ ဒုက္ခမှမကျ လွတ် မြောက်ရန် ဖြတ်ဗုဒ္ဓ၏မဟာ ပညာရွှေအုံး လူမျိုးနိုင်

# နိဒါန်း

သည့်ဝိပဿနာခေ ၃ အခမွေမျိုးကိုမဟာကရုဏာထားရာဟု လာသားကဲ့သို့ ရစေရည်မှန်း စေတနာလွှမ်း၍ 'ဝိပဿနာ မဟာပညာ ရွှေအိုးကျမ်းကို ပညတ် ပရမတ် ဝေဖန်အခြေ ခံရှုဆ၍ သုတမယ ဉာဏ်မွှေကို ခန္ဓာမှာဟပ်ပြီး စိတ္တာ ဉာဏ်သွင်းကာ အုပ်လျက်၊ ဘာဝနာ ဇလင်း ထုတ်၍၊ ရကြွံ စေရန်၊ အခမ်းခမ်း သရုပ် အဓိပ္ပါယ်နှင့် မေတ္တာ ရှေ့ထား စီရင်ရေးသား လိုက်ရပါသတည်း။

★ ★ ★

အပြင်ဖေါ်ပြ နှိမ့်ချဆုံးမလေ့ရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြား လာသူ ကဲ့သို့ ထင်မှတ် ရှုကြည့်၍ ဆည်းကပ်ရာ၏။

သို့သဘောရှိသော ပညာရှိကို ဆည်းကပ်သော သူအား မြတ်၏ မယုတ်ညံ့ပေ။

ဓမ္မပဒ (၇၆)

# ဝိပဿနာ မဟာပညာ ရွှေအိုးကျမ်း

# ပ႒ာမ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘဂဝတော၊ မျိုးစုံမဆုံး တန်ခိုးဂုဏ်ဘုန်းအနန္တနှင့် ပြည့်စုံတော်မူသော၊ အရဟတော၊ အဆက်သံသရာ ဖန်ခါဖြစ်ရပဋိသန္ဓေ ဖန်ခါနှစ်မြုတ် ဝဲသမုဒ်ကို ဆွဲနှုတ်ပယ်ဖြတ် တော်မူနိုင်သော၊ တဿ၊ သမ္မာ သမ္ဗုဒ္ဓဿ၊ သဗ္ဗညုတဉာဏ်ကို ဧကန်ရပြီး ထိုမြတ်စွာ ဘုရားကြီးအား။ အဟံ ကျေးဇူးဂုဏ် တကယ်သိ ဘုရားတပည့် တော် အာဂါရမုနိသည်၊ နမော၊ မာနပယ်ဘိ ဂုဏ်တော် သိသဖြင့်အဓိဂမနသဒ္ဒါ ၁ ကျမ်းရေးရင်း မမေ့လက်စွေ ညွှတ်ကျိုးခါ ရှိခိုး ကန်တော့ လိုက်ပါ၏ ကိုယ်တော်မြတ် ကြီး ဘုရား။

**ပဥ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ။**

၁။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားသိမှ ဗုဒ္ဓ၊ ထိုတရား မသိခင်က သိဒ္ဓတ္ထဟုခေါ် ကြရခြင်း အမြင်ရှင်း၍ အလင်းကြီး လင်းတော် မူသော မြတ်စွာဘုရား။ အဟံ၊ မာနမရှိပူဇော် ဘုရားတပည့်တော်သည် နမော တရားအစဉ် ရှေးဦးတင်လျှောက်၊ ၂ ကျေးဇူး ရှင်မြတ်စွာ ဘုရားအား ကြည်ညိုလို့မဝ ရှိခိုးလို့ အားမရပါဘုရား။

---

၁။ အဓိဂမနဆိုရာ၌ အဓိ၊ ဂမန သဒ္ဒါ၊ ၎င်းသည် အရိယာ သာဝက တို့၏ သဒ္ဒါ၊ မျိုးဖြစ်သည် ထိုသဒ္ဒါမျိုးကိုပုံစံပြု၍ အသက်ပေးလှူ၍ ရှိခိုးခြင်း။ သဒ္ဓါ ၄ မျိုး သုတ်ပါထေယျ သင်္ဂီတိသုတ် အဋ္ဌကထာ။

၂။ ဓမ္မံ သိဘဲ၊ မံ၊ သဿတိ

၂။ **ဂမ္ဘီရ**၊ တရားရမှ နိဗ္ဗာန်၊ တရား မရလျှင် ဟရိဘွာန် ၁ ပ ရင်ထဲ နှလုံးဝဲ ဒွံ့သဲ ခိုက်အောင် ကြောက်လှ၍ တရားအစစ်ကိုရှာ အားထားရာ အနတ္တတရားကို ရသည့်နေ့ကစ၊ တနေ့မှမမေ့ အတွေ့တရား ကိုယ်တိုင် မီးဖြစ်တဲ့ ခန္ဓာကိုယ်မှာ ရှာရ ဘဲ့ တကဲ့တရားအစစ်ကို။ အဟောံ၊ မသိခင်က အစမသတ် **သိတော့မှ** အစသတ်ပြီဟု လူဖြစ်ကျိုး နပ်လှ ဘုရားတပည့်တော်သည်၊ ပူဓေမိ၊ ပူဓော် လို့ အားမရ ရှိခိုးလို့ တင်းမတိမ်ပါ ဘုရား။

၃။ **သံဝေဇ**၊ ရှစ်ယောက်အရိယာ မြတ်သံဃာ ဟု ခေါ်ဆိုပြောကြ သဘောမရ၍ တရားကို ရှာ တပည့်တော်မှာ၊ မီးသတ်ထာ သံဃာဟု ဥာဏ် မှာသိရ မြတ်သံဃာသည့် တရားကြောင့် မီးငြပေါ ကလားလို့....တရေးရေးစိတ်မှာသိ၍သာ လာသ ဖြင့်၊ အဟော်၊ ကြည်သို့လို့အားမရ ဘုရားတပည့် တော် ဓမ္မကထိကသည်၊ **ဝဋ္ဋာမိ** လွန်တာ ရှိသမျှ ကျွန်ဇာတိဘဝမို့ ဝဋ္ဋနာ အတိဗလဝ **အမြတ်**

---

၁။ မေသုန်ဝါ၊ ဘုန်ဝါ၊ နိဗ္ဗာ၏ဖြ။ သုံးပါးဖြင့် ဖုံးခြား၊ **သာဝတ္ထိပြည် ဇေတဝန်** ကျောင်းတော်တွင် **သမ္မဟု** ပာ ဘိက္ခု။ တို့အား ဟောကြားတော်မူသော အင်္ဂုတ္တိုပ ပါဠိ ဒသာ နိပါတ (ပဥ္စမကထာ ဝဂ္ဂ၊ သုတ်) စာမျက်နှာ ၃၅၈ ဆ မှ။ ဝိပဿန ပညာသိဖြင့် မသိမမြင်လျှင် ခေခွေးစသည့် တိရိစ္ဆာန် တို့ကဲ့သို့ သိခြင်းသာဖြစ်သည့် ထိုသိခြင်းသည် သညာ ဇသက်ဖြ ဟု သော **အယူကို ဓာတ်သဖြင့်** ပညာသိမဟုက် (သုတ်မဟာဝ)

# ဝိပဿနာ မဟာ ပညာရွှေအိုးကျမ်း

## ပ ဏာ မ

ထက်သုံးရောက်၊ ဓါတ်မျက်လုံးပေါက်၊ အလူးမြင်စွာဖြင့် ဦးတင်ကာ၊ ကန်တော့လိုက်ပါ၏၊ ပရမတ္ထနှယ်ဝင်၊ ထေရ်အရှင်နှင့်၊ ပရမတ္ထမှန်၊ ထေရ်သံဃာ အရှင်မြတ်တို့ဘုရား။

မာတာပိတ၊ ရေကြည်ကစ၊ ရေမြှုတ်သွေးခဲ့ သား တစ်ကထဲက၊ ယုယ ထိန်းသိမ်း စောင့်ရှောက်၍ လာ မွေးမာတာနှင့်၊ ပုဗ္ဗ-ဒါရ သားမယားအား၊ တရားမျှစွာ လုပ်ကိုင် ကျွေးမွေး ရှာသော၊ ဘခင်ကြီးအား၊ အဟာ၊ တရားမရခင်က၊ ဂုဏ်ကျေးဇူး၊ သူများလိုသိ၊ တရားရ တော့မှ၊ အနန္တဂုဏ် အဆုံးမရှိ၊ ကိုယ်တိုင်သိ၍လာသဖြင့် ရှိခိုးလို မဝ၊ ကြည်ညိုလို့ အားမရ သဖြင့်၊ ဝိပဿနာ မဟာပညာ ရွှေအိုးကျမ်းကို၊ သားမောင် ရေးသား၍ ကန် တော့လိုက်ပါ၏၊ အနန္တ ဂိုဏ်းဝင်၊ ကျေးဇူးရှင် မိခင် ဘခင် နှစ်ပါးတို့ဘုရား။

အာစရိယ၊ ငယ်စဉ်ကစ၊ ပြသသွန်သင်၊ သင်ပုန်း ကြီးဆရာရှင်နှင့်၊ ထက်ရစ် သိတတ်၊ ငနိုပဝင်စုံ၊ သုံးပုံ ဆုံးမသြဝါဒဖြင့်၊ နေ့ညမပြတ်အ ထင်ထပ်လျှင်၊ တတ်အောင် သေချာ၊ ပုဒ်ပြမ်မှတ်၊ ဓေသနာကို၊ ပြောဆို ဟောပြ၊ သပ္ပုရိသ ဆရာသခင်၊ ကျေးဇူးရှင် ကြီးအား၊ အဟာ မာန ပယ်သိ၊ သားတပြည့်ကာ၊ ပူဇော်မိ၊ တနေ့ လျှင် အခါ ကုဋေ တသိန်းမက ကြည်ညိုလို့၊ တင်းမတိမ် ဦးနှိမ့်လို့ အားမရပါ ဘုရား......။

ဝိပဿနာ

# မဟာပညာ ရွှေအိုးကျမ်း
၏
# သတိပေး ဓမ္မာဂီတာ တေးတပ်။

ရွှေအိုးကို မဆီးကပ်
မီးဓါတ်ကို ရေထင်၊
ပြီးမသတ် ပွေ့ခြင်သည့်
နေမမြင် မှောင်ကွင်း၊
မောဟာဖြင့် ရှက်သန်းပါသည်
ကြက်ကန်းမှာ ဆံပြလို့နှင်း။
ကျိုးအကြောင်း မသိပါလျှင်
ဘိဓမ္မာချွတ်ယွင်း၊
တိလက္ခဏာ လွတ်ကင်းလို့
ကရွတ်ကွင်း ရှောက်ပြန်၊
လေးသစ္စာ မှန်မရ
သံသရာ့ သင်ဍတ်သဏ္ဌာန်၊
ဉာဏ်ဆလို့ အမြစ်ပြုတ်ရန်ကို
အစစ်ဥတ္တမံ ဓမ္မာရဘို့
သာသနာ့အမွေခံ ခုရဘို့ကြံ
ဝိပဿနာ့ ရွှေအိုးဉာဏ်သာ
အမွေမျိုးမှန် ဖြစ်ကြောင်းပလေး။

# ဝိပဿနာ မဟာ ပညာ ရွှေအိုး ကျမ်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ**

ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည်၊ သက္က တိုင်း ကပိလဝတ်ပြည်ကို အစိုးရသော၊ သီရိ သုဒ္ဓေါဒန မင်းကြီး၏ မိဘုပုးခေါင်၊ တောင်ညာ ဒေဝီ သီရိမဟာ မာယာ မိဖုရား ကြီးမှ ဘွားမြင်တော်မူသော၊ ရင်နှစ်သီးချာ သားလှ ရတနာ ဖြစ် သောသည်။

# ဘွားဘက်တော်များ

**အလောင်းတော် မင်းသား ဘွားသည်နှင့် တပြိုင်နက်**

၁။ ဒေဝဒဟပြည်ကို အစိုးရသော၊ သုပ္ပဗုဒ္ဓမင်း၊ အမိတ္တာ မိဖုရားတွင်၊ ဘဒ္ဒကစ္စာနာ၊ မင်းသမီးကို ဘွားမြင်သည်။

၂။ ဘထွေးတော် အမိတ္တောဒန တွင်လည်း၊ အာနန္ဒာ မင်းသား ကို ဘွားမြင်သည်။

၃။ ဆန္ဒအမတ်။

၄။ ကာဠုဒါယီ။

၅။ ကဏ္ဍကမြင်း တို့ကိုလည်း ဘွားကုန်၏။

၆။ မဇ္ဈိမ ဒေသတွင်၊ မဟာဗောဓိပင်ပေါက်၏။

၇။ ရွှေနန်းတော် အတွင်း၊ ရွှေအိုးကြီး ၄-လုံး ပေါ်၏။

ကာဠု၊ ယသော်၊ ညီတော် ဆန္ဒ၊ ကဏ္ဍက၊ သောဏ္ဍာ ဗုဒ္ဓဟော၊ ဘွားဘက်တော်မြတ် ၇-ရပ်၊ မှတ်ကြမျိုးလေးထွေ။

# ရွှေအိုးကြီး ၄–လုံး

၁။ သဃ် မည်သော ရွှေအိုးတလုံး၊ တဂါဝုတ်ပမာဏ ရှိသည်။

၂။ ဧဋ္ဌ မည်သော ရွှေအိုးတလုံး၊ နှစ်ဂါဝုတ်ပမာဏ ရှိသည်။

၃။ ဥပ္ပလ မည်သော ရွှေအိုးတလုံး၊ သုံးဂါဝုတ် ပမာဏ ရှိသည်။

၄။ ပုဏ္ဍရိက ရွှေအိုးတလုံး၊ လေးဂါဝုတ် ပမာဏ ရှိသည်။ အစေါက်ကား၊ နှစ်သိန်းလေးသောင်း၊ အထုရှိသော မြေနှင့် တမျှတည်း ဖြစ်ကုန်၏။

အထူးမှတ်ချက်။ နံပါတ် (၁) မှ (၄) အထိ ရွှေအိုးကို၊ ဘယ်လိုတူး၊ ဘယ်လိုဖေါ်လို့၊ ဘယ်မှာထား၊ ဘယ်လိုသုံးမလဲ....။

ဝိပဿနာ မဟာ ပညာရွှေအိုး ကျမ်းက၊ ဟုတ်လည်းဟုတ်ရမည်၊ မှန်လည်းမှန်ရမည်၊ သဘာဝကျကျရှင်းပြမည်။

# သားတကာယ်ချစ်တဲ့ မိခွေးတော် 'ဂေါတမီ'

**သားအရင်းကို နို့ထိန်းနှင့် ထား၍၊ အလောင်းတော် မင်းသားကို နို့တိုက်ပုံ။**

အလောင်းတော် မင်းသားကို ဘွားမြင်တော် မူသည်မှ၊ နောက် ၇-ရက် မြောက်သော နေ့ဝယ်၊ မယ်တော် သီရိ မဟာမာယာ မိဖုရားသည်၊ စုတေပြီးသော် တုသိတာ နတ်ပြည်၌ သန္တုသိတ အမည်ရှိသော နတ်မင်း ဖြစ်လေသည်၊ မယ်တော် နတ်

ပြည့် စံခဲ့သော်၊ မဟာပဇာပတိ၊ ဂေါတမီ မိဖုရားသည်၊ မိမိသားတော် နန္ဒမင်းသားငယ်ကို၊ နို့ထိန်းတို့အား အပ်နှင်း၍၊ အလောင်းတော် မင်းသားကို မိဖုရားကိုယ်ဘိုင်၊ နို့တိုက်၍ မွေးမြူတော် မူ၏။

# ဘုရားဖြစ်မှာစိုးတဲ့ ဘခင်

အလောင်းဘော် သိဒ္ဓတ် မင်းသား ၁၆ -နှစ်အရွယ်သို့ ရောက်သောအခါ၊ ဘခင် သုဒ္ဓေါဒန မင်းကြီးအား ကောဏ္ဍည ပုဏ္ဏား တော်က၊ အရှင် မင်းကြီး၏ သားတော်သည်၊ ဘုရားဖြစ်လတံ့ဟု လက္ခဏာ နိမိတ်ဘတ်သည့် အတိုင်း၊သားတော်သည် ဘောထွက်၍၊ ဘုရားဖြစ်မည်စိုးရိမ်လှ သဖြင့်၊ ငါ၏သားတော်မြတ်သည်၊ လျှောက်ပတ်သော အရွယ်သို့ ရောက်ခြေပြီ၊ အတိုင်းမသိသော မင်းမိဖုရားတို့ ခစား ဝန်းရံလျက်၊ နိုင်ငံတိုင်းကားကို စိုးမိုးအုပ်ချုပ်၍၊ မင်းလုပ်စေမည်၊ မယားသားတို့နှင့် ပျော်ပါးတပ်ငြိခြင်းရှိမှ၊ သံဝေဂမသက်၊ တောထွက်၍ ရဟန်းမပြုဘဲ၊ လူစည်းစိမ်၌ မွေ့လျော်ကာ၊ စကြာမင်း ဖြစ်သည်ကို ငါမြင်ရလိမ့်မည်၊ စကြာမင်း အဘ ငါခံရလိမ့်မည်ဟု၊ ကြံရည်တော်မူပြီး ထူးမြတ်လှသော ကာလသုံးစု ဥတုသုံးရပ်နှင့် လျော်သော ဘုံ ၉ ဆင့် ရှိသော ရမ္မပြာသာဒ် ဘုံ ၇-ဆင့်ရှိသော သုရမ္မပြာသာဒ်၊ ဘုံ ၅-ဆင့် ရှိသောသုဘပြာသာဒ်၊ နန်းသုံးရပ်ကို အပ်နှင်းတော် မူပြီး၊ ချွေရံရှစ်သောင်း ကျော်နှင့်၊ ပျော်ပါးစေ၏။

# ဘိသိက်ခံခြင်း

အလောင်းတော် မင်းသားသည်၊ ဗိုလ်ခြေတထောင် တင်သောလေးကိုတင်ကာ ဝရဇိန်၊ စိန်စဉ်း သွားတပ်အပ်သော၊ မြှားဖြင့် လွှတ်၍၊ အမျိုးမျိုးပစ်ပြီး၊ ခွန်နှစ်ပါးသော အားအစွမ်းကို ပြတော်မူသည်၊ ထိုမှတပါး၊ မင်းသားတကာ တင်ရာသမျှသော၊ အဋ္ဌာရသ သိပ္ပံ အပေါင်းတို့ကို ထူးမြတ်လွန်ကဲ အံ့ဩ ချီးမွမ်း၍ မကုန်၊ ဆွေတော် ရှစ်သောင်းတို့၏ အလယ်၌ ဆန်းကြယ်စွာ ပြတော်မူသဖြင့်၊ ပြည်သူအပေါင်းတို့ မြင်ရလျှင်၊ ကြည်ရွှင် ဝမ်းမြောက်ကြကုန်၍၊ ကောင်းချီးပေးကြ ကုန်၏။

ဆွေတော် မျိုးတော် တို့သည်လည်း၊ ဦးခေါင်း နှိမ်ချ ချီးပ ပြောဆိုလျှက်၊ မျှားစွာသော လက်ဆောင် ပဏ္ဏာကာရ ဆက်သလာကုန်၏။ ဒေဝဒဟ ပြည်ကို အစိုးရသော၊ သုပ္ပဗုဒ္ဓ မင်းလည်း ဘဒ္ဒကစ္စာနာ အမည်ရှိသော၊ မင်းသမီးကို အထိန်းတော် မိန်းမ ကိုယ်ရံတော် နှင့် တကွ၊ ပို့သလေသည်။ ကပ္ပိလဝတ်ပြည်သို့ ရောက်လျှင်၊ အသီးသီး ရွေးကောက်တော် မူ၍၊ လေး သောင်း သော မောင်းမ နှင့် တကွ၊ ဘဒ္ဒကစ္စာနာ ကို၊ ယသော်ဓရာ ဗိမ္ဗာဒေဝီ ဟူသော အမည်နှင့်၊ အဘိသိက် ခံ၍၊ အဂ္ဂ မဟေသီ ထားတော်မူသည်။ အလောင်းတော် မင်းသားသည်၊ နန်းမသုံးဆောင်ဝယ်၊ ဥတုအလှည့်အားဖြင့်၊ ယောကျ်ားကင်းလျှက် စောင်းညှင်း ပတ်သာ၊ ခရာအငြိမ့် တချိမ့်ချိမ့်ဖြင့် တီးကမျိုးစုံတို့နှင့်၊ မိန်းမအရံဖြင့် သာလျှင်၊ ပျော်စံတော်မူ၍၊ တဆဲ့သုံးနှစ်တိုင်၊ သေဘေးမမြင် နေရေး ရွှင်လျှက် နေတော်မူသည်။

**နေရေး အဟုတ်ကောင်းတဲ့ စီးပွါးမှန်တယ်၊**
**သေဘေးခုတ်မေါင်းတဲ့ မီးရထားမြန်တယ်။**

# သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ပြခန်း။

အလောင်းတော် မင်းသားသည်၊ ရမ္မ၊ သုဘ၊ သုရမ္မ၊ နန်းမ သုံးဆောင်ဝယ်၊ နတ်စည်းစိမ်နှင့်၊ မယှဉ်းသော လူ့မင်း ချမ်းသာကို၊ ကောင်းစွာ စံတော်မူ၍၊ သက်တော် ၂၈-နှစ် ရောက်သောအခါ၊ ဝေဇယန် ရထားဝယ်သိန္ဓောမြင်း လေးစီးကို ကစေလျှက်၊ မှူးမတ် ဗိုလ်ပါအပေါင်းနှင့်၊ စစ်အင်္ဂါ လေးပါး ခင်းကျင်းလျှက် ဥယျာဉ်တော်သို့ ထွက်ကြွတော်မူ၏။ ဥယျာဉ် အနီးသို့ ရောက်သောအခါ၊ ရထား၏ ရှေ့တည့်တည့်၌၊ ဆံဖြူ သွားကြွေ အရေတွန့်တို သူအိုတယောက်ကို မြင်လေရာ၊ အလွန် တိတ်လန့်၍၊ ရထားမှူးအား အဘယ်သူနည်းဟု၊ မေးတော်မူ၏၊ ရထားမှူးက၊ သူအို ဖြစ်ပါသည်ဟု လျှောက်၏။ ငါတို့လည်း ဤသူကဲ့သို့၊ အိုရအံ့လောဟု မေးမြန်းလျှင်၊ အိုပါမည်ဟု လျှောက်၏၊ အလောင်းတော်သည် ဥယျာဉ်တော်သို့ မဝင်ဘဲ၊ ရထား ဦးလှည့်၍ နန်းတော်သို့ ပြန်တော်မူ၏။

ထိုနောက် (၄) လမြောက်သော အခါ၊ မင်္ဂလာဥယျာဉ် တော်သို့ ထွက်တော်မူပြန်ရာ၊ သူနာ တယောက်ကို တွေ့ပြန်၍၊ ရထားမှူးအား မေးလေသော်၊ ဤသူနာကဲ့သို့ မချွတ်နာရအံ့ မည်ဟု လျှောက်လျှင်၊ အလွန် သံဝေဂ ဖြစ်တော်မူပြန်၏။

ထိုနောက် (၄) လ မြောက်သောအခါ၊ ဥယျာဉ်တော် သို့ ထွက်ပြန်သော်၊ သူသေကို မြင်ပြန်၍၊ ရထားမှူးအား မေး

လေသော်၊ ဤသူသေကဲ့သို့၊ မသွေမလွဲ အမြဲသေရအုံးမည် ဟု၊ လျှောက်ထားလျှင်၊ ယနေ့ နက်ဖန်ပင် သေမည်ကဲ့သို့ ထင်၍၊ အလွန်သံဝေဂ ဖြစ်တော်မူ၏။

ထိုနောက် (၄) လမြောက်တွင်၊ ဥယျာဉ်တော်သို့ ထွက်ပြန်လျှင်၊ ရဟန်းကို မြင်၍ မေးတော်မူလျှင်၊ သူအို၊ သူနာ၊ သူသေ၊ ဘေးမှ လွတ်ရာ လွတ်ကြောင်း တရားကောင်းကို၊ ရှာဖွေ အားထုတ်သူ ဖြစ်ကြောင်း၊ သိတော်မူသော်၊ ရဟန်းအဖြစ်၌ ညွတ်သော စိတ်ရှိတော်မူ၏၊ ဥယျာဉ်သို့ ဝင်တော်မူ၍၊ မင်္ဂလာ ကျောက်ဖျာထက်ဝယ်၊ စမ္ပါယ်တော်မူ၏။

ဥယျာဉ်တော်တွင် စံနေခိုက်၊ နန်းတော်မှ အိမ်တော်ဝန် လာရောက်၍၊ ဘဒ္ဒကစ္စနာ မိဖုရားဝယ်၊ သားတော် မျက်နှာ မြင်ကြောင်း လျှောက်သဖြင့်၊ ကြားသိတော် မူလေသော် အလောင်းတော်မြတ်သည်၊ ကျဉ်းကြပ်သော နှလုံးတော် ရှိလှ၍၊ လကို ရာဟုဘမ်းသကဲ့သို့၊ မယားဟူသော အနှောင် အဖွဲ့တွင်၊ ယခု သားထပ်မံ နှောင်ဖွဲ့ပြန်ဘိသည်၊ မိန့်တော်မူ၏။ အိမ်တော်ဝန်သည်၊ နန်းတော်သို့ပြန်၍၊ သုဒ္ဓေါဒန မင်းကြီးအား လျှောက်ကြားလေသော်၊ မြေးတော်ကို ရာဟုလာဟု မှည့်တော်မူ၏။ အလောင်းတော် သိဒ္ဓတ် မင်းသားသည်၊ ညချမ်းအခါ ဗိုလ်ပါ အပေါင်းဝန်းရံလျက်၊ ဥယျာဉ်တော်မှ နန်းတော်သို့ ဝင်တော်မူ၏။

# သားကိုမွေး ဇာတိ ဒုက္ခမြင်၍ တောထွက်ပြီ။

အလောင်းတော်မင်းမြတ်သည်၊ ရွှေနန်းပြာသာဒ်သို့တက် တော်မူ၍၊ ပလ္လင်တော်၌ စံတော် မူပြီးလျှင်၊ ထက်ဝန်းကျင်မှ ကချေသည် မင်းသမီးတို့သည် သီဆိုတီးမှုတ်လျက်ဖြေဖျော်ကုန်၏။ ဘုရားအလောင်းသည် ကိလေသာ၌၊ အာသာ ကင်းတော် မူ၍ မပျော်ရွှင်လှ ရကား၊ ခဏ၌ပင် ကြိမ်းစက်တော် မူ၏။ အတီး အက မောင်းမ အပေါင်းတို့လည်း၊ စည်းစောင်းညှင်းတို့ကို ပိုက်၍ အိပ်စက်ကြလေ၏။

ညဦးယံလွန်လေသော်၊ မင်းသားသည် နိုး၍၊ သလွန် တော်မှ ကြည့်တော်မူလျှင်၊ ကချေသည် မိန်းမတို့သည်၊ အချို့ ဟောက်လျက်၊ အချို့ အံသွားကြိတ်လျက်၊ အချို့ ယောင်ယမ်း လျက် အချို့ ကား ခါးဝတ် ကျွတ်လျက်၊ အိပ်စက်နေကြသည်ကို လူသေများကဲ့သို့ မြင်တော်မူသော်၊ ငြီးငွေ့တော်မူ၍၊ ငါသည် ကာမ အာရုံတွင် ရှည်လျားစွာ ပျော်ပါး၍၊ နေမိချေ၏၊ ဓမ္မ အာရုံသို့ ရောက်အောင်၊ ကာမတောမှထွက်မည် ဟုကြံတော်မူပြီး၊ တံခါးခုံ၌၊ အိပ်လျက်နေသော၊ ဆန္ဒအမတ်ကိုနှိုး၍၊ ကဏ္ဍက မြင်း တော်ကို အယူခိုင်းတော် မူ၏။ မြင်းတော်ကို ယူရန်ခိုင်းစဉ်၊ မင်း သားသည် ဘွားမြင်သော သားတော် ရာဟုလာကို၊ ရှုလိုသော အကြံရှိ၍၊ ယသော်ဓရာ မိဖုရား စံမြန်းသော ရွှေနန်းဆောင်သို့ ဝင်တော်မူလျှင်၊ သားတော် ရာဟုလာ၏၊ ထိပ်ထက်၌၊ လက် ထား၍ စက်ပျော်နေသော၊ ယသော်ဓရာကို မြင်တော်မူ၍၊ သား

တော်ကလေးကို ပွေ့ချီ၍၊ ကြည့်ရှုပြန်လျှင် ယသော်ဓရာနိုး၍၊ ငါ၏ အကြံပျက်ချေတော့မည်၊ စိတ်ကကြံ၍ လျှင်မြန်စွာ ပြန်ခဲ့၏၊ ကဏ္ဍက မြင်းကိုဆွဲယူလာသော၊ ဆန္နထံသွားလေ၏။ ကဏ္ဍက မြစ်နားထက်သို့ တက်၍၊ ငယ်ဘော် ဆန္နနှင့်အတူ သက်တော် ၂၉-နှစ်တွင် တောထွက်တော် မူ၏။

မြင်းတော် ကဏ္ဍက လည်း ဆန္နအမတ်နှင့် တကွ၊ ဘုရားအလောင်းကို ဆောင်၍၊ အနော်မာ မြစ်တဘက်ကမ်းသို့ ရောက်လေ၏။ ထိုနောက် အဝတ်တန်ဆာနှင့် မြင်းတော်ကို အပ်၍၊ နေပြည်တော်သို့ သင်တို့ ပြန်ကြလေဟု စေတော်မူ၏။ ဘုရားအလောင်းသည် ဃဋိကာရ ဗြဟ္မာမင်း ဆက်သော၊ ကိုယ်ဝတ်ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း-အပ်၊ ပဲကွပ်၊သပိတ်၊ ရေစစ်၊ ပရိက္ခရာ ရှစ်ပါးကို လက်ခံ၍၊ ရဟန်းပြုတော်မူ၏။

ဆန္န အမတ်နှင့် ကဏ္ဍက မြင်းတော် သည်၊ မပြန်လိုကြောင်း တောင်းပန်ကြသော်၊ ခမည်းတော်နှင့် မယ်တော် တို့အား၊ သတင်းစကား ကြားသိရအောင်၊ ပြန်ကြချေဟု ဖြောင်းဖျ၍၊ ပြန်စေတော် မူသဖြင့် ပြန်ကြရလေ၏၊ အနော်မာ မြစ်တဘက်ကမ်း ရောက်လျှင်၊ ကဏ္ဍကမြင်းသေ၍၊ ဆန္နအမတ်သည် မြင်းတော်ကို၊ သဲခုံ၌သင်္ဂြိုဟ်ခဲ့ပြီး၊ ကဏ္ဍကမြင်း၏တန်ဆာကို ထမ်း၍၊ ငိုယိုခါ ပြန်လာ၏။ နန်းတော်သို့ ရောက်သော်၊ ခမည်းတော်နှင့် မယ်တော်ကို၊ အကြောင်းစုံပြန်ကြား၍၊ လျှောက်ထားလေ၏။ နန်းတော်သူ နန်းတော်သား အပေါင်းတို့သည်၊ငိုကြွေးကြကုန်၏။

အလောင်းတော်၊ သိဒ္ဓတ် မင်းသားသည်၊ ဆွမ်းခံ၍၊ ရလွယ်ရာသော အဟာရဖြင့် မျှတမှီတင်းလျက်၊ အစဉ်အတိုင်း ကြွတော်မူရာ၊ လောကီစျာန်ကိုစီးဖြန်းနေသော၊ အာဠာရ ရသေ့နှင့် တွေ့၍၊ စျာန်သမာပတ်ကို နှိုးနှော အားထုတ်၊ လောကီစျာန် ခုနှစ်တန်ကို ရတော်မူ၏။ ထိုနောက်မှ၊ ဥဒက ရသေ့ထံ ကပ်၍၊ အထက်စျာန်ကို နှိုးနှော စီးဖြန်းသော် ရှစ်တန်သော သမာပတ် ကို ရတော်မူ၏။ ဤရှစ်ပါးသော လောကီစျာန်သမာပတ်သည် သဗ္ဗညုတဉာဏ်၏ အကြောင်း မဟုတ်ကြောင်း၊ အကြံဖြစ်တော် မူ၍၊ ဉရုဝေလ တောအုပ်သို့ ကပ်တော်မူ၏။

ကောဏ္ဍညနှင့်တကွ၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ တို့ကို တွေ့တော်မူ၏၊ ဘုရားအလောင်းသည်၊ ထိုပဉ္စဝဂ္ဂီတို့လျှင် အလုပ်အကြွေး ရှိသည်ဖြစ်၍၊ တနေ့လုံး ဆွမ်းတဆုပ်ဖြင့်ရင်း သစ်သီးတလုံးဖြင့်ရင်း၊ အဟာရကို အလျှင်းပင် မမှီဝဲခြင်း၊ စ သည်ဖြင့်ရင်း၊ ကျင့်တော်မူရာ ကြုံလှီစွာဖြစ်ရကား၊ စကြံဦး၍ လဲတော်မူလေသည်။

ယင်းသို့ ဒုက္ကရစရိယာ အကျင့်ကို၊ ခြောက်နှစ်တိုင် အောင် ကျင့်တော်မူပြီးမှ ငြိုငြင်စွာ ကျင့်သော ဤအကျင့်ဖြင့် ဘုရားအဖြစ်သို့ မရောက်နိုင်၊ သတ္တဝါတို့၏ ဓမ္မတာလည်း သဒ္ဓါ လွန်လျှင်၊ ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝိရိယလွန်လျှင် ပြန့်သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိသာလျှင် လွန် သည်မရှိ - လိုဘိသာဖြစ်သည်၊ ထို့ကြောင့် ငါသည်၊ အဟာရကို မျှစေလျက်၊ ကိုယ်လက်ဖြည့်တင်း၍၊ သဒ္ဓါနှင့် ပညာ၊ ဝိရိယနှင့်

သမာဓိ၊ မျှစေတော့အံ့ဟု ကြံလျှက်၊ ထိုထိုသော မြို့ရွာသို့၊ချည်း ကပ်၍ ခံအပ်သောဆွမ်းကို၊ ဘုန်းပေးတော်မူသည်၊ ထိုအခါ ပဥ္စဝဂ္ဂီတို့က သိဒ္ဓတ်မင်းသားသည်၊ အလွန်ချိုးခြံစွာ ကျင့်သည်ကိုမျှ၊ ဘုရားမဖြစ်နိုင်၊ ယခုအဘယ်မှာ ဖြစ်တော့ အံ့နည်းဟု၊ ဘုရားလောင်းကို စွန့်ခွာ၍၊ (၁၂) ယူဇနာ ကွာသောဣသိပတန မိဂဒါဝုန်တောသို့ သွားကြကုန်၏၊ ဘုရားအလောင်းသည်၊ တယောက်တည်း ကျင့်ကြံတော်မူရာ၊ အိမ်မက်ကြီး ငါးအင်ကို မြင်တော်မူ၏။

အိမ်မက်ကို ဆင်ခြင်တော်မူသော်၊ ငါသည် ယနေ့စင်စစ်ဘုရားဖြစ်အံ့သည်ဟု၊ ကြံရည်ဆုံးဖြတ်၍ ဆွမ်းခံရအံ့သော အချိန်င့်လင့်တော်မူလျှက်၊ နိဂုံးအနီးညောင်ပင်ကြီး၏ အရင်း၌၊ နေတော်မူ၏။

# သုဇာတာနို့ဆွမ်းကပ်ခန်း။

သေနနိဂုံး မဟာသေန မည်သော၊ သူကြွယ်၏သမီး သုဇာတာသည်၊ အရွယ်သို့ ရောက်စက၊ ညောင်ပင်သို့ ကပ်၍၊ ရက္ခစိုးအား ဆုတောင်းရာ၊ မျိုးတူသော ယောကျ်ားကို ရသဖြင့်၊ ဆုတောင်း ပြည့်သောကြောင့်၊ ဗာလိ နတ်စာကို ပူလိုရကား နို့ဃနာဆွမ်းကို ချက်ပြီး၊ ပုဏ္ဏအမည်ရှိသော ကျွန်မကို၊ ညောင်စောင့်နတ်နေရာကို သုတ်သင်ပါချေ စေသဖြင့်၊ ကျွန်မ သွား၍ ကြည့်ရှုသော်၊ ညောင်တပင်လုံး ထွန်းလင်းစေလျှက်၊ ညောင်ပင်ရင်း၌၊ ရှေးရှုနေတော်မူသော၊ ဘုရားအလောင်းကို မြင်လျှင်

ရှင်လန်းဝမ်းမြောက်စွာ၊ မြက်မှိုက်ဘိုကို သုတ်သင်ပြီး၊ အိမ်သို့ အလျှင်အမြန်ပြန်၍၊ သုဇာတာအား၊ အရှင်မယနေ့ ငါတို့အရှင် နတ်မင်းသည်၊ ညောင်ပင်ရင်း၌ ကိုယ်ထင်ပြ၍၊ အတုမရသော အသရေတော်ဖြင့် စံနေတော်မူပါသည်၊ လျှင်စွာကြွ၍ ပူဇော်ပါလေဟု လျှောက်၏၊ သုဇာတာလည်း အားရဝမ်းသာလှစွာ အသပြာ တသိန်းထိုက်သော ရွှေခွက်၌၊ အလုံးစုံသော ဃနာနို့ ဆွမ်းကို ယူဆောင်ခါ၊ ဘုရားအလောင်း၏ အလွန်တင့်တယ်ခြင်း ကို၊ မြင်ပြန်လျှင် အတိုင်းထက်အလွန်ပင် နှစ်သက်ရကား၊ ရွှေ ခွက်ပါ ပူဇော်ခဲ့၏၊ ဘုရားအလောင်းသည်၊ ဃနာနို့ဆွမ်းကို ခံ တော်မူပြီး၊နေရဥ္ဇရာ မြစ်သို့ကပ်တော်မူ၍၊ ရွှေခွက်ကို မျှောတော် မူလျှင်၊ ရွှေခွက်သည် ရေအယဉ်ကို ဆန်ပြီး၊ မြစ်လယ်သို့ ကျ သောအခါ၊ ကါလနဂါး ဗိမာန်၏ အပေါ်၌ မြုပ်လေ၏။ ကာ လ နဂါးသည် ဘုရားတဆူပွင့်ပြန်ပြီဟု၊ ကောင်းချီး ကြွေးကြော် ၏။

....o....

# ငါးမာန် အောင်မြင် ဘုရားရှင်

အလောင်းတော်သည် မဟာဗောဓိပင်သို့ ကြွတော်မူ၍၊ ညီညာသောမြေ အပ္ပရာဇိတ ပလ္လင်ထက်၌၊ ထက်ဝယ်ဖွဲ့ခွေ ထိုင် တော်မူ၍၊ ဗောဓိပက္ခိယ၊ တရားသုံးဆယ့်ခုနစ်ပါးကို ပွါးတော် မူ၏။

# မာန်ငါးပါး

၁။ ခန္ဓမာန်........ဥပါဒါန်အစွဲမရှိ၊
၂။ ကိလေသမာန်........ပူပန်မှုမရှိ၊
၃။ အဘိသင်္ခါရမာန်........ကုအကု - ပြုဘို့မရှိ။
၄။ မစ္စုမာန်........သေတယ် - အရှင်းမရှိ၊
၅။ ဒေဝပုတ္တမာန်........မာန်နတ်သား၏ရန်မရှိ၊

နေမဝင်မီ ထိုမာန်တို့ကို အောင်တော်မူ၏၊ ညဦးယံ၌၊ ပုဗ္ဗေ နိဝါသဉာဏ်၊ သန်းခေါင်ယံ၌၊ ဒိဗ္ဗစက္ခုဉာဏ်ရ၍၊ သက္ကရာဇ် ( ၁၀၃ ) ခု၊ ကဆုံလပြည့် ဗုဒ္ဓနေ့ အာရုံတက်ချိန်တွင်၊ အမြဲ မရှိသော၊ ဆင်းရဲသော သဘော အတ္တ ဟုမှတ်ဘွယ် မရှိသော သဘောကို ဆင်ခြင်၍၊ ဝိပဿနာကို၊ ကောင်းစွာ ရှေးရှုတော် မူလျှင်........

၁။ ဆင်ခြင်သုံးသပ်တတ်သော သမ္မသနဉာဏ်။
၂။ သင်္ခါရတရား၏ ဖြစ်ပျက်ခြင်းကို သိတတ်သော ဥဒယဗ္ဗယဉာဏ်။
၃။ ဖြစ်ခြင်း တည်းဟူသော၊ ဥပါဒ်ကို လွှတ်လျှက်၊ ပျက်ခြင်း တည်းဟူသော ဘင်ကိုသာရှုသဖြင့်၊ ယာခုချုပ် လတံ့သည်ကို မြင်တတ်သော ဘင်ဉာဏ်။
၄။ စိတ်စေတသိက် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ အာဟာရရုပ်၊ ဥတုဇရုပ်၊ ပဝတ္တိကမ္မဇရုပ်၊ တည်းဟူသော၊ သင်္ခါရတရားတို့၏၊ ချုပ်ခြင်း အလျဉ်သည်၊ အစဉ်

မပြတ်ရောက်၍ ကြောက်မက်ဘွယ် ရှိ၏ဟု၊ သိသော ဘယဉာဏ်။

၅။ ထိုတရားတို့၌ အပြစ်ကိုသိသော၊ အာဒီနဝ ဉာဏ်။

၆။ အပြစ်ကိုမြင်၍ ငြီးငွေ့စက်ဆုပ်သော၊ နိဗ္ဗိန္ဒဉာဏ်။

၇။ ထိုသင်္ခါရ ဝဋ်မှ ကင်းလွတ် လိုသော၊ အပြစ်ကို ကြောက်သိသော မုစ္စိတုကမျတာ ဉာဏ်။

၈။ လွတ်နိုင်အံ့သော အကြောင်းကိုရှာ၍၊ ထိုသင်္ခါရ တို့ကို တဘန် သိမ်းဆီးခြင်း၌၊ သိတတ်သော ပဋိသင်္ခါ ဉာဏ်။

၉။ သိမ်းဆည်းမိသော သင်္ခါရတို့ကို၊ အာသီသမဘက်၊ သက်သက် လျစ်လျူ ရှုတတ်သော၊ သင်္ခါရုပေက္ခာ ဉာဏ်။

၁၀။ သုံးဆယ်ခုနှစ်ပါးသော ဗောဓိပက္ခိယ၊ တရားတို့နှင့် တကွ၊ ဝိမောက္ခသုံးပါး၊ မဂ်ကိစ္စ တဆဲ့ ခြောက်ပါး တို့အား၊ လျော်သော အနုလောမဉာဏ်။ ဤဆယ် တန်သော ဝိပဿနာ ရင့်ခြင်းသို့ ရောက်သဖြင့် သစ္စာ ( ၄ )ပါး တို့၌၊ လွှမ်းထား ပိတ်ပင် တတ်သော၊ အဝိဇ္ဇာကွန်ရက်ကိုပါယ်ဖျက်ဖြတ်ခွါနိုင်သော၊အာသ ဝက္ခယဉာဏ်ဖြင့်၊ ကိလေသာ အပေါင်းတို့ကို၊ထောင်း ထောင်းပိုင်းဖြတ်လျက်၊ သဗ္ဗညုတဉာဏ်ကို ရတော် မူ၍ လောကသုံးပါး၏ အထွဋ်အထိပ်၊ ဘဝဂ်သာရ အဖြစ်သို့ ရောက်တော်မူပြီး၊ အနေကဇာတိ သံသာ ရံ၊ စသော ဥဒါန်းကို၊ ကျူးရင့်တော်မူ၏။

ပ ထ မ ဗု ဒ္ဓ ဝ စ န

# ဥဒါန်းဂါထာတော်ကြီး

၁။ အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော ဒုက္ခာ ဇာတိပုနပ္ပုနံ။

၂။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ န ကာဟသိ၊
သဗ္ဗာတေ ဖါသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဂဟကာရက၊ အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပါယ်မင်းပိုင်နက် သူ့စားကျက်၌၊ မြေကွက်ဂရန် အမိန့်ခံ၍၊ ရုပ်နာမ်ယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာတဲ့ တဏှာယောကျ်ား ဟဲ့လက်သမား။ ပုနပ္ပုနံ၊ အမှန်းအဆ ဂဏန်းမပြနိုင်သော ဘဝအတန်တန် အဖန်ဖန် အထပ်ထပ် အစိပ်သေရသဖြင့် ဇာတိပဋိသန္ဓေ ရေကြည် ကလလ အခြေတည်သမျှ ရေမြှုတ်သွေးခဲ သားတစ်စွဲရခက်မငါးဖြာ မွေတာသွေးဆောင် ခလေးကောင် ဘဝ၌ မရေတွက်နိုင်အောင် သွေးထောင်ကျခဲ့သဖြင့်။ ဒုက္ခာ၊ ပြောပြ၍မကုန်၊ လောကဓါတ်ထိုထိုဘုံတွင်၊ အဖုံဖုံအစုံစုံ ညှင်းဆဲလှသဖြင့်၊ ဪ- ဆင်းရဲကြီးဆင်းရဲ လှလေပြီတကား။ ဂဟကာရံ၊ ကပ်ကမ္ဘာ အနန္တတွင် လပ်ကွာ၍ မကျန်ရအောင် သတ္တဝါ မှန်သမျှတို့၏ ဘဝတပင်တိုင် ခန္ဓာအိမ်၊ လေးပင်တိုင် ခန္ဓာအိမ်၊ ငါးပင်တိုင် ခန္ဓာအိမ်တွေကို အကြိမ်ကြိမ် အဖန်ဖန် ကန်ထရိုက်ဆွဲပြီးလျှင် တဆောက်ထဲ ဆောက်လုပ်၍ လာခဲ့သော တဏှာ ယောကျ်ား

လက်သမားကို၊ ဂဝေသန္တော၊ ဘယ်လိုဘယ်က ဘယ်သူစ၍ ဖြစ်
ပျက်ရသနည်းဟု နိသျှည်းမခံ သိပ်သည်းစွာ ကျိတ်ဖန်လျက် ကိုယ်
ပိုင်ဉာဏ် အဟုံစွမ်းဖြင့် စုံစမ်းရှာဘွေ၍ လာခဲ့ရသော ငါ ဘုရား
ကိုယ်တော်မြတ်သည်။ အနိဗ္ဗိသံ၊ သင့်ကိုလှမ်း၍ အတင်းဖမ်း
ကိုင် မြင်စွမ်းနိုင်တဲ့ ကိုယ်ပိုင်ဉာဏ်မှန်ပြောင်းကို ကောင်းကောင်း
ပိုင်ပိုင် ငါလက်ကိုင် မရရှိသေးသည်ဖြစ်၍။ အနေကဇာတိ သံ
သာရံ။ ဘုရားမြတ်စွာ ဒီပင်္ကရာ ဟု ရမ္မာဝတီ ပြည်ဌာနီကို ဒေသ
စာရီအကြွ အလျှားမျှောက်ခါ တံတားအမှတ် ရှောက်ပါဘုရား
ဟု၊ ဆုချွေခါ သုမေဓါရသေ့ ဘဝမှာ တွေ့ကြစဉ်က စပြီးလျှင်
ရက်လ နှစ်တွေ သင်္ချာရောင် တွက်စစ်လို့ ရေခဲ့သော် သင်္ချေလေး
ရပ် ထိမ်းအမှတ်ဖြင့် တသိန်းကပ်ကာလ ပတ်လုံး၊ သန္ဓာဝိဿံ
သံသာရံ။ ခန္ဓာအိမ် အကြိမ်ကြိမ် ဆောက်လျက် သံသရာ ပြန်
ခါရောက်ပြီးလျှင်၊ တုန့်ခေါက်လှည့်လည်၍ လာခဲ့ရပါပြီတကား။

ဝါ ရုပ်နာမ်နှစ်ရပ် ခေါင်းဆောင်လျက် အလောင်းကောင် သေ
စရာ မပြတ်နိုင်သဖြင့် မြေကမ္ဘာတွင် ခြေရာတွေ ထပ်လောက်
အောင် လှဲပတ်ခါ ကြဉ်လည်ခဲ့ရလေသတည်း။ တွံ ချဲ့ချင်တိုင်း
ချဲ့ ဖွဲ့ချင်တိုင်းဖွဲ့ လှဲ့ချင်တိုင်းလှဲ့တတ်တဲ့ တကဲ့ယောကျ်ား၊ သင်
လက်သမားကို။ မယာ၊ အိုမှုတဖြာ နာမှုတတွေ သေမှုတဖုံ
ကြောက်မက်ဘွယ် ဝိုင်းအုံးလျက်၊ ဗုံးသေနတ် စိန်အမြောက်
တို့နှင့် လက်နက်စုံ ပြစ်ဖေါက်သည့် ရန်သူတို့ လက်အောက်၌၊ စုံ
ထောက်ခန်းဖွင့်ခါ ပွင့်ထွန်း ပေါ်ပေါက်၍ လာခဲ့ရသော ငါ
ဘုရားကိုယ်တော်မြတ်သည်။ ဒိဋ္ဌော၊ ဗောဓိပင်အောက် အမြင်
ပေါက်သဖြင့်၊ သင်ဆောက်တဲ့အိမ်တွေပါ မနိုးမြွေ ကွန့်မြူးလျက်၊
လက်ပူးလက်ကြပ် ယခုတွေ့မြင် အပ်သည်၊ အသိ ဖြစ်လေပြီ၊ ပုန

ယခုဘဝမှ နောက်ထပ်တဖန် ပြန်လှန်ကွန့်လျက်၊ လွန့်တက်
တော်လှန်ခါ။ ဂေဟာံ။ ရေမြေလေမီး ဓါတ်ကြီးလေးခု တိုင်ခြေ
ပြုလျက်၊ သွေးစု သားစု ရိုးစု တပ်ဆင် ဒွိုင်းမြှားတင်လျက်
ကိုယ်တွင် ဖြစ်လာဒွတ္တိံသာကို ညီညာစပ်နှော ငါ့ခန္ဓာအိမ် အတ္တ
ဘောကို။ နကာဟသိ၊ သင်ဘယ်လို စိမံ ဘယ်လိုဖန်ဆို့မှ
ဉာဏ်နိစ္စမ်းထုပ် ကြံစီခါဆောက်လုပ် နိုင်တော့မည် မဟုတ်တော့
ပေ။ တော၊ ကာမဂုဏ် ငါးပါး လာတ်လက်ဆောင် တံစိုးစားပြီး
လျှင်၊ ဆိုးဝါးယုတ်မာ၊ တိုးပွားရှည်ကြာအောင် ကြီးထွား၍
လာခဲ့သော သင်လက်သမား၏။ သဗ္ဗာ၊ တခုမကြွင်း ခပင်း
ဥဿုံ ကြိယာ ပေါင်းစုံ အားလုံးကုန် ဖြစ်ကြသော ဖါသုကာ
ညစ်ပူရှုပ်နှောက် အဆောက်အဦ အကူတန်ဆာ အတူပါလျက်
တွဲဖက်ပူးဝင် အချင်ဒိုင်းမျှားအလားတူစွာ သုံးတောင်ဝက် ကိ
သေသာကို။ ဘဂ္ဂါ၊ ကမ္မက္ခယိနိဉာဏ်လက်နက် ဝရဇိန်ဖြင့် ရှယ်
ချိန် ပြစ်သွင်း အမြစ်အရင်း အငြွပန္နက်တိုပါ နှုပ်ဖျက် ချိုးအပ်
ခဲ့ကုန်ပြီ။ ဂဟာကူဋံ၊ သင် ဆောက်လုပ်ပြီး ခန္ဓာခေါ်တိုက်အိမ်
ကြီး၏ ထွဋ်ထီးပမာ မိုးယံကာလွှမ်းချုပ် အဝိဇ္ဇာ ဆိုတဲ့ အခေါင်
အုပ်ကို။ ဝိသင်္ခတံ အရဟတ္တမဂ်ဉာဏ် ထက်သန်ရင့်ကျက် တရား
ဉာဏ် လက်နက်ဖြင့် အချက်ကျကျ ဖျက်ခွင်း အပ်ခဲ့ရလေပြီ၊
စိတ္တံ၊ ညစ်နှောက် ပူကင်း သန့်ရှင်း အေးကြည်၊ ငါဘုရား၏
နှလုံးရည်တော်သည်၊ ဝိသင်္ခါရဂတံ။ ဤကမ္ဘာ လောကဓါတ်
တွင် အတောမသတ် ရှုပ်ပွေသည့် အလုပ်တွေ ဇာတ်သိမ်းလျှက်
အငြိမ်းဓါတ် နိဗ္ဗာန်ဟု၊ အသင်္ခတံ စားကျက်တွင်းသို့၊ သက်
ဆင်းခါ ဝင်ရောက်ရလေပြီ၊ တဏှာနံ၊ သံသရာဘုံ တခွင်မှာ
ခန္ဓာစုံ စီစဉ်လျှက် ကာမဂုဏ် ရှုံးထောင်ပြီး မဆုံးအောင်

ချဲ့ထွင်ကြတဲ့ ပပဉ္စတရား တဏှာတည်းဟူသော လက်သမားတို့ ၏။ ခယံ၊ ကိလေသာ စာရင်းအင်းနှင့် အသင်းအပင်း တွေပါ အကုန်ဖျက် တတ်တဲ့ ထက်မျက်ပြင်းထံ ခယ ခေါ်တဲ့ အရဟတ္တ မဂ်ဉာဏ်ကို၊ အဇ္ဈဂါလဘာမိ ဗောဓိမဏ္ဍိုင် ခမ်းဝါပိုင်၍ အဆိုင် ဆိုင် အပြိုင်ပြိုင်မှာ အနိုင်နိုင်တုမရ ဒေဝပုတ္တ စရှိ ငါးမာရ် ကမ္ဘာရန်ကို ငါအမှန် ပင်ရင်းရှာလျှက် ထင်လင်းစွာ ပကတိ တဏှာစက်ရထား လက်သမားဆိုဒါ ရင်တွင်းမှာ မရှိ ဘေးဘျမ်းကွာသဖြင့် ဩော်...... အေးချမ်းစွာ ကိုယ်ပိုင် ရခဲ့လေတော့သတည်း။

# သတ္တဋ္ဌာန – ခုနှစ်ဋ္ဌာန တို့တွင် ခုနှစ်ရက်စီ သီတင်းသုံးခြင်း။

**ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင်........**

၁။ ဗောဓိပင် အနီး အရှေ့မျက်နှာ လေးထောင်ထွာ၌၊ တည်သော၊ ရွှေပလ္လင်ထက်ဝယ် နေတော်မူ၍၊ ပဋိစ္စသမုပ္ပါဒ် ဓမ္မကို အနုလောမ ပဋိလောမအားဖြင့် ကြံရှုလျှက် နှတ်သိကြား ဗြဟ္မာတို့ အပူဇော် ခံလျှက် ခုနှစ်ရက်ပတ်လုံး စမ္ပါယ်တော်မူ၏။

၂။ ထိုနောက် ရွှေပလ္လင်မှ ထတော်မူ၍၊ ဗောဓိပင်၏ အရှေ့မြောက် (၁၄) လံကွာသောအရပ်၌၊ ရပ်တော်မူ၍၊ ငါသည် ဤဗောဓိရပ်ခွင်၊ ရွှေပလ္လင်ဝယ် သဗ္ဗညုတ ဉာဏ်ကိုရပေသည် တကားဟု၊ မမှိတ်သော မျက်စိဖြင့်၊ ရှုတော်မူလျှက် ခုနှစ်ရက်ပတ်လုံး စမ္ပါယ်တော်မူရာ အရပ်သည် အနိမိသ သတ္တာဟ မည်၏။

၃။ ထိုသို့ ပလ္လင်တော်ကို၊ စိန်းစိန်းမှည့်မှည့် ရှုတော်မူလတ်သောအခါ၊ နတ်တို့က သိဒ္ဓတ်မင်းသား ဘုရားအလောင်းတော်သည် စံပျော်ဘူးသည့် ရွှေပလ္လင်တို့မှ ခင်မင်တောင့်တခြင်းမပြတ်ထပ်၍ ပြုအပ်သော မင်္ဂကိစ္စရှိချေသေးသည်ဟု အကြံဖြစ်၏၊ ထိုအကြံကို သိမြင်တော်မူလတ်၍၊ နတ်တို့၏ သံသယကို ဖျောက်ခြင်းငှါ ယမိုက်ပြာဋိဟာကို ပြတော်မူပြီး ရွှေပလ္လင်နှင့်၊ အနိမိဿအကြား၊ အတောင်နှစ်ဆယ်ရှိသော အရပ်ကို၊ အလယ်ထား၍ တဘက် ငါးလံကွာဌာနတွင်၊ အရှေ့မှသည် အနောက်သို့ အတောင်ခြောက်ဆယ် ရှည်သော ရတနာ စင်္ကြံကို ဘန်ဆင်းလျက် ခုနှစ်ရက်ပတ်လုံး၊ စင်္ကြံကြွတော်မူရာ အရပ်သည်၊ ရတနာစင်္ကမ သတ္တာဟမည်၏။

၄။ ထိုနောက် မဟာဗောဓိပင်မှ အနောက်မြောက်၊ အတောင် ( ၄၈ ) ကွာတွင် ရတနာ ၇-ပါး အတိ ပြီးအပ်သော၊ ရတနာ ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက်၊ ဝိနည်း ပိဋကတ် သုတ္တန်ပိဋကတ် အဘိဓမ္မာ ပိဋကတ်၊ တို့ကို သုံးသပ်၍ ဆင်ခြင်တော်မူရာ၊ မဟာပကရဏ ဖြစ်သော ပဋ္ဌာန်း ကျမ်းကို ရောက်လျှင်၊ ထက်ဝန်းကျင်သော ကိုယ်တော်မှ အညို အရွှေ အမောင်း ပျိုးမျိုး ပျက်အားဖြင့် ခြောက်ပါးသော၊ အဆင်းရှိသော ရောင်ခြည်တို့သည်၊ ထွက်၍ အထက် ဘဝဂ် တိုင်အောင်၊ အောက်အဘို့အားဖြင့် သုံးပါးသော မြေထု- ရေထု- လေထု ကိုဖေါက်၍ အနန္တစကြာဝဠာ တိုင်အောင် ပြန့်နှံ့စေလျက် ခုနှစ်ရက်ပတ်လုံး စမ္ပါယ်တော်မူရာ အရပ်သည် ရတနာဃရ သတ္တာဟမည်၏။

၅။ ထိုနောက် မဟာဗောဓိပင်မှ အရှေ့မျက်နှာ (၃၂) လံ ကွာ၊ အဇပါလ မည်သော ညောင်ပင်ရင်းသို့ ကပ်တော်မူ၏ မာရ်နတ်မင်း၏ သမီးသုံးယောက်တို့က၊ တင့်တယ်စွာ တန်ဆာဆင်ပြီး၊ ဘုရားရှိရာသို့ကပ်၍၊ ခြေရင်းတော်၌ အလုပ်အကျွေးပြုလိုကြောင်း၊ တောင်းပန်လာသည်ကို၊ ပါယ်ရှားတော်မူလျက်၊ ငါဘုရားကား ကိလေသာ တရားကို၊ ပယ်ရှားအောင်မြင်ပြီ ဖြစ်၍ ရာဂ၊ ဒေါသ၊ မောဟ စသော အငြစ်အကြေး ကင်းစင်လေပြီဟု၊ တရားအမြိုက် ပိုက်ကြွေးတော်မူလျက်၊ ခုနစ်ရက် ပတ်လုံး စမ့်ပါယ်တော်မူရာ အရပ်သည်၊ အဇပါလ သတ္တာဟ မည်၏။

၆။ ထိုနောက် မဟာဗောဓိပင်မှ အရှေ့တောင် မျက်နှာ နှစ်ဆဲ့ ကိုးလံ ကွာတွင်၊ မုစ္ဆလိန္ဒာ မည်သောအိုင်အနီး၊ ကျည်းပင်ကြီးရင်း၌ သီတင်းသုံးနေတော်မူရာ စကြာဝဠ္ဍာ တိုက်အလုံး၊ နှံ့အောင်ရွာသော၊ မိုးကြီးစွေသည်တွင်၊ မုစ္ဆလိန္ဒာ၊ နဂါးမင်းသည်၊ မြတ်စွာဘုရားကို၊ အပူ အချမ်း လေကြမ်း၊ မိုယ်းဖွဲ့တို့ မညှင်းဆဲနိုင်စေခြင်းငှါ၊ မိမိကိုယ်ဖြင့်၊ တပိုင်းခွေ ပလ္လင်ခင်းပြီး ဦးခေါင်းတော်ထက်က၊ ပါးပျဉ်းဖြင့် အုပ်မိုး၍၊ မိုယ်းမစွတ်ရအောင်တည်လာသည်၊ မြတ်စွာဘုရားလည်း ခုနစ်ရက် ပတ်လုံး စမ့်ပါယ်တော်မူ၏၊ ဤအရပ်သည် မုစ္ဆလိန္ဒာသတ္တာဟ မည်၏။

၇။ ထိုနောက် မဟာဗောဓိပင်မှ၊ တောင်မျက်နှာအလံ (၄၀) ကွာတွင်၊ လင်းလွန်းပင်ရင်း၌၊ ခုနစ်ရက်ပတ်လုံး သမာပါတ်ကို ဝင်စားတော်မူ၍၊ ခုနစ်ရက် စေ့သောနေ့ နံက်တွင် တဖုဿ၊ ဘလ္လိက ကုန်သည် ညီနောင်တို့က၊ ခဲဘွယ်ဘောဇဉ် တို့ကို၊ ဆက်ကပ်တော်မူကြ၏၊ ကုန်သည် ညီနောင် တို့အား၊

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဟူသော ဒွေဝါစိက သရဏဂုဏ်ကို ပေးတော်မူ၏၊ ဦးခေါင်းကို သုံးသပ်၍ ဆံတော် တလက်ဆုပ်ကိုလည်း၊ ပေးအပ်တော်မူလိုက်၏၊ ဤအရပ်ကား ရာဇာယတန သတ္တာဟ မည်၏။

ဤကဲ့သို့ သတ္တ သတ္တာဟ စေ့တော်မူလျှင်၊ လင်းလွန်း ပင်မှ အဇပါလ ညောင်ပင်သို့ ကြွတော်မူ၏၊ အကြံတော်သည် ကား၊ ငါ၏တရားတော်သည် မြင့်မိုရ်တောင်ဖြင့် ဖုံးလွှမ်းအပ် သော မုန့်ညှင်းစေ့ကဲ့သို့၊ အလွန်သိပ်မွေ့နက်နဲသည်၊ သတ္တဝါ တို့သည်၊ ပညာနည်းပါး ကိုလေသာများဖြင့်၊ တရားကို မမြင်နိုင်၊ ငါဟောသော်လည်း၊ ပင်ပန်းရုံသာရှိမည်ဟု၊ အကြံတော် ဖြစ်၏။

ကိစ္ဆေနမေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊
ရာဂဒေါသ ပရေတေဟိ၊ နာယံ ဓမ္မောသု သမ္ဗုဒ္ဓေါ။
ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊
သခင်မျှားစွာ ကပ်ကမ္ဘာဝယ် ပဌနာ ဆုတောင်း၊
ဒို့အလောင်းသည်—
ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊
ထီးနန်းတိုင်းပြေ စည်းစိမ်တွေကို စွန့်ခဲ့လေကြောင်း
ဒို့အလောင်းသည်....
ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊
မိဖုရားနှင့် သွီးသားပါ၊ ပစ်ခွါလှူကြောင်း ဒို့ အ လောင်းသည်....
ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊
လက်ချေ အင်္ဂါ သက်ခန္ဓာကို၊ မညှာ လှူကြောင်း
ဒို့အလောင်းသည်....

ကိစ္စေနမေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊
မင်ပန်းလှစွာ လေးသစ္စာကို ရလာခဲ့ပြီး ဒို့ဘုရားသည်....
ကိစ္စေနမေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ၊
အချောင်မရ ပင်ပန်းလှ၍ ဓမ္မအမှန် သစ္စာဉာဏ်ကို ကေန်
ငါရ ယခုအခါ၊ ထင်ရှားစွာဖြင့် ဟောခွင့်မသာ....

ရာဂဒေါသ ပရေတေဟိ၊ နာယံ ဓမ္မောသု သမ္ဗုဒ္ဓေါ။
တဏှာ လောဘ များလွန်းလှ၍ အနိစ္စ အခြေ မသိနိုင်ပေ၊
ရာဂ ဒေါသ ပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ၊
မာန ဒေါသ လွန်ကဲကြ၍၊ ဒုက္ခအခြေမသိနိုင်ပေ၊
ရာဂ ဒေါသ ပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ၊
ဒိဋ္ဌိ မောဟ မှားမိုက်ကြ၍၊ အနတ္တ အခြေမသိနိုင်ပေ၊
ရာဂ ဒေါသ ပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ၊
ယောကျ်ား မိန်းမ ချစ်ခင်ကြ၍၊ အသုဘအခြေမသိနိုင်ပေ၊
ရာဂ ဒေါသ မရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ၊
ဗာလအန္ဓ မိုက်ကမ်းကြ၍ သဘာဝအခြေ မသိနိုင်ပေ၊
ရာဂ ဒေါသ ပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဒ္ဓေါ၊
တဏှာဒိဋ္ဌိ နှိပ်စက်ဖိလျက် ပသိနိုင်သူ များပိုလ် လူသည်
အယူဖြောင့်စင်၊ ဉာဏ်မယှဉ်၍၊သိမြင်ထင်စေ၊မစွမ်းနိုင်ပေ။

# သဟံပတိဗြဟ္မာ
# တောင်းပန်ကန်တော့ခမ်း။

လောကမှန်ကူ ဂေါတမ သယမ္ဘူ ပြိုင်သူဘက်ရှုံး၊ပဲ့တင်ချုံး၍၊ ရွှေဘုန်းတော်ရောင်၊ ထိန်ထိန်ပြောင်လျက်၊ တထောင်ရောင်ခြည်၊ ထွက်လည်တောက်လင်း၊ ခြောက်ရောင်ဝင်းလို့၊ နေမင်းပုံတူ၊ ပွင့်တော်မူသည့်၊ တဆူမြတ်ဖျား ကိုယ်တော်အားကြောင့်၊ တရားမဟော တုဏှိဘောဖြင့်၊ သဘောတော်မလို၊ စိတ်တော်ငြိုခဲ့၊ ဘယ်လိုယူဆ၊ ဘာကိုပင် သဘောတော် မကျဟောပြမည့်အကြံ၊ သဗ္ဗညုတ ဘုရားဥာဏ်ကို၊ ဧကန်မုချ၊ ဒိဋ္ဌလက်ကိုင်၊ အောင်ဗောဓိမဏ္ဍိုင်၊ လေးသစ္စာ ခိုင်ခိုင်နှင့်၊ ဘုံသုံးဆဲ့တခရိုင်ဝယ်၊ အိုမင်းလဲမနိုင်၊ နာမင်းလဲမနိုင်၊ သေမင်းလဲမနိုင်၊ ကိုယ်တော်တိုင် တယောက်ထဲ၊ ပြည်နိဗ္ဗာန် အရောက်ဆွဲပြီး၊ ငါဘုရားဘဲ ဟု ဘွဲ့တဆိပ်ဂုဏ်ဟိတ်နှင့်၊ အောင်ဘိသိက်ခံတော်မူ၊ ကျန်ရစ်တဲ့ များဗိုလ်လူကို၊ ကယ်ယူခါညွှန်ကြား ရာဟုလာပမာသားကဲ့သို့ မဟာဂရုဏာထား မြတ်ကိုယ်ကော် မသနားတော့ဘူးလား ဘုရား....။

ဇာတိကအစ စုတိသို့အမှန်၊ စုတိခေါ်၊ သေစာရင်းမှ ပဋိသန္ဓေ နေခြင်းသို့ ထပ်ခါပြန် အိုရဒါအတန်တန် အဖန်ဖန် နာရ ဒီဘ၀ ဒီခန္ဓာ ဟိုဘ၀ ဟိုခန္ဓာ ထိုထိုသံသရာ ကရှက်ကင်း ခန္ဓာစုံ မီးပုံတွင်းမှ သတ္တဝါ အပေါင်းအသင်းကို လွတ်ကင်းအောင် ငါကယ်မ မည်ဟု၊ ဒီပင်္ကရာ ထံတော်ရင်း၌ တာဝန်ခံ ကိုယ်တော်သွင်းခဲ့ပါသည် ဘုရား....။

မြေခွက်၊ ကျွေခွက်၊ ရွှေခွက်ပမာ၊ မိုက်သူတွေ မနာယူကြသော်လည်း ပဏ္ဍိတရတနာ၊ ဉာဏ်ရှိကြတဲ့သတ္တဝါ နိဗ္ဗာန်ဆိုလျှင် တကယ်လိုချင်တဲ့ ဝေနေယျာတို့ကို ဒေသနာ ခြသေ့ဆီ နှား သိဂိရှိကြပါတယ်ဘုရား၊ သတ္တဝါတိုင်း လမ်းကောင်းပြ၊ သတ္တဝါတိုင်းလမ်းပြလို့ မလိုက်ခြင် မြတ်ကိုယ်တော် အထင်မရှိဘို ဒိဗ္ဗက်ချ ရှေးဂတိ တွေးကြည့်တော်မူပါ ဘုရားလို့ အများအတွက် ဂရုဏာ ဘုရားတပည့်တော် သဟာ ဗြဟ္မာက ဦးပန်ထွာ နိဝါတဖြင့်၊ ရိုသေစွာ တောင်းပန်ရပါတယ် ဘုရား။

—★—

ဘုရားသခင်သည် တရားဟောရန် ပဋိညာဉ်ပေးတော်မူ၍၊ တရားဟောရန် သင့်သောသူတို့ကို ကြည့်ရှုတော်မူရာ ကာလာမ အမျိုးဖြစ်သော အဠာယရသေ့နှင့် ဥဒကရသေ့ တို့ကို ကြည့်တော်မူသော် ကွယ်လွန်သွားကြကြောင်း သိရသဖြင့် ဤရသေ့ ၂-ဦးသည် ငါ၏တရားတော်ကို နာရမှု ကိစ္စပြီးငြိမ်းလေရာ၏ ယခုမူကား ရှုံးခြင်းကြီး ရှုံးလေစွဟု အောက်မေ့လျှက်ရင်ကို သပ်တော်မူ၏။

ထိုနောက် ပဉ္စဝဂ္ဂီငါးဦးတို့ကို မြင်တော်မူသောအခါ.......

ဘုရားသခင်သည် ဆိတ်ကြောင်းညောင်ပင်မှ ဗာရာဏသီပြည်သို့ ရှေးရှုကြွတော်မူစဉ် လမ်းခရီးတွင် ဥပကတက္ကဒွန်းနှင့်တွေ့၍ အနန္တဇိနဖြစ်ကြောင်းကို မိန့်တော်မူပြီး ဗာရာဏသီပြည်၏ အနီး မိဂဒါဝုန်တောကြီးသို့ ကြွတော်မူရာ ပဉ္စဝဂ္ဂီ ငါးဦး နှင့်တွေ့တော်မူ၏။

ဝသန္တရာသီ၏ အစွမ်းဖြင့် မိဂဒါဝုန် တောကြီးသည် နွေရာသီထက် သာယာစိမ်းစို လှသောအချိန် သက္ကရာဇ် ၁၀၃-ခုနှစ် ဝါဆိုလပြည့် စနေနေ့ နေဝင်လထွက် အချိန်တွင် (ဒွေမေဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ) အစရှိသော ဓမ္မစကြာ ဒေသနာတော်ကြီးကို ဟောကြားတော်မူ၏။ ပဥ္စဝဂ္ဂီငါးဦးနှင့် တကွ နာကြားရသော နတ် ဗြဟ္မာ အပေါင်းသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြ၏၊ ဝါဆို လပြည့်ကျော် ၅-ရက်နေ့၌ အနတ္တလက္ခဏာ သုတ္တန်ကို ဟောကြားတော် မူရာ တရားအဆုံး၌ ပဥ္စဝဂ္ဂီ ၅-ဦးသားတို့သည် အရဟတ္တဖိုလ်၌ တည်တော်မူ၏။

ကပိလဝတ် ပြည့်ရှင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သားတော်သည် ဘုရားဖြစ်ကြောင်း ကြားသိတော် မူသော အခါ ကာလုဒါယီ အမတ်ကို ပင့်လျှောက်ခိုင်းလေ၏။ ကာလုဒါယီ အမတ်သည် နောက်လိုက်ဗိုလ်ပါ အခြံအရံနှင့် သွားလေ၏ ဘုရား၏ ခြေတော်ရင်းသို့ ရောက်လျှင် ပရိတ်သတ် တို့အား တရားဟောတော်မူခိုက်နှင့် ကြုံသဖြင့် တရားနာလေလျှင် အခြွေအရံနှင့်တကွ ကာလုဒါယီသည် ရဟန္တာအဖြစ်ကို ရလေ၏၊ သုဒ္ဓေါဒန မင်းကြီး မှာကြားလိုက်သော စကားကို ဘုရားသခင် အား လျှောက်ထား၍ ကပိလဝတ်ပြည်သို့ ပြန်လည် ကြွတော်မူရန် ခွင့်တောင်းလျှောက်ထားလေ၏။

ဘုရားသခင်သည် ကာလုဒါယီ မထေရ်ပင့်လျှောက်သဖြင့် ကပိလဝတ်ပြည်သို့ တန်ခိုးပြ၍ ကြွတော်မူရာ ခမည်းတော် မင်းကြီးနှင့်တကွ ဆွေတော်မျိုးတော်တို့ ဦးတိုက်ရှစ်ခိုးကြကုန်၏၊

ဆွေတော် မျိုးတော်ဖြစ်သော သာကီဝင်မင်းတို့သည် ဘုရားသခင်နှင့် လျော်သောနေရာကို ရွေးချယ်၍ နိဂြောဓ သာကီဝင်မင်း ဥယျာဉ် အလယ် မွေ့လျော်ဘွယ် ရှိသော အရပ်၌ လျောက်ပတ်ကောင်းမွန်စွာ ကျောင်းတော်ကို ဆောက်၍ လှူဒါန်းကုန်သဖြင့် နိဂြောဓါရုံ ကျောင်းတော်၌ နေတော်မူ၏။

ကပိလဝတ် နေပြည်တော်သို့ ရောက်၍ နောက်တနေ့၌ ဆွမ်းခံကြွတော်မူသော ဘုရားရှင်ကို သုဒ္ဓေါဒန မင်းကြီးလာ၍ နန်းတော်သို့ပင့်ကာ မွန်မြတ်သော အဟာရတို့ကို ဆက်ကပ်လှူဒါန်းသဖြင့် ဘုဉ်းပေးပြီးသည့် အဆုံး၌ တနန်းတော်လုံး အုံးအုံးကြွက်မျှ ဖူးမျှော်ကန်တော့ ရောက်ကြ သော်လည်း ယသော်ဓယာ မိဖုရားကား မထွက်လာဘဲ နေလေ၏၊

ဘုရားသခင်သည် ယသော်ဓယာ၏ ပူပန်အားနွဲ့ ရင်ကွဲနာကျမည်ကို ကြိုတင်မြင်တော် မူသောကြောင့် ခမည်းတော်အား သပိတ်ပေး၍ အဂ္ဂသာဝက ၂-ပါးနှင့် အတူ ယသော်ဓရော ၏ နန်းဆောင်သို့ ကြွတော်မူကာ ခင်းထားပြီး နေရာ၌ ထိုင်တော်မူလေသည် ထိုအခါယသော်ဓရောသည် ဦးညွှတ်ခါလာ၍ ခြေဖမျက်တော် ၂-ဘက်ကို လက် ၂- ဘက်ဖြင့် ပွေ့ပြီးလျှင် မျက်နှာ ဦးခေါင်းကို ခြေဖမိုးပေါ်မှာ လှိမ့်ကာလှိမ့်ကာ အားရအောင် ကန်တော့ရှာလေသည်။

# ရာဟုလာ အမွေတောင်းပြီ။

ဘုရားသခင်သည် ကပိလဝတ်ပြည်သို့ ရောက်၍ ခုနစ်ရက် မြောက်သောအခါ ရာဟုလာ မယ်တော် ယသော်ဓရာ မိဖုရား သည် သားတော်အား တန်ဆာဆင်ယင်ပြီးသော်၊ ဘုရား သခင် ထံတော်သို့စေ၏၊ ချစ်သား သုံးပါးလောကဝယ် အတုမရှိ အ သဒိသစစ်ဖြစ်တော်မူ၍၊ နတ်လူအလုံးတို့ ညွတ်ရိုး ဦးခိုက်ကြရာ ကား၊ ရဟန္တာပေါင်းများစွာ ခြံရံလျက် စမ္ပယ်တော် မူသော၊ ဤမုဂ္ဂိုလ်မြတ်ကား အခြားမဟုတ်၊ သားတော်၏ ဘခင် ကျေး ဇူးရှင်ဖြစ်သည်။ မွေးမိခင်နှင့် ရွှေနန်းပြင်ဝယ် စံရှင်တော်မူ သောအခါက၊........

၁။ တဂါဝုတ် ပမာဏရှိသော သင်္ခမည်သော ရွှေအိုးကြီး တလုံး။

၂။ ယူဇနာဝက် ပမာဏရှိသော ဧဠ မည်သော ရွှေအိုးကြီး တလုံး။

၃။ သုံးဂါဝုတ်ပမာဏရှိသော၊ ဥပ္ပလ မည်သော ရွှေအိုး ကြီးတလုံး။

၄။ တယူဇနာ (လေးဂါဝုတ်) ပမာဏ ရှိသော ပုဏ္ဍရိက မည်သော ရွှေအိုးကြီးတလုံး ရှိသည်၊ ထိုရွှေအိုးကြီးလေး လုံး သည်၊ သားတော်ဘခင်၊ တောထွက်သည့် နေ့မှစ၍၊ ဘယ်အရပ် ဘယ်အကွက်၊ ဘယ်သူ့လက်၌၊ သိုဝှက်ထားခဲ့သည်ဟု မသိရပါ၊ သားဟူသမျှသည် အဘအမွေကို ခံရမြဲဖြစ်ပေသည်၊ သို့ဖြစ်သော ကြောင့်၊ မောင့်အဘဘုရားထံသွား၍၊ အမွေတောင်းချေ၊တောင်း ချေလောဟု၊ စေလွှတ်လိုက်၏။

ရာဟုလာ မင်းသားသည်၊ မယ်တော်မှာသည့် အတိုင်း သွား၍၊ မြတ်စွာဘုရား ဆွမ်းဘုန်းပေးတော်မူရာ အနီးသို့ ကပ်၍၊ ဘခင်၏ချစ်ခြင်းဖြင့်၊ ရဲတင်းရွှင်လန်းစွာ၊ မိမိနှင့်လျော်ကျရာ များစွာသောစကားကို ဆိုလျှက်ရပ်၏၊ ဘုရားသခင်လည်း ဆွမ်းဘုန်းပေးပြီး၍၊ ကြွတော်မူလေသော်၊ နောက်တော်က ကပ်၍၊ သင်္ကန်းစကို ဆွဲငင်လျှက်၊ ဘခင်ကြီးဘုရား၊ ကျွန်ုပ်အား ရွှေအိုးကြီးလေးလုံး၊ အမွေသနားတော်မူပါ၊ အဘဥစ္စာဟူက သားရမြဲဓမ္မတာ ဖြစ်ပါသည်ဟု၊ မယ်တော် မှာသည့် အတိုင်း၊ ပြောဆိုတောင်းလိုက်လေ၏၊ ကိုယ်တော်မြတ်လည်း သားတော်ကို ပြန်လေတော့လည်း အမိန့်မရှိ၊ မိမိအချွေအရံများကလည်း ပြန်ပါဟု မဆိုဝံ့ကြ၍၊ ကျောင်းတော်သို့ တိုင်အောင်၊ ရောက်လေ၏။

## မြတ်စွာဘုရားအမွေပေးပြီ၊

ငါ့သား ရာဟုလာ သည်၊ ဥစ္စာအမွေကို အလိုရှိ၏၊ ထိုဥစ္စာကား ဝဋ္ဋတရား၌ ရှည်လျားစွာ၊ ကြင်လည်ရကြောင်း၊ မကောင်းသော အမွေသာဖြစ်သည်၊ မောင်ဘမြတ်စွာ ငါဘုရားကြီး‌ဇားအားထုတ် ရှာသဖြင့်၊ မဟာဗောဓိ ပလ္လင်ရွှေဘုံ၌၊ အလုံးစုံရအပ်သော လောကုတ္တရာ ဓမ္မအမွေကိုသာ ငါပေးတော်မူမည်ဟု မိန့်တော်မူပြီးလျှင်၊ အရှင် သာရိပုတ္တရာကို ခေါ်တော်မူ၍၊ ဤရာဟုလာ မင်းသားကို၊ ငါ၏ ဓမ္မအမွေကို သနားတော်မူလိုသည်၊ ရှင်သာမဏေ ပြုလော့ဟု မိန့်တော်မူ၏။

အရှင်မဟာမောဂ္ဂလာန်သည်၊ ဆံရိတ်၍ သင်္ကန်းဝတ်ရ၏၊ အရှင်သာရိပုတ္တရာသည်၊ သရဏဂုံပေး၏၊ အရှင်မဟာ ကဿပသည်၊ ဩဝါဒဆရာဖြစ်၏။

**လိုရင်း။ အမွေတောင်းပုံ၊ အမွေပေးပုံ....တော်ပြီ။**

# လောကအမွေဇာတ်ရှုပ်

လွန်ခဲ့သော (၂၅) နှစ်လောက်က၊ ပုသိမ်ခရိုင်၊ ကျေးရွာကြီးတရွာမှာ၊ ဆံစက်ပိုင်သူဌေး လယ်ပိုင်ရှင်၊မုဆိုးဖိုတယောက် သေတော့၊ အိမ်ထောင်သည် သား (၂) ယောက် သမီး (၂) ယောက်၊ လူပျို ၂-ယောက်၊ အပျို ၂-ယောက်၊ ပေါင်း (၈) ယောက်ကျန်ခဲ့ရာ၊ ဘခင်ကြီး၏ အမွေကို ခွဲဝေကြတော့ လူပျို ၂-ယောက်နှင့် အပျို ၂-ယောက်၊ မောင်နှမ (၄) ယောက်က အကိုအမများ ပေးသလောက်နှင့် ယူပြီး၊ လေးယောက် ရသော ပစ္စည်းများကို၊ အတူတူစုပေါင်းပြီး၊ စပါးဝယ်၊ စပါးပေး ပြုလုပ်၍ ချမ်းသာယာစွာနေကြ၏၊ အိမ်ထောင်သည် အကိုကြီး ၂-ယောက်နှင့် အမကြီး ၂-ယောက်တို့သည်၊ တဦးနှင့်တဦး မကြေမနပ် ဖြစ်ကြခါ၊ တရားရုံးရောက်ကြ၏။ တရားမမှုကြီးမျိုးဆိုသည်မှာ၊ အလွန် နှစ်လကြာမြင့်စွာ၊ စီရင်ရတဲ့အမှုမျိုးဖြစ်၍၊ ဝတ်လုံတော်ရ ရှေ့နေကို ၂-ဘက်စလုံး အပြိုင်ခေါ်ပြီး တရားတွေ့ကြရာ တရားဆိုင်သောနေ့များတွင်၊ ကော်ဇောခင်း၊ ဖလားစုံကွမ်းအစ်နှင့် မိမိဘက်က လိုက်လာသမျှ၊ မိတ်သင်္ဂဟ တွေကို၊ အပြိုင် ကျွေးကြ၊ အမှုချိန်း၊ သက်သေ စရိပ်ခံ၊ ရွာသို့ သင်္ဘောနှင့် ပြန်လိုက်ကြ၊ သည်ကဲ့သို့၊ ရက်ကလ လကနှစ် အဲဒီလိုကြာလာတော့ ၄-ဦးစလုံး၊ ငွေကုန်လူပန်း၊ လုပ်ငန်းလည်းပျက်၊ ဤ ၃-ချက်၊ ရုံးတက်အကျိုးတည်း၊ ဆိုသည့်အတိုင်း တဖြေးဖြေးလုံးပါး ပါးပြီးလာရာ၊ အမှုဆုံးဖြတ်သည့် နေ့မှာ၊ ပေါက်ရှုံးဖြစ်ပြီး၊ ရုံးခွန်တော်ငွေကိုပင်၊ မပေးနိုင်သဖြင့်၊ ရှိပစ္စည်း ဝါရမ်းကပ်ခံရသည့်အထိ၊ ဆင်းရဲဘဝကို ရောက်ကြ၏၊

မိဘအမွေကို၊ ပေးသရွေ့နှင့်၊ တင်းတိမ်ကြသော၊ မောင်နှမ (၄) ယောက်မှာ၊ မိဘတို့ရှိစဉ်က၊ လုပ်ကိုင်ကြတဲ့၊ စပါးပေး၊ စပါးဝယ်၊ စပါးလှောင်အလုပ်ကို၊ အတုယူကြ၍၊ မိဘစကား နားထောင်သူများဖြစ်သဖြင့်- အမွေမှုအတွက် ဆုံးရှုံးသွားသော ဆံစက်ကိုပင် ပြန်ဝယ်ပြီး၊ မိဘလက်ရတ် လက်ရင်း မပျက်ယွင်း ရအောင်၊ ထိန်းသိမ်းလုပ်ကိုင်၊ လာနိုင်ကြသဖြင့်၊ ချမ်းသာစွာ နေရကြောင်း စာရေးသူကိုယ်တွေ့ဖြစ်၏။

လောကဥ္စ အမွေပစ္စည်းကိုမရရအောင်ကြိုးစားအားထုတ်ကြ ၏၊ စက်ပိုင်သူ ဌေးကြီး အသက်ငင် ချွဲဆို့နေစဉ်၊ မီးအာမခံ သေတ္တာ မျက်စောင်းထိုးသူကထိုး သော့တွဲ ရှာသူက ရှာ စာချုပ် စာတန်း ယူသူက ယူကြ၏၊ လောကအမွေကို ပင်မခံထိုက်၊ မခံ ထိုက် ကြ လျှင် ဂေါတမ အ မွေ ရဘို့ ကြပ် လှ၏၊ ရင်လေး စရာ ကောင်းလှ၏၊ စက်သူဌေးအမွေကို ရအောင် သား သမီးတို့ကအား ထုတ်ကြ၏၊ မြတ်ဗုဒ္ဓအမွေကိုကား ရအောင်ကျိုးစားအားထုတ် သူနည်းလှ၏၊ ဝိပဿနာမဟာပညာရွှေအိုး ဓမ္မအမွေမျိုးကိုမှမရ ကြလျှင်၊ မြတ်ဗုဒ္ဓအမွေမဟုတ်၊ လောကအမွေ၊ အများအမွေ ဖြစ်သည်၊ လောကအမွေကား ပူလို့မဆုံး၊ လောင်လို့မဆုံး၊ ငိုလို့မဆုံးမှတ်- သိန်းလေးဆယ်လောက်ပင် ချမ်းသာ ချမ်းသာ ဓမ္မအမွေမရလျှင်၊ ဘောဂဗျသန-ဟု မဟာပညာရွှေအိုးက သတိ ပေးလိုက်ပြီ၊ သတိပြုကြယောဂီတို့။

## အမွေရှင်းတမ်း

ရာဟုလာသည်၊ ဘုရား ထံတော်မှ၊ အ မွေ တောင်းသဖြင့် သာသနအမွေကိုရပေ၏ သာသနာတော်တွင်း၌ ကြုံကြိုက်ကြုကုန် သော၊ သူတို့သည်၊သာသနာအမွေကို ခံယူထိုက်သဖြင့်၊ သာသနာ

အမွေကိုမခံယူသမျှ၊ သံသရာနှခမ်းသတ် ဘဝနှခမ်းသတ် မရောက်နိုင်ကြကုန်....

**သာသနဒါယဇ္ဇဆိုသည်မှာ--** သာသနာအမွေအနှစ်ကိုခံယူမှု ဖြစ်သည်။

**(ဒါတဗ္ဗန္တိဒါယံ)** ဒါတဗ္ဗပေးအပ်၏၊ ဣတိ၊ ထို့ကြောင့်၊ ဒါယံ။ ဒါယမည်၏၊ မိဘဖြစ်သူတို့က၊ သားသမီးဖြစ်သူတို့အား၊ စင်စစ်ပေးခြင်းငှာထိုက်သော အမွေဥစ္စာတည်း။

**ဒါယံ အာဒဒါတီတိ- ဒါယာဒေါ၊** ဒါယံ၊ အမွေအနှစ် ဥစ္စာကို၊ **အာဒဒါတိ၊** ခံယူထိုက်၏၊ ဣတိ၊ ထို့ကြောင့် ဒါယာဒေါ။ ဒါယာဒမည်၏၊ ထိုအမွေဥစ္စာကို ခံယူထိုက်သော သားသမီးတည်း။

**ဒါယာဒဿကမ္မံဒါယဇ္ဇံ၊**

ဒါယာဒ**ဿ**၊ အမွေခံထိုက်သောသူ၏၊ ကမ္မံ၊ အမွေခံမှုသည် ဒါယဇ္ဇံ၊ ဒါယဇ္ဇ- မည်၏။ အမွေခံမှုတည်း။

သာသန**ဿ**ဒါယဇ္ဇံ၊ သာသနဒါယဇ္ဇံ၊ သာသန**ဿ**၊ သာသနာတော်၏၊ ဒါယဇ္ဇံ၊ အမွေခံမှုသည်။ သာသနဒါယဇ္ဇံ၊ သာသနဒါယဇ္ဇ၊ မည်၏။ သာသနဒါယဇ္ဇံ၊ သာသနဒါယဇ္ဇ မည်၏၊ ဗုဒ္ဓဒါယဇ္ဇ၊ ဘုရားအမွေခံဆိုလိုသည်။

ရာဟုလာနှင့်မခြား၊ သတ္တဝါများအား၊ ရင်ဝယ်သား ကဲ့သို့၊ သနားခြင်းဂရုဏာ ရှိရကား၊ သားတော် ရာဟုလာသည်၊ နိဗ္ဗာန် ချမ်းသာကိုရတော်မူသလို၊ အာဂါရိက၊ အနာဂါရိက လမ်းနှစ်သွယ် ကြိုက်ရာဌာနတွင်၊ မလွတ်တန်း နိဗ္ဗာန်ချမ်းသာကြီးကို၊ ရကြရလေအောင်၊ အမွေ ပေးခဲ့ရသည်ကို၊ ပျိုပျိုအိုအို၊ ကျားမ မရွေး အဝတ်အထည် မရွေးကြဘဲ၊ အမွေကိုသာ ရွေးကြရန် လို အပ်လှပေသည်။

# အမွေ၊ ရွေးနည်း နိသျှည်း၊

## ဝိမုတ္တိယုဂအမွေ

### သာသနာ့အမွေသည် - (၁) အာမိသအမွေ။
### (၂) ဓမ္မအမွေ။

၁။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ဟူသောပစ္စည်း လေးပါးသည်၊ အာမိသအမွေ ခေါ်၏၊ သီရိဓမ္မာသောက မင်းကြီးသည်၊ ပစ္စည်းလေးပါး ဒါယကာဖြစ်၏။

၂။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး၊ ဝိသုဒ္ဓိ ခုနစ်ပါး သတိပဋ္ဌာန်လေးပါး၊ သမ္မပ္ပဓါန် လေးပါး၊ ဣဒ္ဓိပါဒ် လေးပါး၊ ဣန္ဒြေငါးပါး၊ ဗိုလ်(ဗလ) ငါးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါးတည်းဟူသော၊ ဗောဓိပက္ခိယ တရား (၃၇) ပါးသည်။ ဓမ္မအမွေမည်၏။ သီရိဓမ္မာသောက မင်း၏သားတော်မဟိန္ဒနှင့်သမီးတော် သင်္ဃမိတ္တာတို့သည်၊ ဓမ္မအမွေခံတွေ ဖြစ်သည်၊ဝိသာခါ၊ အနာထပိဏ်တို့သည်၊ ဓမ္မအမွေခံတွေဖြစ်သည်။ ကြပ်ကြပ်စဉ်းစား တိုင်ပင်၊ ဗုဒ္ဓ၏အမွေဆက်ခံရေး ဥပဒေကို၊ သိနားလည်မှ ရသင့်ရထိုက်သော အမွေကို ရကြမည်၊ ဗုဒ္ဓစကား၊ ဗုဒ္ဓ၏ အလိုနားမလယ်ဘဲ၊ ရမ်းရှမ်းမှန်း၍ ပြုလုပ်ခြင်းသည် ပင်ပန်းသလောက် အကျိုးမနပ်ဖြစ်တတ်သည် သတိပြု။

### အမွေသည် (၁) လောကီ ဓမ္မအမွေ
### (၂) လောကုတ္တရာ ဓမ္မအမွေ

၁။ လောကီ၊ သီလ၊ သမာဓိ၊ ပညာတည်းဟူသော သိက္ခာသုံးပါး လောကီ၊ ဝိသုဒ္ဓိခြောက်ပါး၊ ထိုလောကီသိက္ခာ၊ လောကီဝိသုဒ္ဓိတို့၌၊ အကျုံးဝင်သော၊ ဗောဓိပက္ခိယ (၃၇) ပါးတို့သည် လောကီဓမ္မအမွေမည်၏။

၂။ လောကုတ္တရာမဂ်ဖိုလ်တို့၌အကျုံးဝင်သော၊သိက္ခာ၃-ပါး လောကုတ္တရာ ညာဏဒဿနဝိသုဒ္ဓိတပါး။ လောကုတ္တရာ ဗောဓိ ပက္ခိယ ၃၇-ပါးတို့သည် လောကုတ္တရာ ဓမ္မအမွေမည်၏။

**လောကီဓမ္မအမွေသည်....**

**(၁) ဝဋ္ဋနိဿိတဓမ္မအမွေ (ဝါ) အနိယတဓမ္မအမွေ၊**

**(၂) ဝိဝဋ္ဋနိဿိတဓမ္မအမွေ (ဝါ) နိယတဓမ္မအမွေဟူ၍ နှစ်ပါးရှိပြန်၏။**

**ဝဋ္ဋနိဿိတဆိုတာ**

ယခုဝိမုတ္တိခေတ်မှာပင်၊ မင်းဆရာ၊ စိုးဆရာဖြစ်ဘို့၊ ဘုန်းတံခိုးအာဏာကြီးဘို့၊ အခြံအရံ ပစ္စည်းလေးပါးများရန်၊ အားထုတ်ကြ၊ သံသရာ၌၊ လူကောင်း၊ နတ်ကောင်းတွေ ဖြစ်ကြရန်၊ အားထုတ်ကြ အဲသည်လို သီလ၊ သမာဓိ၊ ပညာမျိုးတွေကို၊ ဝဋ္ဋနိဿိတ ခေါ်သည်။ ( မရှင်းပြန်ဘတ် )

**ဝိဝဋ္ဋနိဿိတဆိုတာ**

ယခုဝိမုတ္တိခေတ်မှာပင်၊ ကိလေသာဝဋ္ဋ ကမ္မဝဋ္ဋ၊ ဝိပါကဝဋ္ဋ တည်းဟူသော ဝဋ္ဋသုံးပါး၏၊ အားလုံးစုံကုန်ငြိမ်းမှုအတွက်၊တစိတ် တဒေသ ကုန်ငြိမ်းမှုအတွက်၊ အားထုတ်တဲ့ ပညာ၊ သမာဓိ၊ သီလသည်၊ ဝိဝဋ္ဋနိဿိတ ခေါ်သည်။

စာဘတ်သူ ဘယ်အမွေယူမည်နည်း ?

(သတိပြု) ဝဋ္ဋဘက်၌ စိတ်ညွတ် အားကြီးသူတို့၏၊ ကုသိုလ် (ဝါ) စပ်ကြားကုသိုလ်၊ နိဗ္ဗာန်မရောက်မီ စပ်ကြား၊ ၄က်ဖြစ်တောင်တကိုင်းတည်း နားရပါလို၏ဟု၊ စိတ်ညွတ်အားကြီးသူတို့၏ ကုသိုလ်တည်း၊ ဘဝဆိုလျှင်၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏက မလိုက်ဘဲမနေ၊ လိုက်လိမ့်မည်၊ အိုလိမ့်မည်၊ နာလိမ့်မည် သေလိမ့်မည်။

## မည်သူအာမေ့ခံထိုက်သလဲ ?

သာသနာ့အမွေခံ ပုဂ္ဂိုလ်များ....

၁။ ဘိက္ခု .... ရဟန်းယောကျ်ား။
၂။ ဘိက္ခုနီ .... ရဟန်းမိမ္မ။
၃။ သာမဏေ .... ယောကျ်ား။
၄။ သာမဏေ — မိမ္မ။
၅။ သိက္ခမာန် — မိမ္မ။
၆။ ဥပါသကာယောကျ်ား။
၇။ ဥပါသိကာ .... မိမ္မ။

နံပါတ်(၁)မှ(၅)အထိ၊ သီတင်းသုံးဘော်ငါးယောက်ခေါ်၏။ နံပါတ် (၆)မှ (၇)ထိ သရဏဂုံ ကောင်းစွာတည်သော၊ လူ၊ နတ်၊ ဗြဟ္မာတို့ကို၊ ဥပသကာ၊ ဥပါသိကာတို့၌ အတွင်းဝင်သည်။

နံပါတ် (၁)မှ(၅)ထိ၊ သီတင်းသုံးဘော် တို့သည်၊ အာမိသ ပစ္စည်းလေးပါးအမွေကို ခံနိုင်သည်၊(၆)မှ (၇)အထိသည်မခံနိုင်။

လောကီ၊ လောကုတ္တရာ ဓမ္မအမွေ ၂-ပါးကို မူကား နံပါတ် (၁) မှ (၇) ထိ ပုဂ္ဂိုလ်တို့ ခံယူနိုင်ကြသည်။

သာသနာတော်ထမ်း၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ သိက္ခမာန်မိန်းမ စသည့် သီတင်း သုံးဘော် ၅-ယောက်တို့သည်၊ သာသနာ အမွေခံလည်းဖြစ် သုတ်ဝိနည်း အဘိဓမ္မာတို့ကို စောင့်ရှောက် ထိန်းသိမ်းကြရ ကုန်သည်လည်းဖြစ်၍၊ သာသန အမွေထိန်းလည်း ဖြစ်ကြသည်။

သာသနာတော်ထမ်း ရဟန်းများ၊ သာသနာ သန့်ရှင်း တည်တံ့ပြီး သာသနာအမွေခံ အစစ်ဖြစ်ကြရန်၊ ကြည်ညို ဆီးကပ်ကိုးကွယ်ကြသော၊ ဒါယကာ၊ ဒါယိကာမများလည်း အမွေစစ် အမွေအမှန် ရကြလေရန်၊ မြန်မာနိုင်ငံတော် ဆင္ဃသံဂါယနာ ဓမ္မဝိနယ အမိန့်တော် ပြန် တမ်း ကို၊ ကျွန်ုပ်စာရေး သူသည်၊ လွန်စွာ ကြည်ညိုနှစ်သက်လှသဖြင့်၊ မူအတိုင်းဘော်ပြပေအံ့။

## ဆဋ္ဌသံဂါယနာနှင့်
## သာသနာ ၂၅၀၀-ပြည့် အောင်ပွဲ မဟာဓမ္မသဘင်ကြီး
# ဆုံးဖြတ်ချက်

၁၃၁၈-ခု၊ သာသနာ ၂၅၀၀-ပြည့်နှစ်၊ ကဆုန်လပြည့်နေ့တွင် အပြီးသတ် ကျင်းပအပ်သော ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယဆရာတော်များ၊ ဝန်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော သံဃိတိကာရက၊ ၂၅၀၀-ကျော် တို့က ကြွင်းကျန်သော အနာဂတ် သာသနာ ၂၅၀၀-တည်မြဲရေး၊ တိုးတက်ကြီးပွါးရေး၊ သန့်ရှင်းရေး၊ ဘုရားအဆုံးအမနှင့်အညီ ကျင့်ကြံရေးတို့ကို ရှေးရှု၍ ၁၃၁၈-ခု၊ ကဆုန်လဆန်း ၁၂-ရက်နေ့ည (၇) နာရီ အချိန် လိုဏ်ဂူတော်ကြီး၌ ဩဝါဒါစရိယ ဆရာတော်များ၊ ဝန်ဆောင် ဆရာတော်များ၊ ပါဠိဝိသောဓေ အဖွဲ့ ကိုယ်စားလှယ် ဆရာတော်များ၊ ဘာဏက အဖွဲ့ ကိုယ်စားလှယ် ဆရာတော်များ၊ ငါးဖွဲ့ဝင် ဆရာတော်များ ကျင်းပအပ်သော အစည်းအဝေး ဆုံးဖြတ်ချက်အရ အောက်ပါ ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကို ထုတ်ပြန်တော်မူလိုက်ကြသည်။

## ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း

၁၃၁၆-ခု၊ သာသနာ ၂၄၉၈-ခုနှစ် ကဆုန်ပြည့်နေ့မှ စတင်ကျင်းပ၍ ၁၃၁၈-ခု၊ သာသနာ ၂၅၀၀-ပြည့်နှစ် ကဆုန်လပြည့်နေ့တွင်ပြီးဆုံးအောင်မြင်သည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ ဆရာတော်များ ဝင်ဆောင်သံဃအဖွဲ့ဝင် ဆရာတော်များ အမှူးရှိသော သံဃိတိကာရက

၂၅၀၀ ကျော် တို့က ကြွင်း ကျန်သော အနာဂတ် သာသနာ ၂၅၀၀-တည်မြဲရေး၊ တိုးတက် ကြီး ပွါး ရေး၊ သန့် ရှင်း ရေး၊ ဘုရားအဆုံးအမနှင့် အညီ ကျင့်ကြံရေးတို့ကို ရှေးရှု၍ အောက်ပါ **ဆဋ္ဌသံဂါယနာ ဓမ္မဝိနိယ အမိန့်တော်ပြန်တမ်း** ကို ထုတ် ပြန် တော်မူလိုက်ကြသည်။

(၁) ကာယဝိက္ကယ သိက္ခာပုဒ်တော်အရ ရောင်းဝယ် ဖေါက် ကားခြင်းအမှုမှ ရှောင်ကြဉ်ကြရမည်။

(၂) ဇာတရူပ သိက္ခာပုဒ်တော်နှင့် အညီ ရွှေငွေ စသော ရ တနာတို့ကို ကိုင်တွယ်ခံယူခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၃) သစ်သီးပေးခြင်း၊ ပန်းပေးခြင်း၊ ဆေးကုခြင်း စသော ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်ကြ ရမည်။

(၄) အာဇီဝ ဟူသော အကြောင်းကြောင့် ပညတ်တော်မူ အပ်သော ခြောက်ပါးသော သိက္ခာပုဒ်တော်တို့ကို ကျူးလွန်ခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၅) ဂီရဂ္ဂသမဇ္ဇသိက္ခာပုဒ် တော်အရ ဇာတ်ပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲ၊ ပြဇာတ်၊ ဆပ်ကပ်ပွဲ၊ ဘောလုံးပွဲ၊ လက်ဝှေ့ပွဲ အစရှိသော ပွဲလမ်းသဘင်တို့ကို သွားလာ ကြည့်ရှုခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၆) မြင်းပွဲ၊ လှေပွဲ၊ နွားပွဲ စသည်များသို့ သွားလာခြင်း၊ လောင်းတန်းကစားခြင်းများမှ ရှောင်ကြဉ်ကြရမည်။

(၇) မြို့တွင်း ရွာတွင်းသို့ သွားလာသည့်အခါ သေခိယ သိက္ခာပုဒ်တော်နှင့်အညီ သက္ကန်းရုံ၍သွားခြင်း စသည် တို့ကို ပြုကျင့်ကြရမည်။

(၈) ရာဇဝတ် မကောင်းသောပြုကျင့်မှုများမှ ရှောင်ကြဉ်ကြရမည်။

(၉) ဝိနည်းတော်အရ လိုလောက်သော အကြောင်းမရှိဘဲ မြို့တွင်း ရွာတွင်းသို့ အချိန်မဲ့ အခါမဲ့တို့၌ သွားလာခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၁၀) မြို့တွင်းရွာတွင်း၌ ရဟန်းတို့နှင့် မလျော်သော နေရာဌာနသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရမည်။

(၁၁) ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကျန်သော ဝိနည်းသိက္ခာပုဒ်တော် တို့ကိုလည်း မိမိအသက်နှင့် အတူ ရိုသေစွာ စောင့်ထိန်းကြရမည်။

(၁၂) ပရိယတ် ပဋိပတ် လုပ်ငန်းမှတပါး ရဟန်းတို့၏အလုပ် မဟုတ်သော ဂိဟိကမ္မများမှ ရှောင်ကြဉ်ကြရမည်။

## သာသနာစင်ကြယ်သန့်ရှင်းစွာတည်တံ့ရေး

### ၃၁-၅-၅၆ နေ့ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ အမှုဆောင် အစည်းအဝေးမှ ဆုံးဖြတ်တိုက်တွန်းချက်

၁၃၁၆-ခု၊ ကဆုန်လပြည့်နေ့မှ စတင်ကျင်းပ၍ ၁၃၁၈-ခု၊ ကဆုန်လပြည့်နေ့တွင် ပြီးဆုံးအောင် မြင်သည့် ဆဋ္ဌ သံဂါယနာ မဟာဓမ္မသဘင်ကြီး၌ ဆဋ္ဌသံဂါယနာသြဝါဒါစရိယ ဆရာတော်များ ဝန်ဆောင် သံဃာအဖွဲ့ဝင်ဆရာတော်များ အမှူးရှိသောသင်္ဂီတိကာရက ၂၅၀၀-ကျော်တို့က အနာဂတ် သာသနာတော်တည်မြဲရေး တိုးတက် ကြီးပွါးရေး သန့်ရှင်းစင်ကြယ်ရေး ဘုရားအဆုံးအမနှင့်အညီ ကျင့်ကြံရေးတို့ကို ရှေးရှု၍ ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော် ပြန်တမ်းကို ထုတ်ပြန်တော်မူခဲ့ကြရာ၊ အဆိုပါ ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော် ပြန်တမ်းနှင့်အညီ လိုက်နာတော်

မူကြသည့် ရဟန်းတော် အရှင် မြတ်များ သည်သာ လျှင် "အနာဂတေ လဇ္ဇီ ရက္ခိဿတိ" ဟူသော စကားတော်နှင့် အညီ သာသနာတော်ကို စောင့်ထိန်းသည့် အရှင်မြတ်များ ဖြစ်သည်ဟူ၍ရင်း၊ အဆိုပါ ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော် ပြန်တမ်းနှင့် ဆန့်ကြင်သည့် အလဇ္ဇီ ဒုဿီလ ပါပပုဂ္ဂိုလ်တို့မှာမူ သာသနာတော်၏ ဆူးငြောင့် အညစ်အကြေးသဖွယ် ဖြစ်သည်ဟူ၍ရင်း၊ ဤနိုင်ငံတော်သည် ဗုဒ္ဓသာသနာ အဖွဲ့က ယုံကြည် ပါသောကြောင့်၊ အနာဂတ်သာသနာတော် တည်မြဲရေး တိုးတက် ကြီးပွါးရေး သန့်ရှင်းစင်ကြယ်ရေး တို့ကိုရှေးရှုကာ "ဝိစေယျ ဒါနံ ဒါတဗ္ဗံ" ဟူသော ပါဠိတော်နှင့်အညီ အဆိုပါ ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော် ပြန်တမ်းနှင့် ညီညွတ်စွာ လိုက်နာတော်မူသည့် ရဟန်းတော် အရှင်မြတ် တို့အားစိစစ်၍ ကိုးကွယ် ပူဇော်ကြရန် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက ဗုဒ္ဓဘာသာဝင် အပေါင်း တို့အား လေးနက်စွာ တိုက်တွန်း ပါကြောင်း။

အဆိုပါ ဆဋ္ဌသံဂါယနာ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်း အတိုင်း မလိုက်နာသေးသည့် ပုဂ္ဂိုလ်တို့ကို နိဂ္ဂဟ မပြု ပဂ္ဂဟ အမှုဖြင့် ကိုးကွယ်ပူဇော်ခဲ့လျှင် အဆိပ်ပင်ရေလောင်း ဆိုသကဲ့သို့ ဖြစ်သည်ဟု ယူဆဘွယ် ရှိသောကြောင့် ထိုပုဂ္ဂိုလ်တို့အား အလျင်အမြန်အကျင့်သိက္ခာကို ပြုပြင်ထိန်းသိမ်းကြရန်နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က လေးနက်စွာ မေတ္တာရပ်ခံပါကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် တဝှန်းလုံးရှိ သာသနာရေးဆိုင်ရာ အသင်းအဖွဲ့များက ဤဆုံးဖြတ်ချက်ကိုထောက်ခံ၍မိမိတို့

ဆိုင်ရာ ဒေသများတွင် အထက်ပါအတိုင်း တိုက်တွန်းခြင်း မေတ္တာရပ်ခံခြင်းအမှုများကို ပြုကြပါရန် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က လေးနက်စွာ တိုက်တွန်းပါကြောင်း။

အမွေခံဌာနထက် အသွင်အပြင်ကို အောင်မှုနှင့်တကွ၊ အမွေထိမ်းဌာနသည် အလွန်ကြီးမြတ် သဖြင့်၊ သာသနာ တော်ထမ်း ရဟန်းများသည်၊ အနာဂတေလဇ္ဇီ ရက္ခိဿတိ၊ ဟူသော စကားတော်နှင့်အညီ၊ သာသနာတော်ကို စောင့်ထိန်း၍၊ ကိုးကွယ်ဆီးကပ် ကြသော၊ ဒါယကာ - ဒါယိကာမ များကို လည်း၊ အမွေစစ်ကို ခံယူနိုင်ရန်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ၊ တိုက်တွန်းချက်ဖြစ်ပေသည်၊ ထိုတိုက်တွန်းချက် အတိုင်း ကျင့်သုံးဆောက်တည်ပြီး၊ တရားဓမ္မအမွေကို ပေးနိုင်၍ ဆောင်ရွက်ပါမည့် အကြောင်း လေးနက်စွာ ရှိခိုးလျှောက်ထား တောင်းပန်၍ ဖော်ပြရပေသည်။

### ဆိုးမွေ - ကောင်းမွေ

အမွေသည် ဆိုးမွေ၊ ကောင်းမွေ နှစ်မျိုးရှိရာ၊ အမွေခံပုဂ္ဂိုလ်သည်လည်း၊ ဆိုးမွေခံပုဂ္ဂိုလ်၊ ကောင်းမွေခံ ပုဂ္ဂိုလ်ဟု နှစ်မျိုးရှိပေ၏။

(၁) ဓမ္မအမွေ (၂) အာမိသအမွေ

(က) ပစ္စယာမိသ (ခ) လောကာမိသ (ဂ) ဝဋ္ဋာမိသ

(၁) ဓမ္မအမွေ - ရှင်းပြပြီးပြီ၊

(၂) အာမိသအမွေ၊ ခရိုင်အတွင်းဖြစ်သော

(က) ပစ္စယာမိသအမွေ ဆိုသည်မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း ပရိက္ခရာ လာဘာသက္ကာရ မျိုးကို ခေါ်သည်။

(ခ) လောကာမိသ၊ အမွေဆိုသည်မှာ၊ လောက၌ထင်ရှားသော ဂုဏ်အရှိန်အဝါ မင်းဆရာ၊ စိုးဆရာ၊ သူဌေးဆရာ၊ သူကြွယ်ဆရာ၊ တပည့်သံဃာ တကာပရိသတ်ပေါ်များမှု အလုံးစုံကို ခေါ်သည်။

(ဂ) ဝဋ္ဋာမိသ၊ အမွေဆိုသည်မှာ၊ နောက်နောက်ဘဝ၌၊ ရယူခံစားရန်၊ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ၊ ဣဿရိယသမ္ပတ္တိ အားလုံးစုံသည်၊ ဝဋ္ဋာမိသခေါ်သည်။

**စာဘတ်သူ ဘယ်အမွေယူမလဲ ?**

ကောင်းမွေမှန်း မသိ၊ ဆိုးမွေမှန်းမသိလျှင်၊ ငါ ဘာအမွေရပါလိမ့်ဟု၊ မသိမဝေဘန်နိုင်လျှင်၊ ခြင်းကြားကြီးနဲ့၊ ရေကိုယူ၊ ရေကိုယူတဲ့ခြင်းကြားကြီး၊ ခပ်သာခပ်လို့ ရေမပေါ၊ ဖြစ်မည်ကို သတိပြုရာ၏။

**အနိယတအမွေခံ - နိယတအမွေခံ**

(၁) ခန္ဓာငါးပါး ရုပ်နာမ်တရားဟု မိမိကိုယ်ကို၊ အနိစ္စဉာဏ် ဒုက္ခဉာဏ် အနတ္တဉာဏ် တခါဘူးမျှ၊ ဆင်ခြင် သုံးသပ်အားထုတ်ခြင်းမရှိကြ၊ မရဘူးကြသူတို့သည်၊ အနိယတ အမွေခံ မည်ကုန်၏၊ထိုသူတို့သည် ယနေ့ သဗ္ဗညု ဘုရားတပည့်၊ နက်ဖန်တပါးသော ဘုရားတပည့်သား၊ တပါးသော အမွေခံဖြစ်ကြကုန်၏၊ ဘဝ ဆက်တိုင်း ဆိုးမွေကိုခံကြကုန်၏။ (ကြောက်ကြ)

(၂) အကြင်သူတို့သည် မိမိတို့၊ အဇ္ဈတ္တခန္ဓာ၊ ရုပ်နာမ် ခန္ဓာငါးပါးတို့၏၊ အနိစ္စအချက် ဒုက္ခအချက်၊ အနတ္တအချက်၊ ကို ကောင်းစွာရှုကြည့်၍၊ မြင်ကြကုန်သဖြင့်၊ သက္ကာယဒိဋ္ဌိ နိုင်ငံ တော်ကြီးမှ၊ ကျွတ်လွတ်ကုန်ကြ၏၊ ထိုသူသည်၊ နိယတ အမွေခံ မည်၏၊ ကိုးကွယ်ရာဘုရား မှောက်မှားမှု မရှိကြကုန်။
( စာဘတ်သူဘယ်အမွေယူမလဲ )

## ခံထိုက်သောအမွေ၊ မခံထိုက်သောအမွေ၊ ဘုရားဆုံးဖြတ်တိုက်တွန်းပြီ၊

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာအာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေ သုအနုကမ္ပာ၊ ကိန္တိမေ သာဝကာ ဓမ္မဒါယာဒါ၊ ဘဝေယျုံ၊ နောအာမိသဒါယာဒါတိ။ (မူလပဏ္ဏာသ )

ဘိက္ခဝေ၊ ချစ်သားတို့၊ တုမှေ၊ သင်တို့သည်၊ မေ၊ ငါဘုရား၏ ဓမ္မဒါယာဒါ ဗောဓိပက္ခိယ ဓမ္မအမွေကို၊ ခံစံကြကုန်သည်၊ ဘဝ ထ၊ ဖြစ်ရစ်ကြကုန်လော့။ အာမိသဒါယာဒါ၊ အာမိသ အမွေကို ခံစံကြကုန်သည်။ မာဘဝထ၊ မဖြစ်ရစ်ကြကုန်လင့်၊ တုမေ၊ သင် တို့၌၊ မေ၊ ငါ့အား၊ အနုကမ္ပာ၊ သနားသမှု့ကြောင့် ကြပ်ပူခြင်း သည်။ အတ္ထိ၊ ရှိနေ၏။ ကိံ အတ္ထိ၊ အဘယ်သို့ ရှိသနည်းဟူမူ။ မေ၊ ငါ၏။သာဝကာ၊ တပြည့်တပန်းရဟန်းရှင်လူတို့သည်။ ကိန္တိ အဘယ်သို့လျှင်။ ဓမ္မဒါယာ၊ ဓမ္မအမွေကိုသာ ခံယူကြကုန်သည်။ ဘဝေယျုံ၊ ဖြစ်ပါကုန်အံ့နည်း။ အာမိသဒါယာဒါ၊ အာမိသ၊ အမွေကိုခံယူကြကုန်သည်၊ နောဘဝေယျုံ၊ မဖြစ်ပါကုန်အံ့နည်း ဣတိ၊ ဤသို့သနားသမှု ကြောင့်ကြပ်ပူခြင်းသည်။ မေ၊ ငါ့အား။ အတ္ထိ ရှိနေ၏။

မဟာသမုဒ္ဒရာထဲ၌ တည်ရှိသော ကျွန်း၌၊ နေထိုင် ကြသော ကျွန်းသူ ကျွန်းသားတို့သည်၊ သမုဒ္ဒရာ ရေအယဉ် ဆူဝေ၍ လွှမ်းသွားရာတွင်၊ သမုဒ္ဒရာထဲမျောပါသွား၍၊ သေကြေပျက်စီး မည်ကို၊ ကြောင့်ကြစိုးရိမ်လှသဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ ကြရန်၊ သတိပေးသလို၊ မြတ်စွာဘုရားသည် သာသနာ တော် မြတ်ကြီးမှာ၊ အာမိသ အမွေကြီးလွှမ်းမိုး၍၊ အသွန်ထက် အ လွန်ဖြစ်ပွါး၍၊ သွားလိမ့်မည်ကို မြင်တော်မူ၍၊ ဗုဒ္ဓဘာသာ သာသနာဝင်၊ ရှင်လူအပေါင်းတို့ကို၊ ထိုအာမိသအမွေ၊ သမုဒ္ဒရာ ရေလွှမ်း၍၊ မျောပါသွားလျှင်၊ ဓမ္မအမွေတော်အထွဋ်အမြတ်တို့မှ အပဖြစ်၍၊ နေရစ်ကြတော့မည်ကို ကြောင့်ကြတော် မူလှသဖြင့် အာမိသ အမွေသည်၊ အမွေဆိုးဖြစ်၍၊ ဓမ္မအမွေတော်သည်၊ အမွေ ကောင်းဖြစ်ကြောင်း၊ ထင်ရှားစွာ မိန့်တော်မူလေသည်။

ဗုဒ္ဓဒါယဇ္ဇကြီး လေးပါးဖြစ်သော၊ ပိဏ္ဍိယာလောပ-ဆွမ်း၊ ပံ့သကူ သင်္ကန်း၊ ရုက္ခမူ ကျောင်း၊ ပူတိမုတ္တ ဆေး၊ ဤလေး ပါးသည်၊ မြတ်စွာဘုရား အကြည်အဖြူ၊ ဆောင်နှင်းတော်မူ သော၊ အမွေတော်ကြီး လေးပါး ဖြစ်ပေသည်။

ပရိယတ္တိ သာသနာကို၊ ဆောင်ရွက်တော် မူသော၊ ရဟန်း သံဃာတို့သည်၊ အတိရေကလာဘ ကိုလွှတ်၍၊ ရုက္ခမူလ စသည် တို့၌တည်၍၊ ပရိယတ္တိသာသနာတော်ကြီးကို၊ ဆောင်ရွက်ခြင်းငှါ မစွမ်းနိုင်ရှိကြမည်ကို မြင်တော်မူသည်တကြောင်း၊ ပါရမီ နည်း သူတို့၊ ပဋိပတ္တိမှု၊ ဒါနမှု၊ သီလမှု၊ ပစ္စယာနုဂ္ဂဟအမှု တို့ကို၊ ပြန့် ပြောစွာ ပြုသဖြင့်၊ အပါယ ဒုက္ခမှလွတ်၍၊ သာသနာတော်၌၊

ကျွတ်လွတ်ကြရန် မြှော်လင့်တော် မူသည် တကြောင်း၊ သို့ အကြောင်းများကြောင့် ခွင့်ပြုတော်မူရပြန်သည်။

ပရိယတ္တိရေ ပုဂ္ဂိုလ်တို့မှာ၊ အာမိသတဏှာ၊ လွှမ်းမိုးမှု ကင်း လွတ်စေခြင်းငှါ၊ ပဋိသင်္ခါယောနိသော၊ စီဝရံ ပဋိသေဝါမိ၊ အစရှိသော ပစ္စဝေက္ခဏာ၊ သုဒ္ဓိအစီရင်ကို ထားတော် မူပြန် သည်။

အာမိသအမွေ၏ ခရိုင်အတွင်းဖြစ်သော ပစ္စယာမိသ လော ကာမိသ၊ ဝဋ္ဋာမိသဟူသော အာမိသသုံးချက်တို့၌၊ အာဒီနဝဉာဏ် ဖြစ်ပေါ်မှု မရှိဘဲ၊ အစဉ်တစိုက်၊ စွဲလန်းနစ်မွန်း သွားမည်ကို ကြောင့်ကြတော်မူ၍၊

မမ္ပဒါယာဒါ ဘိက္ခဝေ ဘဝထ
မာ အာမိသ ဒါယာဒါ၊ ဟု မိန့်တော်မူ၏။

## ပ ညာ ရွှေ အိုး ပါ ဌ်

နိဓိနံဝ၊ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ၊
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံဘဇေ။

ဝဇ္ဇဒဿိနံ၊ မိုက်မှားလိုက်စားခဲ့သော အပြစ်ကို ဘော်ပြပေ တတ်ထသော။ နိဂ္ဂယှဝါဒိံ၊ ရှက်လောက် ကြောက်လောက် လန့်လောက်အောင်၊ ဖိစီးနှိပ်စက်၍၊ ပြောဆိုလေ့ ရှိပေထသော ယံမေဓာဝိံ၊ အကြင်ပညာရှိအစစ်ကို။ နိဓိနံ၊ ဘိုးစဉ် ဘဆက်က မြေ၌၊ မြှုပ်နှံထားခဲ့သော၊ ငွေအိုး၊ ရွှေအိုးများကို။ ပဝတ္တာရံ ဣဝ၊ ဆင်းရဲတုံး ဒိဋ္ဌလို့ ပြောကြားလာ၊ လိမ္မာသော သိုက် ဆရာကဲ့သို့။ ပဿေ၊ မျက်စိအောက်က၊ အပျောက်မပေး၊ တ ရေးရေး ကြည့်ရှုလိုက်ကြရာ၏။ တာဒိသံ၊ ကျေးဇူးတော်အစုံ၊

ထိုကဲ့သို့ ဂုဏ်ရှိသော။ ပဏ္ဍိတံ၊ မင်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ၊ လမ်းမှန်ရာပြ သပ္ပုရိသ၊ ခေါ်တွင် ပညာရှင်ကို (ဝါ) သိတိုင်းသိတိုင်း သမ္မဇဉ်၊ ကြည့်တိုင်းကြည့်တိုင်း၊ အမှန်ကိုမြင်၊ ကြည်ရွှင်ဝမ်းမြောက်၊ ရွှေအိုးကို ကောက်ရသလို၊ လက်ခမောင်းခတ်လောက်တဲ့ဘဝ၊ ငါတော့သူဌေး၊ ဓမ္မရှင်ဘဲလို့၊ နဖူးလက်တင် ဆင်ခြင်ကျေးဇူး၊ ဂုဏ်ထူးမြင်သိ သိုက်ဆရာပညာရှိကို၊ ဘဝေ၊ အနီးမပြတ် ဆီးကပ်ကြရာ၏၊ ဘဝေ၊ တော်လှန်မပြု၊ ညွတ်မှုကြည်သာ၊ မြန်မြန်ကြီးဆီးကပ် ကြရာ၏။

အပြစ်ကို ဖေါ်ပြ နှိပ်ချဆုံးမလေ့ရှိသော ထိုသို့သဘော ရှိသော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ထင်မှတ်ရှုကြည့်၍ ဆည်းကပ်ရာ၏။

သာသနာအတွင်း၌၊ ကြုံကြိုက်ကြသူ အပေါင်းတို့သည် ဆိုးမှုကိုခံလို၍ ဆုတောင်းခဲ့ကြသည် မဟုတ်၊ ကောင်းမှုကိုခံလို၍၊ ဆုတောင်းခဲ့ကြသဖြင့်၊ ယခုဝိမုတ္တိ ယုဂခေတ်၌ ပညာရွှေအိုးတည်းဟူသော ဓမ္မ အမွေကောင်း အမွေမြတ်ကိုခံယူကြကုန်ရာ၏။ ( အမွေရှင်းတမ်းတမ်းရပ် )

## ရာဟုလာ ဘာတောင်း သလဲ ?

ရွှေအိုးကြီး (၄) လုံးကို၊ မယ်တော်ယသော်ဓယာ မိဖုရားကြီးက တောင်းခိုင်းလို့တောင်းတယ်။

## ( ဘုရားက ဘာပေးသလဲ )

ရှင်သာမဏေပြုစေပြီး၊ ရွှေအိုးကြီး လေးလုံးနှင့် တူသော၊ သစ္စာလေးပါးကို မြင်အောင်၊ ဓါတုမသိ ကာယ ကမ္မဋ္ဌာန်းဓါတ်တရားကို ပွါးစေ၍၊ သစ္စာဉာဏ်သို့ ရောက်အောင်၊ အားထုတ်စေသည်။

တေဇောဓါတုံ၊ ဓါရာဟုလ၊ အနိစ္စတော၊ ဒုက္ခတော အနတ္တတော၊ ဇာနတော သက္ကာယ ဒိဋ္ဌိံ ပဟိယျတိ။

(အမေ့ပေးပုံအမြွက်မျှ)

ရာဟုလ၊ ချစ်သားရာဟုလာ၊ ဓါ၊ စင်စစ်၊ ဝါ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဖြစ်ချင်ပါက၊ တေဇောဓါတုံ၊ တေဇောဓါတ်တပါးကို၊ အနိစ္စ တော၊ မမြဲသောသဘောအားဖြင့်၊ ဒုက္ခတော၊ ဘေးဟု ဆင်းရဲ သော သဘောအားဖြင့်၊ အနတ္တတော၊ ငါသူမဟုတ်သောအား ဖြင့်၊ ဇာနတော၊ ဉာတပရိညာ၊ စခမ်းသို့ရောက်အောင် ဆုံး ဖြတ်၍၊ ထင်မြင်ပေါက်ရောက်သော ယောဂီအား၊ ပဿတော တီရဏ၊ ပရိညာ၊ စခမ်းသို့ရောက်အောင် ဆုံးဖြတ်၍၊ ထင်မြင် ပေါက်ရောက်သော၊ ယောဂီအား၊ သက္ကာယဒိဋ္ဌိ၊ နာမ်ရုပ်မမြင်၊ သတ္တဝါထင်မှတ်၊ ပုထုဇဉ်သူရူးဇါတ်ကို၊ ပဟိရတိ၊ ပဟာန၊ ပညာစခမ်း၊ စုလမဟာ အလိမ္မာလမ်းဖြင့်ပါယ်စွမ်းနိုင်ကြလေ၏။

( ခန္ဓာဓါတ်ကို ဉာဏ်မှာ ကပ်၍ရှုနည်း - နောက်ပိုင်းတွင်ဖော် ပြမည်)

သစ္စာဉာဏ် (၄) ပါး မရောက်သရွေ့၊ ဘယ်လိုပင် အား ထုတ်သော်လည်း၊ အရဟတ္တဖိုလ်သို့ မရောက်၊ ထိုအမှန်လေးချက် သဘောနက်သော၊ သစ္စာ (၄) ချက် တရားတော်သည်၊ မြင့် မိုရ်တောင်ဖြင့် ဖုံးအုပ်ထားသော မုံညှင်းစေ့ ကဲ့သို့၊အလွန်သိမ် မွေ့ နက်နဲ မြင်နိုင်ခဲသဖြင့်၊ သတ္တဝါတို့သည်၊ ပညာနည်းပါး ကိလေသာ များသောကြောင့်၊ ရွှေ အိုး ကြီး (၄) လုံး နှင့် တူသော သစ္စာ ၄-ပါး မြတ်တရားကို၊ တူးဖော်ရှာဖွေ နိုင်သော၊ လက်နက်ကိုအငိုင်ရမှ၊ ဓမ္မအမွေခံ ဖြစ်မည်ကို၊ သတိပြုရာ၏။

မြင့်မိုရ်တောင် ထည်းဟူသော၊ အဝိဇ္ဇာက၊ သစ္စာ လေးပါး တည်းဟူသော မှုံညှင်းစေ့ကို ဖုံးကွယ်ပုံ —

ဒုက္ခေ အညာဏံ၊ ဒုက္ခသမုဒယေ အညာဏံ၊
ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိရောဓဂါမိနိ
ပဋိပဒါယ အညာဏံ၊ အယံ ဝုစ္စတိ အဝိဇ္ဇာ။

**အဝိဇ္ဇာဖုံးလို့ သစ္စာဉာဏ်ရွှေအိုးကြီး လေးလုံးမမြင်**

၁။ ဒုက္ခသစ္စာ၊ ဆင်းရဲဒါအမှန် ခန္ဓာကိုယ်ရုပ်နာမ်ကိုမမြင် အဝိဇ္ဇာ။

၂။ သမုဒယသစ္စာ၊ နှစ်သက်စွဲလမ်းဒါ အမှန်မမြင်ကြ။

၃။ နိရောဓ သစ္စာ၊ အေးရာအမှန် မြတ်နိဗ္ဗာန်မမြင်ကြ။

၄။ မဂ္ဂသစ္စာ၊လမ်းကြောင်းအမှန် ဝိပဿနာဉာဏ်မမြင်ကြ။

ဒုက္ခမှန်းမသိအောင်၊ ဒုက္ခကို မမြင်နိုင်အောင်၊ (ဝါ)' ရုပ် နာမ်မှန်းမသိအောင် ဘဝ အနမတဂ္ဂ၊ သံသရာက ဒုက္ခအမှန် ဖြစ် တဲ့၊ ဤခန္ဓာကိုယ်ကို၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သူသူငါငါဟု အယူများ၊ အမှတ်များ၊ အထင် များခြင်းကြောင့်၊ ဒုက္ခမှန်းမသိ၊ (ဝါ) ရုပ်နာမ်မှန်းမသိ ဖြစ်ပေသည်။

(၁) အယူများ- ဒိဋ္ဌိဝိပလ္လာသ (၂) အမှတ်များ- သညာ ဝိပလ္လာသ၊ (၃) အထင်များ - စိတ္တ ဝိပလ္လာသ၊ ခေါ်သည်။

ရုပ်နာမ် (ဝါ) ရုပ်ဓါတ်နာမ်ဓါတ် (ဝါ) ဓါတ်အစစ် ဓါတ် သဘောဖြစ်လျက်နှင့်၊ ပုဂ္ဂိုလ်သတ္တဝါဟု အယူများ၏။

ရုပ်နာမ် (ဝါ) ရုပ်ဓါတ်နာမ်ဓါတ် (ဝါ) ဓါတ် အစစ်ဖြစ် လျက် ပုဂ္ဂိုလ်သတ္တဝါဟု အမှတ်များ၏။

ရုပ်နာမ် (ဝါ)ရုပ်ဓါတ်နာမ်ဓါတ် (ဝါ) ဓါတ်အစစ်ဖြစ်လျက် ပုဂ္ဂိုလ် သတ္တဝါဟု အထင်များ၏။


အမှားလက်စ မတုံးသ၍၊ အမှန်သို့မရောက် သတိပြုခဲ့မဆို့ ခင် လက်နက်ကောင်းရှာ ရွှေအိုးတူးကြ။

ရုပ်နာမ် အစစ်ဖြစ်ပါလျှက် ရုပ်အစစ် နာမ်အစစ် (ဝါ) ဓါတ်အစစ်ကို မမြင်နိုင်ခြင်းသည်၊ အဘယ်အကြောင်း များကြောင့် ဖြစ်သနည်း၊ စဉ်းစား ဆင်ခြင်တိုင်ပင်ကြ။

ရုပ်နာမ်အစစ် (ဝါ) ဓါတ်အစစ်သည်၊ ပရမတ်ဖြစ်သည်၊ ပရမတ်၊ ရုပ်ဓါတ်၊ နာမ်ဓါတ် (ဝါ) ဓါတ်အစစ်ကို၊ ပညတ်ဖုံးကွယ်ကာသည့် အတွက်၊ ပရမတ်ကို အသိခက်လေသည်၊ ပညတ်စုကို ခွါလှန်၍၊ ပရမတ်ကို မြင်အောင်ကြည့်နိုင်မှ၊ ပရမတ်ဉာဏ်ရပြီး မဂ်ပေါက် ဗိုလ်ဝင် နိဗ္ဗာန်ကို မြင်နိုင်မည်၊ ပရမတ် ဉာဏ်ဆိုသည်မှာ၊ သတ္တဝါအကောင်မဟုတ်၊ အဟုတ်ရှိတကယ်ရှိ၊နာမ်နှင့်ရုပ်ကို သိသောဉာဏ်ကို ဆိုလိုသည်၊

လောကီဘက်နှိုက် ပညတ်သည်၊ အသုံးကြ၏၊ သမုတိသစ္စာခေါ်၏၊ လောကုတ္တရာ ဘက်သို့ တက်လိုလျှင်၊ ပညတ်ကို ဖျက်ရသည်၊ သိနေကြ ပညတ္တိ ဉာဏ်ထက်ထူး၍ တခုတည်း တရှိတည်း မိန်းမ ယောကျ်ား၊ ငါ၊ သူ၊ ဟူသော အမြေးအကါ၊ ပညတ်လွှာကို၊ ဖယ်ထားခွါလှန်၍၊ အကြောင်းအကျိုးအစစ်၊ တကယ်ဖြစ်သည့်၊ ရုပ်အစစ်၊ နာမ်အစစ်ကို၊ သိသည်ကို ဆိုသည်။

ထိုကြောင့် ပရမတ်ဉာဏ်ကိုရရန်၊ ပညတ်လွှာ၊ ပညတ်အဖုံးတို့ကိုခွါလှန်ကြရမည်။




ဃနပညတ်ဆိုသည်မှာ၊ အတောင့်အတုံး၊ အလုံးအပြား၊ တသားထဲ၊ တခဲထဲ၊ တခုတည်း၊ ထင်ကြရမြင်ကြရ၊ ခေါ်ဝေါ် ကြရသောသဘောကို ဆိုသည်။

ဇီဝပညတ်ဆိုသည်မှာ၊ အသက်ဟူသ၍၊ အရှင်ဟူ၍၊ အကောင်ဟူ၍၊ ထင်ကြရမြင်ကြရ၊ ခေါ်ဝေါ် ကြရသောသဘောကို ဆိုသည်။

ဃနပညတ်၏ ခရိုင်အတွင်းဝင် ဖြစ်သော ၁။ နာမပညတ် ၂။ သဏ္ဌာနပညတ် ၃။ သန္တတိပညတ် ၄။ သမူဟဃန ပညတ်နှင့် ၅။ သုဘပညတ်တို့ ပေါ်ထွက်၍ လာလေသည်၊ သတိပြု၊ ပညတ်ဟာ သေမင်းအစစ်။

ပညတ်ကို မခွါမလှန်နိုင်ကြသည့် အတွက်၊ ပညတ်ကိုအစွဲပြု၍ ပုထုဇဉ်တို့သည်၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ တရားသုံးပါးတို့ဖြင့်၊ အလွဲလွဲ အထင်များ၊ အမြင်များ၊အမှတ်များ၊အစွဲများ၊ဖြစ်ကြရသည်၊ အနာ နှင့်ဆေး ကိုက်အောင်းပေး၊ ပြောက်ရေးမခက်ပါ ဆိုသည့် အတိုင်း၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အနာတို့ ပြောက်ရန်၊ ဝိပဿနာ အမြင်မှန်၊ ပညတ်ပရမတ် ဝေဖန်၍၊ ရှင်းရှင်းလင်းလင်း ဖေါ်ပြရန် လိုပေသည်၊

# နာမပညတ်

## အမည်ဟူသမျှ၊ ခေါ်ဝေါ်ကြ၊ နာမ ပညတ်သိ။

အမည်ဆိုတာဘာလဲ၊ သက်ရှိသက်မဲ့တွေကို၊ နှုတ်ကခေါ်ဝေါ် သမျှ၊ ပြောသမျှ၊ နားညွှတ်ခံမှန်သမျှ၊ နာမပညတ်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပုသိမ်မြို့၊ စသောအမည်၊ မောင်လှ၊ မောင်မြ၊ မမြ မလှ၊ အဲဒါခေါ်မှုမှတ်၊ အခေါ်ခံရသူမှာလဲ မရှိ၊ ခေါ်သူ၏ ပါး စပ်ထဲမှာလဲမရှိ တကယ်မရှိ မရှိဒါ ပညတ်မှတ်ပါလေ။

မရှိပညတ်၊ ရှိပရမတ်။ ပရမတ် ဆိုသည်မှာ အဟုတ်ရှိ အမှန် ရှိ၊ တကယ်ရှိယူရမည်၊ မြို့မရှိ မြေကြီးတကယ်ရှိ၏။ မောင်ဘမရှိ ရုပ်နာမ်တကယ်ရှိ၏၊ မရှိသည်ကို ရှိသည်ထင်ရင်၊ သက္ကာယ ဒိဋ္ဌိ မှတ်ပါလေ၊ သက္ကာယ ဒိဋ္ဌိရှိလျှင်၊ ငရဲရင်ခွင်ပိုက်ထားသည်၊မှတ် ပါလေ၊ သက္ကာယဒိဋ္ဌိဆိုသည်မှာ၊ ပရမတ် အစစ် တကယ် ဖြစ် သည့်၊ ရုပ်နာမ်ခန္ဓာ၊ အာယတန၊ ဓါတ်တို့ကို၊ ငါသူတပါး ယောကျ်ား မိန်းမစသည့်၊ လင်စွဲ သားစွဲ၊ မယားစွဲ၊ ပစ္စည်းစွဲ တို့ကိုမှတ်ယူရမည်။

နာမပညတ်ခေါ်ဝေါ်မှု၊ နှုတ်မြွက်မှုကိုပင်၊ ရုပ်ပျက်မှုမထင်ဘဲ ငါ့ကိုဆဲတယ်၊ ငါ့အတင်းပြောတယ်ဟု ယူဆကြ၏၊ ဒေါသ ဖြစ်ကြ၏၊ ဒိဋ္ဌိဖြစ်ကြ၏၊ တဏှာဖြစ်ကြ၏၊ မာနဖြစ်ကြ၏။

စာရေးသူ ငယ်စဉ်က တွေ့ဘူးသည်မှာ ပုသိမ်ရပ်ကွက်တခုက စက်ဆရာ အဘိဓမ္မာဆရာကြီး ဦးအေးညိုကို၊ ဒေါ်ရင် ဆိုသော မိန်းမကြီးတယောက်က၊ မတန်ပြော မတန်ဆို ဆဲရေး တိုင်းထွာ ပြု၏၊ တောင်းပန်သော်လည်းမရ၊ ဦးအေးညိုသည် အိမ်ထဲက တောင်းတလုံးယူပြီး ဒေါ်ရင်၏ ရှေ့သွားချ၍၊ တောင်းပြည့် အောင်ဆဲခိုင်းလေ၏။ ဒေါ်ရင်သည်၊သာ၍ပင်ဆဲ၏၊ အတန်ကြာ သောအခါ ဦးအေးညိုသည် ဒေါ်ရင်၏ ရှေ့မှတောင်းကိုယူ၊ ပခုံးမှာထမ်း ဒေါ်ရင်၏ အိမ်ဘေး တံတားဦးက နေပြီး၊ တောင်းကို သွန်မှောက်၍၊ ဒေါ်ရင်ရှေ့သို့ တောင်းကို ပြန်ထားတယ်၊ ဒေါ်ရင်ကဆဲ၊ အတန်ကြာလျှင်၊ ဦးအေးညိုက တောင်းကိုယူ၊ ပခုံးမှာ ထမ်း တံတားဦးကနေပြီး၊ တောင်းကိုသွန်၊ ဒေါ်ရင်၏ရှေ့ ပြန်ထားပြန်၏၊ ဒေါ်ရင်ကား မဆဲနိုင်တော့၊ မောပြီရပ်ပြီ၊ အရပ်မှ လူတွေက ဝိုင်းကြည့်ပြီး ရယ်ကြတယ်၊ တရားမရကြ၊ စင်စစ် မရှိကြောင်း ထင်ရှားတဲ့၊ နာမပညတ်ကို၊ ရှိတယ်ထင်လို့၊ ဒိဋ္ဌိ၊ တဏှာ၊ မာန ဖြစ်ကြ၏၊ သတိပြုကြ ယောဂီများ။ နာမပညတ် မရှိ၊ နားညည်းခံ၍၊ သဒ္ဒရုပ် အစစ်သာ ဖြစ်သည်၊ အမြဲတန်း ပြော ခိုက် တလုံးပြီးတလုံး ပျက်နေသည် ဟု ယူလျှင်မှန်သည်၊ တကယ် တန်းကြလျှင် ရှိတယ်ထင်တတ်သည်၊ ခက်သည်၊ ကြားဒါ သက်ာ ရှင်းမှ၊ သက်ာကင်းမည် သပ္ပုရိသ ဆရာကောင်းတွေ့ဘို့ အရေး ကြီးသည်။

# သညာ ဘာနပညတ်

**ပုံသွင်တံဆိပ်၊ မြင်နိမိတ်၊ ထင်ရိပ်သညာ ဘာန်ရှိ၊**

အလုံးပုံ၊ အပြားပုံ၊ အဝိုင်းပုံ၊ သုံးထောင့်ပုံ၊ လေးထောင့်ပုံ၊ အိမ်ပုံ၊ ကျောင်းပုံ၊ ဇရပ်ပုံ၊ ခွေးပုံ၊ မြွေပုံ၊ ကျွဲပုံ၊ နွားပုံ၊ ကြက်ပုံ၊ ယောကျ်ားပုံ၊ မိန်းမပုံ၊ ၎င်းတို့၏ အမြင်သညာန်၊ တွေ့သည်၊ သက်ရှိသက်မဲ့ မြင်မြင်သမျှ သညာန်တွေ့သည်၊ တကယ်မရှိမှတ်ရမည်၊ ၎င်းပုံတွေကြောင့်၊ မိမိစိတ်ထဲမှာ အထင်မှား၊ အမြင်မှား၊ ဖြစ်လို့ ဒိဋ္ဌိဖြစ်ရသည်၊ ပုံဟူသမျှ သညာန ပညတ်မှတ်ပါလေ၊ စိတ်ထင်မှုမှတ်၊ ဉာဏ်ပညာနှင့် တကယ်စဉ်းစား ဝေဖန်သော်၊ထိုပုံတွေမရှိပါ၊မရှိပညတ်၊ရှိပရမတ် ပရမတ်ဆိုဒါ ခန္ဓာကိုယ်ဓါတ်သား၊ အစုကိုမှတ်ရမည်၊ ပရမတ်ကို၊ ပညတ်ဖုံးနေလို့၊ ယောကျ်ားစွဲ၊ မိန်းမစွဲ ရှိနေသည်၊ သို့အတွက် လောဘ၊ ဒေါသများရသည်၊ ဒိဋ္ဌိဆိုဒါ အထင်မှား၊ အမြင်မှား ကိုဆိုသည်၊ မြင်ဒါဘာလဲ ဝဏ္ဏအဆင်းရုပ်၊ ပရမတ်၊ အလုံးကို ငါ မြင်တယ်၊ အပြားကို ငါမြင်တယ်၊ ငါဟာမိန်းမကို ငါမြင်တယ် ယောကျ်ားကို မြင်တယ်ယူတယ်ယူလျှင်၊ မိစ္ဆာဒိဋ္ဌိခေါ်၏၊ အတ္တဒိဋ္ဌိခေါ်၏၊ သက္ကာယဒိဋ္ဌိ ခေါ်၏၊ သေရင်ငရဲသို့လားရမည် မသေခင်လဲ ပူပန်မှု မီးအမျိုးမျိုး လောင်ရမည်။

မီးဆိုဒါ၊ ပရမတ် ဓါတ်သားအစုကို အမှန် သဘောအတိုင်း မသိရလို့၊ မီးပူ-သောက စိုးရိမ်ကြောင့်ကျမှုများရသည်၊ သညာန ပညတ်သည် အလွန်ခက်၍ သရုပ်ကွဲခဲ့သည်၊ သေချာစွာစဉ်းစား တွေးကြ အားထုတ်ကြလေ။

ဥပမာ တိုင်လုံးကို မျက်စိနှင့်ကြည့်ပါ၊ သေသေ ချာချာ ကြည့်လေ၊ အလုံးကိုမမြင်ဘူး ဉာဏ်ဖြင့်၊ ဝေဖန်ပိုင်းခြားတော့ မြင်ဒါဘဲ၊ အဆင်းရုပ်၊ ပရမတ်ဓါတ်သား ဟု ပိုင်ပိုင်သိရမည်။

အရိယာတွေက နိမိတ်မရှိ၊ နမ မရှိဟု သဏ္ဌာန ပညတ် မရှိ ကြောင်း၊ ပြောသည့်စကားကို အနက်ကိုသုံးဒါက ဟဲ့မသာ နင်သေ ရင်၊ စသည့်စကားတို့၌၊ နိမိတ်မရှိ နမ, မရှိဟုပြော၏၊ တရား သ ဘောမပေါက်ကြ၊ နိမိတ်ရှိနေလျှင်၊ အနိမိတ္တနိဗ္ဗာန်နှင့် ဝေး တော့၏၊ ပုံသွင်တံဆိပ် မြင်နိမိတ်၊ ထင်ရိပ်သဏ္ဌာန်ရှိ၊ ဆိုသည့် အတိုင်း၊ စိတ်ထင်မှုသာ ဖြစ်၏။

မြင်ဒါကို သက်ာရှင်းမှ သက်ာ ကင်းမည်၊ သက်ာမရှင်း ရင်၊ သက်ာမကင်းဖြစ်မည်၊ မြင်ဒါအထင် အထင်သည် အမှား အဲဒီအမှားကို၊ မှားတယ်လို့ သိဒါမှ အမှန်၊ ဆရာကောင်း လို လှ၏။

ရုပ်နာမ် အစစ်တကယ် ဖြစ်သည်ကို၊ ပုံသဏ္ဌာန်စွဲ၍၊ ယောက် ကျား မိန်းမထင်မှားကြ၏၊ ဒီပုံဟာယောကျ်ားမှာ အစွဲဆုံးမိန်းမ ပုံ၊ မိန်းမမှာလဲ အစွဲဆုံး ယောကျ်ားပုံ၊ လူပုံ နတ်ပုံ ဗြဟ္မာ ပုံ သမုတ်ရုံအမည်မျှ၊ အဟုတ်ပုံ အတည်မရသဖြင့်၊ ဤဘဝ၊ ထိုဘဝ၊ မိန်းမယောကျ်ား စကားမှာရှိ တရားမှာဘာမှ မရှိတဲ့၊ ဟာလာဟင်းလင်း၊ ရှင်းရှင်း မြင်အောင် ကြည့်ရှုကြ ယောဂီတို့၊ ငိုက်မနေနဲ့၊ ငေးမနေနဲ့ ခွဲမဆို့ခင်၊ တခဏ အချိန်မြန်မြန် ဉာဏ်အမြင် ပေါက်ဘို့လိုတယ် အချိန်မကုန်စေနဲ့၊ သတိပြုကြ။

### ဖွဲ့ပါးဘက်တော် ရွှေအိုးကြီး ( ၄ ) လုံး

နံပါတ် ( ၁ ) တဂါဝုတ် ( ၂ ) နှစ်ဂါဝုတ် ( ၃ ) သုံးဂါဝုတ် ( ၄ ) လေးဂါဝုတ် ( တယူဇနာ ) နံပါတ် ( ၄ ) ရွှေအိုးထုက ( ၂၄၀၀၀၀ ) အထုရှိ၏၊ တူးဖေါ်ရန်ခက်ပြီ၊ လက်နက်ကောင်း လိုလှ၏၊ လက်နက်ကောင်း၊ နည်းကောင်း နည်းမှန် မရှိလျှင်၊ သိုက်တူးတဲ့လူလို၊ တူးတဲ့နေရာက ရေတွေထွက်၍ ပင်လယ်ဝေ တယ်လို့ထင်ပြီး၊ ကုးရလိမ့်မည်၊ သဗ္ဗညုတဉာဏ ပညတ်ဘီးလူး ဝင်ပြီ မှတ်လေ၊ ပညာရွှေအိုးက လက်နက်ကောင်း ဖေါ်ပြမည်၊ သံသ ရာ မြေပြင်ကြီးတွင်၊ သိုက်ဆရာတို့လို မဖြစ်ကြရန်၊ သတိပြု။

## သန္တတိပညတ်

### ( ဖြစ်ပျက်မမြင်၊ ရုပ်နာမ်စဉ်၊ ဉာဏ်မြင်သန္တတိ )

သန္တတိ ပညတ်ဆိုဒါ အစဉ်ကိုမှတ် ဘယ်လိုအစဉ်လဲ၊ အစဉ် ဆိုဒါ အဆက်မှတ်၊ အဆက်ကောင်းလို့၊ အမြင် တပေါင်းတည်း ထင်ရသည်၊ ၎င်းအစဉ်အဆက်ကြောင့်၊ တပိန်းတည်း၊ တပေါင်း တည်း၊ တချောင်းတည်း၊ တပြားတည်း တလုံးတည်း၊ တခဲတည်း ထင်ရသည်။

ဥပမာ၊ ဂျုံးဖြူကံက၊ ရေသွယ်ပိုက်ကြီး၊ ရန်ကုန်မြို့သို့၊ ရေ သွင်းပို့တယ်၊ ဒီပိုက်ဟာတလုံးတည်းမဟုတ်၊ ဆက်ဆက်ပြီးသွယ် ယူရတယ်၊ ပဌမရေကို ချက်ပြီးပို့တဲ့ချေ၊ ပဌမအဆက် ပိုက်ထဲ ရောက်၊ နောက်တစ်ကစီး၍၊ လိုက်လာတဲ့ရေကဆက်၊ နောက်ဆက် လွှတ်လိုက်တဲ့ ရေကဆက်လိုက်လာတယ်၊ ဒီရေလုံးကြီးဟာ တလုံး တည်း တချောင်းတည်း၊ မြင်ရပေမဲ့၊ ပဌမလွှတ်သော ရေနောက်

ဒုတိယရေကလိုက်၊ ဒုတိယလွတ်သော ရေနောက်၊ တတိယရေက လိုက်၊ ပိုက်လုံးကလည်း (၁) နံပါတ်ပိုက်လုံးက (၂) နံပါတ်ဆက် (၂) နံပါတ်ပိုက်လုံးက (၃) နံပါတ် ဆက်လာလိုက်တာ၊ ရန်ကုန် မြို့ကြီးသို့ ရောက်လာတယ်၊ ရေ-ရော ပိုက်လုံးရော အစဉ်အဆက် ကောင်းလို့၊ အမြင် တပေါင်းတည်း ဖြစ်နေဘယ်၊ သေချာစွာကြည့်။

ဥပမာတနည်း။ ဘိုင်စကုပ် ရုပ်ရှင်ပြသောအခါ၊ ကော်ပြား ရုပ်ကလေးပေါင်း၊ မြောက်များစွာဆက်ခါ ဆက်ခါ လည်နေ သည်ကို၊ ဆလိုက်မီးထိုးလိုက်တော့ ရုပ်ရှင် မင်းသား မင်းသမီး၊ ဇါတ်လိုက်ပေါ်လာတယ်၊ လက်လှုပ်၊ ခြေလှုပ်၊ ပါးစပ်လှုပ်၊ စကား ပြောနေကြဒါမြင်တယ်၊ အမှန်မှာ ကော်ပြား၊ ရုပ်သေ ကလေး တွေ၊ တခုပြီးတခု အဆက်ကောင်းလို့ တပေါင်းတည်း ထင်မှတ် ကြရ၏။

ဥပမေယျ။ မိမိခန္ဓာကိုယ်ကြီးမှာလဲ၊ ရုပ်နာမ်အဖြစ်အပျက် က၊ အလွန်မြန်၍ အစဉ်အဆက် ကောင်းနေသဖြင့်၊ လူရှင်ထင် ကြ၏၊ ထိုအသင်သည် မှားပြန်၏၊ ဒိဋ္ဌိ ဖြစ်ပြန်၏၊ ရုပ်အသေ လေးတွေ၊ အဆက်ကောင်းလို့ လူရှင်ထင်နေသည်၊ အပျက်ကို မမြင်ကြ၊ စင်စစ်မှာ၊ လူရှင်မဟုတ်၊ လူသေဆိုတယ်၊ ခက်တယ်၊ နက်တယ်၊ အနိစ္စကို၊ သန္တတိဖုံးနေတယ်၊ ကျမ်းဂန်ရှိ၏၊ ဒီ သန္တတိ ပညတ်အဖုံးကို မခွါတတ်ဘဲ၊ အနိစ္စမမြင်နိုင်၊ ဒီအဖုံး မဖွင့်တတ်လို့ တကယ့်ဓါတ်ရုပ် ဓါတ်နာမ်တို့၏၊ အနိစ္စအချက် မမြင်ကြ၊ ဓါတ်နာမ် ဓါတ်ရုပ် တို့သည် အရွေ့အသွား မခံ၊

အလွန်လျှင်မြန်သော လက္ခဏာရှိ၏၊ ဇလ္လတ္တရကာလာ အရွေ့ အထားမခံ။

**သန္တတိယာ ပဋိစ္ဆန္နတ္တာ အနိစ္စလက္ခဏံ နုပဋ္ဌာတိ။**

သန္တတိယာ၊ အမှန်မမြင်၊ ဉာဏ်မဝင်၍၊ နာမ်ပင် ရုပ်ဆက်၊ ဖြစ်ပျက်မြန်ချက်၊ အသက်စဲ့၊ အစဉ်စဲ့၊ သန္တတိ ပညတ်သည်၊ ပဋိစ္ဆန္နတ္တာ၊ အန္ဓတို့၏ စိတ်မျက်လုံးမှာ၊ ပြောမယုံနိုင်အောင် ဖုံးလွှမ်းသည့် အဖြစ်ကြောင့်၊ အနိစ္စလက္ခဏံ၊ အစဉ်ပျက်ကွက် ချွတ်ယွင်းချက် လက္ခဏာကို၊ နုပဋ္ဌာတိ၊ မထင်ရှားနိုင်။

သန္တတိပညတ် ဖုံးနေလို့၊ ငါမိန်းမ ထမင်း ချက်နေတယ် ထင်တယ်၊ ငါလင်စာရေးနေတယ်ထင်၏၊ လူရှင်ထင်လို့ ဒိဋ္ဌိဖြစ်၏၊ တဏှာမာန ပေါ်နေ၏၊ အသက်ရှိနေတယ်ထင်လို့ မက်နေစွဲနေကြ၏၊ သမုတိ မရဏ အသက်ထွက်တော့၊ ၃ - ရက်က ပို၍ မထား (၅)ရက် (၇) ရက်ထားခြင်ရင်၊ သံပြုတ်ခေါင်း စပ်ရပြီ၊ နံလို့ ပုတ်လို့၊ ဒီသမုတိမရဏဟာ သန္တတိ မရဏက လာတာ၊ သန္တတိမရဏ၏ လက်ပါးစေ တမန်တော်လို့ ခေါ်တယ်၊ အန္ဓတို့ မြင်ဘို့၊ လင်းတတွေမြင်ဘို့၊ ဘိုင်းကနဲလဲသေပြရတယ်၊ ဒီအမြင် ဒီအသိမျိုးမှ တိုးတက်မြင်အောင်ကလျာဏ အရိယာ ဖြစ်အောင် ဝိပဿနာ မဟာပညာရွှေအိုးက သန္တတိ အဖုံးဖွင့်ပေးပြီ။

# သမူဟဃနပညတ်

သမူဟဃနပညတ်ဆိုဒါ အိမ်၊ လှည်း၊ ရထား၊ စသည်တို့ကဲ့သို့၊ အတူထင်ရှား အများပေါင်းစု၊ လုံးထွေးနေသည်ကို၊ တသားထဲ တခဲထဲ၊ တခုထဲထင်ကြမြင်ကြရသော၊ သဘောကိုခေါ်သည်။

ဥပမာ၊ လှည်းဘီး၊ လှည်းအိမ်၊ လှည်းထမ်းပိုး၊ လှည်းတံကိုးတန်၊ လှည်းဝင်ရိုးတို့၊ သူ့နေရာနှင့်သူ ပေါင်းစပ်လိုက်တော့ လှည်းခေါ်သည်။

ဥပမေယျ၊ ကောဋ္ဌာသ၊ တခုစီဖြုတ်ချ၊ တခုစီသူ့နေရာနှင့်သူ ပေါင်းစပ်လိုက်တော့မှ လူ၊ ခွေး၊ ကြက်၊ ငှက်၊ စသည်ခေါ်သကဲ့သို့တည်း။

# သုဘပညတ်

သုဘပညတ်ဆိုဒါ အလှ၊ အယဉ်၊ အတင့်တယ်၊ ချစ်ခင်ဘွယ်နှစ်သက်ဘွယ်ရာ ထင်ကြရ မြင်ကြရသော သဘောကို ခေါ်သည်။ သုဘဆိုဒါ တင့်တယ်ဒါ၊ မိမိနှစ်သက်မှ တင့်တယ်ကြ၏၊ မနှစ်သက်လျှင် မတင့်တယ်၊ ပုထုဇဉ်တို့ အနှစ်သက် အသာယာဆုံးသည်၊ တင့်တယ်ဆုံးဘဲ၊ သုဘဘဲ၊ အသုဘ အစစ်မှန်း မသိကြဆရာကောင်း တွေ့ဘို့လိုလှသည်။

ဘုရားကတော့၊ မတင့်တယ်ဘူးဟော၏၊ သုဘပညတ်ဖုံးလို့ ပုထုဇဉ်က တင့်တယ်သည် ထင်၏၊ မျက်ခုံးက ၃-ရက်လ၊ မျက်လုံးက ရွှေသမင်မျက်လုံး၊ နှာခေါင်းကလေးက ပျော့ပျော့ကားကား နှာတံကလေးက သေးသွယ်၊ သွားကလေးကပုလဲသွယ်၊ ဆံကေသာ ၃-တောင်ထွာ၊ ကိုယ်ကလေးကကျော့ရှင်း၊ ယမင်းရုပ် ရွှေလည်တိုင် ဖေါ့ဖယောင်း၊ ပုထုဇဉ်တို့ တော်တော် မြင်တတ်တယ်၊ သုဘပညတ် ဖုံးလို့၊ အသုဘမမြင်ကြ။

## ဝိပဿနာ ပညာရွှေအိုးက သတိပေးပြီး။

၁။ မျက်လုံးလေးကရွှေသမင်၊ မျက်လုံးမဟုတ်ဘူး၊ မျက်ချေးတွေထွက်ပြနေတယ်၊ အသုဘ။

၂။ နားကလေးက ပျော့ပျော့ကားကား၊ မဟုတ်ဘူး၊ နာဖါ ချေးတွေထွက်ပြနေတယ်၊ အသုဘ။
၃။ နှာတံကလေးက သေးသွယ်၊ မဟုတ်ဘူး နှပ်ချေးတွေ ထွက်ပြနေတယ်၊ အသုဘ။
၄။ သွားကလေးတွေက ပုလဲသွယ်၊ မဟုတ်ဘူး၊ သွားချေးတွေ ထွက်ပြနေတယ်၊ သွားမတိုက်နဲ့၊ အသုဘ။
၅။ ဆံကေသာ သုံးထောင့်ထွာ၊ မဟုတ်ဘူး၊ သန်း၊ ဘောတ်၊ ဒက်တို့၏၊ အိုးအိမ် ထူထောင်နေသော၊ ဌာန၊ ခေါင်းမ် လျှော်နဲ့၊ အသုဘ။

မျက်လုံးထဲကထွက်တဲ့၊ မျက်ချေး၊ နားထဲကထွက်တဲ့ နာဖါ ချေးကို ၃၀၀၀ - ၄၆၀၀ ကုန်တင်လို့၊ မင်္ဂလာ မဆောင်ဘူး ဒါပေမဲ့ လက်ထပ်ပြီးသည်နှင့်တပြိုင်နက်၊ မျက်ချေး၊ နှာဖါချေး တို့ကို သိမ်းပိုက်ရဒါဘဲ၊ မတွေးလို့၊ သုဘထင်နေလို့၊ သုဘသာ ဓက ရှေ့ဆက်ဘာတ်။

( ပညတ်ခမ်းခေတ္တရပ် )

## အဖုံးကိုလှန် - တရားစစ်အမှန်

ဤကဲ့သို့ ပညတ်စု ဖုံးကွယ်ထားသဖြင့်၊ ရုပ်အစစ်နာမ်အစစ် ဓါတ်အနှစ်ကို အသိခက်၊ အမြင်ခက်ဖြစ်ကြရသည်၊ ဤကဲ့သို့ ဖုံး ကွယ်ခြင်းကိုပင်၊ ငါ၏တရားတော်သည်၊ ( မြင့်မိုရ်တောင်ဖြင့်၊ ဖုံးလွှမ်းအပ်သော မုံညှင်းစေ့ကဲ့သို့ ) ဟုဆိုတော်မူသည်၊ သတိ ပြုကြ ဤပညတ်စုကို၊ ခွါလှန်နိုင်၍၊ ပရမတ်ကိုမြင်အောင်၊ ကြည့် နိုင်မှလည်း၊ ရွှေအိုးကြီးလေးလုံးနှင့် တူသော၊ သစ္စဉာဏ်ကိုရ၍ မဂ်ပေါက် ဖိုလ်ပေါက် နိဗ္ဗာန် ရောက်မည်ကို သတိပြုရာ၏။

**ပညတ္တိံ၊ ထပေတွာ ဝိသေသေန၊**
**ပဿတီတိ၊ ဝိပဿနာ။**

ပညတ္တိံ၊ အပေါ်ရန် အမြွေးအကာ၊ ပညတ်လွှာကို။ ထပေတွာ၊ ခွါလှန်ဖယ်ထား၍။ ဝိသေသေန၊ သိနေကြ ပညတ္တိဉာဏ်ထက်၊ ထူးသောအားဖြင့်။ ပဿတိ၊ အကြောင်းအကျိုးဖြစ်သောရုပ်အစစ်နာမ်အစစ်ကို၊ မြင်တက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်ဝိပဿနာ၊ ဝိပဿနာမည်၏။

ရုပ်နာမ်အစစ်ကို မြင်ရန်၊ ပညတ်လွှာ၊ ပညတ်အဖုံး တို့ကို၊ ခွါလှန်ရမည်ဆိုသည့် အတိုင်း၊ ဘော်ပြခဲ့သော ပညတ်များကို၊ သေချာစွာ၊ သရုပ်ကွဲအောင်၊ ဝေဖန်၍၊ ပညတ်ရှိရာ ဓါတ်သက်ပါအောင် ဉာဏ်မှာ ကပ်၍ ရှုကြရမည်။

ပညတ်အဖုံးခွါလှန်ရှုလျှင်၊ ပရမတ် အစစ်ဖြစ်သော နာမ်ရုပ်အစစ်ကို၊ ဉာဏ်မှာတကယ် မြင်မည်။ ဂရုပြုပါလေ။

# နာမ်ရုပ် ပရမတ် အခန်း

လူမရှိကြ နာမ်ရုပ်မျှ၊ မုဏ္ဍပရမတ်၊ ဘော်ပြခဲ့သော ပညတ်တို့ကို ခွါ၍ပြီးသောအခါ နာမ်ရုပ် (၂) ပါး မြင်ကြမည်။

လူမရှိကြ၊ နာမ်ရုပ်မျှ၊ မုဏ္ဍပရမတ်။

**လူမရှိဘာရှိသလဲ။**

နာမ်နှင့်ရုပ် (၂) ပါးသာရှိသည်၊ မိမိ၏ရင်ထဲက ဟဒယဝတ္ထုကိုမှီး၍ဖြစ်သော စိတ်ကိုနာမ် အာရုံကိုသိတတ်၊ ကြံတတ်တာနာမ် ထိုနာမ်သည် ခဏ၊ခဏ ပြောင်းလဲနေသည်၊ ဖြစ်နေသည်၊ပျက်နေသည်၊ ပေါ်လိုက်ပျက်လိုက်၊ ဏာခမနား သဲကမ္ဘာ းကဲ့သို့ ဖြစ်ရေ

အယဉ်ကဲ့သို့၊ အဆက်မပြတ်ဖြစ်မှု၊ ပျက်မှု၊ သဘောရှိသည်၊ ချစ်စိတ်ပေါ်ဆဲ၊ မုံးစိတ်မဖြစ် ကုသိုလ်စိတ်ပေါ်ဆဲ၊ အကုသိုလ်စိတ်မဖြစ်မှတ်၊လက်ဖြစ်တတွက်၌ ကုဋ္ဌေတသိန်းထိုနာမ်သည်၊ ဖြစ်လဲဖြစ် ချုပ်လဲချုပ်၏။ ကြုံမှပေါ်တတ်နာမ် ပရမတ်ဟုမှတ်လေ။

စားပွဲခုံပေါ်မှာရှိတဲ့ (၁) စာအုပ် (၂) ကလောင်တန်(၃) မင်အိုး (၄) မျက်မှန်ကို တခုပြီးတခု ကြည့်ပါ၊ စာအုပ် မြင်တဲ့စိတ်သည်၊ ကလောင်တန် မြင်တဲ့စိတ် ရောက်၊ စာအုပ်မြင်စိတ်ပျောက်၊ မှင်အိုးမြင်စိတ်ရောက်၊ ကလောင်တန်မြင်စိတ် ပျောက်၊ မျက်မှန် မြင်စိတ်ရောက်၊ မှင်အိုး မြင်စိတ် ပျောက်၊ **SLOW MOTION.** ဖြေးဖြေး၊ ဖြေးဖြေးး စိတ်ပေါ်မှု ပျက်မှုကို ရှုဖန်များလာသော်၊ တိုး၍တိုး၍ လျှင်မြန်လာတာ မြင်လိမ့်မည်၊ ဒီလိုမနားတန်း ချုပ်ပျက်နေသည်ကို၊ ကြည့်ဖန်ရှုဖန် များလာတော့၊ အဆက်မရှိ အပျက်အတိလို့၊ မမှတ်နိုင် လောက်အောင်၊ စိတ်ပျက်လာအောင်တွေ့တော့ မြင်တော့၊ ဒီပျက်သဘောသည် ဘေးကြီးဘဲ၊ ကြောက်စရာကြီးဘဲ၊ စသည့်အမြင်မှန် တွေ့လာလိမ့်မည်၊ ဒါ နာမ်သဘောဘဲ သဲလွန်စ၊ ရှုဘို့ရှာဘို့၊ ခန္ဓာစီးပြင်ကို မထွက်နဲ့၊ စာဘတ်ရင် ခန္ဓာနှင့် ဟပ်ပါ၊ ပေါ့ပေါ့မဘတ်နဲ့ ယောဂီ မျက်စိညောင်းရင် ခဏနား၊ ဂရုပြု။

## ရုပ်က ဘာ သဘောလဲ

ရုပ်က ဒီလို၊ ခန္ဓာကိုယ် တကိုယ်လုံးကို၊ ရုပ်ဟုကောက်ပါ၊ ဆံပင်ကိုရုပ်၊ ခြေသဲလက်သဲလဲရုပ်၊ သွားအရိုးလဲရုပ်၊ အသားတွေဟူသမျှရုပ်၊ အတွင်းသား အပြင်သား အားလုံး (၃၂) ကောဋ္ဌာသ တို့လည်း ရုပ်တရားတို့ပင်တည်း၊ လက်ဖြစ်တတွက်၌၊ ကုဋ္ဌေ

ငါးထောင်၊ ဖြစ်လဲဖြစ် ပျက်လဲပျက် အပူအကြောင့်ဖေါက်ပြန် ပြောင်းလဲ၊ ဒါလဲရုပ်၊ အပူအအေး မျှလျှင်လဲရုပ်၊ ဖြစ်တယ် ခေါ်၏။

## ဒီခန္ဓာကိုယ်ရုပ်တုံးကြီးကို ရုပ် ၈ မျိုးခွဲရှုလျှင်

၁။ ပထဝီ၊ မာမှု နူးညံ့မှုသဘော ဓါတ်၊
၂။ အာပေါ၊ ဖွဲ့စီးမှု ယိုစီးမှုသဘော ဓါတ်၊
၃။ တေဇော၊ အေးမှု ပူမှုသဘော ဓါတ်၊
၄။ ဝါယော၊ ထောက်ကန်မှု လှုပ်ရှားမှုသဘောဓါတ်။
အထက်ပါရုပ်ကိုမှီ၍ဖြစ်ပေါ်လာသော
၅။ ဝဏ္ဏ၊ အဆင်းသဘော ဓါတ်၊
၆။ ဂန္ဓ၊ အနံ့သဘော ဓါတ်၊
၇။ ရသ၊ အရသာသဘော ဓါတ်၊
၈။ သြဇာ၊ အရသာထဲမှာရှိတဲ့ အဆီဓါတ်၊

ရုပ်မှန်လျှင်၊ ၎င်းသဘော ၈- မျိုးတို့ရှိသည်၊ မှတ်ပါလေ (၁)မှ (၄) အထိ မဟာဘုတ် ခေါ်သည်။

မဟာ + ဘူတ၊ မဟာကြီးကျယ်သည်ဖြစ်၍ + ဘူတ = ထင် ရှားရှိသောရုပ်များ အခြားသော ရုပ်များထက်၊ သဘော လက္ခ ဏာ အားဖြင့်၎င်း၊ အထည်ဒြပ်အားဖြင့်၎င်း၊ ကြီးကျယ်ထင်ရှား သောရုပ်၊ ဒီမဟာဘုတ် (၄)ပါးမှ၊ အာပေါကြဉ်သော ကျန် ရုပ် ပထဝီ၊ တေဇော ဝါယော ဓါတ်ကြီး သုံးပါးသည်၊ အာရုံ ဖြစ်လို့၊ ဂေါစရရုပ်ခေါ်တယ်၊ တွေ့ထိပြီးအာရုံဖြစ်သောကြောင့်၊ ဖေါဋ္ဌဗ္ဗရုပ်ဟု ခေါ်တယ်၊ အာရုံပေါ်လို့မဆုံး၊ ဒီရုပ်၊ အာရုံ လိုက်လို့မဆုံး၊ ဒီရုပ်၊ အာရုံမီးခိုး ဒီရုပ်၊ ဒီရုပ်ကိုသဇဘာပေါက်

အောင်ရှုကြပါ၊ စဉ်းစားပါ၊ မေးပါစုံစမ်းပါ၊ နှလုံးသွင်းပါ သပ္ပုရိသ၊ ဆရာကောင်းကိုရှာပါ၊မတွေ့သံသရာ။

ရူပံ၊ သဒ္ဒေါ၊ ဂန္ဓော၊ ရသော၊ အာပေါဓါတု၊
ဝိဝဇ္ဇိတံ၊ ဘူတတ္တယသင်္ခါတံ၊ ဖောဋ္ဌဗ္ဗံ၊ ဂေါစရ ရူပံနာမ။

ရူပံ၊ အဆင်းအရောင်သည် ၎င်း၊ သဒ္ဒေါ အသံသည်၎င်း၊ ဂန္ဓော၊ အနံ့သည်၎င်း၊ ရသော၊ အရသာသည်၎င်း၊ အာပေါဓါတု ဝိဝဇ္ဇိတံ၊အာပေါဓါတ်သည်၊ ကြဉ်အပ်သော ဘူတတ္တယ သင်္ခါတံ၊ ဘူတရုပ်သုံးခုတို့၏၊ အပေါင်းဟု ဆိုအပ်သော၊ ဖောဋ္ဌဗ္ဗံ တွေ့ထိအပ်သော၊ အတွေ့သည်၎င်း၊ ဂေါစရ ရူပံနာမ၊ ဂေါစရရုပ်မည်၏။

ဆံပင်ကစ (၃၂)ကောဋ္ဌာသ၊ တခုစီတခုစီ၊ မိမိကိုယ်ခန္ဓာက ထုတ်၍ကြည့်သော် တခုတခုသော ကောဋ္ဌာသတို့၌၊ ထိုအဋ္ဌကလပ်ရှစ်မျိုးပင်ရှိ၏၊ (၃၂) ကောဋ္ဌာသ အားလုံးပေါင်း၍၊ ရှုလျှင်လည်း၊ ထိုအဋ္ဌကလပ်(၈)ခုသာရှိပြန်၏၊ဆံပင်မှစ၍၊ ၃၂) ကောဋ္ဌာသသည်၊ လောကီပညတ်နည်းအရ ခေါ်ဆိုသော်လည်း၊ ပရမတ္ထ သစ္စာနည်းအရ အဟုတ်မရှိ၊ တကယ်မရှိ၊ အဋ္ဌကလပ် (၈)မျိုးသဘောသာရှိ၏၊ ခန္ဓာကိုယ်၌၊ တရွေးခန့်အသား လေးမှာပင်၊ ၎င်းရုပ်(၈)မျိုးမှတ်၊ တဆင့်တက် ဓါတ်တလုံး တည်းမှတ်ပါလေ။

ထိုကြောင့်လူမရှိ နတ်မရှိ၊ ဗြဟ္မာမရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ အသက်မရှိမှတ်ပါလေ ဘာရှိသလဲ၊ ပရမတ်ဖြစ်သော၊နာမ်ရုပ် (၂)ပါးသာရှိ၏၊ ထိုနာမ်ရုပ်မှတပါးရှိလျှင်၊ပညတ်ဖုံး၏၊အန္ဓပုထုဇဉ် ခေါ်၏၊ ဒါကြောင့် ဘုရား၏ စကားကို နားမလည်၊ နားကန်း မျက်စိကန်းလို့ မှတ်ပါလေ။

ခန္ဓာကိုယ်ကြီးကို ရှုလျှင်၊ လက်၊ ခြေ၊ နား၊ နှာ၊ မျက်လုံး၊ ခေါင်း၊စသည်ကို မတွေ့၊ ပ-အာ-ဝါ-တေ စသည့်ရုပ် ၈-ခု ကိုသာ တွေ့မည်။

ရေမှာရုပ် (၈) မှတ်၊ ရုပ်သာရှိ၏၊ ရေမဟုတ်
လေမှာရုပ် (၈) မှတ်၊ ရုပ်သာရှိ၏၊ လေမဟုတ်
နေမှာရုပ် (၈) မှတ်၊ ရုပ်သာရှိ၏၊ နေမဟုတ်
လမှာရုပ် (၈) မှတ်၊ ရုပ်သာရှိ၏၊ လမဟုတ်
မြူမှုန့်မှာရုပ် (၈) မှတ် ရုပ်သာရှိ၏၊ မြူမှုန့်မဟုတ်

ရုပ်တရား နာမ်တရားသာ အမှန်တွေ့မည်၊ သဘော ပေါက် အောင်ရှုပါ။

အဲဒီလိုလူကောင်ပျောက်အောင်၊ ရှုပါက အသူးသိ၊ ဝိပဿ ဉာဏ်ရမည်၊ အပါယ်တံခါးပိတ်မည်၊ ဘုရားသားဖြစ်ပြီ၊ ဝမ်း မြောက်တော့။

အမှန်တရား ဖြစ်သော ရုပ်တရား နာမ်တရားကို ဖေါ်ပြခဲ့ သော ပညတ်တွေဖုံးလို့။

၁။ အယူဖေါက်ပြန်သဖြင့်၊ ဒိဋ္ဌိဝိပ္ပလ္လာသ၊
၂။ အမှတ်ဖေါက်ပြန်သဖြင့်၊ သညာဝိပ္ပလ္လာသ၊
၃။ အထင်ဖေါက်ပြန်သဖြင့်၊ စိတ္တဝိပ္ပလ္လာသ၊

ဒိဝိပ္ပလ္လာသတွေ ဖြစ်၍နေပါကလား၊ စင်စစ်မှာ၊ ရုပ်ခါတ် နာမ်ခါတ်တို့သာ၊ အစစ်ရှိပါကလားဟု၊ ဆင်ခြင်နှစ်လုံး သွင်းပါ က ပညတ်ကို ဖေါက်၍ အမှန်အမြင်သို့ ရောက်ပါလိမ့်မည်။

ဥပမာ။ သစ်တပင်ကို ဖြတ်တောက်သည် ရှိသော်၊ ထင်း ဖြစ်၊ ထင်းဖြစ်လျှင်၊ ပြာဖြစ်သလို၊ ခန္ဓာကိုယ်၌ ရွေးစေ့ခန့်

မျှမရှိရအောင်၊ ဉာဏ်ဖြင့် မှန့်မှန့်ညက်ညက် ပြုပါ၊ အမှုန့်မြင်အောင်ရှုပါ၊ နှလုံးသွင်းပါ။

လူတိုင်းသိက ဘာလဲ၊ ဒါမိန်းမ၊ ဒါယောကျ်ား၊ ဟုအပိုင်ယူ၏၊ အဲဒါသက္ကာယ ဒိဋ္ဌိမှတ်ပါလေ၊ တကယ်လူမရှိ၊ မိန်းမ ယောကျ်ားမရှိ မှတ်လေ၊ မရှိမှန်းသိလျှင်အနတ္တ လက္ခဏာပေါက်သည်၊ ဓါတ်ပေါက် ပရမတ်ပေါက်ခေါ်၏၊ ရင်ထဲက စိတ်နာမ်ကလေးသည်၊ အလုံးအပြားဟူ၍ မဆိုနိုင်၊ ၎င်း၏၊ အကြောင်းဆိုက်လျှင် ပေါ်၏၊ အာရုံကိုသိတတ်၏၊ ဟဒယဝတ္ထုမှာ မှီး၍ ဖြစ်၏၊ သို့အတွက်၎င်း စိတ်နာမ် ကလေးကို၊ အထီးအမ မဆိုနိုင်ရှိလို့ နာမ်ကိုပရမတ်မှတ်၊ ခန္ဓာကိုယ် လူကောင်ပြောက် ရှုဆင်ခြင် နှလုံးသွင်းမှု၊ တကယ့် (အနတ္တ) တရားကိုတွေ့မည်၊ ကြိုးစားပါ၊ အနည်းဆုံး၊ ညာတပရိဉာဏ် ခေါ်ရုံလောက်သိလျှင်ပင် အယူစင်၍၊ စူဠသောတာပန် ဆိုရသဖြင့် သေသည်၏ အခြားမဲ့၌၊ ဂတိမြဲခြင်း၊ တိဟိတ်ပဋိသန္ဓေ နေရခြင်း၊ ပညာကြီးခြင်း နောင်အသိအဆုံးရောက်လွယ်ခြင်း၊ အကျိုးကိုရနိုင်သည်၊ အားထုတ်ကြ ယောဂီတို့။

**အနတ္တလက္ခဏံ၊ နာနာဓါတု ဝိနိဗ္ဘောဂဿ၊**
**အမနသိကာရာ၊ ဃနေန၊ ပဋိစ္ဆန္နတ္တာ နဥပဋ္ဌာတိ၊**

နာနာ ဓါတုဝိနိဗ္ဘောဂဿ၊ အတူးထူးသော ဓါတ်သဘာဝတွေဟု၊ ခဏ၊ခဏ ဝေဘန်ရှာဖွေမှုကို။ အမနသိကာရာ၊ နှလုံးသွင်းမှုမရှိကြခြင်းကြောင့်။ ဃနေန၊ ရုပ်တုံးကြီးဖြင့်၊ (ဝါ) နာမသဏ္ဍာန်၊ သန္တတိဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်း၍ နေခြင်းကြောင့်။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာကို၊ (ဝါ) ငါသူတပါး တကယ်အကောင်အထည်မရှိခြင်းကို (ဝါ) ကော်၊ ဒိဋ္ဌ သုညတ မဂ်သို့

ဆိုက်ရောက်သော၊ အမှတ်သညာကို၊ (ဝါ) မီးဒမှု၊ နိဗ္ဗာန်ကို (ဝါ) ရွှေအိုးကြီး လေးလုံးနှင့်တူသော သစ္စာဉာဏ်ကို။ နစ ပဇ္ဇာတိ၊ မထင်နိုင်ကြကုန်။ (နာမ်ရုပ်အခမ်းခွဲရုပ်။)

## ခန္ဓာငါးပါး

လူမဟုတ်ပါ ငါးခန္ဓာ၊ သိပါ ပရမတ်။

၁။ ရူပက္ခန္ဓာ၊ တကိုယ်လုံးရုပ်ပျက်စု၊ သူနာဇရုပ်
၂။ ဝေဒနက္ခန္ဓာ၊ အာရုံခံစားခြင်း၊ ကဋ္ဌနူနာ
၃။ သညက္ခန္ဓာ၊ အာရုံမှတ်သားခြင်း၊ အစားမှား
၄။ သင်္ခါရက္ခန္ဓာ၊ အာရုံပြုပြင်ရခြင်း၊ ညှော်မိ
၅။ ဝိညာဏက္ခန္ဓာ၊ အာရုံကြံသိရခြင်း၊ ရောဂါထ

၁။ ရူပက္ခန္ဓာ၊ တကိုယ်လုံးရုပ်ပျက်စု၊ ရုပ်(၂၈)ပါးလဲ ခေါ် ဟောဒီခန္ဓာကိုယ်ကြီးဘဲ၊ အဋ္ဌကလပ်ဆိုဒါလဲ၊ ဒီရုပ်တုံး ကြီးခေါ်တယ်၊ ဘာကြောင့် ရုပ်ခေါ်သလဲ ဖေါက်ပြန်တယ်၊ အမျိုးမျိုး ရုပ်ပြောင်းရုပ်လွှဲပျက်နေဘယ်၊ ဒါကြောင့်ရုပ်၊ သူနာဇရုပ်နဲ့တူတယ်၊ ဘယ်သူနာဘဲလာလာ၊ လက်ခံဒါဘဲ၊ ဒီရုပ် တုံးကြီးလဲ၊ ဘယ်ရောဂါလာလာ လက်ခံတဲ့ ဌာနကြီးဘဲ၊ ရုပ် ခရိုင်နယ်အတွင်းရှိ၊ ရုပ်အမျိုးမျိုး ဖေါက်ပြန်မှုကို၊ ရောဂါအမျိုး မျိုး အမည်တတ်၍၊ လက်ခံဘဲ့၊ ဌာနချုပ် ဇရုပ်ကြီးဘဲ၊ ဒီဇရုပ် ကြီးရှိသ၍၊ သူနာလာမယ်၊ ဒီရုပ်ကြီးရှိသ၍ အမျိုးမျိုး ဖေါက်ပြန်မယ်၊ နာမ်ရောဂါကြောင့်၊ ရုပ်အနာတုံး ဇရုပ်ကြီး ဖြစ်တယ်၊ သူနာဇရုပ် အမဒေါ်အေး သတိထား ငါ့ခန္ဓာ ဒီရုပ် ကြီးဟာ၊ သူနာဇရုပ်ကြီးပါလားလို့ ခုမဆိုင်မှန်းသိ ခုဇပြီ။

၂။ **ဝေဒနက္ခန္ဓာ၊** ဝေဒနာ စေတသိက်ကိုကောက်၊အာရုံ ခံစားတင်ခြင်း အဲဒါနာမ်၊ ဒီနာမ်ဟာခံစားပြီး ပြောက်၊ခံစား လိုက်ပြောက်လိုက်၊ဘယ်တော့မှခံစားလို့ မပြီးကူဋ္ဌနူနာနဲ့ တူတယ် အနူရောဂါသယ်ဟာ ခဏခဏယား၊ ကုပ်လို့ကောင်း၊ ထပ်ယား ထပ်ကုပ်၊ အနာဖြစ်တာကကိုက်၊ ပြည်ထွက်၊ အဆစ်ကိုက်၊အမြစ် ကိုက်၊ အနာမဖြစ်သေးတာကယား ကုပ်ရ၊ ဖဲ့ရ၊ ချစ်ရ၊ ကုပ်လို့ မပြီး၊ ဒီခန္ဓာ ဝေဒနာအစု၊ သေခြင်းစွာရှုလျှင်၊ ဘယ်ကလာသလဲ (၆) ဒွါရကဖဿ ကြောင့်၊ ဝေဒနာ ပေါ်၏၊ ဒီ(၆)ဒွါရက ဝေဒနာ အကြီးဆုံးကိုစွဲ၍၊ အနှစ်သက်အစွဲဆုံး၊ ဆိုတဲ့သဘော ကို၊ သတ္တပုဂ္ဂလမဟုတ်၊ သက်သက်သောခံစားစု သဘောဟု၊ ခု တွေ့၊ ခုသဘောပေါက်၊ ခုအေးမည်၊ အကာလိကော အခါမလင့် မှတ်လေ။

၃။ **သညက္ခန္ဓာ၊** သညာစေတသိက်ကောက်၊ ခံစားဘူး သော အာရုံမှန်သမျှ ကောင်းကောင်းမကောင်းကောင်း မှတ်ထား ဘဲ၊ အစားမှားဒါနဲ့ တူတယ်၊ အရသာကောင်းမှန်း မှတ်မိတော့၊ စားခြင်တဲ့ လိပ်ဥကိုကြော်စား။

၄။ **သင်္ခါရက္ခန္ဓာ၊** စေတသိက် (၅၀) ကိုကောက်၊ခံစား မှတ်ထားသမျှ အာရုံတို့ကို၊ထပ်ခါထပ်ခါအားယူ လုံ့ဆော်ပေးတဲ့၊ နာမ်သဘောကိုဆိုတယ်၊ ညှော်မိပြီ၊ စားခြင်တဲ့လိပ်ဥ ကြော်ရတဲ့ သင်္ခါရဒုက္ခ၊ ညှော်မိတဲ့နူနာသယ်နဲ့ တူတယ်။

၅။ **ဝိညာဏက္ခန္ဓာ၊** စိတ်အကျဉ်း (၈၉)အကျယ် (၁၂၁) ပါးကိုကောက်၊ အာရုံလိုက်ဘို့ကို နေ့ညမပြတ်တွေးခြင်း၊ ကြံခြင်း စဉ်းစားခြင်းကို၊ ဝိညာဏခန္ဓာခေါ်တယ်၊ နူနာသယ် ရောဂါထ ပြန်တယ်။

## ဒီသံပေါက်တယ်မိပါကလား

၁။ ရုပ်စုခန္ဓာ၊ ဥပမာ၊ သူနာဇရုပ်ပေါ၊
၂။ ဝေဒနာရ၊ ခံစားကြ၊ ကဥ္ဓနူနာအော်၊
၃။ သညာ၊ အာရုံ၊ မှတ်ကြကုန်၊ လွန်ပုံစားမှားသော်၊
၄။ သင်္ခါရနာမ်၊ တိုက်တွန်းပြန်၊ သော်ခံမိလို့အော်၊
၅။ ဝိညာဏ်အာရုံ၊ ကြုံတိုးပုံ၊ ရောဂါဆုံလို့ပေါ၊
၆။ ခန္ဓာငါးပါး၊ ပျက်စုများ၊ မှတ်သားရှုဘို့မျှော်၊

ဒီခန္ဓာငါးပါး၌၊ ဒိဋ္ဌိအနာ၊ တဏှာအနာ၊ မာနအနာ၊ ကြီးတို့သည် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်၏၊ ဝိပဿနာဉာဏ်ဆေး ဖြင့်၊ ပြုပြင်ကုသရန် လိုပေသည်၊ အနာနှင့်ဆေးကိုက်အောင်ပေး ပျောက်ရေးမခက်ပါ၊ဆိုသည့်အတိုင်း၊ခန္ဓာငါးပါး၏၊ ဒိဋ္ဌိအနာ ကြီးကို၊ ရှေးဦးစွာ မဟာပညာရွှေအိုးက၊ ဖေါ်ထုတ်၍ပြပေအံ့။

ရေမြှုပ်ပမာ၊ရုပက္ခန္ဓာ၊ ရုပ်အစုမှာ၊ဒိဋ္ဌိလေးပါး(ရုပ်သည်ငါ ငါသည်ရုပ်၊ ရုပ်ထဲမှာငါ ငါထဲမှာရုပ် )

(ရူပံအတ္တတောသမနုပဿတိ ရူပဝန္တံဝါအတ္တာနံ အတ္တနိဝါ ရူပံ ရူပဝါ အတ္တာနံ။)

ရေပွက်ပမာ၊ ဝေဒနက္ခန္ဓာ၊ ခံစားဒါမှာ၊ ဒိဋ္ဌိလေးပါး (ဝေဒနာသည်ငါ၊ ငါသည်ဝေဒနာ၊ ဝေဒနာအထဲမှာငါ၊ ငါ အထဲမှာဝေဒနာ)။

(ဝေဒနာ အတ္တတော သမနုပဿတိ၊ ဝေဒနာဝန္တံဝါ အတ္တနံ၊ အတ္တနိဝါဝေဒနံ၊ ဝေဒနာယဝါအတ္တာနံ)

တံလျှပ်ပမာ၊သင်္ခါရက္ခန္ဓာ ပြုပြင်ခြင်းလေးပါး၊ ပြုပြင်ဒါ ငါ၊ ငါဟာပြုပြင်ဒါ၊ ပြုပြင်တဲ့အထဲမှာငါ၊ ငါအထဲမှာပြုပြင်ဒါ။

သင်္ခါရေ အတ္တတော သမနုပဿတိ၊ သင်္ခါရ ဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါ သင်္ခါရေ၊ သင်္ခါရေ၊ သု ဝါ အတ္တနံ။

တန်လုပ်ပမာ၊ သညာက္ခန္ဓာ၊ မှတ်သားခြင်းမှာ ဒိဋ္ဌိလေး ပါး၊ မှတ်ထာသည်ငါ၊ ငါသည်မှတ်ထာ၊ မှတ်တဲ့အထဲမှာငါ၊ ငါ အထဲမှာ မှတ်ထာ။

**သညာ အတ္တ တော သမနုပဿတိ၊ သညာ ဝန္တံ ဝါအတ္တာနံ၊ သညာယ ဝါအတ္တာနံ၊ အတ္တနိ ဝါ သညံ။**

မျက်လှည့်ဆရာ၊ ဝိညာဏက္ခန္ဓာ၊ ကြံသိခြင်းမှာ ဒိဋ္ဌိ လေးပါး (သိဒါသည်ငါ ငါဟာသိဒါ၊ သိတဲ့အထဲမှာငါ၊ ငါအ ထဲမှာသိဒါ။

ဝိညာဏံ အတ္တတော၊ သမနုပဿတိ၊ ဝိညာဏံ ဝန္တံ ဝါ အတ္တာနံ အတ္တနိ ဝါဝိညာဏံ ဝိညာဏသ္မိံ ဝါ အတ္တနံ။

**အဲဒီသက္ကါယ ဒိဋ္ဌိ** (၂၀)သည်၊ **အန္ဓပုထုဇဉ်တိုင်းမှာ** ရှိကြ သည် သက္ကါယဒိဋ္ဌိ (၂၀) သည်၊ ခပ်သိမ်းသော ဒိဋ္ဌိတို့၏ မူလအမြစ် ခေါ်၏။

## သက္ကာယဒိဋ္ဌိ အကျယ် (၂၅၆) ပါး

ရူပက္ခန္ဓာ၊ ရုပ် (၂၈)ကို သက္ကာယဒိဋ္ဌိ (၄)နှင့် မြှောက် (၁၁၂)ရုပ်သက္ကာယ။

ဝေဒနက္ခန္ဓာ၌၊ ဝေဒနာ (၆ ပါး သုခ၊ ဒုက္ခ၊ ဥပေက္ခာ(၃) ပါးနှင့်မြှောက် (၁၈) ပါး၊ ထို (၁၈) ပါးကို၊ သက္ကာယဒိဋ္ဌိ (၄) ပါးနှင့်မြှောက် (၇၂) ဝေဒနာ သက္ကာယ။

သညက္ခန္ဓာ၌၊ ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသ သညာ၊ ဖေါဋ္ဌဗ္ဗသညာ၊ ဓမ္မသညာ၊ ပေါင်း (၆ ပါး၊ ၎င်း{၆}

ပါးကို သက္ကာယဒိဋ္ဌိ (၄)နှင့် မြှောက် (၂၄) ပါး သညာ သက္ကာယ။

**သင်္ခါရက္ခန္ဓာ**သည်၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မ (၆) ပါးနှင့် ဖြစ်ပေါ်သော၊ အာရုံအပြားအားဖြင့်၊ သင်္ခါရ (၆)ပါး ကို သက္ကာယဒိဋ္ဌိ (၄)နှင့်မြှောက်သော်၊ (၂၄) ပါး သင်္ခါရ သက္ကာယ။

ဝိညာဏက္ခန္ဓာသည်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနောဟူ၍ ဒွါရ၏ အပြားအားဖြင့် ဝိညာဏ် ၆-ပါးဖြစ်၏။ ၎င်း ၆-ပါးကို သက္ကာယ ဒိဋ္ဌိ ၄-ပါးနှင့် မြှောက်သော် ၂၄-ပါး ဝိညာဏ သက္ကာယ။

တယောက်သော ပုထုဇ္ဇန်မှာ သက္ကာယဒိဋ္ဌိ ၂၅၆-ပါးရှိ၏။

ဒီ (၂၅၆)ပါးသော၊ သက္ကာယဒိဋ္ဌိသည်၊ လူ၊ နတ်၊ ဗြဟ္မာ ပုထုဇ္ဇန်သတ္တဝါတွေမှာ၊ ဖြစ်လေရာ အမြဲပါတယ်၊ ငရဲ၊ တိရိစ္ဆာန် ပြိတ္တာ၊ အသူရကာယ် တွေမှာ၊ ခံကြရတာလဲ၊ ဒီသက္ကာယ ဒိဋ္ဌိ အပွားအစီးတွေလို့ မှတ်ပါလေ၊ ဒုစရိုက် ၁၀-ပါး ပြုရဲကြတာဘဲ ဒီသက္ကာယ ဒိဋ္ဌိ၏ အပွါးအစီးဟုသိလေ၊ လူ့ပြည်မှာ ဂုဏ်ရှိပါ တယ်၊ တန်ခိုးရှိပါတယ်လို့၊ ယူကြတဲ့ သူဌေး၊ သူကြွယ်၊ ဝန်က လေး၊ ဝန်ကြီး၊ ရှင်ဘုရင်တွေ၊ သမတ စသည်တို့ခံစားကြ၍၊ ပျော် ခြင်တိုင်းပျော်၊ မော်ခြင်တိုင်း မော်ကြရာတွင်၊ ဒီ (၂၅၆) ပါး သော သက္ကာယ၊ ဒိဋ္ဌိ ငရဲမီး တောက်နေကြသူတို့သည်၊ ယနေ့၊ သေ၊ နက်ဖန်၊ အဝီစိ မီးစာဖြစ်နိုင်သည်ကို ကြောက် ကြတွေးကြ မာနလျော့၍၊ တရားရှင်ထံသို့ ဆီးကပ်ကြ၊ ဝိပဿနာကို၊ လေ့ လာကြ၊ အားထုတ်ကြ၊ ကြက်ချင်းထဲက ကြက်တွေကဲ့သို့ သေ ဘေး မမြင်နိုင်ဘဲ၊ တကောင်နဲ့တကောင် ဆိပ်ကြခွပ်ကြ၊ စား

ကြ၊ သောက်ကြဒါတွေ၊ မြင်သလို၊ အရိယာသူတော်ကောင်းတော့က၊ ဓမ္မအမွေတည်းဟူသော, ဝိပဿနာ မဟာ ပညာရွှေအိုးကို၊ မရကြသော သူတို့အား မြင်သဖြင့် သနားအံ့ ဂရုနာရှိ၍။ ဘုရား ပြုခြင်း၏။

**နာဟံ ဘိက္ခဝေ အညံ ဧက ဓမ္မံပိ သမနုပဿာမိ။**

{ ဧကင်္ဂုတ္တရ ပါဠိတော် ဧကာဒသမဝဂ် }

ငါဘုရားသည် ဒိဋ္ဌိမှ တပါးအပါယ်သို့ ရောက်စရာ တရားမမြင်လို့ ဟောတော်မူသည်ကို သတိပြု။

## ပဉ္စမအရေးအကြီးဆုံးအလုပ်

သတ္တိယာဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။
သက္ကာယဒိဋ္ဌိပ္ပဟာနာယ၊ သတော ဘိက္ခုပရိဗ္ဗဇေ။
( သဂါထာဝဂ္ဂ သံယုတ် )

သတ္တိယာ၊ ရန်သူပယ်ခွင်း ဓါးလှန်စင်းဖြင့်။ ဩမဋ္ဌောဝိယ၊ အသဲကိုကျ ကိုယ့်ရင်ဝ၌ နှုတ်ကြွမနိုင် ငူးရှု၍ ခိုင်သကဲ့သို့ငင်း မတ္ထကေ၊ ကေသာစုဆောင်း ကိုယ့်ဦးခေါင်း၌။ ဍယှမာနောဝ၊ ပြုဟ္လာနတ်လူ မကူနိုင်ကြ မီးပုံကြီးကျ သကဲ့သို့ငင်း။ သတော၊ သတိရပါသော၊ ဘိက္ခု၊ အပါယ်ကို အပ လူသုခ နတ်သုခ ခံစားပြီးပျက်ပျောက် မီးတောက်လို့ထင် လူနဲ့ရှင်သည်။ သက္ကာယ ဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ ဝါ၊ ကြွင်းကျန်ဒိဋ္ဌိ စာလာရှိက ဉာဏ်သိတွေးကြံသက္ကာယဒိဋ္ဌိရန်ကို။ ပဟာနာယ၊ မကြာချက်ခြင်းပယ်သတ်ခြင်းငှာ။ ပရိဗ္ဗဇေ၊ မနေမနားအားထုတ်ရာ၏။ ပရိဗ္ဗဇေ၊ ဝိပဿနာ ဆိုက်အောင်သာသိ နှယ်ရှာဘိသို့ သတိပုံသေအားထုတ်ကြလေရာ၏။

## ပဌမ အရေးအကြီးဆုံးပယ်သတ်ရန်

မြတ်စွာဘုရားသည်၊ လူပုဂ္ဂိုလ် သတ္တဝါတွေမဟုတ်ကြောင်း ခန္ဓာငါးပါးဖြင့် ရှင်းလင်းဟောပြခြင်းဘဲ၊ ဒီခန္ဓာငါးပါးဟာလဲ ရုပ်နာမ်ပါဘဲ၊ ဝိပဿနာဉာဏ်နှင့်၊ ဝေဖန်သော်၊ ခန္ဓာငါးပါး သာရှိကြောင်း၊ ဒီခန္ဓာငါးပါးသည်၊ ငါမဟုတ်၊ မမြဲသောဆင်းရဲသော၊ အနှစ်သာရမရှိသော၊ သဘောပါလား၊ အနာရောဂါ အိုင်း အမာနူနာကြီး၏၊ တည်ရာဌာန၊ သူနာဇရပ်ပါလားလို့၊ နှလုံးသွင်းကြ၊ ခွက်စွဲတောင်းစားတဲ့ အနူကိုမကြည့်နဲ့၊ မိမိမှာ၊ တဏှာ-မာန-ဒိဋ္ဌိ၊ အနူရောဂါကြီးရှိနေတယ်၊ ခုတွေး၊ ခုသံဝေဂရ ခုတရားကို နှလုံးသွင်း၊ ပျော်တယ်လို့ရယ်သလား ငိုရလိမ့်မယ်။

### အရကျက် နေ့တိုင်းရွတ်

၁။ ရူပံ၊ အတီတာ၊ အနာဂတ၊ ပစ္စုပ္ပန္နာ၊ အနိစ္စံ၊
ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တ အသာရကဋ္ဌေန၊
ပုပြင်ဆေးသုတ်၊ ပေါင်းထုတ်မွန်းမံ
ကျိရုပ်ထိုရုပ်၊ ရေမြှုပ်သန္တာန်၊
မခိုင်မြဲလို့၊ ဆင်းရဲကေန်၊
အကာကျ၊ သာရကင်းမဲ့ပြန်။

၂။ ဝေဒနာ အတီတာ၊ အနာဂတ၊ ပစ္စုပ္ပန္နာ၊ အနိစ္စံ ခယ
ဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တ၊ အသာရကဋ္ဌေန၊
သာယာနှစ်သက်၊ ခံချက်နှစ်တန်
ဝေဒနာစက်၊ ရေပွက်သန္တာန်
မခိုင်မြဲလို့၊ ဆင်းရဲကေန်
အကာကျ၊ သာရကင်းမဲ့ပြန်၊

၃။ သညာ အတီတာ အနာဂတ ပစ္စုပ္ပန္နာ၊ အနိစ္စံ ခယ
ဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တံ အသာရက ဋ္ဌေန၊
ကြောင်းအကျိုးနှင့်၊ ကောင်းဆိုးမှတ်ရန်
သညာနာမ်ဓါတ်၊ တံလျှပ်သန္တာန်
မခိုင်မြဲလို့၊ ဆင်းရဲကောန်
အကာကျ၊ သာရကင်းမဲ့ပြန်၊
၄။ သင်္ခါရာ၊ အတီတာ၊ အနဂတ၊ ပစ္စုပ္ပန္နာ၊ အနိစ္စံ ခယ
ဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊ အနတ္တံ အရသာရက ဋ္ဌေန၊
ပြုပြင်ပြောင်းလဲ၊ ဖေါက်လဲဖေါက်ပြန်
သင်္ခါရကွေါ၊ ငှက်ပျောသန္တာန်
မခိုင်မြဲလို့၊ ဆင်းရဲကောန်
အကာကျ၊ သာရကင်းမဲ့ပြန်၊
၅။ ဝိညာဏံ အတီတာ အနာဂတ ပစ္စုပ္ပန္နာ၊ အနိစ္စံ ခယ
ဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန အနတ္တံ အသာရက ဋ္ဌေန၊
အသွင်ဖေါက်ပြား၊ မှောက်မှားစေရန်၊
ဝိဉာဏ်လက်လှည့်၊ မျက်လှည့်သန္တာန်၊
မခိုင်မြဲလို့၊ ဆင်းရဲအမှန်၊
အကာကျ၊ သာရကင်းမဲ့ပြန်။

........।၀।........

ခန္ဓာ တစ်လေး၊ ဝဋ်ဘေးမှန်သည်
သူရို့တွဲတော့၊ ဆင်းရဲမှန်သည်
သူရို့ကွဲမှု၊ အားပြုရာသည်
သူရို့ကွဲ၊ ဆင်းရဲဇာတ်သိမ်းမည်။
ခန္ဓာငါးပါးတခမ်းရပ်။

# လူမရှိကြွ အာယတန တွေ ကြပရမဘ်

| | |
|---|---|
| စက္ခာယတန<br>မျက်စိ | ရူပါယတန<br>အဆင်း |
| သောတာယတန<br>နား | သဒ္ဒါယတန<br>အသံ |
| ဃာနာယတန<br>နှာခေါင်း | ဂန္ဓာယတန<br>အနံ့ |
| ဇိဝှါယတန<br>လျှာ | ရသာယတန<br>အရသာ |
| ကာယာယတန<br>ကိုယ် | ဖေါဋ္ဌဗ္ဗာယတန<br>အတွေ့ |
| မနာယတန<br>ဘွင်စိတ် | ဓမ္မာယတန<br>တရား |

၆ + ၆ = ၁၂

ဘာ့ကြောင့် အာယတနခေါ်သလဲ၊ ခွဲလို့၊ မဆုံး နိုင်လို့၊ တည်ရာဌာနဖြစ်လို့၊

အာယဘူတော၊ တေဓမ္မေ တောနိ တနောန္တိ ဝိတ္ထာ ရေန္တိ တိ၊ အယတနာနိ၊ တောနိ၊ ထိုစက္ခု စသော သဘောတို့သည်။ အာယဘူတော၊ ဒွါရအာရုံ၌။ ဖြစ်တတ်ကုန်သော။ တေဓမ္မေ ထိုပေါ်လာမဲ့ စိတ်စေတသိက် ရုပ်တရားတို့ကို။ တနောန္တိဝိတ္ထာရန္တိ၊ ခွဲတက်ကုန်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်၊ အာယတနာနိ အယတနတို့ မည်ကုန်၏။

ဒါလူလား၊ နတ်လား၊ ယောကျ်ားလား၊ မိန်းမလား၊ ငါတွေးမယ်ကြံမယ်၊ ခန္ဓာနှင့် ဟပ်၍ တွေးပြီ၊ နှလုံးသွင်းပြီ။

ဩော်.... ငါ့ခန္ဓာက၊ ဆွဲထုတ်ပြတဲ့၊ အတွင်း ၆-ခုနှင့်၊ အပြင် ၆-ခု (၁၂) ခုပါကလား။

မျက်စိက အဆင်းကို လက်ခံ၊ နားကအသံကို လက်ခံ၊ နှာခေါင်းက အနံ့ကို လက်ခံ၊ လျှာက အရသာကိုလက်ခံ၊ ကာယက အတွေ့အထိလက်ခံ၊ ကုသိုလ် အကုသိုလ်၊ တရား ဒီစိတ်ကလက်ခံ ရုပ်နှင့်နာမ်ပါကလား။

| | | |
|---|---|---|
| ငါ့မျက်စိက | (ငါအကြိုက်ဆုံး) | ကြည့်ခြင်တယ် |
| ငါ့နားက | ။ | ကြားခြင်တယ် |
| ငါ့နှာခေါင်းက | ။ | မွှေးခြင်တယ် |
| ငါ့လျှာက | ။ | စားခြင်တယ် |
| ငါ့ကာယက | ။ | ထိခြင်တယ် |
| ငါ့စိတ်က | ။ | ညွတ်ခြင်တယ် |

အကြိုက်ဆုံးဆိုဒါ၊ ငါကြိုက်ထာ ငါသိတယ်၊ ကိုယ်နဲ့ နိူင်း မရိုင်း၊ ဆိုတဲ့စကားအတိုင်း၊ ငါ့လိုဘဲ၊ ကြိုက်ကြမှာဘဲ၊ ဒီဟာ တွေဘယ်တော့ လိုက်လို့ ဆုံးနိူင်တော့မလဲ၊ ဒါကြောင့် သမုဒ္ဒရာ ကြီး (၆)စင်းလို့ ဆိုပါကလား။

ယောဂီ ဒီမဆုံးနိူင်တဲ့၊ သမုဒ္ဒရာကြီး (၆) စင်းထဲမှာ၊ ကူးနေ ကြစဉ်၊ စက္ခုစသော ဒွါရတို့နှင့်၊ ပတ်သက်၍၊ ဖြစ်ပေါ်တဲ့ ဒိဋ္ဌိ တဏှာ- မာန တွေကြောင့်၊ ရှည်သော သံသရာဝဋ်ဆင်းရဲကို၊ ဖြစ် စေတတ်သောကြောင့်၊ အာယတန ခေါ်တယ်၊ လာသမျှ ညွှတ်ခံ အာယတန မှတ်ကြ။

**စက္ခု ဘိက္ခဝေ သမုဒ္ဒေါ။**

ကြည့်လို့မပြီးလို့ ကြည့်ရဒါ၊
ကြားလို့မပြီးလို့ ကြားရဒါ၊
နမ်းလို့မပြီးလို့ နမ်းရဒါ၊
စားလို့မပြီးလို့ စားရဒါ၊
ထိလို့မပြီးလို့ ထိရဒါ၊
စိတ်မနေသာမှာ တွေးကြံလို့မပြီးလို့ကြံရဒါ၊
မပြီးနိုင်ဒါ အာယတန၊

ဓမ္မာယတနမှ၊ ဓမ္မအာရုံသို့ မရောက်သရွေ့ ဘယ်တော့မှမဆုံး၊ ဘယ်တော့မှ မပြီးမှတ်လေ၊ အာယတန (၁၂) ပါးသည်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ နာမ်နဲ့ရုပ်ပါဘဲ၊ ရုပ်ဓမ္မ၊ နာမ်ဓမ္မ၊ သဘောသာဖြစ်ကြောင်း၊ ဓမ္မတရားစိတ် ဓမ္မာယတန၊ ကိုပိုင်လျှင်၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဆိုသောအာရုံ တို့သည်၊ ဓမ္မအာရုံ ဖြစ်ပြီလို့ လက်ခမောင်း ခပ်ပေတော့။

သာသနာ (၂၅၀၀) အထိမ်းအမှတ် ဓမ္မာမှ ဆောက်ကြတဲ့ ဒါယကာ၊ ဒါယိကာမ တို့သည်၊ (၂) သိန်းကုန် (၁) သိန်းကုန် (၅) သောင်းကုန်စသည့်၊ ဓမ္မာရုံတွေဆောက်လုပ်နိုင်သော်လည်း မိမိခန္ဓာကိုယ်မှ၊ ဓမ္မာရုံ၊ ဓမ္မအာရုံ၊ ဆောက်တည်ဘို့ရန်၊ အါးထုတ်မှ သာနာတွေ့ကြရမည်ကို အထူးသတိရဘို့၊ လိုပေသည်၊ ဒီအာယတနတွင်၊ အတ္တဝင်၍၊ သက္ကာယဒိဋ္ဌိ ဖြစ်ခြင်းကြောင့်၊ အာယတနဖြင့်၊ ပုဂ္ဂိုလ် သတ္တဝါ မရှိကြောင်း ဘော်ပြခြင်းဖြ^သည်၊

**သုဒ္ဓ သင်္ခါရ ပုဉ္ဇေါယံ၊ နယိဓ သတ္တုပလဗ္ဘတိ၊**

**အယံ**၊ ဤဝေါဟာရ ကိုယ်ကောင်ကြီးသည်။ သုဒ္ဓသင်္ခါရပုဉ္ဇေါ၊ သက်သက်သင်္ခါရ အစုအပုံကြီးသာတည်း။ ဣဓ၊ ဤသင်္ခါရ အစုအပုံကြီးထဲ၌၊ သတ္တော၊ သတ္တဝါရှိသည်ဟူ၍။ နဉပလဗ္ဘတိ၊ ရှာကြံလို့မရနိုင်။ (သတ္တဝါရှာမရ အာယတန)

# ဓါတ် (၁၈) ပါး

လူမရှိမှတ် ဆဲ့ရှစ်ဓါတ် ဆတ်ဆတ် ပရမတ်။

| | | |
|---|---|---|
| စက္ခုဓါတ် မျက်စိရုပ် | စက္ခုဝိညာဏဓါတ် မြင်စိတ် | ရူပဓါတ် အဆင်းရုပ် |
| သောတဓါတ် နားရုပ် | သောတဝိညာဏဓါတ် ကြားစိတ် | သဒ္ဒဓါတ် အသံရုပ် |
| ဃာနဓါတ် နှာရုပ် | ဃာနဝိညာဏဓါတ် နံစိတ် | ဂန္ဓဓါတ် အနံ့ရုပ် |
| ဇိဝှါဓါတ် လျှာရုပ် | ဇိဝှါဝိညာဏဓါတ် လျှက်စိတ် | ရသဓါတ် ရသာရုပ် |
| ကာယဓါတ် ကိုယ်ရုပ် | ကာယဝိညာဏဓါတ် ထိစိတ် | ဖေါဋ္ဌဗ္ဗဓါတ် တွေ့ထိရုပ် |
| မနဓါတ် ဘဝင်စိတ်နာမ် | မနောဝိညာဏဓါတ် သိစိတ် | ဓမ္မဓါတ် တရားနာမ်ရုပ် |
| အခံဓါတ် (၆) | အပွင့်ဓါတ် (၆) | အတိုက်ဓါတ် (၆) |

ယောဂီခန္ဓာကိုယ်က၊ ဆွဲထုတ်ရှုပြသည်၊ ခန္ဓာကိုယ်နဲ့ ဟပ်၍ရှု ဒါပုဂ္ဂိုလ်လား၊ သတ္တဝါလား၊ ဒါယောကျ်ားလား၊ မိန်းမလား

ဒါလူလား၊ နတ်လား ဗြဟ္မာလား၊ ဒါအသက် လိပ်ပြာလား၊ ဒါရှင်ဘုရင်လား၊ သူဌေးလား၊ တွေးတွေး နာနာတွေး၊ ခန္ဓာ စီးပြင်က မထွက်နဲ့။ ဟုတ်ပါလားလို့သိ၊ သမ္မာဒိဋ္ဌိ။

## ဘာကြောင့်ဓါတ်ခေါ်သလဲ

မိမိသဘောကို ဆောင်တတ်လို့ဓါတ်၊ ပြုလုပ်သူ ရှာမရလို့ ဓါတ်ခေါ်တယ်၊ မိမိသဘော လက္ခဏာ အတိုင်း၊ ထင်ရှားစွာ ဖြစ်သည်ကို ဆောင်သည်ဟုခေါ်သည်။

## ဓါရေတီတိဓါတု။

ဓါရေတိ၊ ဆောင်တက်၏၊ (ဝါ) သူဖြစ်ချင်သလိုဖြစ်၊ သူ ပျက်ချင်သလို ပျက်တက်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဓါတု ဓါတ်မည်၏။

ပုံစံအတိုင်း၊ အခံဓါတ် ( ၆ ) ပါး၊ အတိုက်ဓါတ် (၆) ပါး၊ အပွင့်ဓါတ် (၆ )ပါး ပေါင်းဓါတ် (၁၈) ပါး၊ ဒီ (၁၈) ပါးဓါတ်တို့သည်၊ သူ့သဘောသူဆောင်၍ နေကြသည်။

## ဘယ်လိုဆောင်သလဲ

၁။ မျက်စိက အဆင်းရုပ်နဲ့ ဆုံဘဲ့အခါ၊ မြင်ဘဲ့စိတ်ပေါ်၊ ကောင်းတဲ့စိတ်ပေါ်၊မကောင်းတဲ့စိတ်ပေါ်၊ကု အကုဖြစ်၊ ချက်ခြင်း အနိစ္စရောက်၊ လုပ်အနိစ္စ၊ လုပ်ဒုက္ခ၊ လုပ်အနတ္တ လုပ်ယူရတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မဟုတ်ဘူး သတိပြု။

၂။ နားက အသံနှင့်ဆုံ၊ ကြားစိတ်ပေါ်၊ ကောင်းတဲ့စိတ်ပေါ် မကောင်းတဲ့ စိတ်ပေါ်၊ ကု-အကုဖြစ်၊ချက်ခြင်းပျောက်၊ အနိစ္စရောက်။

၃။ နှာခေါင်းက၊ အနံ့နှင့်ဆုံ၊ နံ့စိတ်ပေါ် ကောင်းတဲ့စိတ်ပေါ်၊ မကောင်းတဲ့ စိတ်ပေါ်၊ ကု-အကုဖြစ်၊ ချက်ခြင်းပျောက်၊ အနိစ္စရောက်။

၄။ လျှာက အရသာနှင့်ဆုံ၊ လျှက်စိတ်ပေါ်၊ ကောင်းတဲ့စိတ်ပေါ်၊ မကောင်းတဲ့ စိတ်ပေါ်၊ ကု-အကုဖြစ်၊ ချက်ခြင်းပျောက်၊ အနိစ္စရောက်။

၅။ ကိုယ်နှင့်အတွေ့အထိ၊ ထိစိတ်ပေါ်၊ ကောင်းတဲ့စိတ်ပေါ်၊ မကောင်းတဲ့စိတ်ပေါ်၊ ကု-အကုဖြစ်၊ ချက်ခြင်းပျောက်၊ အနိစ္စရောက်။

၆။ စိတ်ကတရားမမှကြုံ၊ သိစိတ်ပေါ်၊ ကောင်းတဲ့စိတ်ပေါ်၊ မကောင်းတဲ့စိတ်ပေါ်၊ ကု-အကုဖြစ်၊ ချက်ခြင်းပျောက်၊ အနိစ္စရောက်။ ဝေဒနာကြောင့်၊ တဏှာ၊ မာန၊ ဒိဋ္ဌိ သို့ ရောက်ကြရ၏။

မြင်ဒါဟာ ပျောက်မသွားရင်၊ နောက်ထပ် ကြည့်ရန်မြင်ရန် မလို၊ ပျက်ကြောင်း ထင်ရှားလှသည်။

ဒီ(၆) ဋ္ဌာနက ဓါတ်တွေသည်၊ မိမိတို့ ဆိုင်ရာဆိုင်ရာတာဝန်ကို ဆောင်ရွက် နေကြသည်မှာ၊ နံနက်အိပ်ရာထကစ၍၊ ဆင်ခြင်လျှင်၊ တနေ့လုံး၊ သူသဘောနှင့်သူ ဖြစ်ပျက်၍၊ နေကြသည်ကို၊ မြင်လိမ့်မည်၊ မြင်တိုင်း၊ ကြားတိုင်း စသည်တို့တွင်၊ သတိတမာန် ဉာဏ်မြေကဒုတ်၊ လုပ်၍၊ ဒီအထဲငါလား၊ သူ့သဘောလားဆိုဒါ နှလုံးသွင်း၍ ဆုံးဖြတ်ပြီး၊ ပညာစွန်း၊ ချွန်းကဲ့သို့အုပ်ရမည်။

| | | |
|---|---|---|
| မြင်ဒါမှာ | သက်ာရှင်းမှ | သဏ်ာကင်းမည်။ |
| ကြားဒါမှာ | ။ | ။ |
| နံ့ဒါမှာ | ။ | ။ |

လျှက်ဒါမှာ သက်ာရှင်းမှ သက်ာကင်းမည်။
ထိဒါမှာ ။ ။
ကြံဒါမှာ သက်ာရှင်းမှ သက်ာကင်းမည်။

မြင်၊ ကြား၊ နံ၊ လျှက်၊ ထိ၊ သိ၊ စသည်တို့တွင် သက်ာမရှင်းသ၍ အမှားကိုမြင်မည်၊ အမှားမြင်သရွေ့ အမှန်သို့မရောက်နိုင်။ ဒါကြောင့်၊ မြင်ဒါသည်အထင်၊ အထင်သည်အမှား၊ ဒီအမှားကို မှားမှန်းသိမှ၊ အမှန်ရောက်မည်။

အမှန်သို့မရောက်လျှင်၊ ပိုးဖလန်လိုဘဲ မီးလောင်မယ် အပူဂါတ်နှင့် ထပ်ချပ်မကွာ လင်းရောင်သာတွင် တေဇောထိန်ညီး မီးလျှံကြီး၌ အပြင်ဘမ်းလှ တွင်းကပူပင် ဖြစ်ပုံအင်ကို မမြင်နိုင်အား ထံပါးချည်းကာ မြူးပျော်ရာတွင် ခန္ဓာပြတ်စဲ တသဲသဲနှင့် သေပွဲသို့ဝင် အမြင်မသန် ပိုးဖလန်တို့ကဲ့သို့ နံ့သာတရွှတ် ချက်တပြုတ်မျှ ဧကောင်းဟုတ်လေရောင် ပြင်ဟန်ဆောင်၍ ပြောင်ပြောင်ထိန်ညီး ၁၁ မီး ၌ တားဆီးမရ ပြေးဝင်ကြ၍ မွမွကြေကွဲ ပြာလိုကျဲအောင် လောင်စွဲသော တရားတိုသာတည်း ဂါတ် ၁၈ - ပါးသဘောမပေါက်လျှင် နေ့တိုင်းမီးလောင်နေမည် ကြောက်ကြ။

၁၈ ပါးထဲသို့ငါအရှင်းထဲ့လို့မရ၊ သူ့သဘောနှင့်သူ ရုပ်နှင့်နာမ်သဘောတွေ ဖြစ်ပေါ်မှု၊ ပျက်မှု၊ ချုပ်မှုတွေသာ ဓပါလိမ့်မည်၊ ဒါကိုထပ်ခါထပ်ခါ သုံးသပ်တော့၊ မှတ်လို့မဆုံး၊ ပျက်လို့မဆုံး၊ ထပ်ခါထပ်ခါ၊ ကြည့်လို့ကြားလို့ စသည့် မဆုံးနိုင်တဲ့ ဒုက္ခတွေ တွေ့လိမ့်မည်၊ မကြည့်ခြင်၊ မကြားခြင်၊ မနံခြင်၊ မလျှက်ခြင်၊ မထိခြင်၊ မကြံခြင် ပေမဲ့မရ၊ ကြည့်ရ၊ ကြားရ၊ နံရ၊ လျှက်ရ၊ ထိရ၊ ကြံရတဲ့စိတ်ထွေ ချုပ်လို့မရ၊ အနတ္တ။

အိမ်သာထဲဝင်၍ ကျင်ကြီး ကျင်ငယ် စွန့်ရဒါ၊ ရုပ်သဘော၊ မစွန့်ဘဲမနေနိုင် ချုပ်လို့မရ၊ ရုပ်ဒုက္ခကို ချုပ်ဒုက္ခလုပ်မနေနဲ့၊ မပြုပြင်လျှင်မဖြစ်သောကြောင့် ပြုလုပ်ရလျှင် သဘာဝဓမ္မသာ ဖြစ်၏၊ ယောနိသော မနသိကာယ လိုလှ၏။

အဲဒါ သင်္ခါရဒုက္ခ၊ ဒီဒုက္ခထဲမှာ၊ အကြီးဆုံး ဒုက္ခကို၊ တွေ့အောင်ရှာ၊ ဇာတိဒုက္ခ ဇရာဗျာဓိ၊ မရဏ၊ ဒုက္ခကိုမဖြေနိုင်၊ လူတိုင်းသိ ဒုက္ခခေါ်တယ်၊ ဘာသာပြန်၊ ခန္ဓာကိုယ်ကလက်တွေ၊ ဒုက္ခအကြီးဆုံးကို ရှာမတွေ့လျှင်၊ မာနလျော့၊ ဆရာကောင်းထံ ရှိခိုးတောင်းပန်၍ လျှောက်ထား၊ သဘောပေါက်၍ ခန္ဓာကိုယ်မှ အစစ်ဒုက္ခကို တကယ်တွေ့မည်၊ လုပ်အနိစ္စ၊ လုပ်ဒုက္ခ၊ လုပ်အနတ္တ၊ မျိုးမဟုတ်၊ သူ့သဘောနဲ့သူ ပေါ်တာဘဲ၊ အနိစ္စ သဘောတွေ၊ ဒုက္ခသဘောတွေ၊ အနတ္တသဘောတွေ၊ မပေါ်ပါနဲ့လို့ တားလို့မရဘူး၊ သူ့သဘော သူဆောင်၍ ပေါ်လာဒါဘဲ၊ ဒီပေါ်လာတဲ့ ဓါတ်သဘောကို၊ သုဒ္ဓဓမ္မခေါ်တယ်၊ စကားပြောတယ်ဆိုဒါ နှုပ်ကမလာ၊ မနုဿ သတ္တဝါဆိုဒါ ပါးစပ်ကပြောကြ သော်လဲ၊ ဓါတ်အရ သဘောက၊ နသတ္တော၊ ဟုတ်ပါကလားလို့၊ နေရာတိုင်းဆင်ခြင်၊ နေရာတိုင်း ဆိုဒါ၊ ခက်တယ်၊ ခက်တဲ့နေရာဌာနကို ရောက်အောင် အားထုတ်ဘို့၊ အရေးကြီးတယ်၊ အာရုံ၏ ကျက်စားရာဌာန၊ ခြောက်ဒွါရမှာ တွေ့အောင်အားထုတ်၊ ယောဂီတို့၊ စီးပြင်မထွက်နဲ့၊ စီးမဲ့ကမ်းမဲ့ဆိုဒါ၊ ဘာရန်းဘာဒါ ဖြစ်တတ်တယ်၊ သတိပြုပါလေ၊ အချိန်ကုန်မခံနှင့် ခဏခဏဆို၊.... သဘောပေါက်လာလိမ့်မယ်။

( ရှစ်လုံးဘွဲ့ )

၁။ စက္ခု - ရူပ၊ ဆုံကြသောခါ
ဝိညာဏ်ဓါတ်စု၊ မြင်မှုပေါ်လာ၊

ဂါတ်ပေါင်းသုံးခု၊ ဆုံမှု ဖဿာ၊
မြင်မကောင်း၊ မြင်ကောင်း ဝေဒနာ။

၂။ သောတ - သဒ္ဒ ဆုံကြသောခါ၊
ဝိညာဏ်ဂါတ်စု၊ ကြားမှုပေါ်လာ၊
ဂါတ်ပေါင်းသုံးခု၊ ဆုံမှု ဖဿာ၊
ကြားမကောင်း၊ ကြားကောင်းဝေဒနာ။

၃။ ဃာန - ဂန္ဓ၊ ဆုံကြသောခါ၊
ဝိညာဏ်ဂါတ်စု၊ နံမှုပေါ်လာ၊
ဂါတ်ပေါင်းသုံးခု၊ ဆုံမှုဖဿာ၊
နံမကောင်း၊ နံကောင်းဝေဒနာ။

၄။ ဇိဝှါ - ရသ၊ ဆုံကြသောခါ၊
ဝိညာဏ်ဂါတ်စု၊ လျက်မှုပေါ်လာ၊
ဂါတ်ပေါင်းသုံးခု၊ ဆုံမှုဖဿာ၊
လျက်မကောင်း၊ လျက်ကောင်း ဝေဒနာ။

၅။ ကာယ ဖေါဋ္ဌ၊ ဆုံကြသောခါ၊
ဝိညာဏ်ဓါတ်စု၊ ထိမှုပေါ်လာ၊
ဓါတ်ပေါင်းသုံးခု၊ ဆုံမှုဖဿာ၊
ထိမကောင်း၊ ထိကောင်းဝေဒနာ။

၆။ မန - ဓမ္မ၊ ဆုံကြသောခါ၊
ဝိညာဏ်ဓါတ်စု၊ ကြံမှုပေါ်လာ၊
ဓါတ်ပေါင်းသုံးခု၊ ဆုံမှုဖဿာ၊
ကြံမကောင်း၊ ကြံကောင်းဝေဒနာ။

ဝေဒနာမှာ ငါမပါစေနဲ့ ယောဂီ သတိပြု။

## ( ဒီလင်္ကာတယ်ဟုတ်ပါလား )

အမှန်ပြုလျှင်၊ ဘဝစဉ်ခဲ့၊ နာမ်ဝင်ရုပ်ညှိုး ညှော့ခံဆိုးဟု၊ ခြောက်မျိုးဖဿ၊ တွေ့နေကြကြောင့်၊ သုခ-ဒုက္ခါ၊ ဥပက္ခါဟု၊ ဝေဒနာစီ၊ ခြောက်သုံးလီဖြင့်၊ အမည်ဆဲ့ရှစ်၊ အဖွဲ့စစ်ကို၊ ကြည့်လစ်အဆင်း၊ စက္ခုတွင်း၌၊ မြင်ရင်းခံစား၊ ကြားစံစားလိမ့် နံ့ငြှားမပြေ၊ လျှက်အားပေ့ခဲ့၊ တွေ့လေစည်းစိမ်၊ အရမ်းချိန်၍၊ ဂုဏ်းသိမ်ကဲမိုး၊ စိတ်ထင်မျိုးဖြင့်၊ လက်ရိုးစဉ်မြဲ၊ ခံစားရဲကြ၊ မလွဲသုခ၊ ကိုယ့်လုံးလမို့၊ ဒုက္ခမရှိ၊ ချမ်းသာဘိဟု၊ အတိအန္ဓ သူမှန်းဆလျှက်၊ လမ်းစမပြောင်း၊ မြင်တိုင်းကောင်း၏၊ လမ်းစ မမြင်၊ ကြားတိုင်းခင်၏၊ လမ်းစမထွက်၊ နမ်းတိုင်းမက်၏၊ လမ်း စမကြည့်၊ လျှက်တိုင်းမိ၏၊ လမ်းစမတွေ့၊ ထိတိုင်းမေ့၏၊ လမ်းစ မမျှော်၊ သိတိုင်းပျော်၏၊ ခြောက်ဖေါ် ဝေဒနာ၊ ပဒေသာမို့၊ လေခြာမတွေ့၊ နိဗ္ဗာန်ငွေ့ကို၊ ရှုပေ့မရှုက်၊ သူမကြိုက်ဘဲ၊ အူခိုက်အသဲ၊ စိတ်၌စွဲ၏၊ မိုက်မြဲထွေရာ၊ မနေသာသည့်၊ ဝေဒနာ ဆိုး၊ မစင်အိုးသို့၊ ခြောက်မျိုးအာရုံဖဿ ဆုံ၍၊ ရေစုံမျှောရ၊ မမောကြဘဲ၊ သြဃသံသာ၊ မြစ်ရောဝယ်၊ ဘာသာအလိုက်၊သက် သာကြိုက်ခဲ့၊ အမြိုက်သန္တိ၊ ငြိမ်းပြည်ကို၊ ခေါ်မည်နာမ၊ ကြွားပြန်ကလည်း၊ ဣဋ္ဌအာရုံ၊ ဘယ်သို့ပုံဟု၊ စံပုံစံနည်း၊ အယူ သည်းလျှက်၊ မြို့ကြီးပြည်လွှား၊ စည်ထိုးလားလို့၊ တရားမမြင်၊ မှားစိတ်စင်သည်၊ ခြောက်စဉ်ဝေဒနာ ကြောင်းရင်းတည်း။

ဓါတ် (၁၈) ပါး ခေတ္တရပ်။

## ပဋိစ္စသမုပ္ပါဒ်

အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿ ပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပဒါန ပစ္စယာ ဘဝေါ ဘဝ ပစ္စယာ ဇာတိ၊ ဇာတိ ပစ္စယာ ဇရာ မရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

ပဋိစ္စသမုပ္ပါဒ် ဒေသနာသည်၊ ပညာရှိရော၊ လူပြိန်းရော သိဘို့၊ လယ်ပုံ၊ ထွက်ပုံ၊ ဝင်ပုံ၊ လွတ်ပုံ၊ အဘိဓမ္မာဝိဘင်း ပါဠိတော် ဘာသာပြန် အနက်ဖြစ်၍၊ ကောင်းစွာ ကျက်မှတ်ရင်း သဘော ပေါက်ပါလိမ့်မည်။

၁။ အဝိဇ္ဇာပစ္စယာ၊ ခန္ဓာဒုက္ခမှကျွတ်မသိမိုက်မိခြင်းကြောင့်။

၂။ သင်္ခါရာ၊ ကုအကုသိုလ်တန် ဘေးရန်ညစ်ဆုံး ပြစ်မှုမျိုးတို့သည်။
သင်္ခါရ ပစ္စယော၊ ကိုယ်ပြုကိုယ်ကံထိုက်သင့်တန်ကြောင့်။

၃။ ဝိညာဏံ၊ လောကီသက်သက် ဝိပါက်တရား ၃၂-ပါးကောင်းဆိုး အကျိုးမြင်ကြားမှု တို့သည်။
ဝိညာဏ ပစ္စယော၊ မမြင်ခြင်မခနေရ၊ ဝိပါက် အာရုံ (၆) ဌာနကြောင့်။

၄။ နာမရူပံ၊ စေတသိက်နာမ်မျိုး၊ ရုပ်ခန္ဓာမျိုးတို့သည်။
နာမရူပ ပစ္စယာ၊ နာမ်ရုပ် ရှက်ဆွေး၊ ခန္ဓာဆွေးကြောင့်။

၅။ သဠာယတနံ၊ ချကာဒုက္ခ တံခါးပေါက် အမာဝတို့သည်။

သဋ္ဌယတန ပစ္စယာ၊ မျက်စိစသော တခါးဆိုး (၆) မျိုး၊ ညှော်ခံဆိုးတို့ကြောင့်။
၆။ ဖဿော၊ ကြည့်တိုင်း ထိကြနှမ် ဖဿတို့သည်။
ဖဿပစ္စယာ၊ အကြိုက်ထိရ (၆) ဖဿကြောင့်။
၇။ ဝေဒနာ၊ ဥာဏ်သွားသမျှ ခံစားကြတဲ့၊ ရောဂါဆိုးတို့ကြောင့်။
ဝေဒနာပစ္စယာ၊ အကြိုက်စည်းစိမ် တင်းမတိမ်ခြင်း၊ ရောဂါရင်းကြောင့်။
၈။ တဏှာ၊ အာရုံလိုက်ရင်း အလိုမပြည့်ခြင်းတို့သည်။
တဏှါပစ္စယာ၊ လိုရာလိုက်စား၊ ရပ်မနားဘဲ၊ တဏှါခဲတို့ကြောင့်။
၉။ ဥပဒါန်၊ ဆုပ်မိလျှင် မြဲစိတ်မကြေသော အစွဲတို့သည်။
ဥပဒါန ပစ္စယာ၊ ကာမဂုဏ်စု၊ စွဲလမ်းမှုကြောင့်။
၁၀။ ဘဝေါ၊ ကောင်းမကောင်း ကံပြုရပြန်သည်။
ဘဝပစ္စယာ၊ ကံနှံ့ခန္ဓာ ဓမ္မတာရင်း၊ ဇာတ်ခင်းခြင်းကြောင့်။
၁၁။ ဇာတိ၊ သွေးဗိုက်မှာကျ၊ ဇာတ်ပြရပြန်သည်။
ဇာတိပစ္စယာ၊ ငိုပွဲကစ၊ ဒုက္ခဇာတ်ရင်း ကပြခြင်းကြောင့်။
၁၂။ ဇရာ-မရဏံ၊ လွမ်းခမ်းဆွေးခမ်း အခမ်းခမ်းစုံ ပြသရသည့်ပြင်။
သောက၊ ပူပင်တောင့်တ၊ ကြောင့်ကြရန်ဘေး။
ပရိဒေဝ၊ ဟစ်ငိုကြွေးလျှက် မအေးမျက်ရည်။
ဒုက္ခ၊ ဆင်းရဲမည်မှာ ရုပ်သာမုက္ခ။
ဒေါမနဿ၊ စိတ်ကမချမ်း ညစ်နွမ်းပူမီး။

ဥပါယာသ၊ သက်ကြီးရှိုက်ခါ မျှားစွာဘိစီး အဝိဇ္ဇာ မီး တို့သည်။

သမ္ဘဝန္တိ၊ တဖျာသက်မကုန် ဒုက္ခစုံဖြစ်ကြကုန်၏။

ဧဝံ၊ သံသရာထဲ၌ ဤသို့ချည်းဘဲ။

ကေဝလဿ၊ တိတ် - ပန်-နာဂတ် ဘဝစပ်လျှင်း ဖြစ်ပြန်ရခြင်းသည်။

ဟောတိ၊ ထွက်လမ်းမရ အနွစိတ်တွေ ဖြစ်ကြရလေ၏၊

၎င်းပဋိစ္စ သမုပ္ပါဒ် ပါဠိတော် အနက်တို့ကို၊ ရွတ်ဘတ်လေ့လာခြင်း၊ ဟောပြောခြင်း၊ ရေးကူးလျက် ရှိခသစွာ ပူဇော်ခြင်း စသည်ဖြစ်စေ၊ အသိပိုင်လျှင်၊ ဒုက္ခစုံမြင်သည်ဖြစ်စေ၊ ၎င်းအရိယာ ပုဂ္ဂိုလ်ကို၊ လူနတ်ဗြဟ္မာတို့ ရှိခိုးရသည်၊ ချစ်ခင်ကြည်ညိုရသည်၊ ဘေးမျိုးစုံ ကင်းလွတ်ရသည်၊ ဝိဘင်း အဋ္ဌကထာစသည်တို့၌၊ သူတော်ကောင်းကို အလေးပြုကြောင်း ပါသည်။

**အင်္ဂါ (၁၂) ပါးကို နံပါတ်စဉ်အတိုင်း ရှင်းတမ်း**

၁။ အဝိဇ္ဇာ၊ ဒုက္ခလက္ခဏာကို ကြောက်လန့်အောင် မသိမိုက်ခြင်း။

၂။ သင်္ခါရာ၊ သေဘေးမလွတ်သော အလုပ်ကို ထပ်ခါပြုလုပ်ခြင်း။

၃။ ဝိညာဏံ၊ ပဋိသန္ဓေ နေရတဲ့စိတ်စ၍၊ စိတ် ဒုက္ခစုံ ဖြစ်ခြင်း။

၄။ နာမရူပံ၊ အာရုံကို သွတ်ရခြင်းနဲ့၊ ချွတ်ယွင်းတဲ့ ခန္ဓာရုပ် ဖြစ်ခြင်း။

၅။ သဠာယတနံ၊ ရုပ်တံခါး (၅) နာမ်တံခါး (၁) အမာဝဒွါရ တို့ဖြစ်ရခြင်း။

၆။ ဖဿ၊ မကြည့်ခြင်မဖြစ်၊ မထိခြင်ဘဲ မနေနိုင်၊ ထိနေရခြင်း။

၇။ ဝေဒနာ၊ အာရုံ (၆) ပါးကို ခံစားလျက်၊ ရောဂါစုံ ဖြစ်ရခြင်း။

၈။ တဏှာ၊ ခံစားတိုင်း နှစ်သက်လိုး၊ ကြိုက်လိုးပေါ်ရခြင်း။

၉။ ဥပါဒါန်၊ စိတ်တဇောဇော စွဲလန်းလျက်၊ အာရုံမပြေခြင်း။

၁၀။ ဘဝ၊ ဘဝဖြစ်၍ကောင်းကံ မကောင်းကံ တို့ကို ဓမ္မတာ ထပ်ပြုခြင်း။

၁၁။ ဇာတိ၊ ဆက်စပ်တည်နေ ပဋိသန္ဓေ ဖြစ်ရပြန်ခြင်း။

၁၂။ ဇရာ မရဏ၊ ရင့်ရော် ဆွေးပျက်၊ အိုလျှက် သေရခြင်း။

## ဝိဘင်းပါဠိတော်ဥပဒေ

ဒုက္ခေ အညာဏံ ဒုက္ခသမုဒယေ အညာဏံ၊ ဒုက္ခနိရောဓေ အညာဏံ၊ ဒုက္ခနိယောဓ ဂါမိနိ ပဋိပဒါ အညာဏံ၊အယံ ဝုစ္စတိ အဝိဇ္ဇာ။

ဒုက္ခေ၊ ကြောက်လန့်အောင်ဖြစ် ဆင်းရဲစစ်ကို။ အညာဏံ၊ ဆရာမပြလို့ မသိရခြင်း။ ဒုက္ခသမုဒယေ၊ ဆင်းရဲရခြင်း အကြောင်းရင်းကို။ အညာဏံ၊ ဆရာမပြလို့ မသိရခြင်း။ ဒုက္ခနိယောဓေ၊ ဒုက္ခချုပ်ရန် မြတ်နိဗ္ဗာန်ကို။ အညာဏံ၊ ဘုရားမတွေ့လို့ မသိရခြင်း။ ဒုက္ခနိယောဓ ဂါမိနိ ပဋိပဒါယ၊ ဒုက္ခချုပ်ရန် လမ်းကြောင်း မှန်ကို။ အညာဏံ၊ သပ္ပုရိသ ဆရာ ပြပေမဲ့၊

မာနကိုမချ၊ ဘယ်အခါမှ မသိရခြင်း။ အယ`စတုက အညာဏ`၊ သိဘို့ရာခက်လှ ဤလေးဌာနကို။ အဝိဇ္ဇာ၊ အဝိဇ္ဇာဟူ၍။ ဝုစ္စတိ၊ ဟောတော်မူအပ်၏။

ဘာကြောင့်မသိသလဲ၊ ဆရာမပြလို့၊ ဆရာမရှာလို့၊ ဘုရားမတွေ့လို့၊ သပ္ပုရိသ ဆရာပြပေမဲ့၊ မာနကိုမချ၊ ဘယ်အခါမှ မသိခြင်း၊ ကိုယ့်ကို ဘာကောင်လဲ၊ ဘာကောင် ဘာကြောင့် ဖြစ်ရပါလိမ့်၊ ဒီအကောင် ဖြစ်တာ ဘယ်တော့ ပြီးမလဲ၊ ဒီအကောင် မဖြစ်တဲ့နည်း ဘယ်လိုလဲ၊ မသိ-အရှင်းမသိ ဘိတ်မသိ မသိကအစ- မသိအလယ်- မသိဒါအဆုံးကို အဝိဇ္ဇာတု`းဆိုတယ်း ဒီအဝိဇ္ဇာကြောင့်၊ အင်္ဂါ (၁၂) ပါးဖြစ်ရတယ်၊ ဆင်ခြင် နှလုံး သွင်းကြလေ။

## နားလည်သောဘာသာပြန်ကြည့်

၁။ အဝိဇ္ဇာ၊ သစ္စာ (၄) ပါး အမှန်တရားကို မသိ။
၂။ သင်္ခါရ၊ ကုသိုလ် အကုသိုလ်အကြောင်းမသိဘဲပြု။
၃။ ဝိညာဏ်၊ မျက်စိက မြင်စိတ်တွေပေါ်နေရဒါကိုမသိ။
၄။ နာမ်ရုပ်၊ ခန္ဓာကိုယ်ကြီး ယခုဖြစ်နေရဒါကို မသိ။
၅။ သဠာယတန၊ ဒွါရ (၆) ပါးအမာဝ တံခါးကိုမသိ။
၆။ ဖဿ၊ အဆင်းစသည်တို့နှင့် ထိထိနေရဒါကိုမသိ။
၇။ ဝေဒနာ၊ သုခ၊ ဒုက္ခ၊ ချမ်းသာဆင်းရဲ ခံစားနေရဒါ မသိ။
၈။ တဏှာ၊ တတ်နှစ်သက်ခြင်း၊ ကြိုက်ရခြင်း မသိ။
၉။ ဥပါဒါန်၊ စွဲမိလျှင်မက်၊ ဖက်မိလျှင်မြဲ၊ စွဲရခြင်းမသိ။

၁၀။ ဘဝ၊ ခုရေးနောင်ရေး၊ ဒုက္ခဘေး၊ မတွေးပူခြင်း မသိ၊

၁၁။ ဇာတိ၊ ဘယ်ဗိုက်မှာ အောင်းရအုံးမယ်လို့ မသိ။

၁၂။ ဇရာ မရဏ၊ ကြီးလာတယ်ထင်၊ ပျက်ဒါ-အိုဒါ- နာဒါ မသိ။

## မသိတဲ့သစ္စာ (၄) ပါးဘာလဲ

၁။ ဒုက္ခသစ္စာ၊ ဆင်းရဲဒါအမှန်၊ မသိအဝိဇ္ဇာ။

၂။ သမုဒယသစ္စာ၊ ချစ်ကြိုက်ဒါ၊ အမှန်မသိ အဝိဇ္ဇာ။

၃။ နိရောဓ သစ္စာ၊ ချမ်းသာဒါ၊ အမှန်၊ မသိအဝိဇ္ဇာ။

၄။ မဂ္ဂသစ္စာ၊ မချစ်ကြိုက်ဒါအမှန်၊ မသိအဝိဇ္ဇာ

သတ္တဝါတိုင်း ဘာကြောင့် သေကြရသလဲ၊ မသိလို့ သေကြရတယ်၊ ဒီလေးချက်မသိဘဲ၊ လုပ်သမျှ အဝိဇ္ဇာ ဦးစီးလုပ်ကြတဲ့ ဒုက္ခဘဲ၊ သင်္ခါရ ဒုက္ခရယ်လို့ မသိကြ၊ သင်္ခါရ ကံဝဋ်ကြွေး ရန်ကြောင့်၊ ငါးတန်ခန္ဓာရန်သူ ပါလာကြသည်ကို မသိအဝိဇ္ဇာ။

## တနည်း ပြန်ပြန်ပြီ

၁။ အဝိဇ္ဇာ၊ ကြောင်းကျိုး ဘာမှမသိ။

၂။ သင်္ခါရ၊ ထင်ရာပြုကြဒါတွေ။

၃။ ဝိညာဏ်၊ ကြည့်တိုင်းကြံတိုင်း အားမရလို့ သန္ဓေဆက်။

၄။ နာမ်ရုပ်၊ စိတ်အလို၊ ကိုယ်အကြိုက်၊ ရုပ်လုံးပေါ်လိုက်။

၅။ သဠာယတန၊ တံခါး (၆) ပေါက်၊ အမြဲဖွင့်ထားတယ်။

၆။ ဖဿ၊ အာရုံပြောမိ၊ ကိုယ်တိုင်ထိ။

၇။ ဝေဒနာ၊ အငွေ့ရယ်လို့ မကြံအား၊ တွေ့သမျှခံစား။

၈။ တဏှာ၊ အကြံသွားတိုင်းလိုက်။

၉။ ဥပါဒါန်၊ နှိုက်တိုင်းမြဲ၊ ကြိုက်တိုင်းစွဲ။

၁၀။ ဘဝ၊ ထပ်မံပြု၊ တောင်းကြဆို၊ ကု- အကု။

၁၁။ ဇာတိ၊ ရေကြည်ကလလ, လ၊ သွေးကစ။

၁၂။ ဇရာ-မရဏ၊ ရုပ်စုံဖန်ဆင်း၊ အိုသေခြင်း။

၎င်းအင်္ဂါ (၁၂) ပါးသည်၊စာအုပ်ထဲမှာရှိသည် မယူနဲ့၊ စာရေးသူနဲ့ စာဘတ်သူရဲ့ ခန္ဓာကိုယ်တုံးကြီးမှာ ရှိတယ်၊ (၁၂ မျိုးမင်းသားတွေ၊ (၁၂)မျိုးမင်းသမီးတွေ၊ (၁၂) ကြိုးစုံးထီး၊ စုံးမကြီးတွေမှတ်၊ (၁၂)မျိုးကပြတက်တဲ့ကချေသည်၊ သဘင်သယ်တွေ၊ (၁၂) ထွေ၊ (၁၂) မာယာ၊ (၁၂) မျက်လှည့်သူ မျက်လှည့်သားတွေလို့၊ ခုသိ၊ မသိအဝိဇ္ဇာ၊ သိဝိဇ္ဇာ၊ ပညာရွှေအိုး ရပြီ။ ယောကျ်ား မိန်းမ မဟုတ်ဘူး ယောဂီ၊ အင်္ဂါ (၁၂) ပါး သဘော၊ ပုဂ္ဂိုလ် သတ္တဝါအသက် မရှိဘူး၊ အင်္ဂါ (၁၂) ပါး သဘော၊ ဒီအင်္ဂါ (၁၂) ပါးထဲမှာ၊ ရှာစမ်း မင်းပါသလား၊ သူဌေးပါသလား၊ ဆင်းရဲသားလား၊ မိန်းမလား၊ ယောကျ်ားလား လူနတ်သတ္တဝါ၊ ဘယ်သတ္တဝါ၊ ဘာကောင်များပါသလဲ၊ ဒီအင်္ဂါ (၁၂)ပါး သဘောကို၊ နံပါတ်စဉ်အတိုင်း ပြန်ဘတ်၊ အသက် လိပ်ပြာ၊ ပါရဲ့လား၊ လူဝင်စားကော တွေ့ရဲ့လား၊ ငါသူကော ရှိရဲ့လား၊ ခုပြောဒါ၊ ရေးနေဒါ၊ ပညာရွှေအိုး မတွေ့အောင် ဖုံးကွယ်နေတဲ့၊ အဝိဇ္ဇာ အဖုံးကို ရေးနေတယ်၊ ဒီအင်္ဂါ (၁၂) ပါး သဘောဟာ၊ အခုစာဘတ်ရင်း ရှိတယ်၊ လူအိပ်ပေမဲ့၊ အင်္ဂါ (၁၂) ပါးကမအိပ်ဘူး၊ လူသေသော်လည်း ဒီအင်္ဂါ (၁၂)ပါး က မသေဘူး၊....ယောဂီ။

သူကသူဌေး၊ ငါကမင်း၊ သူကသူဌေးကတော်၊ ငါကမင်းကတော်၊ သူက ဝန်ကြီးချုပ်၊ ငါကရှင်ဘုရင်၊ သူကစစ်သား၊ ငါကစစ်ဗိုလ်၊ စိတ်ထင်သလိုစွဲကြ ဒီအင်္ဂါ ၁၂)ပါးထဲက အရှင်းမပြနိုင်ဘူး၊ ရှာရှာတွေ့အောင်ရှာ၊ ဒီအခက် ပယ်ပုံလဲရေးတယ်၊ထွက်လမ်းလဲပါတယ်။

## မူလ ( ၂ ) ပါး

၁။ အဝိဇ္ဇာ၊ သာသနာကို အပိုင်မသိလို့ ...... မူလ။
၂။ သင်္ခါရ၊ သေ ပေါက်ကိုတိုးဒါ၊
၃။ ဝိညာဏ်၊ ဒါကြောင့်စိတ်မျိုးစုံ။
၄။ နာမ်ရုပ်၊ ပြုရပြန်ပြီ အရှင်ဇာတ်။
၅။ သဠာယတန၊ အိမ်သာတော့ ညွှဲရောက်။
၆။ ဖဿ မျက်နှာချင်း ဆိုင်ရပြန်ပြီ။
၇။ ဝေဒနာ ညှော့ခံတိုင်း မိတ်ဆွေ။
၈။ တဏှာ၊ ဣဋ္ဌာရုံရှိလို့ ဆသောာတူတယ်.... .. မူလ။
၉။ ဥပါဒါန်၊ ဘယ်တော့မှ မမေ့။
၁၀။ ဘဝ၊ ထပ်၍လက်ဆောင်တင်
၁၁။ ဇာတိ၊ အတူ တအိမ်ထဲနေ။
၁၂။ ဇရာ-မရဏ၊ ပြောင်းလဲ၊ ရွေ့လိုက်၊ သတ်လိုက်။

ပကတူ ပ-က စ၍ မှားတဲ့ မူလ (၁၂) ပါးဟာ၊ မိုက်လို့ကြိုက်တယ် ကိုယ့်အကြံ ကိုယ့်အခလေ့၊ ကိုယ့်အလုပ်စဉ်းစားဘာသာပြန်ကို တွေးလိုက်၊ ပါဠိစကားနဲ့ တင်းမတိမ်နဲ့၊ ဘာသာပြန်က နားလည်တော့၊ ဟုတ်ထာဘဲလို့၊ ခဏခဏတွေးပါ၊ ယထာဘူတ ဉာဏ်ခေါ်ယယ်၊ ဝိဇ္ဇာခေါ်တယ်၊ သိတယ် ခေါ်တယ်၊

စာစကားက၊ အဝိဇ္ဇာနဲ့၊ တဏှာ၊ မူလ (၂)ပါးသိရုံမျှ၊ သိဘို့ဘုရားဟောဒါမဟုတ်၊ ကိုယ့်အလုပ်၊ ကိုယ့်သစ္စာဝင်အောင်၊ သိဘို့ဟောဒါ၊ ဇုက္ခမြင်ဘို့ပြောဒါ၊ သုခနိုင်ငံတော် ခန္ဓာဆိုးကို၊ ဖြုတ် ချီးဘို့၊ ဘုရားပွင့်ဒါ၊ ဆုံးမဒါ၊ ဆုံးမခဲ့တဲ့၊ ဥပဒေတော် ပဋ္ဌာန်ကတ်မူတော်တွေရှိတယ်၊ ဝိဇ္ဇာဖြစ်အောင် ပညာရွှေအိုး အမွေရအောင်၊ မူလ (၂) ပါးကို ဘယ်လိုရှာမှာလဲ၊ ခန္ဓာမှာရှာ၊ ငါကြီးကြက်ထာ ဘာလဲလို့၊ ကိုယ့်အမေး ကိုယ်ဖြေပါ၊ တရားက ဇာကိုယ်စာ၊ မတရားက နှစ်ကိုယ်ရှာရတယ် မှတ်ပါ ယောဂီ။

(ကြိုက်) ဆိုတဲ့တရားခံတွေရင်၊ ခိုးထုပ်ကိုမိရင်၊ (မိုက်)ခဲ့တဲ့ လက်သယ်ရန်သူ ထပ်ရှာခြင်ရှာအုံး တွေ့ရင်လဲ၊ ဒုက္ခသစ္စာ ဟုတ်မဟုတ်ကို၊ ဂေါတမဝါဒ၊ မှန်မမှန်ကို၊ သံသံအရေးနဲ့၊ မြန်မြန်တွေးပါ၊ သဘောပေါက်ပါ၊ ဒုက္ခသစ္စာ ဉာဏ်ရပြီဆိုရင်၊ သာသနာပေါ့၊ သာသနာကို အပိုင်သိဒါပေါ့၊ အပိုင်သိရင်၊ အရိယာပေါ့၊ အစစ်သိရင်၊ အရိယာစစ်ပေါ့၊ တခဏ သိရင်၊ တခဏသိဒါပေါ့၊ အစဉ်အမြဲသိရင်၊ တခဏ မဟုတ်ဘူးယောဂီ။

## အစပ်သုံးပါး

၁။ အဝိဇ္ဇာ၊ ဒုက္ခမသိ မိုက်လို့။
၂။ သင်္ခါရာ၊ ကု - အကု လူ - ခွေး ထင်ရာပြု ⎫
၃။ ဝိညာဏ်၊ ပဋိသန္ဓေနဲ့ စိတ် - ပြန်ဆက် ⎭ တစပ်
၄။ နာမ်ရုပ်၊ သိဖေါက်ပြန် - သတ္တဝါဖြစ်။
၅။ သဠာယတန၊ မျက်စိရုပ် စ-ဖြ မဆုံးနိုင်။
၆။ ဖဿ၊ အတွေ့၊ တွေ့ရာဆံ။

၇။ ဝေဒနာ၊ သုခ-ဒုက္ခ၊ ဥပေက္ခါ၊ ကြုံရာစံ } တစပ်
၈။ တဏှာ၊ နှစ်သက်မှု ကြုံရာမက်
၉။ ဥပါဒါန်၊ စွဲလန်းခြင်း၊ ဆက်ရာစွဲ။
၁၀။ ဘဝ၊ ကု-အကု လူ-ခွေး တွဲရာထပ် } တစပ်
၁၁။ ဇာတိ၊ ပဋိသန္ဓေနဲ့ စိတ်၊ စပ်ရာမှာငို
၁၂။ ဇရာ မရဏ၊ အို - သေ၊ အိုရာမှာ -သေ။

သတိနဲ့ဘတ် ဒီအင်္ဂါ ၁၂ ထဲကသဘောထုတ်၊ အစပ် (၃) ပါး ပရိယတ် ဥပဒေ သင်ဘူးရင်သိမယ်၊ ပြန်လဲကြည့်၊ ဘာကို အစပ်ခေါ်သလဲ၊ ဘာကိုစပ်ပေးသလဲ၊ ဘာကြောင့်အစပ်ခေါ် သလဲ၊ စဉ်းစားပါ။

ဥပမာ။ ထောင်ထဲဂါတ်၌ ကျတဲ့သူတွေ၊ ကျဘူးတဲ့လူတွေ ရှိတယ်၊ ငါဘယ်လို ထွက်ရပါမလဲ၊ တယ်ထွက်ဘိုခက်ပါကလား၊ အဆီးအတား၊ အကန့်အကွက်တွေ တယ်ပေါပါကလား၊ အဘိတ် အဆို့၊ အချီ၊ အနှောင်တွေ တယ်များပါကလား လို့တွေးတယ်၊ ထွက်ဘို့မကြံဘဲ၊ နေသူ၊ ထွက်ဘို့ပြေးဘို့၊ ကြံစီတဲ့သူ၊ ထွက် ပြေးလို့အပြင်ဘက် ရောက်သူတွေ၊ ဂါတ်ဖေါက်၊ ဂါတ်ဖျက်၊ ထောင်ဖေါက်၊ ထောင်ဖျက်တဲ့ လူတွေရှိကြတယ်၊ အဲဒါ၊ တဒင်္ဂ လွတ်ရတဲ့ဘေး၊

သတ္တဝါတွေ သေပေါက်မလွတ် သေဘေး လွတ်ရာ ထွက် ပေါက် မရအောင်၊ ဆီးတား ပိတ်ဆို့၊ ဖွဲ့နှောင်ချည်တုပ် ရစ် ပါတ်သိုင်းဝိုင်းထားဒါ အစပ်၊ အကန့်အကွက်မှတ်လေ။

## သင်္ခါရနှင့် ဝိညာဏ်တစပ်

စပ်ပုံပိတ်ပုံမှာ၊ အကုသိုလ် ပြုတယ်၊ အပါယ် ပဋိသန္ဓေ ဝိညာဏ်စပ်မည် စိတ်ချ။ ကုသိုလ်ပြုတယ်၊ လူ-နတ် ဖြဟ္မာခေါ်၊

ပဋိသန္ဓေဝိညာဏ်နှင့် ပေါ်ဘို့မလဲ၊ အဲဒါအစပ်မှတ် ထွက်စမ်း၊ တွေးနှော်တွေး၊ ဒီအစပ်ကလဲ ထွက်ဘို့၊ ထွေးပါ၊ စဉ်းစားပါ ဆရာ ကောင်းရှာပါ။

## ဝေဒနာနှင့် တဏှာ ပါ တစပ်

သုခဝေဒနာ၊ ခံစားတယ်၊ ကောင်းရင် နှစ်သက်ထာပေါ၊ နှစ်သက်ရင် စပ်ပြီး မစပ်ဘဲမနေ၊ ဝေဒနာနှင့် တဏှာစပ်ပုံမှာ၊ လောကကြီးမှာ ငါခံစားရတဲ့ စည်းစိမ်မျိုး၊ ငါယခု ခံစားရတဲ့ စည်းစိမ်မျိုး၊ တော်တော်ကြာရင် ထပ်ခံစားမယ် နေ့စဉ် ရက်စဉ် လစဉ်၊ နှစ်စဉ်၊ ဘဝစဉ်ဆုတောင်းတယ်၊ ဒါ-ဝေဒနာ ပစ္စယာ ကြောင့် ဘဝသမ္ဘဝတ္ထိလဲ၊ စဉ်းစားပါ ယောဂီ။

ဥပမာ။ ပုသိမ်မြို့နေ၊ ဦးဖြူ ဒေါ်ညို၏သား မောင်လှကို မော်လမြိုင်မြို့နေ ဦးနီ ဒေါ်ခိုတို့၏သမီး မြမြ နှင့်၊ လက်ထပ်ထိမ်း မြားရန်၊ လူကြီးမိဘများ သဘောတူ စေ့စပ်ကြောင်းလှမ်း ပြီး ပါကြောင်း၊ မေးဘို့စပ်ကြတယ်၊ ဝေဒနာကြောင့်၊ တဏှာစပ် ကြပြန်ပြီ၊ ဒီဝေဒနာ အကြီးဆုံး၊ ဒုက္ခကြီးဆုံးမှု၊ မစပ်ဘဲမနေနိုင် ဒါ- တစပ်မှတ်ပါလေ၊ စပ်ရင်လည်ပြီ စိတ်ချ။

## ဘဝ နှင့် ဇာတိ စပ်ပုံ

အစပ်ကဘယ်လို အထွက်ခက်အောင်၊ ကြပ်အောင် ပိတ်ဆို့ ထားသလဲ၊ ယခုဘဝတော့ နိဗ္ဗာန်ကို မရနိုင်တော့ဘူး၊ နှောင် ဖြစ်လေရာဘဝတိုင်း၊ ဘဝတိုင်း၊ ဒီနေရာဘဝေ၊ ဘဝေ ဆိုတာ ကြားဘူးကြလိမ့်မည်။ ရှေးအပရာ ပရိယတ် အဆက်ကြောင့်၊ ယခု လူလာဖြစ်ရတယ်၊ လူလဲဖြစ်ခဲ့တယ်၊ ဒီဘဝမျိုး ရင်းစား ငြိန်မှိုအောင်၊ အထုပ်ရအောင်၊ လုပ်မှာဘဲဟု၍၊ သိ၍၊ အဘုခိုး၍

ပြုရိုးမမှတာ မဟာပုည ကုသလ အစုစု၊ ဒီဘဝဒီကိုယ်စံ၊ ဟိုဘဝ ဟိုကိုယ်ခံရမယ်လို့၊ နှောင်လာမဲ့ ဘဝအနေနဲ့ စပ်ပြီး၊ ဆက်ပြီး အယူ အသိအလိုက် အဝိစိခိုက်အောင်၊ ပြုမိုက်ပြုရိုး ဒုစရိုက်မျိုး တို့ကို၊ ပြုကြတယ်ပြုဘူးတယ်၊ ဒါမဟာအပုညာဘိပါဘဲ။ အနဂ္ဂါ ဘိက ဖြဟ္မာ၊ ရေးကကုသိုလ်ကြောင့်၊ အခုလူဘဲ၊ ဒီလူက၊ နတ် ဗြဟ္မာအောက်တန်းမှာ၊ လူပြန်ဖြစ်စေရန် စပ်ကြတယ်။

ရှင်းပြီ၊ ယခုဘဝက၊ ကုသိုလ် အကုသိုလ် ကမ္မဘဝကြောင့် နောင်ပဋိသန္ဓေ ဝိညာဏ်ခေါ် ဇာတိ၊ ထောင်သို့ရောက်ရဒါတစပ် မှတ်၊ မြဲမြဲမှတ်ပါလေ၊ ခက်တယ်ယောဂီ၊ မမေ့နဲ့၊ ပညာရွှေ အိုးက ရှင်းပြနေတယ်။

### အလွှာလေးလွှာ ပဋိဝေဓသို့

| | | | |
|---|---|---|---|
| ၁။ | အဝိဇ္ဇာ၊ | ခံစားတာဘာလဲလို့ အရှင်းမသိ။ | တလွှာ |
| ၂။ | သင်္ခါရ၊ | သေပေါက်တိုး။ | |
| ၃။ | ဝိညာဏ်၊ | အကျိုးစုံ ၆-ဝိညာဏ်၊ | တလွှာ |
| ၄။ | နာမ်ရုပ်၊ | အသုဘတုံးဘဲ၊ | |
| ၅။ | သဠာယတန၊ | အာကာသအပေါက်ကြီးငယ်၊ | |
| ၆။ | ဖဿ | မီနှ်ရာဟင်းကောင်း၊ | |
| ၇။ | ဝေဒနာ | ချစ်ရာဆွေမျိုး၊ | |
| ၈။ | တဏှာ၊ | နှစ်သက်တာမသြဇာ၊ | တလွှာ |
| ၉။ | ဥပါဒါန်၊ | ပျော်ရာနိဗ္ဗာန်၊ | |
| ၁၀။ | ဘဝ၊ | အထုပ်ရဘိုလုံးပန်း | |
| ၁၁။ | ဇာတိ၊ | စင်လမ်းဖြောင့်၏ | တလွှာ |
| ၁၂။ | ဇရာ-မရဏ၊ | သေလမ်းတိုက်ရိုက် | |

စတုသခေ်ပါ ၄-လွှာ ဘာကိုလွှာသလဲ၊ ဘာကြောင့် လွှာရသလဲ (လွှာ) ဆိုသော ပေါရာဏအသုံးစကားအတိုင်းဘဲ ပြီးရောလား၊ ပဋိစ္စသမုပ္ပါဒ်၊ ဒေသနာမှာ၊ အလွှာလေးပါး ရှိတယ်၊ ပြောယုံနဲ့ ပြီးမှာလား သံသရာက ထွက်ပြီလား၊ စဉ်းစား။

ရှင်းပြီ။ အကျဉ်းချုပ်၍ ပေါင်းရုံး ရေဘွက်ရာ ဖြစ် သောကြောင့်၊ အလွှာခေါ်၏၊ အသပ်အဘို့အစု၊ အပုံ- အနှစ် အခွံ-အကာ-အလွှာ၊ လောကသုံးရှိကြရာ၊ စဉ်းစား ါ၊ ဂေါတမ မြတ်စွာဘုရားက၊ အလွှာဟူ၍၊ ဟောခဲ့ပြီ၊ မာဂဓ ဘာသာမှု၊ စတုသခေ်ပါလို့ ပါဠိကိုအနက်ပေးဒါ အလွှာပါဘဲ၊ အဓိပ္ပါယ် သဘာဝ ရောက်အောင်၊ လွှာတဘ်အောင်၊ လွှာပုံ၊ လွှာနည်းကို ဉာဏ်မှီး၍ အစပ် ၃-ခုကို ဖြုတ်လိုက်လျှင်၊ ဖြုတ်ရင်တဆပ်စီ၊ တလွှာစီပေါ့၊ တချပ်စီ၊ တဒွာနစီပေါ့၊ တခမ်းစီ၊ တပုံစီ၊ တခုစီ သိရမယ်၊ သိရင်ဆွက်၊ မသိရင်ဆက် အစပ်မရှိရင်၊ အလွှာမရှိ တော့ဘူး၊ ဝိသုဒ္ဓိမဂ်ကို မလွန်ဆန်ဘဲ။

ယထာရဟံ၊ ဝိဉာတဗ္ဗံအရ၊ အစပ်ကိုမသိရင်၊ အလွှာထဲမှာ အထပ်ဆပ်ထဲမှာပြန်မိရမယ်၊ သေရမယ်။

မိုက်လို့ပြုရဒါတလွှာ၊ သန္ဓေကြောင့် ကလလ၊ အရေခေါ်သွေး၊ ဒီအရေအခဲက၊ (၉)ပေါက်ဒွါရ၊ ဒီအပေါက်သို့ လာသမျှ အငွေ့ ပကတိကို၊ ငါတွေ့တယ်၊ သူထိတယ်၊ ငါသူ၊ ငါနဲ့သူ၊ မျက်စိ အကြည့်နဲ့၊ ရူပါရုံ ဒီလိုထိကြလို့ (အဘိုမှုခိဘူတဿဋ္ဌန) ဖြစ်လို့ ထိလို့၊ ခိုက်လို့၊ သိလို့ကြိုက်လို့၊ အကြံများပြီး ခံစားမှု

ကောင်းမှု ဤခကောင်းမှု ဟိုကောင်းမှု ထိုကောင်းမှုတွေ၊ ဖြင့်ရတယ်၊ ဒါတလှာပေ၊ ဒီအလှာ (၃)က နံပါတ် (၇) ထိ ၃ပါ၊ မရှင်းသေးပြန်ဘတ် ခန္ဓာမှာ ဥာဏ်နဲ့ ဟပ်ပါ။

### " တဏှာ ဥပါဒါန်ဘဝ "

တဏှာ-ဥပါဒါန်-ဘဝ၊ ဒါကဘာလှာသလဲ စင်မီလျှင်စွဲ စွဲမိလျှင်မြဲ၊ သဿတဒိဋ္ဌိလဲ ခေါ်ပါ၊ နံပါတ် (၈) (၉) (၁၀) ကြိုက်စ၊ တဏှာ၊ ကြိုက်စွဲ၊ ဥပါဒါန်၊ စွဲလုံးကြောင့် အာသေထွေဆုတောင်း ( ဆုလာ း - ဆူးလားစဥ်းစား) ကမ္မဘဝဆိုသည် မှာ၊ ကုအကုစေတနာမှတ်ပါ၊ နောင် - ဥပပတ္တိဘဝ၊ ရုပ်အထိ တခမ်းတသတ်၊ တစဥ် တထုံးသွားပုံ၊ ဒီ(၃)အင်္ဂါကို တလှာမှတ်ပါ။

### ' ဇာတိနှင့် ဇရာ နောက်ဆုံးတလှာ '

ဇာတိကြောင့်၊ ဇာတိဖြစ်ခြင်းကြောင့်၊ ပျက် - ပျက်မှာ-ဇရာ-မရဏပါတယ်။ ဇရာကို၊ မရဏနဲ့ - တသဘောတည်းယူပါ၊ ဘာသာပြန်မှာ၊ ပဋိသန္ဓေ နေရလို့၊ အိုရသေရဒါဘဲ၊ လူ့ပြည် လူ့စီးစိမ်လား၊ ကလလ ရေကြည်ကထဲက၊ ကြီးပေးခံကြရတဲ့၊ ကြီးအမိန့်ပေးလိုက်တယ်။ အယူခံလို့ မလွတ်၊ ကြိုးကွင်းတစ်ပြီးသား ရာဇဝတ်ကောင်တွေပါလားလို့ စဥ်းစား၊ ဒီကြိုးကွင်းတွေ တန်းလန်းနှင့်၊ တဦးနဲ့တဦး တိုက်ကြ-ခိုက်ကြ၊ ခိုးကြသတ်ကြ၊ အသတ်ခံရတဲ့သူ သေပြီထား၊ သတ်တဲ့လူကို တုန့်ပြန်သတ်သူမရှိလို့၊ မသေဘူးတဲ့လား။ မသေမှာ မပူနဲ့ မစိုးရိမ်နဲ့၊

အဗျာပါရ၊ နည်းအရ၊ တထင်ချ၊ ဇရာနောက်က မရဏပါတယ်၊ အဲဒါတလ္လာ။

( အလ္လာကို-လူမြင်းသိ ရှင်းပြ )

ပဌမလ္လာ။ အဝိဇ္ဇာကြောင့် သင်္ခါရအလ္လာကို၊ ဒုက္ခ လက္ခဏာဝင်လိုက်ပါ၊ ရှုပါ၊ ကြည့်ပါ၊ သိပါ၊ တကယ်သာသိရင်၊ မစပ်တော့ပါ၊ ဒီအလ္လာ၊ ဒီအချပ်ကို သိလျှင်၊ အစပ်ပြုတ်တယ် ယောဂီ။

ဒုတိယလ္လာ။ ( ဝိဉ်-မှ-ဝေ ) မြင်စိတ်ကြောင့်၊ ဝေဒနာဖောက်သိက် တပါထဲပေါ်၊ ဘာသာပြန်၊ မြင်တိုင်းခံစား၊ ကြားတိုင်းနံတိုင်း၊ လျက်တိုင်း ထိတိုင်း၊ သိတိုင်း ခံစားပါတယ်။ ဒါတလ္လာ ဒီအလ္လာ ဒီအချပ်ကိုလည်း၊ ဝိဇ္ဇာဉာဏ်နဲ့ ဖျက်ပါ၊ လွှာပစ်ပါ၊ ဒီဟာ ဓာတ္တာနုစခမ်းပါ၊ မိမိကိုယ်မှာရှိ၏၊ မပေါ်လို့၊ ဝိပဿနာ မဟာပညာရွှေအိုးက ပေါ်ကောင်လုပ်ပြီးပေါ်ပြီ၊ ပဋိသန္ဓေနေရလျှင်၊ ခံစားရ၊ စံစားရတော့မယ်၊ ခံစားဒါ ဒုက္ခလား၊ သုခလား၊ ပညာရှိနဲ့ တိုင်ပင်၊ ယောဂီချင်း၊ သူငယ်ချင်း၊ လင်မယားချင်း၊ ညီအစ်ကို- မောင်နှမ၊ မညီသူမဆို ဝိုင်းဖွဲ့ဆွေးနွေးကြ၊ ယောဂီတို့ အပေါ်ရခဲ့တယ်၊ မရရင်တယောက်တည်းပေါ့၊ ပစ္စတ္တံ တယောက်တည်း၊ ဝိညူ၊ ဝိဇ္ဇာ-ဉာဏ်ရှိသူ၊ ဝေဒိတဗ္ဗော၊ ကိုယ့်အလ္လာကိုယ်ဖြတ်၊ ကိုယ့်တဏှာကိုယ်သတ် ယောဂီတို့။

တတိယအလ္လာ။ (တ-ဥ-ဘ-တလ္လာ) ယခုလက်ရှိ မက်သည့်သမုဒယအစ။ သက္ကာယ ဒိဋ္ဌိ ခေါ်၊ အတ္တာဒိဋ္ဌိ ခေါ်၊ အတ္တစါ

ဒုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ ဒိဋ္ဌုပါဒါန် (၃) ချက်ဟာ၊ ပဌမ ကာမုပါဒါန်နဲ့ တတွဲတည်း၊ တထပ်တည်း၊ တချပ်တည်းဖြစ် ပြီး၊ ယခုလက်ရှိ ဥပပတ္တိဘဝခေါ် ဒိဋ္ဌခန္ဓာရုပ်၌၊ ကောင်းကျိုး မကောင်းကျိုး၊ ကံ (၂)ပါးတို့အတွက်၊ နေ့ရတာဘဲလို့ လွှာ၍ ဟောတော်မူတယ်။ ခက်တယ်....ယောဂီ၊ ထွက်လွယ်အောင် ဆင်ခြင်၊ ဒုက္ခပေါ်အောင် တွေးပါ၊ စဉ်းစားပါ၊ နှလုံးသွင်း ပါ။

စတုတ္ထအလွှာ။ ဇာတိ-ဇရာ-အလွှာမှာ၊ သုတ္တန္တဘာဇနီ နည်းအရ ပဋိသန္ဓေဆက်လို့၊ ဒိဋ္ဌခန္ဓာရုပ်၊ အို သေ ဖြစ်ရတယ်။ (ဝါ) ဖြစ်ရင်ပျက်ရတယ်။ အဘိဓမ္မာဘာဇနီ နည်းမှာ၊ ဥပါဒ်၊ ဌီ၊ ဘင်၊ ဇာတိက ဥပါဒ်၊ ဇရာ မရဏ၊ ဘင် အဲဒီအလွှာကို လည်း ဉာဏ်သိလုံး အမြင်မှန်အောင်၊ စင်အောင်ရှု၊ အလွှာပြုတ် ရမည်။ ဉာဏ်ကိုလွှာ၍သုံး ပါယောဂီ။

ဥပမာ။ လက် လေးချောင်း ထောင်လျှင်၊ ၄ ပင် (၃) ခမ်း ၄-ပင်ကို အလွှာ၊ ၃-ခမ်းက အစပ်၊ အစပ်ကိုဖြုတ်လျှင်၊ အလွှာ ထင်ရှားမယ်။ ရထားတွဲ ၄-တွဲ ချိပ်ဆက် ၃ ခုလိုရင်းမှာ၊ ရုပ် နာမ် ရောယှက်သော၊ ဤခန္ဓာဆိုး ပဋိစ္စမျိုးသည် ခဏတိုင်း လေးလွှာမှတ်ပါ၊ နာရီတိုင်း လေးလွှာမှတ်ပါ၊ ဆက်စပ်လျှက် အကြောင်းတရား၊ အကျိုးတရား (၂)ပါးသဘောကို၊ သုတ္တန္တ ဘာဇနီ နည်းဖြင့် ထင်ရှားအောင်၊ ဒုက္ခလက္ခဏာ မြင်အောင် ဟောတော်မူသည်။

## အင်္ဂါ (၁၂) ခြင်းရာ (၂၀)

၁။ အာ — သပ္ပုရိသ အရှင်းမရှာ။
၂။ သင် — သူများလုပ်တိုင်းလုပ်။
၃။ ဝိဥ် — စိတ်မျိုးစုံ။
၄။ နာမ် ရုပ် — သတ္တဝါစုံ။
၅။ သ — အာရုံခံ။
၆။ ဖ — တွေ့တိုင်းထိ။
၇။ ဝေ — ခံစားမြဲ။
၈။ တ — ကြိုက်လုံး။
၉။ ဥ — စွဲလုံး။
၁၀။ ဘ — ဒါဘဲပြန်လုပ်။
၁၁။ ဇာ — သူ့နေရာ။
၁၂။ ဇ — သူ့သင်္ချိုင်း။

ဒီအင်္ဂါ-၁၂ ပါးသည်၊ ခြင်းရာ (၂၀) ထိဖြစ်တယ်။ ဘယ်လိုဖြစ်သလဲ၊ အခြင်းအရာ လက္ခဏာ·အရည်အခြင်း၊ အကြောင်းအခေါ် မျိုးစုံရှိရာ၊

အတိတ်အကြောင်း.... ၅
ပစ္စုပ္ပန်အကျိုး...... ၅
ပစ္စုပ္ပန်အကြောင်း.... ၅
အနာဂါတ်အကျိုး.... ၅

သိခြင်ရင်ထပ်ထပ်ဘတ်၊ ဓာ-ခဏတွေး၊ ဘေးလွတ်အောင်တွေး၊ အေးအောင်ရှုပါ။ ယောဂီ၊ ပရိယတ္တိသာသနာအရ၊ စာသိနဲ့မနေနဲ့၊ စာဘတ်သူ၏ အရည်အချင်းကို စဉ်းစား၊ အဝိဇ္ဇာ၊

သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အတိတ်ဘဝက ပြုခဲ့သော ကံ-ကို၊ ဘဝမှတ်ပါ၊ ကမ္မဘဝလို့ ယူပါ၊ အဲဒီ ပြုခဲ့သောဘဝထိ အတိတ်အကြောင်းခံကို၊ အခြင်းအရာ ၅-လို့ ဟောတယ်။

ယခု ပစ္စုပ္ပန် လက်ရှိဘဝ၊ ကလ,လ ခေါ် ရုပ်ရေကြည်နဲ့ ပဋိသန္ဓေစိတ်၊ ၎င်း ၂-ပါးတို့ကြောင့်၊ တရားမှာ ပဋိသန္ဓေ ဝိညာဏ်ကစ၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ယခုအချိန် ထိ၊ ပစ္စုပ္ပါန်အကျိုး ခံစားနေကြရတယ်။ အခြင်းအရာ-၅၊ မြင် စိတ်ခေါ်၊ စက္ခုဝိညာဏ်စသော၊ ဝိညာဏ် (၆)ပါးတို့နဲ့၊ လိုက်စား ပျော်ပါး၊ နှစ်သက်၊ ချစ်မက်သော အခြေခံမူလ အကြောင်းရင်း ခံကြရပြန်တယ်။ မခံလဲမဖြစ်ဘူး၊ ဒါကြောင့်၊ ဒီဝိညာဏ်၊ ဒီနာမ် ရုပ်၊ ဒီသဠာယတန၊ ဒီဖဿ၊ ဒီဝေဒနာ၊ အခြင်းအရာ ငါးပါးအ ခြေခံပြန်လို့၊ ဒီငါးပါးဟာ၊ ပစ္စုပ္ပါန်အကြောင်း ငါးပါးလို့ ဟောတယ်။

တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ နောင်လာမဲ့ ဘဝကို မျှော်ကြည့်လိုက်ရင်၊ အမိဝမ်းတွင်း၌၊ ဘဝနိကန္တိ၊ လောဘဇောကို တဏှာဇကာက်ပါ၊ ဒီငါးပါးဟာ၊ လူခန္ဓာဖြစ် ပါတယ်။ အနာဂါတ် အကျိုးဖြစ်ရပုံ၊ ဆက်သွယ်ရပုံ၊ အခြင်း အရာကိုဘဲ၊ အနာဂါတ် အကျိုးတရား ငါးပါးခေါ်တယ်။

**သတိပြု။** အတိတ်အကြောင်း ၅-၌၊ အနာဂါတ်အကျိုး ၅-၌၊ ဇာတိဇရာ မရဏတို့ကို၊ အန္တော၊ ဂတ သွင်းယူပါ။

ယောဂီ ဆင်ခြင် နှလုံးသွင်းစမ်းပါ၊ ဩော် —....အတိတ်အ ကြောင်း ၅-ပါးကြောင့်၊ ပစ္စုပ္ပါန်အကျိုး ငါးပါးဖြစ်လာပါက လား၊ တခါပစ္စုပ္ပါန်အကြောင်းခံ ၅-ပါးကြောင့် အနာဂါတ် အကျိုး ၅-ပါး လာပြန်ဒါပါကလား၊ ဒီသတ္တဝါတွေ ဘယ်တော့

ထွက်ပေါက်ရကြမှာလဲ၊ တယ်ကြပ်ပါကလား၊ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်၊ ဒေသနာကို၊ ခက်တယ်ဟောကြ ပြောကြဒါဘဲ၊ ဒီခြင်းရာ (၂၀)ကို၊ ယောကျ်ားမိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ ထင်မှတ်ကြသော၊ အန္ဓ ဗာလတို့၊ အရိယာ အင်္ဂါလေးပါး၊ ပဋ္ဌမ သပ္ပုရိသနိဿန်လမ်းပြ၊ ဘုရားကိုမတွေ့လျှင်၊ တနည်းလမ်းကြောင်းထွက်ပေါက်ခေါ် အရည်အချင်းလက္ခဏာ၊ သိပိုင်သော၊ ပြတက်သော ဆုံနှုတ်တက်သော၊ ဆရာကောင်းကို၊ မသိမတွေ့၊ မရှာမမြင်ဒါ အကြီးဆုံးအဝိဇ္ဇာ အမိုက်ဆုံး မောဟပါကလား။

အင်္ဂါ( ၁၂ )ပါးကို၊ ကာလသုံးပါးမျှိပုံ။

| | | | |
|---|---|---|---|
| ၁။ | အ | အမြဲတန်းမိုက်။ | အတိတ်....၂ |
| ၂။ | သင် | အမြဲတန်းပြု။ | |
| ၃။ | ဝိဉ် | အမြဲတန်းဆက်။ | မန်....၈ |
| ၄။ | နာမ်ရုပ် | အမြဲတန်းသတ္တဝါ။ | |
| ၅။ | သ | အမြဲတန်းဒွါရ။ | |
| ၆။ | ဖ | အမြဲတန်းဝင်။ | |
| ၇။ | ဝေ | အမြဲတန်းစံ။ | |
| ၈။ | တ | အမြဲတန်းကြိုက်။ | |
| ၉။ | ဥ | အမြဲတန်းဆုပ်။ | |
| ၁၀။ | ဘ | အမြဲတန်းထပ်။ | |
| ၁၁။ | ဇာ | အမြဲတန်းဖြစ်။ | ဂတ်....၂ |
| ၁၂။ | ဇ | အမြဲတန်းပျက်။ | |

ကမ္ဘာကအသိ အသုံးမှားခဲ့သော၊ ကာလ (၃) ပါး၊ အရိပ်တံခါး၊ အရိပ်အာရုံတို့သို့၊ စိတ်များပြီး၊ စိတ်ကာမဂုဏ်လိုက်၊ အမိုက်ဆုံး၊ အကြိုက်ဆုံး၊ အသေမှာဆုံးကြတဲ့၊ လူ့နတ် ဗြဟ္မာတို့ကိုတွေး၍ ကြောက်၊ အပါယ်သတ္တဝါတို့ကို ထဲ့မစဉ်းစားနဲ့အုံး၊ အတိတ်.... လွန်ပြီး၊ ပန်....ပြုဆဲ၊ ဂါတ်....နောက်နှောင်လာလတံ့၊ ပြုအုံးမယ်၊ ဖြစ်အုံးမယ်၊ ရှေးကဖြစ်ခဲ့တဲ့ ဘဝအတိတ်၊ ခုဘဝ၊ ပန်....နောင်ဘဝ၊ ဂါတ်....အဲဒါ ပုတုဇန်အဘို့ဒေသနာတော်ဟောစဉ်ရှိသည်၊ ဝိပဿနာမဟာပညာရွှေအိုးရသူအစစ်ကား၊ မနေ့က၊ ယနေ့၊ နက်ဖန်၊ ကာလသုံးပါး စိတ်သိ၊ ယခုတင်က- ခု....တော်တော်ကြာခဲ့လိုက်၊

**တနည်းဘာလဲ ကာလ ၃-ပါး။**

| | | |
|---|---|---|
| တိတ် | ပန် | ဂါတ် |
| ငါ | မိန်း | မ |
| ငါ | ယောက် | ကျား |
| ငါ | သူ | ငွေး |
| ငါ | ဘု | ရင် |
| ငါ | ဆွေ | မျိုး |
| မြေ | ပိုင် | ရှင် |
| တိုက် | ပိုင် | ရှင် |

ပဋိစ္စသမုပ္ပါဒ်ဒေသနာကို လယ်ဒါဟောသလား၊ ရေးသလား ပြောတတ်သလား၊ သံသရာ၌၊ လယ်ဒါ၊ ဆက်ထာ၊ မွေးသေ၊ အနန္တကို၊ ပဋိစ္စသမုပ္ပါဒ်၊ ဒေသနာတော် မကြားမနာရခင်က၊ လူပြိန်းသိ သိရပါပြီ၊ ထွက်ပုံကို ဘတ်ချင်တယ်၊ သိချင်တယ်။

| | |
|---|---|
| လယ်ဒါသိ | ရပ်ဘို့ကြံ။ |
| ဆက်သာသိ | ဖြတ်ဘို့ကြံ။ |
| စပ်သာသိ | ဖြုတ်ဘို့ကြံ။ |
| မနာဒါသိ | ရပ်ဘို့ကြံ။ |
| ကြောင်းကျိုးသိ | မရှိဘို့ကြံ။ |
| ဖြစ်ပျက်သိ | ချုပ်ဘို့ကြံ။ |
| ပြတ်ဆက်သိ | ဗဟိုရကြံ။ |
| မှားမိုက်သိ | မှန်ဉာဏ်ကြံ။ |
| ပူဒါသိ | အေးဘို့ကြံ။ |
| ကု-အကုသိ | စွန့်ဘို့ကြံ။ |
| အနိစ္စသိ | နိစ္စကြံ။ |
| ဒုက္ခသိ | သုခကြံ။ |
| အတ္တသိ | အနတ္တကြံ။ |
| သခ်တသိ | အသခ်တကြံ။ |
| ဝင်ဒါသိ | ထွက်ဘို့ကြံ။ |

နိဗ္ဗာန်နဲ့၊ ပညတ်- ကာလဝိမုတ်မှတ်လေ၊ ကာလ ၃-ပါး က လွတ်နေတယ်လို့ သိပါ၊ ကာလ ၃-ပါးထဲမပါ၊ ဒီနိဗ္ဗာန် ဘယ်မှာရှိသလဲ၊ ရတဲ့လူမှာရှိတယ်၊ ဘယ်သူသိသလဲ၊ ရတဲ့လူသိ တယ်၊ ရအောင် ဘယ်လိုလုပ်မလဲ၊ ရသောသူကို ရှာ၍ ဆီးကပ်ရို သေစွာတောင်းပန်ရှိခိုး၍ယူပါသေရမဲ့အတူတူတရားရပြီးသေပါ။

**တိက္ခဝိစိကိစ္ဆာရှင်းတမ်း မဟာပညာရွှေအိုးကျမ်း။**

ပညတ်သည်၊ ကာလဝိမုတ်- ဘာမှမရှိ၊ အဘာဝတုစ္ဆ၊ ဘာမျှမရှိဒါ၊ ဘယ်ကာလထဲ ပါရအုံးမလဲ၊ တွေးပါ နှလုံးသွင်း ပါ။

နိဗ္ဗာန်ရတဲ့လူဟာ.... ကာလ သုံးပါးခေါ်၊ ရှေးအခါက ငါဘာကောင်ဖြစ်ခဲ့ပါလိမ့်၊ ခု-ဘာကောင် ဖြစ်ထာတဲ နှောင် အာကောင် ဖြစ်ရလိမ့်မည်လို့ အရှာမရှိပြီ၊ တိဏ္ဏဝိစိကိစ္ဆာ ကူးမြောက်ပြီးသော သံသရာမှတ်လေ၊ ဤမှာဘက်ခေါ်၊ ခန္ဓာရုပ်နာမ် ကမ်းစပ်မှ၊ ဟိုမှာဘက်ခေါ် ကမ်းလုံးဝမရှိ နိဗ္ဗာန်သို့ကူးပြီး ရောက်ပြီး ရပြီးလို့ အကောင်သတ္တဝါ၊ ပုဂ္ဂိုလ် ငါ-သူ အသက် ဇီဝ၊ မိန်းမ၊ ယောကျ်ား မရှိသဖြင့်၊ ယုံလိုက် မှားလိုက် ယုံမှား ခေါ်၊ ဝိစိကိစ္ဆာကမ်းမှ၊ ကူးမြောက်ပြီးပြီ၊ ဒါကြောင့် တိဏ္ဏမှတ် ဒါကြောင့် နိဗ္ဗာန်မှာ၊ နိဗ္ဗာန်ရတဲ့သူမှာ၊ ယောဂီမှာ၊ လူ ရှင် မည်သူမဆိုမှာ၊ ကာလ ၃-ပါးမရှိမှတ်၊ ကာလမှ လွတ်တယ် မှတ်၊ ဘယ်ကာလ၊ ဘယ်အခါသမယထဲမှာမှ၊ မဝင် မစွတ် မဖြေ့ အသလွတ်သတ်သတ် မှတ်ပါလေ၊ ပညတ် ပရမတ်ကွဲကြပါစေ။

**တယောအဒ္ဓါ သုံးပါးသောကာလ။**

အဒ္ဓါဆိုတာဘာလဲ။ ရှေးသုံးအဓွန့်ခေါ်ပုံ၊ အဓွန့်ရှည်ကြာ သံသရာ၊ တခြားမှာမထင်နဲ့၊ ယူနဲ့၊ ယခုစာဘတ်သူရဲ့ ခန္ဓာကိုယ် နာမ်ရုပ် မှတ်ပါ၊ နာမ်ဆက်၊ ရုပ်ဆက်ကို သံသရာ ခေါ် အဓွန့်ခေါ်တယ်။ အဒ္ဓပါဠိစကား ကာလလဲပါဠိစကား၊ အဓွန့်က၊ ရှေးပေါရာဏစကား ကာလ-အခါ၊ သမယ အခါ အခါ-အခု ယခုအခါက ဗမာစကား၊ ဟိုအခါ ယခုအခါ၊ နှောင် အခါ ဒါဘာတဲ ကာလသုံးပါး၊ အခါသုံးပါးပါတဲ့၊ အခုသုံးပါး ပါတဲ့။

အခု... အခု .. အခု၊ ဒီကာလသုံးပါးကို၊ ပညာဉာဏ်နှင့် ယှဉ်တတ်လျှင်၊ တိတ်၊ ပန်၊ ဂတ် မဟုတ် ပန်တခုသာ ရတယ်၊ တွေးပါ၊ ဝိပဿနာရှုလျှင်၊ အဒ္ဓပစ္စုပ္ပန်ကိုရှုရမယ်၊ ဝိသုဒ္ဓိမဂ်

အမိန့်တော်ပိုင်အောင်တွေး၊ ဒေသနက္ကမ ဟောစဉ်မှာ၊ ကာလ သုံးထား၏။ ၃-ပါးဟောပြမှု တရားသဘော နားလည်မည်၊ သံဝေဂဖြစ်မည်၊ ဒီပဋိစ္စသမုပါဒ်တရားတော်၌၊ ကာလသုံးပါး ဖောဒါ၊ ထားဒါ၊ ဆုမ္မဒါ၊ သံဝေဂဒုက္ခ၊ ထိပ်လန့်ဘို၊ ဆင်းရဲ သောလက္ခဏာတွေဘို ဟောပြရသည်။

## ဝဋ် သုံးပါး။

ဝဋ်ဆိုတာဘာလဲ။ ဝဋ လည်းဘီးများ ချာချာလည် သလို၊ လှည့်လည်ခြင်း၊ အကြောင်းပြီးလျှင်အကျိုး၊ အကျိုးဖြီး လျှင်အကြောင်း၊ အကြောင်းအကျိုး မပြတ်ဘဲ ဆက်စပ်လှည့် လည်နေသော ပဋိစ္စသမုပ္ပါဒ် တရားတွေကို၊ ဝဋ္ဋ(ဝါ) ဝဋ်ခေါ် တယ်။

| | | | |
|---|---|---|---|
| ၁။ | အ | အမှန်မသိလို့ | ကိလေသ။ |
| ၂။ | သင် | ကု-အကုပြု | ကမ္မ။ |
| ၃။ | ဝိဉ် | သန္ဓေစိတ် | |
| ၄။ | နာမ် | အကောင်ဖြစ် | |
| ၅။ | သ | (၆)ဒွါရပေါ် | ဝိပါက။ |
| ၆။ | ဖ | အာရုံနှင့်တွေ့ထိ | |
| ၇။ | ဝေ | ထိလို့ခံစား | |
| ၈။ | တ | ကြိုက် | ကိလေသ။ |
| ၉။ | ဥ | စွဲရော | |
| ၁၀။ | ဘဝ | ပြန်ပြု ကု-အကု | |
| ၁၁။ | ဇာတိ | သေ့ဖိုက်စိတ် | ဝိပါက။ |
| ၁၂။ | ဇရာ | အိုသေလိုက် | |

အဝိဇ္ဇာ တဏှာ ဥပါဒါန်သည် ကိလေသာဝဋ်မည်၏။
ကမ္မဘဝ။ တစိတ်နှင့် သင်္ခါရတို့သည် ကမ္မဝဋ်မည်၏။
ဝိညာဏ်။ နာမ်ရုပ်သည် သဠာယတန၊ ဖဿ၊ ဝေဒနာ
ဇာတိဇရာ မရဏတို့သည် ဝိပါကဝဋ်မည်၏။

ကိလေသဝဋ် ပူပန်ရ။
ကမ္မဝဋ် ပြုရ။
ဝိပါကဝဋ် ပျက်ရ၊ ဝဋ်သုံးဝ၊ ဝဋ်သံသရာ
ရှည်မြင့်စွာ၊

ဘယ်လောက်ရှည်ဆလဲ၊ ရောဟိတ နတ်သားက ဘုရားထံ
မေးလျှောက်တော့

## ဗျာမံ ပုတိကာရံ ကဠေဝရံ သံသရံ တိယ ဖွံ

ဗျာမံ ဤ ပုတိကာယံ လူချင်ပုတ်၊ ကဠေဝရံ လူသေပုတ် သည်
သံသာရံ အဆက်ဆက်၌၊ တိယဖွံ သုံးထောင်ထွာရှည်၏၊ ဒီဝဋ်
သုံးပါးသည် စက်ရဟတ်ပမာ ဆက်စပ်ခါလည်၍နေသည်။

သံသရာဆို၊ ခန္ဓာကိုယ် သိလိုမေးလျှောက်ပါ။
ခန္ဓာကိုယ်ရုပ်၊ အကောင်ပုတ် ဇာရှုပ်ဉာဏ်နဲ့ရှာ။
သံသရာရှည်တို့၊ သိကြလို ကိုယ့်ကိုယ် သုံးတောင်ထွာ။
မိုက်သေမွေးကြ၊ လောဟိတ မုဏ္ဍ ဤခန္ဓာ။

ပူလို့မဆုံး၊ ပြုလို့မဆုံး၊ ပျက်လို့မဆုံး၊ ဒီဝဋ်တုံးကို
ငါပါလားလို့သိ လက်ရာပြုန်ကြည် လက်ရာကို လက်စသိမ်းဘို့
ဝိပဿနာ မဟာပညာရွှေအိုးကို လက်ကိုင်ထားရှေ့ဆက်ဘတ်။

### ဝဋ်ကိုရှင်းပြီ။

### ဝဋ္ဋဒါန နှင့် ဝိဝဋ္ဋဒါန ရှင်းခမ်း။

**ဝဋ္ဋဒါန၊** လူနတ်တို့၏ စည်းစိမ်ခံစားလို၍ စွန့်ကြဲခြင်း၊ ပေးလှူခြင်း။

**ဝိဝဋ္ဋဒါန၊** ဒုက္ခမှ လွတ်ရာနိဗ္ဗာန်ကို ရလို၍ စွန့်ကြဲပေးခြင်း။

### နိဗ္ဗာန ပစ္စယော၊

( နိဗ္ဗာန ပစ္စယော ဟောတုနှင့်၊ သံသာရဝဋ္ဋ၊ ဒုက္ခတော မောစနတ္ထါယ ) ပဌမ အချီးစကားပုဒ်နှင့် ညီအောင်၊ ဒါနပြုပါက ဝိဝဋ္ဋဖြစ်နိုင်သည်၊ အသက်တော့မှန်ပါ၏၊ ကုသိုလ်ရှင်၏ ဆန္ဒက နပဗ္ဗါမနှင့် ယာဝတာဝကို နားမလည် ဘဝေ၊ ဘဝေ၊ ဘဝတိုင်း၊ ဘဝတိုင်း၊ ဆုံးဒါကိုတော့၊ သဘောကျ နေပြန်သဖြင့်၊ ငါတော့နိဗ္ဗာန်ကိုတော့၊ ယခုဘဝ ရတော့မှာမဟုတ်၊ မရခင်စပ်ကြား၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတို့ကို တထပ်ပြီးတထပ် မပြတ်အောင်ခံစား စံစားဘို့ ဉာဏ်သွားဝင်း ဖြည့်ဆွက်နေကြသဖြင့်၊ တော့လုက်နှင့်လဲ၊ သံသရာဝဲဂရက်မှာ မွေးသေကောင်ချင်းတွဲလို့၊ ခွဲဆို့မှာမမြင်၊ အပုတ်ကောင်ဘဝ ဘဝေ ဘဝေကို လက်မလွတ်ဘဲ တကာယ် စည်းစိမ်ထင်၍ ပပ္ပေါမကို၊ နငယ်ဦးစီးသဖြင့် နပပ္ပေါမသို့ မရောက်ကြခြင်းကို သတိထားဘို့လိုသည်။

ဘဝသမ္ပတ္တိ၊ ဘဝသမ္ပတ္တိကို။ အကာစ်မာနေန တောင့်တလျှက်၊ ပဝတ္တ ဖြစ်စေတတ်သည် ရှိသော်၊ တဏှာနိဿိတ၊ တဏှာကိုမှီတွယ်သည်မည်၏။

မနုဥ္စနိပုဏ္ဏားကို၊ အရှင်သာရိပုတ္တရာ တရားပြ၍ သေသည်၏ အခြားမဲ့၌၊ ပဌမဈာန်သုံးဘုံတို့တွင်၊ မဟာဗြဟ္မာဘုံ၌၊ မဟာ

ဗြဟ္မာကြီးဖြစ်သည်ကိုပင်၊ အိုနာ သေရေး၊ ဒုက္ခဘေးကို ဖြင်စေ တတ်သဖြင့်၊ မြတ်စွာဘုရားက သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး ကို၊ ဟောချေဟု မိန့်တော်မူ၏၊ အရှင်သာရိပုတ္တရာသည် ဗြဟ္မာဘုံ သို့ စျာန်ဟုန်ဖြင့် ကြွ၍၊ သစ္စာလေးပါး တရားကို ဟောကြား တော်မူ၏။ တရား၏အဆုံး၌ နေဥ္စနိပုဏ္ဏားကြီးသည် အာသဝေါ ကင်းပြတ်၍၊ ချမ်းသာခြင်းသို့ ရောက်လေ၏။

လိုရင်း။ ။ ဘိက္ခဝေ၊ ချစ်သားတို့၊ အဟံ၊ ငါဘုရား သည်၊ အပ္ပမတ္တကံ၊ အနည်းငယ်ဖြစ်သော၊ ဘဝံပိ၊ နတ်တို့ကာမ ယုတ်မာသောဘဝကို၊ နဝဏ္ဏေမိ၊ မချီးမွမ်းခြေ၊ အန္တမသော၊ အယုတ်သဖြင့်၊ သံဃဲတမတ္တမ္ပိ၊ လက်ပစ်တတွက်မျှရှိ ခန္ဓာကိုယ် ဖြစ်ခြင်းမျှကို၊ နဝဏ္ဏေမိ၊ ငါဘုရား ချီးမွမ်းတော်မမူနိုင်၊ ဘုရား ချီးမွမ်းတော်မူသည့် ကုသိုလ်မျိုး အထူးလိုလား၍ ပြုသင့်လှပေ သည်။

ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိသို့ ညွတ်သောစိတ်ဖြင့်၊ ပြုသည် ရှိသော် တဏှာနိဿိတမည်၏၊ ပါရမီကုသိုလ်မျိုး မဟုတ်၊ ဝဋ္ဋနိဿိ ကုသိုလ်ဖြစ်ပေသည်၊ မြတ်စွာဘုရား ပွင့်တော်မူလာ ခြင်းသည်၊ ကမ္မသကတာ၊ ဉာဏ်လောက်ကို ပေးလို ပြုလို၍ ပွင့်တော်မူခြင်းမဟုတ်၊ စတုသစ္စပဋိဝေဓ၊ အလင်းကိုသာ ဖေါ် ပြုလို၍၊ ပွင့်တော်မူလာရသည်၊ ထိုကမ္မသကတာဉာဏ် အလင်း သည်၊ ပညာဟုခေါ်သော်လည်း၊ ဗုဒ္ဓသာသနာအလင်းဟူ၍ မဆို လောက် မဆံ့ရသေး၊ သံသရာအလင်း၊ ကမ္ဘာအလင်း ဟူ၍သာ ဆိုရမည်၊ ပညာကားမည်ပါ၏၊ အစိအရှင်းမဟုတ်ပေ၊ ထိုပညာ သည်၊ ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ၊ ဓမ္မတာကံဆိုက် သိကြသော အသိမျိုးဖြစ်ပေသည်။

သို့ရင်း။ ။ တိလက္ခဏာ ကာရပဝိစ္ဆေဒက ပန ဝိပဿနာ ဉာဏံ အဓိပညတိ၊ ဝုစ္စတိ၊ ပန = ကမ္မသကတဉာဏ် ပညာမှတပါး ဝိပဿနာပညာဉာဏ်ကိုပြီးအံ့၊ တိက္ခဏာကာရပရိစ္ဆေဒကံ လက္ခဏာသုံးပါးဖြင့်၊ ပိုင်းခြားနိုင်သော ဝိပဿနာ ဉာဏံ ကလျာဏစသော၊ အရိယာသူတော်ကောင်းတို့၏၊ အထူးရှုမြင်မှု အသိဉာဏ်ကို၊ အဓိပညာတိ အဓိ၊ ပညာဟူ၍ (ဝါ) လောကကို လွန်မြောက်သော၊ ပညာအစစ်ဟု၊ ဟူ၍ ဝုစ္စတိ ဆိုအပ်၏။

သို့ဖြစ်၍၊ ယခုအခါ ဝိမုတ္တိယုဂခေတ်၌၊ ကိုးကြိုက်ကြသော အမျိုးကောင်းသားတို့သည်၊ ကမ္မသကတာဉာဏ်ပညာသမ္မာဒိဋ္ဌိ အလင်းဘက်သို့ သက်ရောက်ခါမျှနှင့် အားရ တင်းတိမ်မနေဘဲ၊ မိမိတို့ ပြုလုပ်ကြသော ကုသိုလ်ကောင်းမှုတို့ကို ဝိဝဋ္ဋ ကုသိုလ်မျိုးဖြစ်အောင်၊ ပါရမီကုသိုလ်မျိုး ဖြစ်အောင်၊ ဆရာကောင်းထံ နည်းခံ၍ ပြုလုပ်သင့်ကြပေသည်၊

## ဝိဝဋ္ဋနိဿိတ ဒါန ပါရမီဒါနခမ်း။

ဝဋ္ဋ … ရုပ်နာမ် ခန္ဓာ ဒုက္ခအစုတို့ ကျင်လည်မှုဘို့မှ ဝိ …ကင်းအောင်၊ (ဝါ) ကင်းသော အသင်္ခတဓါတ်မြတ်နိဗ္ဗာန်ကို၊

နိဿိတ .. ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့်မှီ၍၊ ဒါနပေးလှူမှု ပေတည်း၊

သံဝံပတ္တော ဘိက္ခဝေ၊ သံဝံပတ္တေတွာန၊ ဒါနံ၊ ဒါတဗ္ဗံ သီလံ ရက္ခိတဗ္ဗံ၊ ဘာဝနာ ဘာဝေတဗ္ဗာ။

ဘိက္ခဝေ ရှင်လူအပေါင်းတို့၊ သံဝံ၊ ဒုက္ခမဘက် သုခ သက်သက်ဖြစ်သော နိဗ္ဗာန်ကို၊ ပတ္တော၊ ဆုတောင်းကြကုန်လော့၊ သံဝံ၊ ဒုက္ခမဘက်သုခသက်သက် ဖြစ်သောနိဗ္ဗာန်ကို ပတ္တေတွာန၊ ဆုတောင်းကြကုန်ပြီး၍၊ ဒါနံ ဝဋ်မှကင်းကြောင်း၊ ဒါန ကောင်း

မှုကို ဒါတဗ္ဗံ ပေးလှူအပ်၏၊ သီလံ၊ ဝဋ္ဋမှကင်းကြောင်း သီလ ကောင်းကို၊ ရက္ခိတဗ္ဗံ၊ မကျိုးမပေါက် စောင့်ရှောက်အပ်၏၊ ဘာဝနာ၊ သမထဘာဝနာ၊ ဝိပဿနာ၊ ဘာဝနာ ခေါ် ဝဋ္ဋမှ ကင်းကြောင်း ဘာဝနာကောင်းကို၊ ဘာဝေတဗ္ဗာ ပွါးများ အပ်ကုန်၏။

ဒါန၊ သီလ၊ ဘာဝနာ၊ သုံးဌာနကို၊ ဝဋ္ဋဘေးမှ ကင်းလွတ် အောင် ပြုလုပ်ရမည်ကို သိဘို့လို၏။

ဒါနံ အလောဘ ဂ ဘာဟေတု၊ ဝိဝဋ္ဋ ဒါန အကြောင်းခံကြောင့် အလောဘော ၊ လောဘမရှိ၊ ဒါနသည်၊ သီလပုဒ်၌ အန္တောဂတ ဖြစ်၍၊ မဂ္ဂင်ရှစ်ဖြာ သုံးသိက္ခာ၌ ဖြူစင်ဖြောင့်မတ်စွာ၊ ယူတတ် ကြ ရမည်။

၁။ ကိုယ်ခန္ဓာနှင့်၊ အသက်စည်းစိမ် ဥစ္စာတို့ကို မင် ့ကွက် ရက်စက်စွာ ပေးကန်းစွန့်ကြဲမှုသာတနည်း။

၂။ စွန့်လွှတ်၍ တရားရှာဖွေမှုသာ တနည်း။

၃။ ခန္ဓာဒုက္ခနှင့် ပစ္စည်း ဥစ္စာတို့ကို၊ အဒိနဝဖြစ်၍၊ တရား အားထုတ်မှုသာ ဝိဝဋ္ဋ ဒါနဖြစ်မှုသာ၊ တကျာ ချုပ်ငြိမ်းနိုင်၏၊ နိဗ္ဗာန်ကို မျက်မှောက်ပြု၍၊ သုခစစ်ကို လိုချင်တောင့်တ၍ ကိုယ်ခန္ဓာနှင့် ဥစ္စာစည်းစိမ်တို့ကို၊ ဒုက္ခမြင်လျှက် ပေးလှူသော ဒါနကို ဝိဝဋ္ဋ ဒါနဟု မှတ်ယူရမည်။ ထို့ကြောင့်၊ ဒါနံ အလော ဘောဟေတု ဟုဟောတော်မူသည်၊ ကျွန်းဂန်နားမလည် ဝိပဿ နာဉာဏ် အသင့်အတင့်မျှနှင့် အချိုးမကျ တရားသဘောမှလွန် လျှက်၊ အတိဓာဝ အယူလွန် ပုဂ္ဂိုလ်တို့ ယူဆချက် ထင်မြင်ချက် မှာ ဒါနသည်၊ နိဗ္ဗာန်မရနိုင်၊ ဘယ်လိုပင် လှူစေကာမူ နိဗ္ဗာန်သို့ ရောက်ဘို့ အလှန်ဝေးတယ်ဟု ဟောကြ ပြောကြ ယူကြသည်။

ဥပဒေတော်နှင့် မညီမညွတ်၊ ဒါနပြုသူရှိလျှင်၊ ဝိဝဋ္ဋဒါနမျိုး ဖြစ်အောင် ပါရမီဒါနမျိုးဖြစ်အောင် ဟောပြော သွန်သင်ဆုံးမ ရ၏၊ ဤဒါနနှင့်၊ ဘဝကို မတောင့်တရန်၊ ကမ္မနံ အာဒိန ဝကာထာ မျိုးကို ဟောပြလျှင် ဒါနပြုသူလည်း အကျိုးရှိ၊ အလှူခံပုဂ္ဂိုလ် သည်လည်း၊ ချမ်းသာ ဖြစ်စေတော့သည်၊ ဒါနက ဝဋ်မလည် စေတနာက ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကို သုခ တပ် ဒုက္ခမမြင် သည့် အတွက်၊ လှူဒိုက်အလှူပေးပါမူ ရွယ်ခြု ဖိုလ်မက် မပါရက် မှား ဘက်ကိုသာ ကြဉ်လည်ရာတည်း.... ဆိုသော ဆုံးမစကားနှင့် ညီစွာ ဖြစ်တော့၏။

လိုရင်း။ ။ ကတ္တဗ္ဗ မေဝိဒန္တိ အရိယ ဘာဝံ နိဿယ ပဝတ္တိတံ ဒါနံ ပဏ္ဍိတဒါနံ အရိယဘာဝံနာမ။ အရိယာ၏ အဖြစ်ကို၊ နိဿယ နိသျှည်းမျိုး အတုခိုး၍၊ ဥဒ ဤအမှုကို၊ ကတ္တဗ္ဗမေဝ၊ပြုအပ်သည်သာလျှင်တည်း ဣတိ ဤသို့ပဝတ္တိဝံ၊ခန္ဓာ ဒုက္ခမှ မုချကင်းလွတ် ဝဋ်သုံးပါးမှ ကျွတ်ခြင်းကို ဖြစ်စေတတ် သော၊ ဒါနံ ပေးလှူခြင်းသည်၊ ပဏ္ဍိတဒါနံ နာမ အမြတ်ဆုံး ဝိဝဋ္ဋဒါနမည်၏၊ ဘာဟင်းနဲ့ စားလို့ ကောင်း ကောင်း၊ ဆားမ ပါရင်၊ ပေါ့တယ် ပျက်တယ်၊ ဆားပါမှကောင်း၏၊ သူဌေး စည်း စိမ်၊ မင်းစည်းစိမ် ဆုတောင်းပြီး လှူကြခြင်းတို့သည်၊ နိဗ္ဗာန် မရဒါမှန်၏၊ ဒါနကို မပါယ်ရ သတိချပ်အပ်၏။

**ဆရာစစ်ကို ရှာမှီးဘို့လိုသည်။** ။ သပ္ပုရိသ သံသေဝ၊ ဆရာ အစစ်အမှန်ကို၊ မှီဝဲမှသာ၊ လမ်းမှန်သို့ ရောက်နိုင်၏ မဂ်လာ တရားတော်အရ၊ ပဏ္ဍိတကိုမှီး၍ နိသျှည်းယူပြီး လှူသောဒါန သည်၊ မဂ်လာမည်၏။ အနဝဇ္ဇာနိ အပြစ်မရှိကုန်သော၊ ကမ္မနိစ

အမှုတို့ကို ပြုခြင်းသည်၊ ဘုရားချီးမွမ်း၏၊ မင်္ဂလာဖြစ်၏။ ဘာကို ဖြစ်စေတတ်သော၊ ကုသိုလ် မျိုးသည်၊ ဘုရားမချီးမွမ်းသဖြင့်၊ ချီးမွမ်းသော ဝိဝဋ္ဋ ကုသိုလ်မျိုးကိုလည်း အားထုတ် ကြရမည်ကို သတိပြုပါလေ။

## ဘယ်လို လှူမလဲ။

၁။ ခန္ဓာဇာတ်သိမ်းရာ... နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်။
၂။ မလှူမီကစေတနာ....လှူဆဲစေတနာ၊ လှူပြီးစေတနာစင်ကြယ် ရမည်။
၃။ လှူမည် ကြံစည်ကထဲက ...'မုတ္တစာဂီ' တွယ်တာမရှိ လွတ် အောင် စွန့်လှူရမည်။
၄။ မိမိလှူလိုသော ဝတ္ထုက... စမ္မာယလဒ္ဓ၊ တရားသဖြင့် ရသော ပစ္စည်းဖြစ်ရမည်။
၅။ အလှူခံပုဂ္ဂိုလ်လည်း မရွေး၊ မျက်နှာမထောက် ကျေးမွေး လှူဒါန်းရမည်။
၆။ လှူမည့်ရက်အတွင်း၊ သီလကို အထူးလုံအောင် စောင့်ရမည်။
၇။ မိမိခန္ဓာ၊ အလှူခံပုဂ္ဂိုလ်၏ ခန္ဓာ၊ အလှူဝတ္ထု၊ ၎င်းသုံးဌာနကို အနိစ္စလက္ခဏာ စသည်ဖြင့် ဝိပဿနာတင်ရှုရမည်။

ကုသိုလ်ရှင်။ ။ အလှူရှင်ပုဂ္ဂိုလ်တို့ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော၊ စေတနာ ဦးစီးပြဋ္ဌာန်းတဲ့၊ ရုပ် နာမ်ခန္ဓာစုတို့က လှူဘွယ်ဝတ္ထုဟု၊ ခေါ်ဝေါ် သမုတ်အပ်သော မြင်စရာ အဆင်း ရုပ်၊ နံ့စရာ အနံ့ရုပ်၊ လျှက်စရာ အရသာရုပ်၊ ရုပ်ကလပ်တို့ကို မွှားစေတတ်တဲ့၊ အဆီအနှစ် အစေးဟူသော၊ ဩဇာရုပ်၊ မာ၊

ပြော့ ပထဝီရုပ်၊ ပူအေး၊ တေဇောရုပ်၊ တွန်းလှုပ် ဝါယောရုပ် ပူးကပ်ယှိုစီး၊ အာပေါရုပ် ဟူသော၊ ဥတုဇ အဋ္ဌကလာပ် ရုပ်ဓါတ်တို့ကို၊ အလှူခံပုဂ္ဂိုလ်ဟု ခေါ်ဝေါ်ပညတ် သမုတ်အပ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် ဦးစီးပြဋ္ဌာန်းတဲ့၊ ရုပ်နာမ် ခန္ဓာအစုဘို့အား လှူအံ့ကြံသော အခါမှစ၍၊ ကြံတိုင်းအောင်း မေ့တိုင်း ဇောထဲက၊ သင်္ခါရ ခန္ဓာ၊ စေတနာကို၊ ပုဗ္ဗ စေတနာ ခေါ်သည်။ လှူဆဲအခါ၌ ဇောစော၏၊ ထိုဇောသည် ခန္ဓာ လေးပါးထဲက၊ သင်္ခါရက္ခန္ဓာကို မုဥ္စ စေတနာခေါ်သည်။ လှူပြီးနောက် ရပေပြီဟုစတွေးတော ဆင်ခြင်တိုင်း၊ ဇောစိတ်သည် ခန္ဓာလေးပါးထဲက သင်္ခါရက္ခန္ဓာ စေတနာကို၊ ပရစေတနာ ခေါ်သည်။ ယင်းစေတနာ သုံးတန်ကိုပင်၊ ဒါနပြုသည် ခေါ်သည်။ ပုဂ္ဂိုလ်သတ္တဝါက ပြုသည်မဟုတ် ဟု၊ သဒ္ဓါပြဋ္ဌာန်း၊ စိတ်ရွှင်လန်း၍၊ ဉာဏ်စွမ်းယှည်လျှက် ဆက်ကပ် လှူဒါန်း ရမည်ကို သတိပြုပါလေ။

မရှိတဲ့ပညတ်တရားကို၊ မရှိမှန်း၊ ရှိတဲ့ပရမတ် တရားကို၊ ရှိမှန်း သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ခေါ်သော၊ ယထာဘူတ ဉာဏ်ဖြင့် ဘုရားရှင်တို့ အလိုတော်ကျ၊ ဟုတ်တိုင်း မှန်စွာ သိခြင်းသည် ကုသိုလ်ပြုတိုင်း၊ ပြုတိုင်းတို့၌၊ ရှေးဦးစွာ သိသင့် သိထိုက်သော အရေးကြီးသည့် ပဌမ အချက် ဖြစ်၏။

အလှူရှင်၊ ပုဂ္ဂိုလ်ခန္ဓာအစဉ်၌၊ ထင်ရှားတဲ့စေတနာ ဦးစီးပြဋ္ဌာန်းသော ရုပ်-နာမ်အလှူခံပုဂ္ဂိုလ် အခန္ဓာအစဉ်၌၊ထင်ရှားရှိတဲ့ သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်၊ဦးစီးပြဋ္ဌာန်းသော ရုပ်-နာမ်

လှူဘွယ်ဝတ္ထုတည်း ဟူသော ရုပ်၊ ဤရုပ် နာမ်သည် သင်္ခါရ ဟူသမျှတို့သည်၊ ငါ၊ သူ၊ လူ၊ နတ်၊ ဗြဟ္မာ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ အသက် လိပ်ပြာ မဟုတ်သော ကြောင့် အတ္တမဘက်၊ အနတ္တ တရားမျိုးသာ ဟုတ်ပါကုန် တကား။

ရင့်ရော် အားနည်းအောင် နှိပ်စက်တတ်သော၊ ဇရာ၊ လူ့ရင်း လှူရင်း ကွယ်ပျောက် ပျက်စီးအောင် နှိပ်စက်တတ်သော၊ မရဏာ နှိပ်စက်မှုက မပြတ်မလတ် ခံနေရ၍ မယှက်သာ၊ ဆင်းရဲသော ကြောင့်၊ ဒုက္ခတရားမျိုးသာ ဟုတ်ကုန်ပါတကား၊ ကွယ်ပျောက် ပျက်စီးတတ်သောကြောင့်၊ အနိစ္စ တရားမျိုးသာ ဟုတ်ကုန်ပါ တကား၊ ဤသို့ ရုပ်နာမ် ခန္ဓာ၊ သင်္ခါရ တရားတို့ကို၊ ဝိပဿနာ ဉာဏ်ဖြင့်၊ ကုသိုလ်ပြုတိုင်း၊ ပြုတိုင်း၊ ရှုကြည့်ဆင်ခြင် ခြင်းသည် ဒုတိယအချက် ဖြစ်၏။

ဘုံသုံးပါး၌ ထပ်တလဲလဲ ဖြစ်ပျက်နေသော၊ ရုပ်-နာမ်ခန္ဓာ သင်္ခါရ တရားရှိလျှင်၊ ထိုတရားတို့နှင့် ဆန့်ကျင်ဘက် ဖြစ်ပျက်မှု ကင်း၍ အလွန် မြေ ချမ်းသာသော၊ သဘောအားဖြင့်၊ ရုပ်-နာမ် ခန္ဓာ ဒုက္ခအဆုံးနား၌၊ ကင်လျက် အမြဲတန်း တည်ရှိနေသော ရုပ်-နာမ် ခန္ဓာ ဒုက္ခတရားတို့ ကင်းဘို့၊ ကုန်ဘို့၊ ငြိမ်းဘို့၊ ချုပ်ဘို့ နောင်တဖန် ဆက်သွယ်၍၊ ဖြစ်ပေါ်မှု မရှိဘို့ အကြောင်းခံနေ သော၊ အသင်္ခတဓါတ် မြတ်နိဗ္ဗာန် ပရမတ်တရားသည်၊ မုချကေန် ရှိ၏၊ ကုသိုလ်ပြုတိုင်း၊ပြု တိုင်း၊ ဤသို့ အသင်္ခတဓါတ် နိဗ္ဗာန်သ ဘောကို၊ ဉာဏ်ဖြင့် အာရုံပြုသော အားဖြင့်၊ ထိုးထွင်း သိ၍ လှူဒါန်းခြင်းသည် တတိယအချက် ဖြစ်သည်။

ဤကဲ့သို့ ပြုလုပ် လှူဒါန်းသော ဒါနမျိုးသည်၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ် ခြံရံလျက် တံဆာဆင်၍ လှူဒါန်းသည် မည်သောကြောင့်၊ ဉာဏ်ယှဉ်၍ လှူကြတဲ့ ဉာဏသမ္ပယုတ် ဒါန မည်၏။ ဝဋ်ဆင်းရဲ ဒုက္ခတို့ ကျင်လည်မှု ကင်းအောင် (၀၁) ကင်းဘုံ ကန့်ဘုံ အကြောင်းခံနေတဲ့၊ အသင်္ခတဓါတ်မြတ် နိဗ္ဗာန်ကို၊ ဉာဏ်ဖြင့် အာရုံပြုသောအားဖြင့် မို၍၊ ပေးလှူသည်မည်သောကြောင် ဝိဝဋ္ဋနိဿိတ ပါရမီဒါနလည်း မည်၏။ သာမန် အလှူရှင်တို့ ပြုနိုင်ခဲ့သဖြင့်၊ အထက်တန်းအကြဆုံး၊ အမွန်မြတ်ဆုံး ဒါန ဖြစ်သောကြောင့်၊ တိဟိတ်ဉက္ကဋ္ဌ ပဏီတဒါနလည်းမည်၏။ ဤသို့ ဝိပဿနာသမ္မာဒိဋ္ဌိ ဉာဏ်ချင်း၍၊ ပေးလှူတဲ့ အလှူချင်းတို့သည် ယခု ပစ္စက္ခဘဝ၌ပင်၊ ကိလေသာ ကင်းစင် ရဟန္တာအရှင်များကဲ့သို့ ဖြစ်နိုင်၏။ အကယ်၍ မဖြစ်နိုင်ကဲ့သည် ရှိသော်၊ အပါယ်သို့ မကျတော့ဘဲ၊ လူ့ဘုံ၊ နတ်ဘုံတို့၌၊ လူကောင်း လူမြတ်၊ နတ်ကောင်း နတ်မြတ်၊ အသက်တန်းစား ဖြစ်၍၊ အနည်းဆုံး (၇) ဘဝသာလျှင်၊ ဒုက္ခအစုတွေ ဆက်၍ ဖြစ်နေတော့၏။ ထိုဒုက္ခအစုတွေ၊ ဆက်မှု လိုလေသောကြောင့်၊ ဝိပဿနာ သမ္မာဒိဋ္ဌိ ဝိဇ္ဇာဉာဏ်ယှဉ်တဲ့ ကုသိုလ်မျိုးကို ဝိပဿနာ ပညာရှိထံ နည်းခံ၍ အဆက်ဆက် ဖြစ်လတံ့သော ဝဋ်ဆင်းရဲအပေါင်းတို့မှ၊ လျှင်မြန်စွာ ကျွတ်လွတ် ထွက်မြောက်ကြရ လေအောင်၊ သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ပြုလုပ်ကြပါကုန် ယောဂီတို့။

ပညာရွှေအိုး အမွေရသော အင်္ဂါလက္ခဏာ။

၁။ ရုပ်-နာမ် ဓမ္မတို့၌၊ သဘာဝဆိုက်အောင် ဟောပြောနိုင်သော၊ ဆရာ့ထံ ဆီးကပ် သင်ယူမှတ်သား။

၂။ ရုပ်-နာမ် ဓမ္မတို့၌၊ သဘာဝဆိုက်အောင် ဟောပြောပြသ၊ ဆိုဆုံမသော တရားတော် နာယူမှတ်သား။

၃။ ဆရာ ဟောပြသော သဘာဝ ပရမတ်ကိုကို၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ ကိုယ်တိုင် သိမြင်ပေါက်ရောက်အောင်၊ စိတ်ကို ကောင်းစွာထား၍၊ အားထုတ် ဉာဏ်အလုပ်။

၄။ မိမိတို့၏ စိတ်၌၊ အစဉ်စွဲကပ်သည့်၊ အပါယ်သို့ကျကြောင်းဖြစ်သော၊ သက္ကာယ ဒိဋ္ဌိ တရားဆိုးကြီးကို၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယ အရိဂ္ဂ ဟဉာဏ်တို့ဖြင့်၊ စင်ကြယ်အောင်၊ အတင်းပယ်၊ ဇွတ်ပယ်၊ အသက်ပေးပယ်၊

ဒိဋ္ဌိ ဝိသုဒ္ဓိကခ်ါ ဝိတရဏ ဝိသုဒ္ဓိစခန်းမှ တက်ပြီး၊ မဂ်သို့ရောက်ကြောင်းဖြစ်သော၊ ရုပ် နာမ် ဓမ္မ သဘာဝတို့၌၊ အနိစ္စလက္ခဏာဉာဏ်၊ ဒုက္ခလက္ခဏာဉာဏ်၊ အနတ္တ လက္ခဏာဉာဏ်၊ အမြင်သန်အောင် မနေမနား၊ မရရင် မနေ အားထုတ် ကျင့်ကြံရန်၊ ဤအင်္ဂါလေးပါးကို၊ ဝိပဿနာ မဟာ ပညာရွှေအိုးက၊ ဖော်ပြလိုက်သည်။ အဲဒါ ပဌမအဆင့်၊ ထိုမှတဆင့်ထက်တဆင့်

တက်လျှင်၊ စတုတ္ထအဆင့် အရဟတ္တမဂ်သို့ပေါက်မည်၊ ဝိပဿနာဉာဏ် (၁၀) ပါး၊ (၆) ပါးကို ဖြစ်ပေါ်လာအောင်၊ ဉာဏ်ကိုအားထုပ်ရသည် မဟုတ်၊ လက္ခဏာရေး (၃) ပါးထင်မြင်အောင် အားထုပ် အားစိုက်ရသည်။ အားထုပ်သည့်အတိုင်းလက္ခဏာရေး (၃) ပါး ထင်မြင်လာလျှင် ဝိပဿနာဉာဏ်သည်လည်း အလိုအလျောက် အဆင့်ဆင့် ရင့်သန်ဖြစ် ပေါ်လာ၍ အတ္တဒိဋ္ဌိကို ဖျက်ဆီးနိုင်မည်။

အနတ္တကို ဖျက်ဆီးရန်မှာ၊ ဘော်ပြခဲ့သော၊ ပညတ်အမှေးကို၊ အစွဲပြု၍ ဖြစ်ကြသည်။ ပညတ်အမှေးကို ခွါလှန်နိုင်မှ၊ အတ္တဒိဋ္ဌိ ကင်းမည်၊ ခွါလှန်ဆိုသည်မှာ၊ အသိဉာဏ်ဖြင့် ခွါလှန်ရသည်၊ အသိဉာဏ်ကား........

၁။ နာမ် ရုပ်တွေ အသွယ်သွယ်၊ အသီးအခြားစီနေအောင် ဤဟာသည်ရုပ်၊ ဤဟာသည် နာမ် ဟု ပိုင်းခြားနိုင်သောဉာဏ် မဟာ ပညာရွှေအိုးကျမ်း ရုပ်-နာမ် အခဏ်းတွင် ပြန်ကြည့်။

၂။ ဘယ်ဟာကြောင့်၊ နာမ်-ရုပ် ဖြစ်သည်ဟု နာမ်-ရုပ်၏ အကြောင်းအမှန်ကို၊ အမှန်ကျ သိမြင်နိုင်သော၊ သိမ်းဆီးနိုင်သော ဉာဏ်၊ မဟာ ပညာရွှေအိုးကျမ်း ပဋိစ္စသမုပ္ပါဒ် အခဏ်းတွင်ကြည့်။

၃။ ရုပ်-နာမ်တို့၏၊ အသစ်သစ် မပြတ်ပျက်၊ ရေပွက်လျှပ်စစ်ကဲ့သို့၊ ဖြစ်ပျက်မစဲ မြဲသည်ကို၊ သိမြင်နိုင်သောဉာဏ်၊ မဟာ ပညာရွှေအိုးကျမ်း ရုပ်-နာမ် အာယတန အခမ်း ခု-ရှုစမ်း။

၄။ ဖြစ်၍ ဖြစ်၍၊ ပျက်ကြသော နာမ်-ရုပ်တွေကို၊ ထိပ်ဘွယ် လန့်ဘွယ်၊ ကြောက်ဘွယ်ကြီးတွေဟု၊ ဒုက္ခအကြီးဆုံး မိအောင် ရှု၊ ဘာကြောင့် ဒုက္ခရောက် ရသလဲလို့ တွေး၊ မဟာ ပညာရွှေ အိုးကျမ်း ခန္ဓာငါးပါး အခဏ်း ပြန်ကြည့်။

၅။ ဖြစ် ပျက်မစဲ ကြောက်ဘွယ်၊ လန့်ဘွယ်၊ ထိတ်ဘွယ်၊ ရုပ်-နာမ်ခတွေ၏၊ အကောင်မဟုတ်၊ အရှင်မဟုတ်၊ ပိုင်သူမရှိ၊ နိုင်သူမရှိ၊ ဖြစ်ချင်သလိုဖြစ်၊ ပျက်ချင်သလိုပျက်၊ ရေပွက်လျှပ် စစ်ကဲ့သို့၊ အယူမခံ၊ အကိုင်မခံ၊ (ဣတလကာလာ) ယူစရာ ရစရာ အနှစ် အသား မရှိသည်၏ အဖြစ်ကို၊ သိမြင်နိုင်သော ဉာဏ် မဟာ ပညာရွှေအိုးကျမ်း ဓါတ် (၁၈) ပါး အခဏ်းပြန်ကြည့်။

## ရာဟုလာကဲ့သို့ သာဝက ၃-မျိုးတို့ ရယူသော ပညာရွှေအိုး အမွေမျိုး ရပုံ။

**သာဝကာဟိ စတုန္နံ ဓါတုနံ၊ ကေဒေသမေဝ**

**သမ္မာသိတ္တွာ၊ နိဗ္ဗာနံ၊ ပါပုဏန္တိ။**

ဟို၊ ဓါတ်တရားဖြင့်သာ ၊ကျွတ်ကျပုံကို ပြဆိုဦးအံ့၊ သာဝကာ ပကတိ သာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက ၃-မျိုးတို့သည် စတုန္နံ ဓာတူနံ၊ ဓါတ်ကြီး လေးပါးထဲက၊။ ကေဒေသမေဝ၊ တခုခုကိုသာလျှင် (ဝါ) တစိတ်-တဒေသကိုသာလျှင်။ သမ္မာ သိတွာ၊ သုံးသပ်၍၊ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့ ပါပုဏန္တိ၊ ရောက်ကြ လေကုန်၏။

မူလ ပဏ္ဏာသ အဋ္ဌကထာအရ၊ ပာတိ သာဝက၊ မဟာသာဝက၊ အဂ္ဂသာဝက၊ အားလုံးတို့သည်၊ ဓါတ် (၄)-ပါးထဲက တပါးပါးကို အားထုတ်၍၊ ပညာရွှေအိုး ဓမ္မအမွေမျိုးကို ခံယူပြီး နိဗ္ဗာန်သို့ ရောက်ကြရကုန်သည်။

ထို့ပြင် ဓါတ်တရားသည်၊ အရဟတ္တဖိုလ်နှင့် အနီးဆုံးအကပ်ဆုံးဟု ဥပရိပဏ္ဏာသတွင်........

ဓါတုယော အယံ ပုရိသောတိဘဂဝါ

ကုလပုတ္တဿ (လ)အရဟတ္တဿ ပဒဋ္ဌာနဘူတံ

အစ္စန္တ သုညတံ ဝိပဿနာ လက္ခဏာမေဝ အဝိက္ခိတုံ အာရဒ္ဓေါ။

ဓါတုယော အယံ ပုရိသောတိ၊ ဤယောကျ်ား ဆိုသည်မှာ ဓါတ် ၆-ပါးဘဲ ဟူသော စကားကို။ ဘဂဝါ မြတ်စွာဘုရား သခင်သည်။ ကုလပုတ္တဿ၊ ပက္ကုသာတိရဟန်းအား။ အရဟတ္တဿ အရဟတ္တဖိုလ်၏။ ပဒဋ္ဌာဘူတံ၊ အနီးဆုံး အကပ်ဆုံး ဖြစ်သော။ အစ္စန္တသုညတံ၊ စင်စစ် အတ္တဒိဋ္ဌိမှ ဆိတ်သုံးသော။ ဝိပဿနာ လက္ခဏာမေဝ၊ ဝိပဿနာ၏ လက္ခဏာကိုသာလျှင်။ အဝိက္ခိတုံ ပြောကြားခြင်းငှာ။ အာရဒ္ဓေါ၊ အားထုတ်အပ်၏။

ဓါတ်တရားသာလျှင် အရဟတ္တဖိုလ်နှင့် အနီးဆုံးအကပ်ဆုံး ဓါတ်တရားသာလျှင် ဝိပဿနာ၏ လက္ခဏာ ဖြစ်ကြောင်းသိအပ်ပေသည်။

ဓါတ်တရားသည် ဝိပဿနာ ကမ္မဋ္ဌာန်းဖြစ်ခြင်း။

တတ္ထဓါတုဝသေန ကထိတံ ဝိပဿနာ ကမ္မဋ္ဌာနံဟောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

တတ္ထ၊ ထိုသမထ ဝိပဿနာ နှစ်ပါးတို့တွင်။ ဓါတုဝသေန၊ ဓါတ်တရား၏အစွမ်းအားဖြင့်။ ကထိတံ ဟောတော်မူခြင်းသည် ဝိပဿနာ ကမ္မဋ္ဌာနံ၊ ဝိပဿနာ ကမ္မဋ္ဌာန်းသည်။ ဟောတိ ဖြစ်၏။

## သားတော် ရာဟုလာသို့ ပေးသောအမွေ။

ပထဝီဓါတုံ ခေါ ရာဟုလ၊ အနိစ္စတော ဇာနာတော ပဿ တော သက္ကာယ ဒိဋ္ဌိယာ ဝိစိကိစ္ဆံ ပဇဟာတိ ( ရာဟုလာသုတ် )

**အနက်ကား....** ရာဟုလ၊ ချစ်သား ရာဟုလာ။ ပထဝီဓါတုံ တောင့်တင်းလေးလံ၊ ထိုင်းထိုင်း မှိုင်းမှိုင်း၊ အုံတုံတုံ၊ ကြပ် တတ်တတ် ထုံတုံတုံ စသည့် ပေါ်လာသော ပထဝီ ဓါတ်စု တခုကို။ အနိစ္စတော၊ အနိစ္စသ ဘော အားဖြင့်။ ဇာနတော ကိုယ်တွေ့သိသော သူအား၊ ( စာတွေ့မဟုတ် ) ပဿတော၊ ကိုယ်တွေ့ မြင်သောသူအား၊ သက္ကာယ ဒိဋ္ဌိယာ၊ အပါယ်မီးစ သက္ကာယကြီးနှင့်တကွ။ ဝိစိကိစ္ဆံ ဟုတ်မှ ဟုတ်ပါမလား ယုံမှား ခြင်း ဝိစိကိစ္ဆာကို။ ပဇဟာတိ၊ ပယ်သတ်နိုင်တော့၏။

## ခန္ဓာဓါတ်ကို ဉာဏ်မှာဟပ်၍ ရှုနည်း။

ခန္ဓာကိုယ်၌ ပေါ်ရှိသော ဓါတ်တို့ကို၊ ကြည့်ရှုနှလုံးသွင်းရန် ကမ္မဋ္ဌာန်းထိုင်နည်းအတိုင်းထိုင်၍၊ လက် ၂ ဘက်ကိုတင်ပလ္လင်ခွေ ပေါ်၌ ထပ်ပြီး တင်လျက်၊ တည့်မတ်စွာထား။ တအားစိုက်ပြီး မထားနှင့်၊ ညွှတ်၍လည်း မထားရ၊ ချမ်းသာသလိုထား၊ အလိုက် သင့်စွာထိုင်။ ဂိလာနအတွက် မထိုင်နိုင်လျှင်၊ ပက်လက် လှန် ရင်ဘတ်ပေါ် လက်တဘက်တင်၊ တဘက်ကို အုပ်ထား။ မျက်စေ့ မှိတ်၊ နဖူးတွင် စိတ်ကိုထား၍ရှု၊ သို့မဟုတ် ခန္ဓာကိုယ်တွင် မိမိ ကြိုက်နှစ်သက်ရာ အရပ်၌၊ စိတ်ကိုထား၍ ရှုရမည်။ ခန္ဓာကိုယ် အသားထဲက တေဇော။ အာပေါ။ ဝါယော။ ပထဝီတို့သည် ရှုပ်သဘာဝအတိုင်း ဓါတ်တို့၏ ဖြစ်ပေါ်မှုကို တွေ့ရမည်။ တွေ့သ မျှ ရုပ်ဓါတ်။ စိတ်က သိရသမျှ နာမ်ဓါတ်ချည်းဟုမှတ်။

ရုပ်ဓါတ် နာမ်ဓါတ် တို့သည် အမြဲဖြစ်ပေါ်လျက် ရှိသည်၊ ရှုသူ သတိထားသူမှာလဲ ပေါ်၏၊ မရှုသူ သတိမထား သူများမှာလဲပေါ်၏။ ပေါ်မှုကို သတိမထားသဖြင့် မသိမမြင် ကြရပေ အမြဲဖြစ်ပေါ်လျက်ရှိသည်။

ရှုဖန် ကြည့်ဖန် များလာသော် ပူမှုတခြား။ သိမှုတခြား။ လှုပ်မှုတခြား သိမှုတခြား၊ ဖွဲ့စေးမှု ယိုစီးမှု တခြား၊ သိမှုတခြား တောင့်တင်းမှုတခြား၊ သိမှုတခြား၊ ဤကဲ့သို့ ရုပ်တခြား နာမ် တခြား၊ ခွဲခြား-ခွဲခြား၍ သိလာသဖြင့်၊ နာမရူပ ပရိစ္ဆေဒသို့ ဆိုက်ရောက်တော့၏။

နာမရူပ ပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ ပဟီနံဟောတိ။ ဟူသော သံယုတ် ပါဠိတော်နှင့်အညီ၊ သက္ကာယ ဒိဋ္ဌိပြုတ်တော့၏။

**နာ**မရူပ၊ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်သည်၊ ဝိပဿနာ အခြေပါဒဖြစ်၍၊ ၎င်းဉာဏ် ၂-ပါးကိုပိုင်လျှင် အထက်ဉာဏ်တို့၌ လွယ်ကူလေတော့သည်။ ထိုဉာဏ် ၂-ပါးကို ပိုင်လျှင် မဂ်တည်းဟူသော ဆောက်တည်ရာ ဖိုလ်တည်းဟူသော သက်သာရာကို မရသေးသော်လည်း ရဘိသကဲ့သို့ စုတိကျသည် ရှိသော် သုဂတိသို့ မုချ လားရမည် ဖြစ်၍ သောတာပန်နှင့် အလားတူသဖြင့် စူဠသောတာပန် မည်၏။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိ နိဒ္ဒေသ

ဣမိနာပန ဉာဏေန သမန္နာဂတော ဝိပဿကော၊

ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော

နိယတဂတိကော စူဠသောတာပန္နော နာမ၊ ဟောတိ၊

ပန-ယောဂီတို့ အားရှိအောင် ပြဆိုပေအံ့၊ ဣမိနာ ဥာဏေန ရှေးက ရေးသားတော်ပြခဲ့သော။ ဤသို့သော အသိဉာဏ်နှင့် သပ္ပန္နာဂတော ပြည့်စုံပြီးဖြစ်သော။ ဝိပဿကော၊ ဝိပဿနာ အားထုပ်သောယောဂီဖြတ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ လဒ္ဓဿာသော၊ နေရာတိုင်း သက်သာခွင့် ရခြင်းရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ အပါယ်မကျ၊ ဆောက်တည်ရာ သုဂတိကို ရသည်ဖြစ်၍။ နိယတဂတိကော၊ မြဲသောလားရာဂတိ ရှိသည်ဖြစ်၍။ စုူဠသောတာပန္နောနာမ သောတာပန်အငယ်စား မည်၏။ ဟောတိ မုချ ပုံသေ ဖြစ်ရလေ၏။

မုချအပါယ်မကျနိုင်ကြောင်း လက်မှတ်ချပေးသဖြင့် အနည်းဆုံး ထိုဉာဏ်လောက် ရောက်၍ ထိုမှတဆင့် မြင့်သည်ထက်မြင့် အောင်ကျိုးစား အားထုတ်ကြရမည်ကို၊ သတိပြုကြရာ၏။

နာမရူပ၊ ပရိဂဟော ဋ္ဌိတိဝိသုဒ္ဓိနာမ။
နာမရူပ၊ ပရိဂဟော သမ္မဒိဋ္ဌိနာမ။
နာမရူပ၊ ပရိဂဟော ယထာဘူတဉာဏံနာမ။

ရုပ်-နာမ်ကို ပိုင်းခြားခြင်းသည်၊ အယူစင်ပြီ၊ အမှန်ယူပြီ၊ လမ်းမှန်ရောက်ပြီ၊ ရွှေအိုးတူးဖေါ်ရန် ပဌမလက်နက်ရပြီ။

စူဠသောတာပန်က တထစ်ချ အပါယ်ပိတ်သည်၊ မြတ်စွာဘုရား၏ တရားတော်သည်၊ စပါးပေးမဟုတ်၊ နှောင်မှရမည်မဟုတ်၊ ယခုအားထုတ် ယခုမီးသေဖြင့်၊ အကာလိကော အခါမလင့်၊ မျက်မှောက်ပြုနိုင်သည် ကြိမ်းသေဒါကိုလဲ အားထုတ်ကြ၊ ဒါန၊ သီလ၊ သမထ လောက်နှင့် တင်းတိမ်မနေနဲ့ ယောဂီတို့ အနည်းဆုံး ရုပ်-နာမ်လောက်ကို၊ သုတ အသိလောက်ရအောင် ကြိုးစားပါလေ။

ဝေဝသံဓါရေ သလ္လက္ခေတ္တာ ဌ္ဌိတဿပန ဘိက္ခုနော၊ ဒသာဗလဿ သာသနေ မူလံဩတိဏ္ဏနာမဟောတိ၊ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟူ၍ ဝိဘင်းအဋ္ဌကထာ လာသည့်အတိုင်း၊ ဓါတ်ကြီးလေးပါး တွေ့လျှင် သခံါရ ရုပ်နာမ်ကိုမြင်ပြီ၊ ဘုရားသခင် သာသနာတော်၌ ရေသောက်မြစ် တွယ်ပြီ၊ သက်သာရာရပြီ၊ ဆောက်တည်ရာ ရပြီ၊ အပါယ် မကျနိုင်တော့ပြီ၊ စူဠ သောတာပန် တည်ပြီဟု ဝမ်းမြောက်ကြပါကုန်။

အထက်ပါ ဖေါ်ပြခဲ့သည့်အတိုင်း ခန္ဓာကိုယ်မှ တရားကို တွေ့အောင် အားထုတ်ပါလျှင်....

၁။ တရားတွေ့လျှင် ကုသိုလ်စိတ်၊ အသားတွေ့နေလျှင် အကုသိုလ်စိတ်ဟု ခွဲခြား၍ သိရခြင်း။
၂။ အန္တပုထုဇဉ်တို့၏သဘော ဉမ္မတ္တကောကို သဘောပေါက် သိရခြင်း။
၃။ ဓါတ်ကြီးလေးပါး ဓါတ်ပရမတ်ကို တွေ့ရ၍ တကယ်ရှိသည်မှာ ပရမတ်၊ တကယ်မရှိသည်ကား ပညတ်ဟုခွဲခြား သိရခြင်း။
၄။ ဓါတ်ကြီးလေးပါးသည် ဖြစ်ပြီးလျှင် ပျက်နေသည်ကို တွေ့ရခြင်း။
၅။ ဓါတ်ကြီးလေးပါးတို့၏ မရဏပျက်ကို တွေ့ရခြင်း။
၆။ ဓါတ်ကြီးလေးပါးတို့ ဖြစ်ပျက်နေပုံမှာ တားမရ ယူမရ ဆွဲမရ တွေ့ရခြင်း။
၇။ ဖြစ်ပျက် တသဘောတည်း တွေ့ရသဖြင့်၊ ဉစ္ဆေဒဒိဋ္ဌိ ပြုတ်ရခြင်း။

၈။ ဖြစ်ပျက် အစဉ်ကို တွေ့သဖြင့် ရှေ့ဦးစွာ ဖြစ်ပျက် ရုပ်နှင့် နောက် ဖြစ်ပျက်ရုပ် တခြားစီ ဖြစ်မှန်းသိရ၍ သဿတ ဒိဋ္ဌိပြုတ်ရခြင်း။

၉။ ဤရုပ်နာမ် ဖြစ်ပျက်အစဉ်သည် ဘုရားသခင် ဖန်ဆင်း၍ ဖြစ်ရသည်မဟုတ်၊ လေးပါးကုန်သော ကံ, စိတ်, ဥတု, အဟာရ ကြောင့်သာ ဖြစ်နေသည်ကို၊ သိရသဖြင့် အတ္တ ဒိဋ္ဌိပြုတ်ရခြင်း။

၁၀။ ဖြစ်ပျက်အစဉ်သည် သူ့သဘော၊ သူ့သဘာဝအတိုင်း ဖြစ်နေသည်ကို တကယ်တန်းတွေ့ရသဖြင့်၊ အကြိယဒိဋ္ဌိ ကြီးပြုတ်ရခြင်း။

ထိုနောက် ဉာဏ်စဉ် အဆင့်ဆင့် ရင့်သန်လာမည် ဖြစ်၍ ယုံကြည်စွာအားထုပ်၍ ကိုယ်တိုင်တွေ့၊ မုချတွေ့၊ ဝိပဿနာ ပညာရွှေအိုး အမွေမျိုး ရကြရလေအောင်၊ ကြိုးစားကြပါကုန်။

**တဆင့်ထက်တဆင့်ရင့်သန်မည့်ဉာဏ် ၁၆ ပါးပေါ်ပုံဟာစ်မခေါ်နဲ့**

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ရုပ် နာမ် ဓမ္မတို့၌၊ သဘာဝ ပရမတ်ဆိုက်အောင် ပိုင်းခြား၍ သိသောဉာဏ်။

၂။ ပစ္စယပရိဂ္ဂဟဉာဏ်၊ နာမ်ရုပ်တို့၏ အမှန်ကိုသိသောဉာဏ်။

၃။ သမ္မသနဉာဏ်၊ ရုပ် နာမ်တို့ မျက်တောင်တခပ် လျှပ်တ ပြက်မျှ၊ အသက်ရှည် တည်နေသော တရားမဟုတ်ဟု အဖန်ဖန် သုံးသပ် ဆုံးဖြတ်သောဉာဏ်။

၄။ ဥဒယဗ္ဗယဉာဏ်၊ ရုပ် နာမ်တို့, ဖြစ်ပုံ၊ ပျက်ပုံ၊ နှစ်ပါးစုံ ရှုသောဉာဏ်။

၅။ ဘင်္ဂဉာဏ်၊ ရုပ်နာမ် တို့၏ အပျက်ကိုသာရှုသောဉာဏ်။
၆။ ဘယဉာဏ်၊ ရုပ်နာမ်တို့၌ ဘေးကြီးတွေ့ဟု ထင်မြင်သောဉာဏ်။
၇။ အာဒီနဝဉာဏ်၊ ရုပ်နာမ်တို့အပြစ်ကြီးတွေ့ဟု ထင်သောဉာဏ်။
၈။ နိဗ္ဗိန္ဒဉာဏ်၊ ရုပ်နာမ်တို့၌ ငြီးငွေ့သောဉာဏ်။
၉။ မုဉ္စိတုကမျတာဉာဏ်၊ ရုပ်နာမ်တို့မှ လွတ်လိုသောဉာဏ်။
၁၀။ ပဋိသင်္ခါဉာဏ်၊ အမြန်လွတ်မြောက်ရန် ရုပ် နာမ်တို့ကို ဝိပဿနာ ဘာဝနာဖြင့် တဖန်ရှုပြန်သောဉာဏ်။

## သတိပြုပါဥပမာ။

ငါးရှာသော လူတယောက်သည်၊ မြှုံးခေါ်သောဆောင်းကိုယူ၍၊ ချောင်းရေစပ်၌ ငါးကိုအုပ်၍ဘမ်းရာ မြှုံးဝဖြင့်လက်ကိုသွင်း၍ ငါးကို ဘမ်းလေ၏။ တကြိမ် နှစ်ကြိမ် ငါးများရ၏၊ တတိယအကြိမ်တွင် လက်ကိုသွင်း၍ နှိုက်လိုက်ရာ ရေမြွေဟောက်၏ လည်ကိုဆုပ်ကိုင်၍ ဝမ်းမြောက် ဝမ်းသာစွာ ငါသည်ရေမငါးကြီးကို ရပေပြီတကားဟု၊ လက်ကိုမြှောက်ပင့် ချီကြွ၍ကြည့်လေသော်၊ လည်ရေး သုံးရစ်ကို မြင်သဖြင့် ရေမြွေဟောက်ဟုသိသောအခါ ကြောက်လန့်သဖြင့် ချက်ချင်း လွတ်လိုက်လျှင် မြွေက ပြန်၍ကိုက်မည်ကို စိုးရိမ်၏။ မြွေသည် အမြီးဖျားမှစ၍ တငါသား၏ လက်မောင်းကို ရစ်ပါတ်ထားလေ၏။ ထိုငါသားသည်၊ မြွေဟောက်၏ လည်ကို တင်းကြပ်စွာ တအားဖြစ်၍ ပါတ်ထားသောမြွေကို ဖြည်ပြီးလျှင် မြွေကို အားနည်းအောင် လည်ပင်းကို အတင်းဆုပ်ကိုင်၍၊ နှစ်ကြိမ် သုံးကြိမ် ရမ်းခမ္မ လျက် " ဟယ်ဆိုးယုတ် ပျက်ချော်သောမြွေ " သွားချင်ရာ သွားလေ

တော့ဟု၊ စွန့်လွှတ်၍ လျင်မြန်စွာ ကမ်းဘက်သို့ တက်လေ၏၊
ကမ်းပေါ်သို့ ရောက်သောအခါ၊ ငါသည်မြွေ၏ဘေးမှ လွတ်ရပေပြီတကားဟုဆို၍ အိမ်သို့ပြန်လေ၏။

## ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ။

ဤဥပမာ၌ တံငါ၏ ငါးဟူ၍ ရေမြွေဟောက်ကို လည်၌ဆုပ်၍ နှစ်သက်သောအခါကဲ့သို့ ယောဂီတို့သည် အစ၌သာလျှင် အတ္တဘောကိုရ၍ နှစ်သက်သော ကာလကို မှတ်အပ်၏။

တံငါသား၏ ဆောင်းဝမှ မြွေဦးခေါင်းကိုထုတ်၍ လည်ရေးသုံးရစ်ကိုမြင်သကဲ့သို့ ယောဂီ၏ သမူဟဃန၊ ကိစ္စဃန၊ အာရမ္မဏဃန၊ သုံးပါးခွဲခြား ဝေဖန်ခြင်းကိုပြု၍ တေဘူမက သင်္ခါရတို့၌ လက္ခဏာ ရေးသုံးပါးကို မြင်ခြင်းကို မှတ်အပ်၏။

တံငါသား၏ ကြောက်သောကာလကဲ့သို့ ယောဂီ၏ ဘယတုပဋ္ဌာနဉာဏ်ကို မှတ်အပ်၏။

ထိုမြွေဟောက်ကို သိသောအခါမှစ၍ မြွေကြောင့်ဖြစ်လတံ့သောအပြစ်ကိုရှုခြင်းကဲ့သို့ အာဒီနဝနုပဿနာဉာဏ်ကိုမှတ်အပ်၏

ကိုင်သောမြွေကိုမလွှတ်မူ၍ ဆုပ်ယူနေရခြင်း၌ ငြီးငွေ့သကဲ့သို့ နိဗ္ဗိဒါနုပဿနာဉာဏ်ကို မှတ်အပ်၏။

မြွေကို လွှတ်လိုက်သော အဖြစ်ကဲ့သို့၊ မုစ္စိတုကမျတာဉာဏ်ကို မှတ်အပ်၏။

မြွေကို လွှတ်ရအံ့သောငှာ မြွေအားနည်းအောင် ဆုပ်ယူရမ်းမွှေ့ပြုသကဲ့သို့ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် တေဘူမက သင်္ခါရတို့၌ လက္ခဏာရေး သုံးပါးကို တင်ခြင်းကိုမှတ်အပ်၏။

၁၁။ သင်္ခါရုပေက္ခာဉာဏ်၊ ရုပ်-နာမ်တို့၌ လစ်လျူရှုသော ဉာဏ်။

သင်္ခါရဟူသမျှကား နိစ္စ, သုခ, အတ္တ စသော အနှစ် သာရ မရှိ အချည်းနှီးဖြစ်ကြောင်း ပညာစက္ခုဖြင့် ရှုမျှော်ဆင်ခြင်၍ ငါဟူ၍ရင်း ငါ၏ဥစ္စာဟူ၍ရင်း မစွဲလမ်းဘဲ လျစ်လျူရှုသော ဉာဏ်သည် ဖြစ်ပေါ်လာတော့၏။

## အထူးသတိပြုပါ ဥပမာ

အကျင်ယောကျ်ားသည် မိမိအလွန်နှစ်သက်သော မယားနှင့် အတူနေ အတူသွား မယားနှင့်ကင်း၍ တခဏမျှ မနေနိုင် အလွန် ချစ်မြတ်နိုးလှ၏။ ထိုယောကျ်ားသည် မိမိ၏မယားကို အခြား တပါးသော ယောကျ်ားနှင့် အတူထိုင် အတူသွား ရယ်မောကာ စကားပြောနေသည်ကို မြင်လတ်သော် သွားကြွားရိုးညပ် မျက် စပ်ပိုးဝင် ဆံတပင်တင်း ချစ်ခြင်းမယား ဆိုသည့်အတိုင်း မယား အတွက် အမျက်ထွက်၍ နှလုံးမသာဖြစ်လေ၏၊ ထိုမိန်းမ၏ မ စောင့်စည်းသော အပြစ်ကိုမြင်၍ မယားအဖြစ်မှကွာရှင်းလေ၏။ မယားဟူ၍ မမှတ် ကွာသည့်နေ့မှစ၍ ထိုမိန်းမကို အခြား ယောကျ်ားနှင့် အတူတကွ တစုံတရာသောအမှု ပြုနေသည်ကို မြင်လျှင် အမျက်မထွက် နှစ်လုံးမသာယာခြင်းသို့ မရောက်တော့ ဘဲ လျစ်လျူရှု၍ ဥပေက္ခာပြုနိုင်လေ၏။

## သဘောထားကြီးပုံနှင့် သင်္ခါရုပေက္ခာဉာဏ်။

ပဌမ သင်္ဂါယနာတင် ဘဝရှင် မင်းတရားကြီး လက်ထက် တော်၌ အရေးပါအရာရောက်သည့် ဝန်တပါးဖြစ်သော ယော

အတွင်းဝန် ဦးဘိုးလှိုင်သည် စာပေ ရေးရာနှင့်ပတ်သက်၍ လောကီ လောကုတ် စွယ်စုံတော်သော ပုဂ္ဂိုလ်ထူး တယောက် ဖြစ်လေသည်။

ဦးဘိုးလှိုင် ပြုစုရေးသားသော ကျမ်းများမှာ ဆေးကျမ်းဘေဒင်ကျမ်း၊ ဘာသာပြန်ဆေးကျမ်း၊ သဒ္ဒသင်္ဂဟကျမ်း၊ ဥတုဘောဇန သင်္ဂဟကျမ်း၊ ကာယနုပဿနာကျမ်း၊ ဝိမုတ္တိရသကျမ်း၊ ဝိပဿနာဥဒ္ဒါန် (၁၀) ပါးကျမ်း စသည်များဖြစ်လေသည်။

တနေ့သောအခါ အိမ်တွင်းရေး ကိစ္စနှင့် ပတ်သက်၍ အိမ်တော် စာရေးကြီး တဦးသည် ဦးဘိုးလှိုင်အား အသိပေးရန် စာကြည့်တိုက်ခမ်းထဲသို့ တိတ်တဆိတ် ဝင်လာ၍ ဝန်ကတော်သည် အမျှောင်ထားကြောင်း လျှောက်ထားသောအခါ "မောင်မင်းသိတာ ဘယ်လောက်ကြာပြီလဲ" ဟု ဦးဘိုးလှိုင်က မေးလျှင် တနှစ်နီးပါးရှိကြောင်း လျှောက်ထား၏။ ဦးဘိုးလှိုင်က "အေး... အေး.... ငါသိတာလဲ ကြာပါပြီကွယ်" ဟု တရားဟောပြော ဆိုဆုံးမပြီး မည်သူ့ကိုမျှ မပြောရန် မှာကြား၍ ဆုအဖြစ် ဒေါင်းဒင်္ဂါး ၁၅ ကို စာရေးကြီးအား ပေးလေ၏။

ဦးဘိုးလှိုင်သည် အိမ်တော်စာရေးကြီး၏ စကားကြားလျှင် စိတ်ထိခိုက်ခြင်းမရှိ ပြုံးနေ၏။ အမှန်အားဖြင့် သက်နှင့် ထပ်တူကြည်ဖြူသော အကြင်လင်မယား ဖြစ်လာခဲ့ကြပြီးနောက် မိမိ၏ ချစ်ဇနီး နောက်မီးလင်း၍ အမျှောင်ထားသည်ကြားလျှင် ရာခိုင်နှုန်းများစွာကုန်သော ယောကျ်ားတို့မှာ ယမ်းပုံမီးကြ ဒေါသထကာ ခြေလှန် လက်လှန် ဖြစ်တတ်ကြသည်။

ဦးဘိုးလှိုင်မှာ ထိုကဲ့သို့မဟုတ် စကားပြောပင်မပျက် စာရေးကြီးအား တရားပြ၍ ဆုငွေပင်ချီးမြှင့်လိုက်သည်။

လောက အနေအားဖြင့် သဘောထားကြီးသည်ဟု ခေါ်နိုင်၏။ လောကုတ္တရာ အနေဖြင့် ဦးဘိုးလှိုင်သည် သခ်ီရုပ္ပကွာဉာဏ် လွန်မြောက်သူ ထိုမှတဆင့် ရင့်ကျက်သူမှာ ဦးဘိုးလှိုင် ရေးသားသော ကျမ်းများ ထောက်ထား၍ ဆိုနိုင်ပေသည်။

ထရားကို-တကယ်ရတယ်၊ ကိစ္စပြီးပြီ ဆိုသော ယောဂီများသည် ဝိသုဒ္ဓိ မဂ္ဂအထကထာကျမ်းလာ ဥပမာအရ အကယ်၍များ မယားနှင့် ပတ်သက်၍ ပက်ပင်းမှာ ရင်ဆိုင်ခဲ့သော် လျစ်လျူသမ္မဥပေက္ခာပြုနိုင်ခြင်းငှာ ကြိုးစားအားထုတ်ကြရန်လိုလှ၏

တရားမသိသောသူကို သဘောထားကြီးသည်ဟု ဆိုနိုင်၏။ တရားကို တကယ်ရ၊ တကယ်သိသောသူမှာ လျစ်လျူသမ္မ ဥပေက္ခာ ပြုနိုင်သည်၊ မီးခသည်ဟု သိအပ်၏။

၁၂။ အနုလောမဉာဏ်၊ ရှေ့ဝိပဿနာ (၉) ပါး နောက်မဂ်ဉာဏ်များနှင့် လျော်သောဉာဏ်။

၁၃။ ဂေါတြဘူဉာဏ်၊ ပုထုဇဉ် အနွယ်ကို ဖြတ်သောဉာဏ်။

၁၄။ မဂ်ဉာဏ်၊ ဆယ်ပါးသော ကိလေသာတို့ကို မိမိ၏ ဉာဏ်စွမ်း အလျောက် အမြစ်အရင်း မကျန်အောင် ပယ်နှုတ်ထွင်နိုင်သောဉာဏ်။

၁၅။ ဖိုလ်ဉာဏ်၊ သန္တိသုခဟု ဆိုသော နိဗ္ဗာနဓါတ်ကို ကော် သိမြင်သောဉာဏ်။

၁၆။ ပစ္စဝေက္ခဏာဉာဏ်၊ မဂ်ဖိုလ်နိဗ္ဗာန် ကိလေသာ မကျန်ဆင်ခြင်နိုင်သော ရွှေအိုးရသော ဉာဏ်လက်နက်။

ထိုဉာဏ် (၁၆)ပါး တို့ကို ဟာစ်မခေါ်ရဘဲ၊ အမှန်အတိုင်း ရုပ်-နာမ်တို့ကို အနိစ္စထင်မြင်အောင် ဒုက္ခထင်မြင်အောင် အနတ္တထင်မြင်အောင်၊ နှလုံးသွင်းမှုဖြစ်သည်၊ ဆရာကောင်းလိုလှ၏။

ယထာဘူတံ ဟုတ်တိုင်း မှန်တိုင်း၊ ဇာနာတိ သိတတ်၏၊ နာမရူပ · ပစ္စယ · ၂ ပါးနှင့် သမ္မူဟာဿနကိုခွါ၊ အနိစ္စ၊ သန္တတိ ပညတ်ကိုခွါ၊ ဒုက္ခဉာဏ်ဖြင့် သုဘပညတ်ကို ခွါလို့ကြ၊ အနတ္တဉာဏ်ဖြင့် ဇီဝပညတ်ကို ခွါလှန်ကြ၊ ခွါလှန် ဆိုဒါ အထူးခွါလှန်ရသည်။ ဟုတ်၊ အဟုတ်ရှိ၍ မှန်ရှိ၊ အဟုတ်သဘော အမှန်သဘောကို၊ အဟုတ်သိ တကယ်သိ၊ သိက ပညာ အလိုလို ကွာကင်းတော့သည်၊ မိမိမှားယူသော အယူကိုစွန့်၍၊ အမှန်ကို အသက်ပေး၍ ယူခြင်းဖြစ်သည်၊ မှန်မှန်းသိသော်လည်း ယူခဲလှ၏၊ အခုယူ၊ အခုတွေး၊ အခုရှု၊ အခု၊ အကာလိကော အခါမလင့် ဒိဋ္ဌဓမ္မော၊ လက်တွေ့တရား ယောဂီများ....ကျိုးစားပါ။

## "သီလခမ်း ရှင်းတမ်း"

ပညာရှေ့အိုး၊ ဓမ္မအမွေမျိုးကို၊ တူးဖေါ် ရယူလိုသောသူတို့သည်၊ ဘုရားရှင် ကိုယ်တော်မြတ် ပညတ်တော် မူသော၊ ငါးပါးသီလကို ခံယူသည်ဖြစ်စေ၊ မခံယူသည်ဖြစ်စေ အမြဲလုံခြုံအောင် စောင့်ထိမ်းရမည်။ ဝါရိတ္တသီလခေါ်၏၊ အလေးဂရုပြု၍ အမြဲဆောက်တည်အပ်သော ဂရုဓမ္မ နိစ္စသီလမည်၏။ အာရိယာအရှင်မြတ်တို့ နှစ်သက်အပ်သော အရိယာ သီလလည်းခေါ်၏။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်စေတတ်၏။ ၎င်းသီလပျက်ရာသော အင်္ဂါပဒေါ့ အများအားဖြင့်လည်းအခြားသီလများထက်နည်း၏။ ထို့ကြောင့် အမှန်းတင် သီလမျိုးတို့ကို လူမှုကိစ္စအဝဝတို့ကြောင့် မစောင့်နိုင်ပါမူ ငါးပါးသီလကိုပင် အမြဲဆောက်တည်၍ ဝိပဿနာ ဘာဝနာကို ပွါးရာ၏။ ပဋ္ဌမရှေ့ဦးစွာ စီးခြံကို လုံခြုံအောင် အကာခိုင်းခြင်းဖြစ်ပေသည်။

## "သမာဓိခမ်းရှင်းတမ်း"

သမ္မသကမ္မဋ္ဌာန်း (၄၀) အနက်၊ တပါးသော ကမ္မဋ္ဌာန်း၌၊ ရှုးရှုးစိုက်စိုက် အာရုံပြု၍ စိတ်တည်ကြည်မှုကို ခေါ်သည်၊ တရားကိုယ်မှာ ဧကဂ္ဂတာ စေတသိက် ဖြစ်သည်၊ ဈာန်ငါးပါး တပါးပါးမှ ဝိပဿနာသို့ တက်သောနည်း၊ နိမိတ်အာရုံ ရသည်နှင့်၊ ဝိပဿနာသို့ တက်သောနည်း၊ အတော်အတန် စိတ်တည်ကြည်ရုံအားထုတ်၍ ဝိပဿနာသို့ တက်သောနည်း၊ မျိုးကို သမထယာနိက လမ်းခေါ်သည်။

### သမထယာနေန၊ ဂစ္ဆတီတိ သမထယာနိကော။

သမထယာနေန၊ သမထခေါ်သော ယာဉ်ဖြင့်၊ ဂစ္ဆတိ လောကုတ္တရာဘက်သို့ သွားတတ်၏၊ ဣတိတသ္မာ၊ ထို့ကြောင့် သမထယာနိကော၊ သမထယာနိက မည်၏။ ဈာန်ရပြီးမှ ဈာန်အခြေပြု၍၊ ဝိပဿနာ စီးဖြန်း၍ရသော ပုဂ္ဂိုလ်ကို သမထယာနိက ပုဂ္ဂိုလ်ခေါ်၏။ စီးခြံကို လုံစွာကာရံပြီး၊ စောင့်ရှောက်ထားခြင်း ဖြစ်သည်။

## "ဝိပဿနာသန့်သန့်အတွက်"

သမထ သမာဓိကို၊ အသီးအခြား အားမထုတ်မူ၍၊ ဝိပဿနာ သက်သက် သန့်သန့်အား ထုတ်နည်းမှာ၊ ဝိပဿနာယာနိက ပုဂ္ဂိုလ်တို့အတွက် (ဝါ) သုခဝိပဿက ပုဂ္ဂိုလ်အတွက် ဖြစ်သည်။

သုက္ခဝိပဿကတိတိ သုက္ခဝိပဿကော။ သုက္ခံ၊ သမထ ခေါ် ဈာန်မပါ အခြောက်တိုက် ဝိပဿတိ ဝိပဿနာ ရှုတက်၏၊ ဣတိတသ္မာ၊ ထို့ကြောင့်။ သုက္ခဝိပဿကော၊ သုက္ခဝိပဿက မည်၏။

“ ပဋိသမ္ဘိဒါ မဂ်ပါဠိတော် ”

လိုရင်း။ ဝိပဿနာ ပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ၊ ဝိပဿနာ ပုဗ္ဗင်္ဂမံ၊ ဝိပဿနာ ရှေ့သွားဖြစ်သော၊ သမထံ၊ သမထကို၊ ဘာဝေတိ၊ ပွါးရာ၏။

သမာဓိ၊ မရှိတော့ပါလားဟု မထွေးနဲ့၊ မတွေးနဲ့၊ မယူနဲ့ ကောက္ကတာပါသည်။ ယောဂီတို့၊ ကောက္ကတာ သမာဓိကို ခဏိက သမာဓိလဲ ခေါ်တယ်။

**နဟိခဏိက သမာဓိံ ဝိနာဝိပဿနာ န သမ္ဘဝတိ။**

ဟိသစ္စံ၊ ထိုစကားမှန်၏၊ ခဏိက သမာဓိံ၊ ခဏိက သမာဓိကို ဝိနာ၊ ကင်း၍၊ ဝိပဿနာ၊ ဝိပဿနာဉာဏ်ပညာသည်၊ နသမ္ဘဝတိ မဖြစ်ထိုက် မဖြစ်သင့်။

**တဿိမေ ဒွေဓမ္မာ၊ ယုဂနဒ္ဓာဝတ္တန္တိ၊ သမထောစ၊ ဝိပဿနာစ။**

တဿ၊ မဂ္ဂင်ရှစ်ပါးကို ပွါးသော ထိုပုဂ္ဂိုလ်အား၊ သမထောစ၊ သမထကိုရင်း၊ ဝိပဿနာစ၊ ဝိပဿနာကိုရင်း၊ ဒွေ (၂)ပါးကုန်သော ဣမေဓမ္မာ၊ ဤတရားတို့သည်၊ ယုဂနဒ္ဓာ၊ အစုံတို့သည် ဝတ္တန္တိ တပြိုင်နက်ဖြစ်ကုန်၏။ (ဥပရိပဏ္ဏာသ မဟာသဠာယတနသုတ်)

ဤပါဠိကိုထောက်၍၊ ဝိပဿနာ၊ အားထုတ်သောအခါ၊ သမထလည်း ပါပါကလားလို့ စိတ်ချ ယုံကြည်ကြရန် ဖြစ်ပေသည်။

**" သမထယာနိက "**

နိဝရဏ ဓမ္မ သမေတီတိသမထော၊နီဝရဏ တရားတို့ငြိမ်းစေတတ်သောကြောင့်၊ သမထော၊ သမထ မည်၏။ သမထ ဘာဝနာကို ပဌမလုပ်ပြီး၊ ဝိပဿနာသို့ တက်ကြသည်။

ဆဋ္ဌသင်္ဂါယနာတင်မူ ပဋိသမ္ဘိဒါ မဂ္ဂပါဠိတော် စာမျက်နှာ (၂၇၄) (၂၇၅) သုတ္တန္တနိဒ္ဒေသ အရ။

ကထံ သမထ၊ ပုဗ္ဗင်္ဂမံ ဝိပဿနာ ဘာဝေတိ၊ နေက္ခမ္မဝသေန စိတ္တဿ ဧကဂ္ဂတာ၊အဝိက္ခေပေါသမာဓိ၊တတ္ထဇာတေဓမ္မေ အနိစ္စတော၊ အနုပဿနဋ္ဌေန ဝိပဿနာ၊ ဒုက္ခတော အနုပဿနုပဿနဋ္ဌေန ဝိပဿနာ၊ အနတ္တတော အနုပဿနဋ္ဌေန ဝိပဿနာ ဣတိ ပဌမံ၊ သမထော ပစ္ဆာ ဝိပဿနာ တေနဝုစ္စတိ သမထ ပုဗ္ဗင်္ဂမံ ဝိပဿနံ ဘာဝေတီတိ။ သမထ အရင်လုပ်၍ ဝိပဿနာ အရင်လုပ်လျှင်၊ သမထယာနိက လမ်းဖြစ်၏။ သမာဓိအား မည်မျှရှိရမည်ကိုကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင်၊ဥပစာရ သမာဓိ အပ္ပနာ သမာဓိ ၎င်း၊ ထို(၂)ပါးသော သမာဓိကို ဤဘာဝနာ အရာ၌ လိုအပ်လှ၏။

**" ဝိပဿနာ ယာနိက "**

ကထံ ဝိပဿနာ ပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ၊ အနိစ္စတော အနုပဿနဋ္ဌေန ဝိပဿနာ ဒုက္ခတော အနုပဿနဋ္ဌေန ဝိပဿနာ၊ အနတ္တတော အနုပဿနဋ္ဌေန ဝိပဿနာ တတ္ထ ဇာတာနံ

မေမွှေးဥစ္စာဝါ သင်္ဂါရမွှာတာ စိတ္တဿ ကေဂ္ဂတာ အဝိက္ခေပေါ သမာဓိ ဣတိ ပဌမံ ဝိပဿနာ၊ ပစ္ဆာ သမထော တေန ဝုစ္စတိ၊ ဝိပဿနာ ပုဗ္ဗင်္ဂမံ သမထံ ဘာဝေတီတိ၊ ပါဠိနတော်အရ၊ ဝိပဿနာ အရင်ထူထောင်၍၊ ခဏိက သမာဓိဖြင့်၊ ဝိပဿနာရှု၍၊ မဂ်ပေါက် ဗိုလ်ဝင်ဖြစ်ကြောင်း အဌကထာဋီကာ၊ အကိုးအကားများစွာရှိသဖြင့် ခဏိက သမာဓိသည်၊ ခဏသေးမျှ စိတ်စင်ကြယ်ခြင်းအားဖြင့်၊ တခဏကလေး စိတ္တဝိသုဒ္ဓိ ဖြစ်ခြင်းကို ဝိပဿနာယာနိက လမ်း၏ သမာဓိခေါ်သည်။

ဘယ်ပုဂ္ဂိုလ်က သမထ၊ ဘယ်ပုဂ္ဂိုလ်က ဝိပဿနာအားထုပ်ရမလဲ။

## " နေတ္တိပါဠိတော် "

တတ္ထ ဘဂဝါ ဥဂ္ဃဋိတညုဿ၊ မုဒုကဿ၊ သမထံ ဥပဒိသတိ နေယျဿ ဝိပဿနံ သမထ ဝိပဿနံ၊ ဝိပဉ္စိတညုဿ။

တတ္ထ၊ ထို (၃) ယောက်သော ပုဂ္ဂိုလ်တို့တွင်၊ ဘဂဝါ မြတ်စွာဘုရားသည်၊ ဥဂ္ဃဋိတညုဿ၊ ဥဂ္ဃဋိတညု ဖြစ်သော ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်တို့အား၊ သမထံ၊ သမထကို၊ ဥပဒိသတိ၊ ညွှန်ပြတော်မူ၏၊ နေယျဿ၊ နေယျပုဂ္ဂိုလ်တို့အား၊ ဝိပဿနံ၊ ဝိပဿနာကို၊ ဥပဒိသတိ၊ ညွှန်ပြတော်မူ၏။ ဝိပဉ္စိတညုဿ၊ ဝိပဉ္စိတညုဿ ပုဂ္ဂိုလ်တို့အား သမထ၊ ဝိပဿနံ၊ သမထ၊ ဝိပဿနာ (၂) ပါးကို ဥပဒိသတိ ညွှန်ပြတော်မူ၏။

ထို့ကြောင့်၊ သမထကို သီးခြားထူထောင်၍ ဖြစ်စေ၊ မထူထောင်ဘဲဖြစ်စေ ဝိပဿနာ ကမ္မဋ္ဌာန်း အားထုပ်အပ်၏။

## " ပညာခမ်း အလင်းလှမ်း "

ရုပ် - နာမ် - ခန္ဓာ အာယတန၊ ဓါတ်သစ္စာတို့ကို၊ ဝေဖန်ခွဲချမ်း၊ တက်စွမ်းလိမ္မာမှု အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟုခန္ဓာမှာ ဉာဏ်ရှာကြည့်မှုသည်၊ ပညာမျိုးမည်၏၊ သာသနာဘွင်းတရားမည်၏၊ အချုပ်ကား ဝိပဿနာဉာဏ်ကို၊ ပညာခေါ်၏၊ စီးခြံကာ စောင့်ရှောက်ပြီး သီးမင် စားပင်စိုက်ခြင်း ဖြစ်သည်။

### ပညာရွှေအိုးကြီးကို တူးဖေါ်နိုင်ရန် လက်နက်များ

| | | |
|---|---|---|
| ၁။ | အာနာပါဏ ပဗ္ဗဌာန | ၁ |
| ၂။ | ဣရိယာ ပထပဗ္ဗဌာန | ၁ |
| ၃။ | သမ္ပဇာည ပဗ္ဗဌာန | ၁ |
| ၄။ | ပဋိကူလ မနသိကာရ ပဗ္ဗဌာန | ၁ |
| ၅။ | ဓါတုမနသိကာရ ပဗ္ဗဌာန | ၁ |
| ၆။ | နဝသိဝထိက (၉) ဌာန | ၉ |
| ၇။ | ဝေဒနာ နုပဿနာ ဌာန | ၁ |
| ၈။ | စိတ္တာနုပဿနာ ဌာန | ၁ |
| ၉။ | နီဝရဏ ပဗ္ဗ ဌာန | ၁ |
| ၁၀။ | ခန္ဓ ပဗ္ဗဌာန | ၁ |
| ၁၁။ | အာယတန ပဗ္ဗ ဌာန | ၁ |
| ၁၂။ | ဗောဇ္ဈင်္ဂ ပဗ္ဗ ဌာန | ၁ |
| ၁၃။ | သစ္စာ ပဗ္ဗ ဌာန | ၁ |
| | | ၂၁ |

ဤ ၂၁-ပါးသော ဌာနတို့၌ စတုသစ္စာကမ္မဋ္ဌာန်းကို ယူ၍၊ သစ္စာဉာဏ်သို့ ဆိုက်ရောက်အောင်၊ ဌာန-တခုခု၌၊ အားထုတ်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်ခြင်း လက်နက်ကောင်း ဖြစ်ကြောင်း။

ကေဝိ သတိဋ္ဌာနေသု အရဟတ္တေ သုခေပိယဟု ဖေါ်ပြပါ ကမ္မဋ္ဌာန်းကို အရဟတ္တဖိုလ်၌ ထည့်သွင်း ဖေါ်ပြထားသဖြင့် မည်သည့်ဌာနက အားထုတ် အားထုတ်၊ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ၊ သတိပဋ္ဌာန် (၄) ချက်အတွင်း ဝင်စေရမည်။

ကာယကိုရှေးရှု ဦးတည်လိုသော ယောဂါဝစရသည်၊ ကာယ၌ ဖြစ်သော၊ အာနာပါန ဓါတုမနသိကာယ စသည်တို့ကို အဘန်ဘန်ရှု၍ ထိုကာယ၌ ဖြစ်သော သတိကိုအစဉ် လျှောက်သဖြင့် ရအပ်သော ဆဋ္ဌဂီကာ၊ အရိယာမဇ်မှ နိဗ္ဗာန်သို့ဝင်ကြ၏။

**ကာယ ဝေဒနာ စိတ္တဓမ္မေသု ကိဥ္စိ ဓမ္မံ**
**အနုမသိတွာ ဘာဝနာမ နတ္ထိ။**

ကာယ ဝေဒနာ စိတ္တ ဓမ္မာ နုပဿနာ တို့ကို မသုံးသပ်မူ၍ (ဝါ) မဆင်ခြင်မူ၍ တစုံ တခုသော သတိပဋ္ဌာန် တရားကို ပွားစေအပ်သော ဘာဝနာ မည်သည်မရှိဟု သတိပဋ္ဌာနသုတ်တွင် ဟော်ပြထားသည်ကို သတိပြုပါ။

စိတ္တကိုရင်း၊ ဝေဒနာကိုရင်း၊ ဓမ္မကိုရင်း၊ ဦးတည်လိုသော ယောဂါဝစရတို့ ကိုလည်း၊ ကာယကို ဦးတည်လိုသော၊ ယောဂါဝစရနှင့် အတူ သိလေ။

သတိလေးပါးသည် အာရုံလေးပါးအလိုက် ရှိသော်လည်း နိဗ္ဗာန် ဝင်ရောက်ခြင်း အကျိုးမှာ၊ အတူတူဖြစ်၍၊ ဝင်ရောက်ကြောင်း သတိစေတသိက်ကိုလည်း၊ ဧကာယနော၊ ယံဘိက္ခဝေ မဂ္ဂေါ၊ ဟု တစ်ခုတည်းထား၍၊ ဟောတော်မူခြင်း ဖြစ်၏။

ငါတို့၏ နည်းတနည်းသာ မှန်သည်ဟု အယူမသန်၊ အငြင်း မပွါးကြရန်၊ **သတိပြုရာ၏။**

ကာယကိုမတွေ့ မထိလျှင်၊ ဝေဒနာသည် မပေါ် ကာယနှင့်တွေ့ထိမှ၊ ဝေဒနာပေါ်သည်၊ စိတ်သည်လည်း အာရုံနှင့်ထိမှ ဝေဒနာ ပေါ်လာသည်၊ ထိုပေါ်သော ဝေဒနာကို အတ္တဟု ရှုသဖြင့်၊ သက္ကာယ ဒိဋ္ဌိ ဖြစ်ပြီး၊ သစ္စာဉာဏ်တည်းဟူသော ရွှေအိုးကြီးကွယ် ပျောက်ရသည်။

ဘုရားအမွေကို ရယူရန် လက်နက်သည်၊ ပေါ်ပြခဲ့သော ဌာနတခုခုမှ၊ ဝိပဿနာဉာဏ်၊ အနုပဿနာဉာဏ်သို့ ရောက်ရန် အားထုတ်ရမည့် လိုရင်းအချက် ဖြစ်သည်၊ ဝိပဿနာပညာ သာလျှင်၊ ဘုရားပေးသော၊ ပညာရွှေအိုး အမွေမျိုး ဖြစ်သည်။

**ကတမော စ ဘိက္ခဝေ၊ အသင်္ခတဂါမိမဂ္ဂေါ၊**

**အယံ ဝိပဿနာ ဝုစ္စတိ၊ ဘိက္ခဝေ၊ အသင်္ခတဂါမိမဂ္ဂေါ၊**

ဘိက္ခဝေ၊ ချစ်သားမြတ်တို့၊ အသင်္ခတဂါမိမဂ္ဂေါ၊ နိဗ္ဗာန် ရကြောင်းတရားသည် ကတမော အဘယ်တရားပါနည်း။

(သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သားမြတ်တို့၊ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတ ခေါ်သော နိဗ္ဗာန် ရကြောင်း၊ တရားသည် အယံ၊ ဝိပဿနာ၊ ဤဝိပဿနာတရားဟူ၍၊ ဝုစ္စတိ၊ ငါဘုရားဟောတော်မူ၏။

ဝိပဿနာ ပညာရွှေအိုး၊ လူမခိုး
ဝိပဿနာ ပညာမျိုးသာ၊ ကိုယ့်ဥစ္စာ
ဝိပဿနာ ပညာရှိသော်၊ မဂ်ဉာဏ်ပေါ်
ဝိပဿနာ ပညာရဲရင့်၊ သာသနာ့ပွဲလယ်တင့်
ဝိပဿနာ ပညာနှင့်ပင်၊ ကြံအောင်မြင်
ဝိပဿနာ ပညာထွန်းသောင်၊ ထွန်းလင်းပြောင်
ဝိပဿနာ ပညာရမှ၊ မြတ်သုခ
ဝိပဿနာ ပညာအမှန်၊ မြတ်နိဗ္ဗာန်

မိဘ၏ အမွေကို၊ သားသမီးတို့ရကြသလို၊ ဘုရား၏ အမွေတော်ကို ရယူလိုကြသော သူတော်ကောင်း အပေါင်းတို့သည်၊ ဘုရား၏ အဆိုတော်ကျ၊ အရိယ သစ္စာဖြစ်သော—

ဒုက္ခသစ္စာကို သိသော ပညာရွှေအိုး
သမုဒယသစ္စာကို သိသောပညာရွှေအိုး
နိရောဓသစ္စာကို သိသောပညာ ရွှေအိုး
မဂ္ဂသစ္စာကို သိသောပညာ ရွှေအိုး

ထိုပညာ ရွှေအိုး ဓမ္မအမွေမျိုးကို ရမှသာလျှင်၊ ဘုရား၏ အမွေကို ရသည်မည်၏၊ သစ္စာလေးတန် သိရှီးမှန် ဧကံ သံဗုဒ္ဓဆိုသည့်အတိုင်း၊ သစ္စာလေးပါးသိမှ ဘုရား၊ ထိုသစ္စာ လေးပါးကိုမမြင်နိုင်အောင် မြင့်မိုရ်တောင်ကြီးသည် သစ္စာလေးပါးတည်းဟူသော မုန့်ညှင်းစေ့ကို ဖုံးအုပ်ကွယ်ကာ အိုးသကဲ့သို့ မမြင်နိုင်။

၁။ တဂါဝုတ် ပမာန သဃ် မည်သော ရွှေအိုး
၂။ ယူဇနာဝက် ပမာန ဌေ မည်သော ရွှေအိုး
၃။ သုံးဂါဝုတ် ပမာဏ ဥပ္ပလ မည်သော ရွှေအိုး
၄။ တယူဇနာ ပမာဏ ပုဏ္ဍရိက မည်သော ရွှေအိုး

အစောက်ကား၊ နှစ်သိန်းလေးသောင်း အထုရှိသော မြေနှင့် တမျှဖြစ်သည်။

" ဒီရွှေအိုးကို ဘယ်လိုတူးဖေါ်ရမလဲ "

ဥပမာ။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတော်သည် ခါတ်သတ္တုရေနံ ကျောက်မီးသွေး၊ ကျောက်စိမ်း၊ ကျောက်သံ ပတ္တမြား၊ ပယင်း ဒုတ္တာ ဂူ:ဖရင်းသံ စသည့် အဘိုးတန် ရတနာတွေနှင့်၊ ပြည့်စုံသော၊ အဘိုးတန်သော၊ နိုင်ငံတော် ဖြစ်သည်ကို၊ ကမ္ဘာက မငြင်းနိုင်၊ အသိပင် ဖြစ်လေသည်၊ သို့ရာတွင် ထိုအဘိုးတန်ပစ္စည်းများကို၊ တူးဖေါ်ရန် အင်္ဂါရပ်များ ဖြစ်သော လက်နက်ကရိယာ လုပ်အားနှင့်၊ အရင်းအနှီး လိုအပ်သဖြင့် ထိုလိုအပ်သောအင်္ဂါကို၊ ဖြည့်စွမ်းနိုင်မှ တူးဖေါ်ရယူနိုင်မှ အကျိုး ခံစားရမည်၊ နိုင်ငံအတွင်းရှိ၊ မှီတင်းနေထိုင်ကြသော၊ ပြည်သူပြည်သား အပေါင်းတို့၊ ချမ်းသာကြမည်၊ ထိုရတနာများရှိသော နိုင်ငံတွင် နေထိုင်ကြရုံမျှနှင့်၊ မချမ်းသာနိုင်။

ဥပမေယျ။ ဗုဒ္ဓဘာသာ အခေါ်ခံရရုံနှင့်၊ ဘုရားအမွေမရနိုင်၊ ဗုဒ္ဓဘာသာ နိုင်ငံတော်မှာ၊ နေထိုင်ရုံနှင့်၊ ဗုဒ္ဓ၏အမွေကိုမရနိုင်၊ အဘိုးတန်၊ ကျောက် သံ ပတ္တမြား တို့ကို၊ တကယ် ရယူရန်၊ လက်နက် ကရိယာ လုပ်အား အရင်းအနှီး ပြည့်စုံမှ ရသကဲ့သို့၊ ဘုရား၏ အမွေကိုရယူရန် ဘော်ပြခဲ့သော၊ ဓါတ်ကြီး လေးပါးမှ တပါးကို တွေ့မြင်ရန် အားထုပ်သော ဖေါ်ပြပါ နည်းအတိုင်း ဖြစ်စေ၊ မိမိတို့ နှစ်သက်သော ရုပ် နာမ် ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓါတ် ၁၈-ပါး၊ နည်းတို့ဖြင့် ဖြစ်စေ၊ ထင်

အောင် မြင်အောင် အားထုပ်၍ ပရမတ် အမြင်မှန်ရရန် ပရမတ် အစစ်ကို ဖုံးကွယ်ထားသော-

ဃန ပညတ်
နာမ ပညတ်
သဏ္ဌာန ပညတ်
သန္တတိ ပညတ်
သမူဟ ပညတ်
သုဘ ပညတ်
ဇီဝ ပညတ် တို့ကိုဖယ်ခွါရမည်။

ပါဠိတော် အဋ္ဌကထာ ဋီကာ စသော ကျမ်းဂန်လာ ဝိပဿနာမှာ—

**ပညတ္တိံ ထပေတွာ နိဗ္ဗတ္တိတ ပရမတ္ထဝသေန**
**ဝိဝိဓါ ဝါ ပဿတီတိ ဝိပဿနာ၊** ဆိုသည့်အတိုင်း

ဝိသုဒ္ဓိမဂ္ဂမဟာ ဋီကာ၊ အင်္ဂုတ္တိုရ ဋီကာ၊ မဟာအတုလ ဋီကာ၊ အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာ၊ အဘိဓမ္မတ္ထ သင်္ဂဟဋီကာ စသည်တို့၌ ပါရှိပေသည်။ သို့ဖြစ်၍ အနိစ္စကို သန္တတိဖုံး၏၊ ဒုက္ခကို အရိယာပထ ဖုံး၏၊ အနတ္တကို ဃနဖုံးသဖြင့် နိဗ္ဗာန်ကို ပညတ်ဖုံးကြောင်းထင်ရှားလေသည်။

ဝိပဿနာအလုပ်ဆိုသည်မှာ ပညတ်တရားနှင့် မရောမရှက် သက်သက်သော ပရမတ္ထ ဓမ္မတို့ကို ထင်မြင်၍ လက္ခဏာရေး သုံးပါးတို့ကို နေရာတကျ ထင်မြင်မှုဖြစ်သည်။ နေတကျဆိုသည်မှာ အပေါင်းကာယ ကောဋ္ဌာသ အစုတို့သည် ပညတ်မျိုး ဖြစ်သည့် သတ္တပညတ်၏ အကိုင်းအခက်တို့သာ ဖြစ်သည်၊ ပညတ်နယ်ဘက်မှ မလွတ်နိုင်သေးပေ။ ပညတ်မှ အသီးထုတ်၍ ပရမတ်သက်သက်

တို့ကို ဝိပဿနာ ပွားများအားထုတ်မှသာလျှင် နိဗ္ဗာန်လမ်းသို့ ရောက်ကြမည်ကို သတိပြုပြီး အားထုတ်ပါလေ။

ဒိဋ္ဌိဟူသော အယူသည် ဒေသနာနှင့် ပဟာတဗ္ဗ ဖြစ်၍ တရားတော်ကို ကြားနာရမှ ပယ်နိုင်သော တရားဖြစ်သည်၊ တရားတော်ကို မကြားနာရသေးသော ပုထုဇဉ်တို့သည် ဒိဋ္ဌိကိုလုံးလုံး မပယ်နိုင်ပေ။ မာနဟူသော လောဘကို ဘာဝနာဖြင့် ပယ်နိုင်သည် ပယ်နိုင်သည်ဆိုသော်လည်း အရဟတ္တမဂ် သမ္မာဒိဋ္ဌိဉာဏ် ဘာဝနာမှသာလျှင် အကြွင်းမရှိ ပယ်နိုင်သည်။ အသိဆိုသည်မှာ သုံးမျိုးသုံးစားရှိသဖြင့် သုတသိ၊ စိန္တာသိ၊ ဘာဝနာသိ၊ (ဝါ) သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ ဘာဝနာမယဉာဏ် ဟုသုံးမျိုး ရှိရာ ရုပ်-နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာတို့ကို ကြားနာခြင်း သင်အံခြင်း၊ အဖန်ဖန်မေးမြန်းခြင်း ဉာဏ်ဖြင့် ဆင်ခြင်၍ ရှုခြင်းတို့ကို အားထုတ်ခြင်း မပြုလျှင် ဒိဋ္ဌိဟူသော အယူကို မပယ်နိုင်၊ ထို့ကြောင့် သီလက္ခန် အဋ္ဌကထာအရ

ဒုဝေပုထုဇ္ဇနာ ဝုတ္တာ ဗုဒ္ဓေနာဒိစ္စ ဗန္ဓုနာ။

အန္ဓော ပုထုဇ္ဇနောဧကော၊ ကလျာဏေ ကောပုထုဇ္ဇနော၊ တတ္တယဿ ခန္ဓဓာတု၊ အာယတနာဒိသု ဥဂ္ဂဟဏ ပရိပုစ္ဆာ သဝနဓာရဏ ပစ္စဝေက္ခဏာနိ နတ္ထိ။

အယံ အန္ဓပုထုဇ္ဇနော၊ ယဿ ပန တာနိ အတ္ထိ သော ကလျာဏ ပုထုဇ္ဇနော။

အန္ဓော၊ သုတမယပညာ ဘာဝနာမယပညာ မျက်စိကန်းသော။ ဧကော၊ တယောက်သော။ ပုထုဇ္ဇနော၊ ပုထုဇန်

ပုဂ္ဂိုလ်ဇွင်း။ ကလျာဏော၊ သုတမယပညာ ဘာဝနာမယပညာ မျက်စိကောင်းသော။ စေကော၊ တယောက်သော။ ပုထုဇ္ဇနော၊ ပုထုဇန် ပုဂ္ဂိုလ်ဇွင်း။ ဣတိ၊ ဤသို့။ ဒုဝေ နှစ်ယောက်ကုန်သော ပုထုဇ္ဇနာ၊ ပုထုဇန်ပုဂ္ဂိုလ်တို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏ အဆွေတော် ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ ဘုရားရှင်သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ တတ္ထ၊ ထိုနှစ်ယောက်သော ပုထုဇန် ပုဂ္ဂိုလ်တို့တွင်။ ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ ခန္ဓဓါတု အာယတနာဒီသု။ ခန္ဓာ အာယတန ဓါတ်စသည်တို့၌။ ဥဂ္ဂဟာဏ ပရိပုစ္ဆာ သဝန ဓါရဏ ပစ္စဝေက္ခဏာနိ၊ သင်ခြင်းအဖန်ဖန် မေးခြင်း နာခြင်း။ ဆောင်ခြင်း ဉာဏ်ဖြင့် သက်ဝင်၍ ရှုခြင်းတို့သည်၊ နတ္ထိ နသန္တိ၊ မရှိကုန်။ အယံ၊ ဤပုဂ္ဂိုလ်သည် အန္ဓပုထုဇ္ဇနော၊ သုတမယပညာ၊ ဘာဝနာမယ ပညာ မျက်စိကန်းသော ပုထုဇန် ပုဂ္ဂိုလ်မည်၏။ ယဿပန၊ အကြင် ပုဂ္ဂိုလ်အားကား။ တာနိဥဂ္ဂဟာဏ ပရိပုစ္ဆာ သဝန ဓါရဏ ပစ္စဝေက္ခဏာနိ၊ ထိုသင်ခြင်း အဖန်ဖန် မေးမြန်းခြင်း၊ နာခြင်း၊ ဆောင်ခြင်းဉာဏ်ဖြင့် သက်ဝင်၍ရှုခြင်းတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ သော၊ ထိုပုဂ္ဂိုလ်သည် ကလျာဏ ပုထုဇ္ဇနော၊ သုတမယပညာ၊ ဘာဝနာမယပညာ မျက်စိကောင်းသော ပုထုဇန် ပုဂ္ဂိုလ်မည်၏။

ဟူ၍ ဖော်ပြသားသဖြင့် ဝိပဿနာ မဟာပညာရွှေအိုး ကျမ်းမှာ အနည်းဆုံး ကလျာဏ ပုထုဇန်သို့ ရောက်ရန် ထိုမှတဆင့် စူဠသောတာပန်၊ မဟာသောတာပန်မှ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ တက်လှမ်းနိုင်ရန် ရွှေအိုးကြီး လေးလုံးတည်းဟူသော သစ္စာ ၄-ပါးပေါ်အောင် တူးဖော်ရန် လက်နက်စုံတတ်ဆင်ပေး လိုက်သည်ကို ဂရုပြု၍ လိုက်နာကျင့်သုံး အားထုတ်ကြပါလေ။

အားထုတ်ကြရာတွင် ပဌမ ဦးစွာ ပယ်သတ်သင့်သော တရား မပယ်သတ်သင့်သေးသော တရား များရှိရာ ပယ်သတ်သင့်သော တရားမှာ ဒိဋ္ဌိကိုပယ်သတ်ရန် ဖြစ်သည်၊ ရာဂ ဒေါသ မောဟတို့ကို ပဌမဦးစွာ မပယ်ခွါမူ၍ ဒိဋ္ဌိကို ပယ်ခွါရမည့် အကြောင်းကို သိအပ်လှပေသည်။

## ဒသင်္ဂုတ္တရ ပါဠိတော်

တယောဓမ္မေ ဘိက္ခဝေ ဝမ္မေ့ အပ္ပဟာယ အဘဗ္ဗော ရာဂံ ပဟာတုံ ဒေါသံပဟာတုံ မောဟံပဟာတုံ၊ ကတမေ တယော သက္ကာယဒိဋ္ဌိံ အပ္ပဟာယ ဝိစိကိစ္ဆံ အပ္ပဟာယ သီလဗ္ဗတ ပရာမာသံ အပ္ပဟာယ၊ ဣမေခေါ ဘိက္ခဝေ တယောဓမ္မေ အပ္ပဟာယ၊ အဘဗ္ဗော ရာဂံ ပဟာတုံ ဒေါသံ ပဟာတုံ မောဟံ ပဟာတုံ။

ဘိက္ခဝေ၊ သံသရာဝဋ် ဘေးကျွတ်ကြောင်းညွှတ်မှ ကင်းလွတ်လိုကြသော အိုချစ်သားတို့။ တယော၊ သုံးပါးကုန်သော။ ဣမေဓမ္မေ၊ ဤဆိုလတံ့သော တရားတို့ကို။ အပ္ပဟာယ၊ ပဌမ ဦးစွာ မပယ်ခွာမူ၍။ ရာဂံ၊ ရာဂတဏှာကို။ ပဟာတုံ၊ ပယ်ခွာခြင်းငှါ။ ဒေါသံ၊ ဒေါသကို။ ပဟာတုံ၊ ပယ်ခွာခြင်းငှါ။ မောဟံ၊ မောဟကို ပဟာတုံ၊ ပယ်ခွာခြင်းငှါ။ အဘဗ္ဗော၊ မထိုက်လေတော့ပြီ။ ကတမေတယော၊ အဘယ်တရား သုံးပါးတို့နည်း ဟူမူကား။ သက္ကာယဒိဋ္ဌိံ၊ သက္ကာယဒိဋ္ဌိကို။ အပ္ပဟာယ၊ ပဌမ ဦးစွာ မပယ်ခွာမူ၍။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ အပ္ပဟာယ၊ ပဌမဦးစွာ မပယ်ခွာမူ၍။ သီလဗ္ဗတ ပရာမာသံ၊ သီလဗ္ဗတ ပရာမာသ ကို။

အပ္ပဟာယ၊ ပဌမဦးစွာမပယ်ခွါမူ၍။ ဘိက္ခဝေ၊ သံသရာဝဋ် ကျော့ကွင်းညွှတ်မှ ကင်းလွတ်လိုကြသား အိုချစ်သားတို့။ ဝေါ၊ မုခ္ခကောန် အမှန်စင်စစ်အားဖြင့်။ တဒယာ၊ သုံးပါးကုန်သော။ ဣမေဓမ္မေ ဤသက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ တရားတို့ကို။ အပ္ပဟာယ၊ ပဌမ ဦးစွာမပယ်ခွါမူ၍။ ရာဂံ၊ ရာဂတဏှာကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။ ဒေါသံ၊ ဒေါသကို။ ပဟာတုံ၊ ပယ်ခွါခြင်းငှါ။ မောဟံ၊ မောဟကို။ ပဟာတုံ၊ ပယ်ခွာခြင်းငှါ။ အဘဗ္ဗော၊ အစဉ်အတိုင်းသော ရနိုင် တက်နိုင်သည့် မဂ်စဉ်နှင့် မကိုက်၍ မထိုက်ကြလေတော့သည်။

မြတ်စွာဘုရားသည် မိဂဓါဝုန်တော၌ ပဥ္စဝဂ္ဂီ ငါးဦး ဖြစ်သော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိ ရဟန်းတို့အား ဟောကြားတော်မူသော ဓမ္မစကြာတရားတွင် ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်း၊ မနှစ်သက် အပ်သော သတ္တဝါ သင်္ခါရတို့နှင့်အတူ ယှဉ်တွဲနေရခြင်း၊ နှစ်သက်သော သတ္တဝါတို့နှင့် ကွေကွင်းရခြင်း၊ အကြင်တောင့်တခြင်းကို မရခြင်း တို့သည် ဆင်းရဲကုန်၏၊ အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာတို့သည် ဆင်းရဲကုန်၏ ဟုဟောကြားတော်မူရာ ဥပါဒါန် အစွဲရှိသူသားလျှင် ဆင်းရဲခြင်းသို့ ရောက်ရသည်။ ထိုအစွဲဥပါဒါန်များမှာ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန် သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်၊ ဟု လေးပါးရှိလေသည်။

ထိုလေးပါးတွင် အယူမှားခြင်း ဒိဋ္ဌုပါဒါန်ကို ပဌမ ဦးဆုံး ပါယ်သတ်ရမည် ဖြစ်၍ ပဌမလက်နက်မှာ ဒိဋ္ဌိသတ် လက်နက်ဖြစ်လေသည်။

ဥပါဒါန်လေးပါးတို့တွင် သောတာပန်နှင့် သကဒါဂါမ် တို့သည် ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါ ဒုပါဒါန် တို့ကို ပယ်ကြ၍ အနာဂါမ်နှင့် ရဟန္တာတို့သည် ကာမုပါဒါန်ကို ပါ ပယ်ကြသည်။

အနာနှင့်ဆေး ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ ဆို သည် အတိုင်း ပဌမရရှိရန် အကျင့်မှာ သောတာပတ္တိ မဂ်ဖြစ်ရာ ပယ်သတ်ရမည့် တရားမှာ သစ္စာ ၄-ပါးတို့၌ ယုံမှားခြင်းကင်း လျှင် ဒဿနပဟာတဗ္ဗ ကိစ္စပြီးစီးနိုင်လေတော့သည်။ ထို့ကြောင့် လူဖြစ်စေ ရဟန်းဖြစ်စေ သစ္စာကို သိတတ်သော ဗဟုသုတသာ လိုရင်း ဖြစ်၏၊ လူဥပါသကာ ဥပါသိကာများမှာ အထက်မဂ်နှင့် ဆိုင်သော ကာမရာဂ ဗျာပါဒ ဥဒ္ဓစ္စတို့ကို ပယ်နိုင်လျှင် ကောင်း ၏ အကယ်၍မပယ်နိုင်သဖြင့် သားမယားနှင့် နေစေကာမူ သစ္စာ ကိုမြင်နိုင်သော ဗဟုသုတရှိက သောတာပန်၏ ဖြစ်ကြောင်း ဖြစ် သော အင်္ဂါလေးပါးအရ သပ္ပုရိသ ဆရာထံ ဆီးကပ်၍ ထိုဆရာ ၏တရားကို နာယူပြီး မိမိက ယောနိသော မနသိကာယ သင့် တင့်စွာ၊ နှလုံးသွင်းမှုဖြင့် သောတာပန် တည်နိုင်သည်။ နှလုံး သွင်းမှုသည် အလုပ်မည်၏။ ဖြစ်လိုမှုကြောင့် ဖြစ်မှုဒုက္ခ၊ ဖြစ် ချင်လိုမှုပယ်စွန့်ပြု၊ ချုပ်မှုထိုဒုက္ခ ဆိုသည့်အတိုင်း ဉာဏ်အမြင် ပေါက်အောင် ဝိပဿနာ မဟာ ပညာရွှေအိုး ကျမ်းတွင် ဖော် ပြသော သစ္စာလေးပါး တည်းဟူသော ရွှေအိုးကြီး လေးလုံး ကို တူးရန် လက်နက်တို့ကို အသုံးပြု၍ ခန္ဓာမှာ ဉာဏ်လှသဟပ် ၍ ယောနိသော မနသိကာယ အလုပ်ဖြင့် အားထုတ် ကြပါ လော။

ဓမ္မသင်္ဂဏီ တိက မာတိကာ ဒဿန တိတ်။

ဒဿနေန ပဟာတဗ္ဗာ ဓမ္မာ၊ ဘာဝနာယ ပဟာတဗ္ဗာ ဓမ္မာ၊ နေဝဒဿနေန နဘာဝနာယ ပဟာတဗ္ဗာဓမ္မာ။

ဟူ၍ ဟောတော်မူ၏၊ ထိုသုံးပါးတို့တွင် သောတာပတ္တိမဂ်သည် ဒဿနပဟာတဗ္ဗ ကိစ္စရှိ၏၊ ဒဿနဟူသည် သစ္စာ လေးပါးကို မြင်သိမှုပင်တည်း ထို့ကြောင့် သောတာပတ္တိမဂ်ကို ရလိုသော ပုဂ္ဂိုလ်တို့မှာ သစ္စာလေးပါးကို ပြောဟော တတ်သော ပညာရှိထံ ဆီးကပ်၍ သင်ကြား လေ့ကျက်၍ အနုဗောဓ သစ္စာသိ ဖြစ်အောင် အားထုတ်ရမည်။ ထိုအနုဗောဓသိမှ ပဋိဝေဓသိသို့ ရောက်အောင် သစ္စာလေးပါးကို မိမိကိုယ်တွေ့မြင်သိအောင် အားထုတ်မှု ဖြစ်သည်။

အထက်မဂ် ၃-ပါးမှုကား သောတာပတ္တိမဂ်၌ သစ္စာသိ ပြီးဖြစ်သောကြောင့် သစ္စာကို မြင်သိရန် အားထုတ်ဘို့ မလိုတော့ပြီ။ ဒိဋ္ဌိ ဝိစိကိစ္ဆာမှ တပါးကျန်သော ကိလေသာ ရှစ်ပါးကို ဝါ ကာမရာဂ ဗျာပါဒ စသည်တို့ကို ခေါင်းပါးစွာ ကျင့်ခြင်း။ ဘာဝနာ ပွားခြင်း တို့ဖြင့်သာလျှင် ပယ်အပ်သော ကိစ္စ ရှိတော့သည်။ သောတာပတ္တိမဂ် အထက်မှုကား ကာမရာဂ ဗျာပါဒ ဥဒ္ဒစ္စ ကို မပယ်နိုင်သေးသော အိုးအိမ်ထောင် သားမယားနှင့် နေကြရသော လူဥပါသကာတို့ သော်လည်း အခါအခွင့် သင့်သည့်အခါ သစ္စာကို ဟောတတ်သော ပညာရှိထံ ဆီးကပ်၍ ကြားနာ မှတ်သားလေ့လာ နှလုံးသွင်းခြင်း ပြုသဖြင့် သစ္စာ လေးပါးတို့၌ ယုံမှားခြင်းကင်း၍ မဂ်ကိစ္စပြီးနိုင်ခွင့် ရှိပါသည်။

ထိုသို့ သတိမပြုမူ၍ ခေါင်းပါးစွာ ကျင့်မှု ဥဒ္ဒစ္စပယ်မှုတို့ကို ရှေးဦးကျင့်ခဲ့လျှင် လိုရာ ခရီးမရောက်သဖြင့် စိတ်တန့်တဘက်၏ ထို့ကြောင့် ဒဿန ပဟာတဗ္ဗ ကိစ္စဖြစ်သော သစ္စာကိုမြင်သိခြင်းဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာကို ရှေးဦးမပယ်ဘဲ ကျင့်ခဲ့လျှင် ကမ်းစပ်၌ ကြိုးဖြင့် ချည်ထားသော လှေကြိုးကို မဖြုတ်ဘဲ လှော်က တဘက်ကမ်း မရောက်နိုင်သကဲ့သို့ ထို့အဘူ နိဗ္ဗာန် တည်းဟူသော ကမ်းတဘက်သို့ ရောက်ရန် ခက်ခဲတတ်သည်ကို သတိပြုပါလေ။

ယုံမှားခြင်းကို ရှေးဦးမပယ်ဘဲ ကျင့်က ကိစ္စမပြီးဟု ရှင်တခထောင်တို့ကို အခကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူပုံ

န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊
နာနာသကာ တဏ္ဍိလ သိယိကာဝါ။
ရဇောဇလ္လံ ဥက္ကု ဋိကပ္ပဓါနံ၊
သော ဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။
သလ္လံ ပဟန္တာန မေမှသု၊
ဝါယမန္တော အမတာယ ဘာဇဝါ။

မြန်မာပြန်။ ရှစ်ပါးသော ယုံမှားခြင်းကို မလွန်မြောက်နိုင်သေးသော ဝါ အတ္တဒိဋ္ဌိဟူသော ငြောင့်ကို မနှုတ်မပယ်သော၊ သတ္တဝါကို ဝါ တရားအားထုတ်သော ပုဂ္ဂိုလ်ကို၊ အဝတ်မဆည်းအချည်းနှီးသော အကျင့်ဖြင့်လည်း၊ မသုတ်သင်နိုင်ရာ ဝါ၊ ဝဋ္ဋမှ ကျွတ်လွှတ်ခြင်းငှါ မစွမ်းနိုင်ရာ၊ အိမ်ရာစွန့်ပစ် ဆံကျစ်ထုံး၍ တော၌ မွေ့လျော်သော ရသေ့အကျင့်လည်း မစင်ကြယ်နိုင်ကုန်။ လူတို့ကမ္မပထ ကိစ္စပယ်ရှား သွားကိုမျှပင် မသုတ်သင်ဘဲ သွားချေးတင်အောင်၊ ဝါ၊ ညှန်တင်အောင် ကျင့်သော အကျင့်

ဖြင့်လည်း မစင်ကြယ်စေနိုင်ကုန်။ ထမင်းမစားအဝတ်ထား၍ ဖြတ်ထားသော အကျင့်ဖြင့်လည်း မစင်ကြယ်စေနိုင်ကုန် ဆူးပုံထက်၌ အိပ်စက်၍ ကျင့်သော အကျင့်ဖြင့်လည်း၊ မစင်ကြယ်စေနိုင်ကုန်။ မြူဖြင့်ပြွမ်းလျက် ညစ်ညမ်းသော ကိုယ်ရှိသော အကျင့်ဖြင့်လည်း၊ မစင်ကြယ် စေနိုင်ကုန်၊ တုံးလုံးမစက်၊ ရပ်လျက် မတည် သွားသည်မရှိ ပကတိ ဆောင့်ကြောင့် ထိုင်နေသော အကျင့်ဖြင့်လည်း။ မစင်ကြယ်စေနိုင်ကုန်။ စင်စစ်သော်ကား ဒိဋ္ဌိ ဝိစိကိစ္ဆာ ဟူသော ကြောင့်ကို ပယ်သတ်၍ တနည်း သမ္မာဒိဋ္ဌိ ဉာဏ်ဖြင့် ယုံမှားခြင်းကို ပယ်ဖျောက်၍ မဂ္ဂင်ရှစ်ပါး တရားတို့၌ အားထုတ်ခြင်းသည် ဝါ၊ အားထုတ်သောသူသည်၊ သေခြင်းကင်းသော အမြိုက်ခေါ် ဆို မဂ်ဖိုလ် နိဗ္ဗာန်၏ အဘို့ပေးတည်း။

အထက်ပါ ရှင်တော်ဘုရား၏ ဟောကြားတော်မူချက်တို့ကို ထောက်ရှု၍ တရားအားထုတ်သော သူတော်ကောင်း အပေါင်းတို့သည် သိသင့် သိအပ်၊ ပယ်သင့် ပယ်အပ်သော တရားတို့ကို ကျင့်ကြံကြိုးကုပ် အားထုတ်ကြရန်လိုအပ်လှပေသည်။

မြတ်စွာဘုရားသည် ဝေနေယျကြွာ သတ္တဝါအများအားရာဟုလာကဲ့သို့ မခြား ရင်ဝယ်သားကဲ့သို့ သနားကျင်နာ မဟာဂရုဏာတော် ကြီးလှသဖြင့် သားတော် ရာဟုလာကို ရွှေအိုးကြီး လေလုံးနှင့် တူသော သစ္စာလေးပါး ဓမ္မအမွေများကို ပေးသနားတော်မူသကဲ့သို့ သတ္တဝါများကိုလည်း ·မွေ့အမွေကို ပေးသနားတော်မူပေသည်။ သို့ဖြစ်၍

ဓါတ်တရားသာရှိ ရာဟုလာ ကဲ့သို့သိ။
နာမ်နဲ့ ရုပ်သာရှိ အနိစ္စ· ဒုက္ခ၊ အနတ္တ နဲ့ ညှိ။

ခန္ဓာငါးပါးရှိ အနိစ္စ ဒုက္ခ အနတ္တ လို့သိ။
အာယတန(၁၂)ရှိ အနိစ္စဒုက္ခ အနတ္တကိုမိအောင်ကြည့်။
ဓါတ်(၁၈)ရှိ အနိစ္စ ဒုက္ခ အနတ္တ သိ။
ပဋိစ္စ သမုပ္ပါဒ်၊ အကြောင်း၊ အကျိုးစပ် သိ။
ပညတ် ပရမတ် ဝေဘန်၍ အပြတ်သိ။

ဤကဲ့သို့ အသိဉာဏ် လက်နက်ကို အသုံးပြု၍၊ ဥဒယဗ္ဗယဉာဏ်စခန်းမှ တီရဏ ပရိဉာဏ် ပဟာန ပရိဉာဏ်စခန်းသို့ ရောက်အောင် အားထုတ်မှသာ၊ ပညာ ရွှေအိုး အမွေမျိုးကို ရနိုင်ကြပေမည်။ ဗုဒ္ဓဘာသာ အခေါ်ခံရုံနှင့်၊ ဘုရားအမွေ မရမှတ်ပါလေ။

မြတ်စွာဘုရား ပွင့်တော်မူလာရခြင်းသည်၊ ဓမ္မအမွေကို ပေးလို၍ ပွင့်တော်မူလာရသည်ဖြစ်သဖြင့် ဗုဒ္ဓဘာသာအခေါ်ခံရုံနှင့် တင်းတိမ်မနေကြဘဲ၊တကယ့်ဓမ္မအမွေဖြစ်သော ဝိပဿနာ မဟာပညာရွှေအိုးကို၊ ရယူရန် (ဝါ) ရွှေအိုးကြီး လေးလုံး ရယူရန်၊ ပေါ်ပြခဲ့သော လက်နက် ကိရိယာ ဝီရိယ ကိုယ်အား ဉာဏ်အားဖြင့် မရပ်မနား ခန္ဓာမှာ သတိထားပြီး တူးဖေါ်၍ ရာဟုလာကဲ့သို့ ဓမ္မအမွေကို ခံယူနိုင်ကြရန် အားထုတ်ကြပါကုန်။

## နိဂုံးချုပ်

အနမတဂ္ဂ အစမထင် သံသရာတခွင်လုံး၌၊ ကြီးလေးသော ခန္ဓာဝန် ဒုက္ခဘေးအမျိုးမျိုးကို တွေ့ကြုံခံစားရကုန်သော ယောဂီ ပုဂ္ဂိုလ်အပေါင်းတို့သည် ယခုဘဝတွင်၊ ဂရုဝါသော ဗဟုကိစ္စ၊ အိုး၊ အိမ်ထောင်၊ သား၊ မယား၊ စီးပွားရေး စသော ကိစ္စများမြောင် ဤလူ့ဘောင်တွင် ခန္ဓာအတွက် ရက်ဆက် မအား ဝတ်စားမှုတွေ ဗလဗွေနှင့် နေ့ရက် မပြတ်မရပ်မနား လုပ်ကိုင် စားကြရသဖြင့် တရားကို အားမထုတ်နိုင် နှလုံး မသွင်းနိုင်

သေးဟု စိတ်ကိုမနှလျော့ကြဘဲ၊ အားထုတ် နိုင်ကြရ လေအောင် အောက်ပါ လယ်ဒီ ဆရာတော်ဘုရား၏ ဆုံးမဩဝါဒ တိုက်တွန်း ညွှန်ပြချက်ကို ကောက်နုတ်၍ တင်ပြလိုပေသည်။

## ညွှန်ပြချက်

ကာယဂတာသတိပဋ္ဌာန်ကို အသီးအခြားမလုပ်လိုပြီ ဝီရိယ ထက်သန်စွာ အားတုတ်၍ ဝိပဿနာမှုမှာပင်ကာယကတာ သတိ လည်းအပြီးပါလေအောင် အားကုတ်မည် ဆိုလျှင် ဥာဏ်စွမ်း ဝီရိ ယစွမ်း ရှိသောသူ မှန်ပေမူ ပြီးစီး၏။ ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို အမြင်ပေါက်သော ဥဒယဗ္ဗယဉာဏ်နှင့် ယှဉ်သော ကာယကတာ သတိသည် အထွဋ်အမြတ်ဖြစ်သောကာယကတာ သတိပေတည်း။

သမထ ကမ္မဋ္ဌာန်းကို ပွားများခြင်း မပြုဘဲ၊ ဝိပဿနာ သက်သက်ကို အားထုတ်စဉ်အခါ ခဏိကသမာဓိ ဟူသော ကောဋ္ဌ တာ စေတတသိက်သည် ပါရှိမြဲဖြစ်သည်။ တရား အားတုတ်ရာ၌ သမထ ကမ္မဋ္ဌာန်းသည် ဝိပဿနာ ကမ္မဋ္ဌာန်းထက် လွန်စွာခက်၏ ဟူသော အာဟာရဒီပနီ၌ လာသော မိန့်တော်မူချက် အကျဉ်း ချုပ်မှာ—

အာနာပါန အစရှိသော သမထကမ္မဋ္ဌာန်း မျိုးသည် ကား ဟောပြောမှု အလွန်လွယ်၏ နိမိတ်ရရန် အထင်ရေရန် အ လွန်ခဲယဉ်း၏ အိမ်၌နေ၍ စီးပွားနှင့် တွဲဘက်ခြင်းငှာမရ၊ ဆိပ် ငြိမ်ရာသို့ ထွက်၍ အပြင်းအထန် အားထုတ်နိုင်မှ နိမိတ်ကိုရ၏။

ဝိပဿနာ ကမ္မဋ္ဌာန်းမှုကား၊ ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်း ဖြစ်နိုင်၏။ ယာလုပ်ရင်း၊ လှေစီးရင်း၊ အစရှိသဖြင့်၊ အိမ်အလုပ် အိမ်စီးပွားနှင့် ဘက်တွဲနိုင်သည်။ အယုတ် အားဖြင့်၊ အစေခံ အိမ်ကျွန်မ အခစား ကူလီပင် ဖြစ်သော်လည်း တွဲဘက်၍ အားထုတ်နိုင်တော့သည်သာတည်း။

ဘုရားရှင် လက်ထက်တော်၌ သမထ ကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင် လုပ်နိုင်သော လူအလွန်နည်း၏။ ရဟန်းတို့၌သာများ၏၊ ဝိပဿနာကမ္မဋ္ဌာန်း ပေါက်ရောက်၍ သောတာပန် အရိယာ ဖြစ်ကြသူကား လူ၌ အလွန်များ၏ ရဟန်းကား အလွန်နည်း၏၊ အကြောင်းသော်ကား၊ အိမ်စီးပွား အိမ်အလုပ်နှင့် ဝိပဿနာ တွဲချင်တိုင်း တွဲသာလှသောကြောင့်လည်း ဖြစ်၏ဟု လယ်တီ ဆရာတော် ညွှန်ပြတော်မူသည်။

လယ်တီဆရာတော်ဘုရား၏ တိုက်တွန်း နှိုးဆော်တော်မူချက်အရ ဗုဒ္ဓဘာသာဝင် သူတော်စင် တို့သည် အိမ်ရာထောင်သော လူ့ဘောင်၌ ခန္ဓာအတွက် စီးပွားဥစ္စာ ရှာမှီးရခြင်းတို့ကြောင့် စိတ်အားမငယ်ကြဘဲ၊ တရားကို အားထုတ် နိုင်ကြရန် ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာတို့ကို သဲလွယ်မြင်လွယ် နိုင်ရန် ပညတ်ပရမတ်ဝေဖန်၍၊ တဏှာ သမုဒယကြောင့် ဖြစ်သော ရုပ်နာမ် ဓမ္မ သင်္ခါရ ချုပ်ပျက်ခြင်းမျှသာဟု မှန်ကန်စွာ သိမြင်သဖြင့် ယုံမှားခြင်းကင်းလျက် အပါယ်သို့ မလားနိုင်သော စူဠသောတာပန်မှ မဟာသောတာပန် ထိုမှတဆင့် ရင့်သန်၍ အရဟတ္တဖိုလ်သို့ ပေါက်ရောက်နိုင်ရန် အခြေခံဖြစ်သော ဤဝိပဿနာ ပညာရွှေအိုးကျမ်းကို ၁၃၂၀-ခု၊ တပေါင်း လပြည့်နေ့ည ၁၂ နာရီအချိန်တွင် စီစဉ်ရေးအပ် အပြီးသတ်ပါသည်။

၁၃၂၀ ခု တပေါင်းလပြည့်ကျော်(၁၀)ရက် ၁၉၅၉ ခု ဧပြီလ ၂ ရက်နေ့တွင် ဟံသာဝတီ သတင်းစာတွင် ကြော်ငြာအမှတ် (တလ ၉၆၂) အရ ဝိပဿနာ ပညာ ရွှေအိုးကျမ်းမကြာမီ ထွက်တော့မည်။ မှုပိုင် သာသနာ့အလင်း ပုံနှိပ်တိုက် ပုသိမ်မြို့ဟု ကြော်ငြာပြီး အဆိုပါ ကျမ်းကိုရိုက်နှိပ်ထုတ်ဝေရန် စီစဉ်ခဲ့ပါသည်။

ကျမ်းကိုရိုက်နှိပ်ရန် စီစဉ်နေစဉ် ဖဲ-နှစ်လောက်က နာတာရှည်မီးယပ်ရောဂါ စွဲကပ်နေရှာသော ဇနီးသယ် လူမမာ ဒေါ်ဧမှာ ရုတ်တရက် မျက်စိကွယ်သွားသဖြင့် ကျမ်းစာကိုမိမိပုံနှိပ်တိုက်တွင် ကြီးကြပ်၍ မရိုက်နှိပ်နိုင်ဘဲ၊ လူနာကိုရန်ကုန်ပို့၍ ဆရာဝန်ကြီးများထံ ၄-စမ်းပြီး ရန်ကုန် ဆေးရုံကြီးမှာပင် ကုသရပါသည်။ လူနာ၏ ကိုယ်ပိုင်ရောဂါသည် မျက်စိရောဂါထက် ကြီးနေသဖြင့် မျက်စိကို ချက်ခြင်း မကုသနိုင်ဘဲ ကိုယ်ပိုင်ရောဂါကိုသာ ကုသနေရပါသည်၊ သို့ရာတွင် သင်္ခါရဒါဏ် ဝဋ်ကျွေးရန်ကြောင့် ဘာဝဋ်ကျွေး မလွတ်သေး၍ ကိုယ်ပိုင်ရောဂါလည်း မပျောက်သဖြင့် မျက်စိရောဂါကိုမကုသနိုင် ဖြစ်ရပါတော့သည်။

ရုပ်အနာကြောင့် နာမ်ရောဂါ ဖြစ်ခနေသော ဇနီးသယ်အား တရားကိုနှလုံးသွင်းရန် ခဏ ခဏ ပြောကြားရသည်။ "တရားကိုနှလုံးသွင်းလျှင် ဘုရားပေးသော ဆေးနှင့် မြင်လိမ့်မည်" ဟု အားပေးရပါသည်။

ဇနီးသယ်သည်နေ့စဉ်တရားကို နှလုံးသွင်းရသဖြင့် ပုထုဇဉ်အရှုံးအကန်းဘဝမှ လွတ်မြောက်၍ ဘုရားဆေးနှင့် ညာဏစက္ခုအလင်းရပြီး "အများကကျမအား ကန်းတယ် မမြင်ဘူးလို့ ပြောကြပေမဲ့ မြတ်စွာဘုရားက ချစ်သမီး ဒါယိကာမ မိအေးတော့မြင်

ပြီလို့ ပြောနေတယ်" ဟု သဘောပေါက်ခါ ဝမ်းမြောက်စွာဖြင့် ပြန်ပြောပါ၏။

ကျွန်ုပ်တော်သိကုိသော အောက်ပါ လင်္ကာကလေးကပင် ဝေဒနာအတ္တမှ ဝေဒနာအနတ္တဆိုက်၍ နိသတ္တ နိဇီဝ သဘာဝကို ဉာဏ်ဦးခိုက်သဖြင့် သင်္ခါရာချကြောင်း ဇနီးသည်ကဝန်ခံပါသည်။ (သဘောပေါက်ပါကြလင်္ကာ။)

၁။ မာလိမာ သေလဲမသေ ရောဂါရှုတ်တွေး ဒေါ်ဒေါ်ငေ။
၂။ ငွေလဲကုန်ခန်း လူတွေနွမ်း သေလမ်းဒွိုပြေး ဒေါ်ဒေါ်ငေ။
၃။ ရောဂါလဲဖိ မာနရှိ ဒိဋ္ဌိဂွဲရေး ဒေါ်ဒေါ်ငေ။
၄။ တကိုယ်လုံးတွက်ရပ်ပုတ်ထွက် ငွေဆက်ကံပေးဒေါ်ဒေါ်ငေ
၅။ ဒိဋ္ဌိက သက်သေပြ လောဘနိုမ်ရေး ဒေါ်ဒေါ်ငေ။
၆။ ဒိဋ္ဌိက သက်သေပြ ဒေါသနိုမ်ရေး ဒေါ်ဒေါ်ငေ။
၇။ ဒိဋ္ဌိက သက်သေပြ မောဟနိုမ်ရေး ဒေါ်ဒေါ်ငေ။
၈။ ဖဿမိုကာ ဝေဒနာ ဓမ္မာဖြစ်ရေး မိအောင်ဘွား။
၉။ ဓမ္မာသက်သက် ငါဝင်စွက် မသက်သာရေး ပိုလို့ဆွေး။
၁၀။ ဝေဒနာမှာ ငါမပါ ခါခါရှုတွေး ဒေါ်ဒေါ်ငေ။
၁၁။ ရှုသောအခါ ထိုရောဂါ ဘယာငြိမ်းအေး ဘုရားပေး။
၁၂။ ခဏခဏ ရှုတ်ဆိုက သောကကင်းဝေး နိဗ္ဗာန်ဆေး။

ဝေဒနာရှင်များ ခဏခဏ သဘောပေါက်အောင် နှလုံးသွင်းပါ။

လက်ရေးကျမ်းကိုကား မရိုက်ဖြစ်သေး၍ ရိုက်ရန် အမြဲကြံလျက်ရှိစဉ် ၁၉၆၂ ခု နိုဝင်ဘာလ ၂၅ ရက်နေ့ညတွင်ပုသိမ်မြို့ အသည်ကြီးရပ် ဘုက်ကြီးတန်းလမ်းတွင် မီးလောင်ရာ ကျွန်တော်၏ ရပ်ကွက် ကုသိန္နာရုံ နေအိမ်မှ ကြည့်လိုက်ရာ မီးညွန့်ကြီးသည် ကျွန်တော်တို့ ရပ်ကွက်တခုလုံးသို့ အုပ်မိုး၍ မီးပွါးတွေ ကြနေ

တော့၏။ ထိုအခါ လောကီဥစ္စာ ရတနာထက် ကဲသာ လွန်မြတ်လှသော ကျွန်တော်၏ တရားရတနာ ( ဝိပဿနာ မဟာပညာ ရွှေအိုးကျမ်း ) ဖိုင်တွဲကိုသာယူပြီး အခြားမည်သည့် ပစ္စည်းမှ မယူဘဲ လွတ်ရာသို့ မျက်မမြင် ဇနီးသယ်အား တွဲခေါ်၍ သွားရပါသည်။ မီးသတ် ရဲဘော်များ၊ တပ်မဟာ ၈-မှ အရာထမ်း အမှုထမ်း ရဲဘော်များနှင့် ပြည်သူ့ရဲများက နိုင်နင်းစွာ မီးကို ဝိုင်းဝန်း၍ သတ်ကြပါသည်။

ရေးပြီးသောကျမ်းကို ချက်ခြင်း မရိုက်နိုင်၍ မီးလောင်မှာ အထူးစိုးရိမ်ရတဲ့ ဒုက္ခ။ လောကပစ္စည်းကို မီးအာမခံ ထားရန်အတွက် တသောင်း၊ တသိန်း စသည့် တန်ဘိုးဖြတ်၍ကားလျှင် လက်ခံကြမည်ဖြစ်၏။ ကျွန်တော်၏ လက်ရေးကျမ်းကို တန်ဘိုး မဖြတ်နိုင်။ မဖြတ်နိုင်သော တန်ဘိုးကိုသည်း ပေးနိုင် ကြမည် မဟုတ်ပေ။

သို့ဖြစ်ပါ၍ ဤလက်ရေးကျမ်းကို ကျွန်တော်၏ပုံနှိပ်တိုက်တွင် အလုပ်ပါးချိန်၌ ထည့်သွင်း ထည့်သွင်း၍ တဖြည်းဖြည်း ရိုက်နှိပ်လာရသဖြင့် အထားအသိုနှင့် ချို့ယွင်းချက်များ ရှိလျှင် သီးခံဘတ်ရှုတော်မူရန် တောင်းပန်ပါ၏။ ယခုအခါ ဝိပဿနာ မဟာပညာ ရွှေအိုးကျမ်းကို ခလုပ်မထိ ဆူးမငြိဘဲ အောင်မြင်စွာ စက်တင်ပုံနှိပ်ပြီးစီးပါ၍ လူဥပသကာ၊ ဥပသကာဖြစ်သော အာဂါရိက၊ အနာဂါရိက ပုဂ္ဂိုလ် ဟူသမျှတို့သည် သားတော်ရာဟုလာကဲ့သို့ မွေအမွေကို (၀၇) ရွှေအိုးကြီးလေးလုံးကို ရယူနိုင်ကြရန် ကြိုးစား အားထုတ်နိုင်ကြပါ စေကုန်သတည်း။

ဦးမောင်သာ

သာသနာ့အလင်း ပုံနှိပ်တိုက်ရှင် ပုသိမ်မြို့။

၁၀၇၈၄

# တရားမှ အောင်နိုင်၏။

၁။ အလုံးစုံသော အလှူကို၊ တရားတည်းဟူသော အလ
အောင်နိုင်၏။

၂။ အလုံးစုံသော အရသာကို၊ တရားအရသာသည်၊
နိုင်၏။

၃။ အလုံးစုံသော မွေ့လျော်ခြင်းကို၊ တရား၌မွေ့လျော်ခြင်း
သည်၊ အောင်နိုင်၏။

၄။ တဏှာကုန်ခန်းရာ နိဗ္ဗာန်သည်၊ ဝါ၊ တဏှာချုပ်ငြိမ်းခြင်း
သည်၊ အလုံးစုံသော ဒုက္ခကို၊ အောင်နိုင်၏။

## သိခါပတ္တ ဓမ္မဒါနသည် အမြတ်ဆုံး။

လိုရင်း၊ သစ္စာနိ၊ သစ္စာတို့ကို။ ဘာဝေန္တာ ပြလျက်။ အမတာဒိဂဝံ၊ သေခြင်း ကင်းရာ နိဗ္ဗာန်ရောက်ကြောင်း တရားကို။ ကထေတွာ၊ နှုတ်ဖြင့် ဟောပြော၍။ ဒေတိ။ တရားအလှူကို ပေး၏။ ဣဒံ၊ ဤသို့ တရားအလှူကို ပေးခြင်းသည်။ သိခါပတ္တ ဓမ္မဒါနံနာမ၊ အထွတ်အမြတ်သို့ရောက်သော ဓမ္မဒါနမည်၏။

**တရားတန်ဘိုး အဘိုးမဖြတ်နိုင်။**